TEXT RIVER
Publishing House

ဆရာကြီး ဒဂုန်တာရာ ရာပြည့်အထိမ်းအမှတ်

ဒဂုန်တာရာ

မယ်ဇယ်ရနံ့ သင်းပျံ့မွှေးရီ

ဒုတိယအကြိမ်

စာနဒီစာအုပ် -၈၇-

မယ်ဇယ်ရနံ့သင်းပျံ့မွှေးရီ

ဒဂုန်တာရာ

- မယ်ဇယ်၊ တောင်သမန် ဆောင်းပါးများ
- မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာများ

TEXT RIVER
PUBLISHING HOUSE

စာနဒီစာအုပ်တိုက်

အမှတ်-၉၇၃၊ ပျဉ်းမပြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၇၁၁၉၆၊ ၀၉-၅၀၇၁၁၉၇

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ- ဒေါ်ရည်မွန်မျိုး (စာနဒီစာအုပ်တိုက်) မြ-၀၀၂၄၄၊ အမှတ် ၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ပုံနှိပ်သူ- ဦးလင်းစာနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်) မြ-၀၀၄၃၇၊ အမှတ်- ၃၂၊ ၅၃လမ်း(အလယ်)၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ မျက်နှာဖုံးဒီဇိုင်း- ဗဂျီလင်းဝဏ္ဏ။ အုပ်ရေ- ၁၀၀၀။

အကြိမ်

ဒုတိယအကြိမ်၊ စာနဒီ၊ ဧပြီ၊ ၂၀၁၉

ပထမအကြိမ်၊ စာအုပ်ဈေး၊ ဧပြီ၊ ၂၀၀၀

တန်ဖိုး

၂၀၀၀ ကျပ်

ဒဂုန်တာရာ ၈၉၅.၈၄

မယ်ဇယ်ရဲ့ သင်းပျံ့မွှေးရီ/ဒဂုန်တာရာ၊ ရန်ကုန်။

စာနဒီစာပေ၊ ၂၀၁၉။

- ၁၅၇ စာ၊ ၁၃.၃၄ ×၂၀.၉၆ စင်တီ

(၁) အမရပူရမှာ နွေရက်တစ်ပတ်၊ (၂) မယ်ဇယ်နဲ့၊ ....

မာတိကာ

မယ်ဇယ်၊ တောင်သမန် ဆောင်းပါးများ

၁။ အမရပူရမှာ နွေရက်တစ်ပတ် ၇
၂။ မယ်ဇယ်နဲ့သင်းသော အမေးအဖြေ ၁၄
၃။ မယ်ဇယ်ရန့်နှင့် စာပေရန့်ရောစပ်ခြင်း ၂၁
၄။ မယ်ဇယ်ရန့် စာပေရန့်ပေါင်းစပ်ခြင်း ၃၀
၅။ မယ်ဇယ်ရန့်နှင့် ခံစားမှု ၃၆
၆။ မယ်ဇယ်ရန့်နှင့် ပြင်သစ်ရေမွှေး ၄၂
၇။ လေနုအေးလှိုင်း ၄၈
၈။ မယ်ဇယ်ရန့် မွှေးမြနေဆဲကို ၅၆
၉။ မယ်ဇယ်ရန့်နှင့် ခေတ်ပေါ်စာပေဝါဒ ၆၄
၁၀။ တောင်လေးလုံးရင်ပြင်မှ စာပေရေစီးကြောင်းစိမ်းပြာ ၇၀
၁၁။ တောင်လေးလုံးရင်ပြင်မှ ခေတ်ပေါ်မြန်မာစာပေ၏ ညီညွတ်ရေးအသံ ၇၆
၁၂။ တောင်လေးလုံးရင်ပြင်မှ စာပေမွှေးရန့်များ ၈၂
၁၃။ မယ်ဇယ်ရန့်မွှေးမြနေဆဲကို ၉၀
၁၄။ တောင်လေးလုံးရင်ပြင်မှ ရှမ်းရိုးမသို့ ၉၆

၁၅။ မယ်ဇယ်ရန့်မွေးမြနေဆဲကို ၁၀၂

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာများ

၁။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (မေ၊ ၁၉၉၄) ၁၀၆

၂။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (မေ၊ ၁၉၉၄) ၁၁၃

၃။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၂၇၊ နိုဝင်ဘာ၊ ၁၉၉၅) ၁၁၇

၄။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၂၂၊ ဇွန်၊ ၁၉၉၆) ၁၂၄

၅။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၉။ ဩဂုတ်၊ ၁၉၉၆) ၁၃၀

၆။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၈၊ အောက်တိုဘာ၊ ၁၉၉၆) ၁၃၇

၇။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၂၊ ဇန်နဝါရီ၊ ၁၉၉၇) ၁၄၃

၈။ မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ (၂၁၊ ဇန်နဝါရီ၊ ၁၉၉၇) ၁၄၉

ဒဂုန်တာရာ အတ္ထုပ္ပတ္တိအကျဉ်း ၁၅၇

အမရပူရမှာ နေ့ရက်တစ်ပတ်

[က]

ကျွန်တော် နေ့ရက်များတွင် အေးမြ၊ စိမ်းမြသော၊ မွေးမြသောနေရာများသို့ ခရီးထွက်လေ့ရှိသည်။ အထူးသဖြင့် သာမိုင်းခမ်း။ သည်တစ်ခေါက်တော့ သာမိုင်းခမ်းဘက်သို့ မသွားတော့ဘဲ ရှေးဟောင်းမင်းနေပြည်တော်ဒေသများသို့ ရောက်သွားခဲ့သည်။

အမရပူရ။

မှန်နန်းတော်ထဲက စိတ်ကူးရုပ်ပုံများ။ တကယ်ကတော့ ကျွန်တော်သည် ပြာလဲ့ဗေဒါ၊ ဝါလဲ့လတာ၊ စိမ်းလဲ့လယ်ယာများဖြင့်သာ ကြီးပြင်းခဲ့ရသည်။ ကျွန်တော့်အဖို့ တောင်လည်း မြင်ဖူးသည် မဟုတ်။ နန်းမြို့ရိုးများလည်း ထိတွေ့ဖူးသည် မဟုတ်။ မှန်နန်းရာဇဝင်တော်ထဲက မြို့ရိုး၊ နန်းတော်၊ ကျုံးရေပြင်တို့မှာ စိတ်ကူးရုပ်ပုံအဖြစ်သာ ထင်ဟပ်ခဲ့သည်။ ယခု ငယ်စဉ်ကတည်းက ကိန်းအောင်းတည်ရှိခဲ့သော အတိတ်စိတ်ကူးရုပ်ပုံများက ကျွန်တော့်ထံ ပြေးလာထိတွေ့ကြသည်။

မန္တလေး ညမီးရထားကို စီးလာခဲ့သော်လည်း မန္တလေးသို့ကား ရောက်သည် မဟုတ်။ ဖြတ်သန်းရုံမျှသာ။ မန္တလေးကို ပထမဦးဆုံးအကြိမ် ရောက်သည်မှာ ၁၉၃၉ သီတင်းကျွတ် ကျောင်းပိတ်ရက်။ ထို့နောက် ၁၉၅၀-၆၂-၇၂-၇၃-၇၄-၇၆ စသည်အားဖြင့် ပြောက်ကျားပြောက်ကျား ရောက်ခဲ့သည်။

၁၉၃၉ သွားစဉ်ကတော့ ကျောင်းသားဘဝ၊ တရုတ်ပြည်သို့ သွားရန် မန္တလေးကို ဖြတ်သန်း၍ ရှမ်းရှေ့ဘက်မှကူးရန် အစီအစဉ်တစ်ရပ်အဖြစ် မန္တလေးကို ဝင်ခြင်း ဖြစ်သည်။ ကိုဗဟိန်းက မန္တလေးသို့ သိပ်လိုက်ပို့သည် မဟုတ်။ ဈေးချို၊ မဟာမုနိဘုရားကြီး၊ ပလိုင်းရပ် ဆရာကြီးမြမျိုးလွင်အိမ်၊ လရောင်ပြက် စစ်ကိုင်းတံတား၊ ရွှေနန်းတော်သို့လည်း သွားကြသည်။

ဓာတ်ခုံပေါ်ရှိ ကားလိပ်ထဲမှမြင်ရသော နန်းတော်ပန်းချီကားကို အစစ်ရုပ်ပုံကားချပ်အဖြစ် ထိတွေ့လိုက်ရခြင်း ဖြစ်သည်။ ငယ်ငယ်က မှန်နန်းရာဇဝင်တော်ကြီးကို စွဲလမ်းခဲ့သူမို့ နန်းတော်ကိုတော့ ရောက်ဖူးချင်နေသည်။ သို့သော် အတိတ်က နန်းတော် မဟုတ်။ ရွှေရောင် ဝင်းပခြင်းတော့ မရှိတော့။ အရောင်ခပ်ညိုညို၊ နန်းတော်ကြမ်းပြင်ကို နင်းရသည်မှာပင် ဂလောင် ဂလောင် အသံမြည်နေ၍၊ ရသာမှာ ထော့နဲ့ ထော့နဲ့။

မှန်နန်းဆောင်မှ ပြာလဲ့လဲ့ ဖန်သားပွတ်လုံးတို့ကိုတော့ စွဲလမ်းသွားခဲ့သည်။ ဘုတ်တလုတ်ရေကန်သို့ ရောက်ခဲ့သည်။ မျှော်စင်ကို မော့ကြည့်ရင်း နောင်ဒိုင်းအသံ ကြားနေရသလို၊ ပြုပြင်ထားခြင်း မရှိသော သူရဲခို၊ သူရဲပြေး၊ မြို့ရိုး ခပ်အိုအို ဟောင်းဟောင်းမှာ အတိတ်ကို အမှတ်ရစေသည်။

ရာဇဝင်ထဲက အရိပ်။

လက်ဆည်ကန်ရှိ ကိုဗဟိန်းတို့အိမ် မကြာခဏ လာရောက်သည်။ ကျွန်တော်က စကားဝိုင်းထဲတွင် ဝင်၍ ကြားဖြတ် ငြင်းရ ခုံရသေးသည်။ အမှတ်ရမိသေးတော့။

ဖခင်ဦးမှင်နှင့် သူ့အစ်မများက ကိုဗဟိန်းကို အင်မတန် ယုယချစ်ခင်သည့် ခံစားမှုမြင်ကွင်းကို သတိရနေမိသည်။

မန္တလေး၏ ဟိန်း။

[၁]

အမရပူရဘက် ရောက်သွားတော့ အပူရှိန် တော်တော်လျော့သွားပြီ။ တောင်လေးလုံးဆရာတော်၏ ကျောင်းသခ်မ်းရိပ်က အေးမြပေစွ။ အစိမ်းရိပ်၊

သစ်ပင်အုပ်မိုးတို့က အပူရှိန်များကို စုပ်ယူပစ်လိုက်လေသလော။

ဆရာတော်၏ ရောင့်ရဲတင်းတိမ်သော ကျောင်းသခ်မ်းလေးထဲမှ စက္ကူပန်း အနီ၊ ခရမ်းနု၊ အဖြူ၊ အနီအပွင့်စုဝေးတို့က မြစ်ဝကျွန်းပေါ်သား ဧည့်သည်ကို ရိုးရိုးယဉ်ယဉ်နှင့် ကြိုလိုက်သည်။

ကျောင်းသခ်မ်းက ရိုးရိုးယဉ်ယဉ်၊ အမွှမ်းအမံ အဆောင်အယောင်ကင်းမဲ့သော အရိပ်အာဝါသ နေရာကလေးက ဗုဒ္ဓ၏ နှိမ်ချပျပ်ဝပ် ဆုံးမသကဲ့သို့ပင်။ စောင့်နေရင်းက မလာနိုင်သေး၍ ချိန်းထားသော ဆရာဝန်ထံ မျက်စိသွားပြနေသည်ဟု ကိုစောလွင်(လွန်ခဲ့သော အနှစ် ၂၀ ခန့်က တံတားဦးအိမ်တွင် ကြုံခဲ့သော စာပေမွေ့သူ)က ပြောလိုက်သည်။

ဟော… ပြောရင်းပင် ဆရာတော် ရောက်လာချေပြီ။ ဆရာတော်ကို သိသည်မှာ ကြာပြီ။ လွန်ခဲ့သော အနှစ် ၂၀ ကျော်က ဘုရားကျောင်းတစ်ခုထဲမှ သူကူးယူလာခဲ့သော မှိုင်းခံစက္ကူမှ ကနုတ်ပန်းကို ကျွန်တော့်အား အိမ်တိုင်ရာ ရောက်လာ၍ လက်ဆောင်ပေးဖူးသည်။ ကျွန်တော် အနုပညာမက်ကြောင်း သူသိနေပြီကော။

ကြည့်ပါဦး။ ကျွန်တော့်ကို သူ့ကျောင်းသခ်မ်း ကပ်လျက် ကျောင်းအောက်ထပ်တွင် နေရာချထားပေးသည်။ ကျွန်တော့်အိပ်ရာပြတင်းဘေးမှ တမာနံ့က သင်းနေသည်။ အိပ်ရာဘေးတွင် ကြီးမားသော တမာပင်ကြီးက ရှိနေသည်။ တစ်ခါတစ်ရံတွင် မယ်ဇယ်ရနံ့များ မျောပါလာတတ်သည်။ ကပ်လျက်တွင်ကား မဟာဂန္ဓာရုံကျောင်းကြီး၏ ပရိဂုဏ် ဘုရားပုထိုးတစ်ဆူသာလျှင် ခြားထားသည်။

ဆည်းလည်းသံများ ကြားရတတ်သည်။ ကျွန်တော့်၏ ငြိမ်းချမ်းရေးရသကို သိနေပြီ။ 'မွှေနှောင်းရက်ကျွန်'သီချင်းကိုစွပင် သူက စိတ်ဝင်စားသည်။ ရည်ညွှန်းအဖြစ် စကားစပ်မိရာ ချက်ချင်းပင် ကျောင်းထဲဝင်ပြီး ပြန်ထွက်လာသောအခါ ကျွန်တော် ၁၉၅၁ က ရေးခဲ့သော 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်ပါလာပြီး ဖတ်ပြလိုက်သေးသည်။

ညနေစောင်းတွင် ၃ မိနစ်ခန့်မျှသာ လမ်းလျှောက်သွား၍ ရောက်

သော မယ်ဇယ်ပင်တန်းများကို ဖြတ်၍ တောင်သမန်အင်းစောင်း ဦးပိန်တံတား သို့ သွားကြသည်။ ဆရာတော်လည်း အတူပါသည်။ အင်းစပ် ရောက်သောအခါ မယ်ဇယ်ရနံ့က မွှေးရှစွာပင် တိုးဝင်လာသည်။

ယမကာနှင့် စားစရာဆိုင်တန်းများမှ ဖွင့်သော ခေတ်ပေါ်တေးသံများ က လာ၍ ရိုက်ခတ်တော့သည်။ လာရောက် အပန်းဖြေကြသော လူတွေက တဖြည်းဖြည်း များလာသည်။

၁၉၅၀ က ကျွန်တော် မန္တလေးသို့ ဒုတိယအကြိမ် ရောက်ခဲ့စဉ် မယ် ဇယ်ပင်အောက်တွင် နံနက်စာစားခဲ့ရသည်။ ထိုအခါက ရန်ကုန်မှ သတင်းစာ ဆရာ၊ စာရေးဆရာများနှင့် မန္တလေးမှ သတင်းစာဆရာ၊ စာရေးဆရာများ၏ မိတ်ဆက်ပွဲကို စီစဉ်ပေး၍ ရောက်လာရသည်။ ကျွန်တော်သည် မဟာဂန္ဓာရုံ ဆရာတော်အရှင်ဇနကာဘိဝံသကို ဖူးတွေ့ခဲ့ဖူးသည်။ ဒီဇင်ဘာလ၊ စာဆိုတော်လ ဖြစ်သဖြင့် မယ်ဇယ်ရနံ့ကိုတော့ မရ။ ထိုအခါက မပွင့်သေးသလားပင် မသိ။

ကျွန်တော်တို့သည် မယ်ဇယ်ပင်အောက်တွင် တပျော်တပါးကြီး စကား ဆူညံနှင့် ပျော်ရွှင်စွာ စားခဲ့ကြသည်။

တောင်သမန်အင်းကြီးမှာ ပင်လယ်ကြီးတမျှပင် ကျယ်လှသည်။ အင်းကို ဖြတ်၍ ဆောက်ထားသော တံတားလှုပ်လှုပ်ကိုပင် လျှောက်ခဲ့ရသေးသည်။ ယခုတော့ မလှုပ်တော့၊ အသစ်မွမ်းမံ တည်ဆောက်ထားဟန် ရှိသည်။ ကျွန်တော်ကတော့ ရှေးအတိတ်ကအတိုင်းပင် ခပ်လှုပ်လှုပ်တံတားကို ကြိုက် သည်။ အတိတ်ရသကို ခံစားရသည်ဟု ထင်သောကြောင့်ဖြစ်သည်။

ဦးပိန်တံတားလက်ရန်းခုံတွင် ထိုင်ရင်း စကားပြောဖြစ်သည်။ ဆရာတော် ကတော့ အမရပူရ အတိတ်ပုံရိပ်ကားချပ်များကို ဖွဲ့နွဲ့နေသည်။ မယ်ဇယ်ပင် ရနံ့က ကျွန်တော့်ကို အတိတ်က ခေါ်လိုက်သည်။ ခေတ်ပေါ်သီချင်းသံများက ပြေးသွားကြပြီ။

ညအခါ မှောင်ရိပ်သန်းလာသောအခါ ဈေးတန်းများကို ဖြတ်ကာ တောင်လေးလုံးကျောင်းသခ်မ်းဘက်သို့ ဝင်လာကြသည်။ မယ်ဇယ်ရနံ့နှင့်အတူ ဘီယာနံ့ သင်းပျံ့လာသည်။

လူတွေက၊ ကားတွေက တောင်သမန်အင်းကို အတိတ်နှင့်မျက်မှောက် ဆက်စပ်ပေးနေကြပြီကော။

[၈]

ကျွန်တော် မထင်။ တကယ် မထင်။

တတိယမျိုးဆက်အင်အားစုများ ကျွန်တော်၏စာကို သည်မျှ နားလည် လိမ့်မည်ဟု မထင်ခဲ့။ သူတို့နှင့် တွေ့ဆုံဖြစ်ကြသည်။ ခက်သည်က ကျွန်တော်က ပထမမျိုးဆက်မှ လာသူမို့ ကိုလိုနီခေတ်မှ စတင် ကြီးပြင်းခဲ့ရသူ။ စစ်နှင့်တော် လှန်ရေးကို ဖြတ်သန်းခဲ့သည်။ ကိုလိုနီခေတ်ပြီးနောက် လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ်များကို ဖြတ်သန်းခဲ့ရသည်။ တတိယမျိုးဆက်သစ်၊ နုပျို ပွင့်သစ်လူငယ်များကတော့ ယနေ့မျက်မှောက်ခေတ်ကို ဖြတ်သန်းနေဆဲ။

သူတို့၏ ရင်ခုန်သံကို ကျွန်တော်ကြားရသည်။ ခံစားရသည်။ မန္တလေး မှ စာပေမိတ်ဆွေများက သူတို့နှင့်ဆုံဖြစ်အောင် စီစဉ်ပေးထားသည်။

သည်ကတည်းက ကျွန်တော့်ကို နားလည်ကြသူများဟု ခံစားလိုက် သည်။ ကျွန်တော် တောက်လျှောက် ရေးဖွဲ့လာခဲ့သော စာများတွင် ဆင်ယင် သီကုံးထားသည့် အဖွဲ့အနွဲ့များ မဟုတ်ပါလား။

ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ အလှအပ။

သူတို့ထဲတွင် ဝတ္ထုရေးဆရာ၊ ကဗျာဆရာ၊ စာပေဝေဖန်ရေးဆရာ၊ ဗွီဒီယိုဆရာ၊ ဇာတ်ဆရာ၊ ကချေသည်၊ ပန်းချီဆရာ၊ ဂီတဆရာ၊ ကျောက်ဆစ် ထု ပန်းပုဆရာ၊ ရွှေချည်ထိုး ပန်းချီဆရာ။ နှုတ်ဆက်ပွဲပြီးသောအခါ မေးကြ မြန်းကြ၊ သူတို့ရင်ခုန်သံကို ပို၍ သိရသည်။

ကျွန်တော် ဖြေချင်သလောက် မဖြေနိုင်ခဲ့။ တစ်ထိုင်တည်းနှင့် ဖြေ၍ ရမည်မထင်။ သဘောမျှသာ ပြောလိုက်နိုင်သည်။ ပြည့်စုံအောင် ဖြေရလျှင် ညောင်းသွားကြမည်။ မေးခွန်းတစ်ခုပဲ အတိအကျ ဖြေလိုက်နိုင်သည်။ ကျွန်တော် ဘာကြောင့် လူပျိုကြီးဖြစ်နေသလဲတဲ့။ ကျွန်တော်က ချက်ချင်း ဖြေသည်။ ကြိုက်မည့်သူ မရှိလို့ပေါ့ဗျာ။

[ဃ]

မုဆိုးစိုင်သင်၊ မြန်မာစကားတွင် သဒ္ဒါ မရှိ။ ဂန္ထဝင်သိရင် ကောင်းတယ်၊ မသိရင်လည်း ဖြစ်တယ် စသော အနှစ် ၃၀ ကျော်ကတည်းက ပြောခဲ့သော ကာရန်မဲ့တာ၊ မမဲ့တာထက် အဘိဓမ္မာမမဲ့ဖို့က အရေးကြီးသည် ဟူသော စကားရပ်၏ စကားပရိယာယ်နှင့် ပင်ရင်းအဓိပ္ပာယ်ကို ပြည့်စုံစွာ ရှင်းပြနိုင်ရန်မှာ တစ်ထိုင်တည်းနှင့် ရတော့မည်မထင်။ မတတ်နိုင်။ သို့သော် ကျွန်တော် ဖော်ပြခဲ့သော ဆောင်းပါးများကို တစ်ဆက်တည်း မပြတ် ဖတ်လျှင်တော့ အတော်လေး သိနိုင်မည်ဟု ပြောရသည်။

ကျွန်တော့်အဖို့ သူတို့နှင့် ထိတွေ့ရသည်မှာ မိမိကိုယ်ကိုယ်လည်းမိမိ ယုံကြည်လာမိသည်။ အားရှိလာသည်။ စာရေးသူတစ်ယောက်အဖို့ မိမိစာကို နားလည်လျှင် (သို့) နားလည်ရန် ကြိုးစားလျှင် ရေးရကျိုးနပ်ပြီ။ အရေးကြီးတာက နားလည်ဖို့။ ကြိုက်ခြင်း၊ မကြိုက်ခြင်းကိုတော့ မိမိက လုပ်နိုင်သည် မဟုတ်။ သူတို့နောက်ခံကား၊ သူတို့ခံစားမှု၊ သူတို့အကြိုက်နှင့် ဆိုင်သည်။ ဒါကတော့ တစ်ယောက်နှင့်တစ်ယောက် မတူ။ ခေတ်အလိုက်လည်း ပြောင်းလဲနိုင်သည်။

စာပေမွေ့သူများ၏ ရင်ခုန်သံကို သိရ၍ အပူရှိန်ကို ကျော်၍ ကြည်အေးရသည်။ ကျွန်တော်ရောက်ပြီး နှစ်ရက်ခန့် ကြာသောအခါ မိုးရွာချလိုက်သည်။ အပူရှိန် အတော်လေး လျော့သွားသည်။ ကျွန်တော်ပြန်သည့်ညက မိုးအတော်ကလေး ရွာချသည်။ မိုးခြိမ်းသံ၊ လျှပ်စစ်ပြက်သံ၊ လေကျသံတို့ ခံစားရသည်။

သင်္ကြန်ရက်အတွင်းဖြစ်၍ တောင်လေးလုံးသို့ဖြတ်၍ သင်္ကြန်ကားများ တောင်သမန်အင်းထိပ် ဦးပိန်တံတားသို့ လူးလာဆန်ခတ် သွားနေကြသံ တစ်နေ့လုံး ကြားနေရသည်။ ညနေဘက်တွင်တော့ အဆုံး။ ကျွန်တော်က စက္ကူပန်းရိပ်တွင် ထိုင်ကာ သင်္ကြန်ကားများကို ငေးမောတတ်သည်။ ကားတစ်စီးထဲမှ ဂျင်းဘောင်းဘီဝတ်ကောင်မလေးက ကျွန်တော့်ကို မြင်သောအခါ 'ပုတီးစိပ်နေပါလား' ဟု စ လိုက်ရာ ကျွန်တော်က ပြုံးနေရသည်။ ကျွန်တော့်အရွယ်က တရားနှင့်နေရမည်ဟု ဆိုလိုဟန်။ ကျွန်တော်က တရားရှိမှ ဘုရားရှိသည်ဟု

ယုံကြည်သည်ကိုတော့ သူမ သိမှသိပါလေစ။

ရှစ်ရက်ခန့်အကြာ အမရပူရမှ ရှမ်းရွှေ သာမိုင်းခမ်းသို့ ကူးရန် နံနက် စောစော မန္တလေးကားဆိပ်သို့ ဆင်းသောအခါ အနွေးထည်ပင် ဝတ်ခဲ့ရသည်။

လမင်းတစ်ရာ ဓာတ်ဆရာက တောင်လေးလုံးကျောင်းတွင် ညအိပ်ပြီး ကျွန်တော့်ကို လိုက်ပို့ပေးသည်။ ခက်သည်က မန္တလေးမှ သာစည်သို့ ကူးသော အခါ အမရပူရကိုပင် ဖြတ်သွားရသည်။

နေရစ်တော့ မယ်ဇယ်ရန့်၊ တမာရန့်။ နေရစ်တော့ အမရပူရ။

ရင်ခုန်သံမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၄

❐

မယ်ဇယ်နံ့သင်းသော အမေးအဖြေ

[က]

ကျွန်တော် မန္တလေးသို့ သိပ်မရောက်လှပါ။ နောက်ဆုံးရောက်သည့် နှစ်မှာ ၁၉၇၆ ခုနှစ် ဖြစ်သည်။ ဒီတစ်ခေါက်တော့ မန္တလေးရောက်သည်ဟု ပြောရမှာခက်သည်။ မန္တလေးဘူတာမှ ဆင်းပြီး အမရပူရသို့ လာခဲ့သည်။ နောက်ထပ် မန္တလေးသို့ ပြန်မရောက်။ ထို့ကြောင့် မန္တလေးသို့ ဖြတ်သန်းသွားသည်ဆိုရုံမျှသာ။ သို့သော် မန္တလေးစာပေအင်အားစုနှင့်တော့ ထိတွေ့ခဲ့ရသည်။

ကျွန်တော်တို့ တည်းခိုသည့် အမရပူရ တောင်လေးလုံးဆရာတော်၏ ကျောင်းပရိဝုဏ်မှာ အေးချမ်း လှပသည်။ ကျွန်တော်အိပ်သည့် ခေါင်းရင်းတွင် တမာပင်ကြီးက ရနံ့များ ပြတင်းပေါက်မှ စီးဝင်လာသည်။ အတော်လှမ်းလှမ်းမှ မယ်ဇယ်ပင်စုများမှ ရနံ့များ ကျွန်တော့်ထံသို့ လာရောက် ဧည့်ဝတ်ပြုသည်။ ကျွန်တော်ရောက်ပြီး တစ်ရက်နှစ်ရက်တွင် သင်္ကြန်မကျမီတစ်ရက်က မန္တလေး စာပေအင်အားစုများနှင့် တွေ့ဆုံဖြစ်သည်။ ဖွံ့ဖြိုးပွင့်သစ်စ လူငယ်တို့က များသည်။ တမာရနံ့၊ မယ်ဇယ်ရနံ့တို့က သင်းပျံ့သည်မို့ အတွေ့အဆုံများက မွေးမြနေသည်။ ဆရာတော်က မိတ်ဆက်စကား ပြောသောအခါ မယ်ဇယ်ပင်ကပင် စတင်သည်။ သူက ကဗျာဆန်လှသည်။ အင်းဝနှင့်နီးသည်မို့ ဂန္ထဝင်ခေတ် အင်းဝ ရဟန်းစာဆိုများ၏ အနုပညာဝိညာဉ်သည် သူ့ထံတွင် ကပ်၍ နေသလော။

သူပြောသော စကားထဲတွင် ဂါရဝ၊ နိဝါတ စသည့် ပါဠိစကားလုံးများ ပါသည်။ ကျွန်တော်ကတော့ သည်စကားရပ်များမှာ ကျွန်တော့်အတွက် ကြီးကျယ်နေသည်။ ကျွန်တော်နှင့် ထိုက်မှထိုက်တန်ပါ့မလား။ မယ်ဇယ်ရန့်လေးက ကျွန်တော်၏ စိတ်ဒွိဟများကို ဖြေဖျောက် ချော့မော့နေသည်။

[၃]

တကယ်ကတော့ တွေ့ဆုံပွဲ၊ မိတ်ဆက်ပွဲ။ သို့သော် စာပေအင်အားစုများ လာကြသဖြင့် အမေးအဖြေကိစ္စကလေးများက ပါလာသည်။ ကျွန်တော်ကြိုက်သည်။ သို့သော် စာပေနှီးနှောဖလှယ်ပွဲ မဟုတ်၊ စာပေညီလာခံလည်း မဟုတ်သဖြင့် ကျွန်တော် ပြောချင်သလောက် မပြောခဲ့။

ကျွန်တော်က အပြောနည်းသူ။ သို့သော် အမေးအဖြေကလေးများ တွဲဖက်လာသဖြင့် ဖြေရတော့သည်။ မေးတော့လည်း မဖြေ၍မဖြစ်။ အင်းဝကဗျာဆရာက 'မေ' ဝတ္ထုနှင့် ပတ်သက်၍ စတင် မေးလိုက်သည်။ သူ၏ စကားချိုးတွင် ''ဆရာ့ဆီက ဘာသင်ကြားသင့်သလဲ။ နည်းနာယူသင့်သလဲ''

စံပယ်ဦး နိဒါန်းတွင် 'မေ'ဝတ္ထုနှင့်ပတ်သက်၍ ရှင်းလင်းထားတာတွေ ရှိတယ်ဟု ဖော်ပြလိုက်သည်။ ကျွန်တော်ကတော့ သူက ဘာသင်ကြားချင်သလဲ၊ နည်းနာယူချင်သလဲ ဆိုတော့ ကျွန်တော်က သူတို့၏ထံမှ သင်ကြားချင်နေသည်။ ယနေ့ခေတ် လူငယ်တွေ ဘယ်လိုခံစားကြသလဲ။ သူတို့က ဒုတိယမျိုးဆက်၊ တတိယမျိုးဆက်၊ ကျွန်တော်က ပထမမျိုးဆက် ဆိုတော့ ပထမမျိုးဆက် ကျွန်တော်၏ စာပေကို ဘယ်လို ခံစားကြသလဲ။ ဒါတွေကို သိချင်သေးသည်။ ဒါတွေကို မှတ်သားချင်သေးသည်။ သို့သော် သူတို့က စမေးလိုက်တော့ အခက်သား၊ ကျွန်တော်က မျိုးဆက်ချင်း ဆက်သွယ်ချင်နေသည်။ သူက ဆက်လက်၍ 'မေ'မှာ တီထွင်ချက်တွေ ရှိနေတယ်။ စကားပြောဘာသာစကား၊ အရေးအသား ဘာသာစကားတွေနှင့် ပတ်သက်၍ မေးစရာတွေ ရှိနေတယ်ဟု ဆိုကာ ကျွန်တော့် 'မေ'ဝတ္ထုတွင် စိတ်ထဲမှာခံစားမှု အတွေးအထင်ကို စကားပြောဖြင့် ရေးဖွဲ့ထားသည့် စကားပိုဒ်နှစ်ပိုဒ်ကို ရွတ်ဆို ကိုးကားလိုက်

သည်။ သူတို့က လေးနက်ကြသည်။ ကျွန်တော်သည် လွန်ခဲ့သော အနှစ် ၅၃ နှစ်က ရေးခဲ့သော 'မေ'ဝတ္ထုမှ စာပိုဒ်များကိုပင် အလွတ်ရ၍ အံ့ဩရသည်။ ကျွန်တော် မရ။

''အား - မေ လာပြီမေ'' ဟူသော စကားကို ရွတ်ဆိုပြလိုက်သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဂျိမ်း(စ်)ဂျွိုက်၏ 'ယူလီးစီး'ဝတ္ထုအမည်ကို ခေါ်ကာ ယင်းဝတ္ထုတွင် အသေးစိတ် တစ်ခုချင်းပြောခြင်း ဟူသော စကားလုံးကိုယူ၍ ကျွန်တော်သည် ယင်းယူလီးစီးမှ ရသလော ဟူသော အဓိပ္ပာယ်ဖြင့် မေးသည်။

''ဒါမျိုးတွေ လုပ်တာက ကမ္ဘာ့စာပေမှာ ဂျိမ်း(စ်)ဂျွိုက် ရှိတယ်။ ဆရာက အဲဒီ (၂၁) နှစ်သားက 'မေ' ရေးတဲ့အခါမှာ ဂျိမ်း(စ်)ဂျွိုက်ရဲ့ 'ယူလီးစီး' ဖတ်ဖူးသလား မေးလိုက်သည်။ ကျွန်တော်က ဖြေလိုက်သည်။ ဝတ္ထုရေးဖြစ်တာ အနှစ် (၅၀) ကျော်ပြီဆိုတော့ မနည်းတော့ စဉ်းစားရသည်။ သို့သော် သိပ်တော့ မစဉ်းစားရ။ ''ယူလီးစီးတော့ မဖတ်ဖူးဘူးဗျာ၊ ဒဗ်ဗလင်မြို့သားဝတ္ထုကိုတော့ ဖတ်ဖူးတယ်၊ အဲဒီစာအုပ်က ဖတ်လို့ မရဘူးဗျာ။ ကြည့်တော့ ကြည့်ဖူးတယ်။ ဖတ်လို့ မရဘူးဗျာ။ မကြိုက်ဘူးပေါ့ဗျာ'' ဟု ဖြေလိုက်ရသည်။

ထိုအခါ ကျောင်းသားအရွယ်က ကျွန်တော် နိုင်ငံခြားစာပေများကို ဖတ်စပြုနေပြီ။ ကျွန်တော်တို့ စာပေအသိုင်းအဝိုင်းတွင် တစ်ယောက်ဖတ်ပြီးသော စာအုပ်များကို တစ်ယောက်ဖတ်၊ ထင်မြင်ချက်များကို ပြောကာ အပြန်အလှန် ငြင်းကြခုံကြ၊ ဆွေးနွေးဖြစ်ကြသည်။ ထိုအခါက JOHN O'LONDON အမည်ရှိ စာပေဂျာနယ် ဖတ်လေ့ရှိကြသည်။ စာပေဝေဖန်ရေးများ ပါ၍ ကျွန် တော်တို့က ဖတ်ကြခြင်းဖြစ်သည်။ အပတ်စဉ်ထုတ် ဖြစ်၍ ချက်ချင်း ရောက်လာတတ်သည်။ ဆက်သွယ်ရေးက ကောင်းသည်ကိုး။ ထိုအခါ သူတို့နိုင်ငံတွင် ခေတ်စားနေသော စာပေအကြောင်းကို နည်းနည်းပါးပါး သိရသည်။

ဂျိမ်း(စ်)ဂျွိုက်၏ 'ယူလီးစီး'က နာမည်ကြီးဖြစ်သည်။ သူတို့ အနောက်တွင် နာမည်ကြီး ဖြစ်သည်။ ကျွန်တော်တို့ဆီတွင်တော့ သိပ် နာမည်ကြီးဟန်မတူ။ လိုက်စားသူတို့ကတော့ သိမလား မပြောတတ်။ သူ့အင်္ဂလိပ်စာကို ကျွန်တော် မကြိုက်။ ခက်သည်။ စာလုံးခက်များလည်း ပါသည်။ ဒီတော့

ဖတ်ကြည့်ပြီး ပြန်ချလိုက်သည်။ ပြတ်ပြတ်ပြောရလျှင်တော့ ဂျိမ်း(စ်)ဂျွိုက်၏ စာပေအဖွဲ့အနွဲ့၏ ဩဇာမသက်ရောက်ဟု ဆိုရမည်။ သို့သော် သည်လို ပြတ်ပြတ်တော့ ကျွန်တော် မဖြေ။

သူတို့ သိချင်သည်မှာလည်း သဘာဝတော့ကျသည်။ သူတို့အထင်ပေကိုး။ ကျွန်တော်က ကိုယ့်ဘာသာကိုယ် လုပ်တတ်သော အလေ့လည်းရှိသည်။ အတုခိုးချင်ခိုးမည်။ သို့သော် ကျွန်တော် အတုခိုးမှန်း သိချင်မှလည်း သိမည်။ တော်တော် ပြောရခက်သည့် ကိစ္စ။

စကားပြောဘာသာစကား၊ အရေးအသားဘာသာစကား ဆိုသည့် ပြဿနာ ဟူ၍လည်း ကျွန်တော်က မယူဆ။ လွန်ခဲ့သော အနှစ် (၃၀) ကျော်က ဖြစ်မည်ထင်သည်။

ချက်ကိုစလိုဗက်ကီးယားပြည်၊ ပရပ်ဂ်တွင် မင်းလတ်ရဲခေါင်က တင်ပြလိုက်သော ဘာသာစကားပြဿနာ စာတမ်းကြောင့် ယင်းသို့ အရေး၊ အပြော ဟူသော စာပေပြဿနာ ဖြစ်နေဟန်တူသည်။ ယင်းသို့ အငြင်းပွားနေစဉ် ကျွန်တော် တစ်နေရာရောက်နေ၍ ယင်းပြောစကား၊ ရေးစကားပြဿနာ ဖြစ်စဉ်ကို ကျွန်တော် ကောင်းစွာ မသိလိုက်။ သို့သော် ကျွန်တော် ကောင်းစွာ မှတ်မိနေသည်ကတော့ ခံစားမှုတို့ကို ဖွဲ့နွဲ့သောအခါ တိုက်ရိုက်စကားလုံးဖြင့် သုံးခြင်းသည် ခံစားမှုကို အပေါ်လွင်ဆုံး ဖြစ်မည်ဟု မိမိဘာသာ တွေးကာ ယင်းသို့ စကားပြေထဲတွင် ပြောစကားညှပ်ကာ သုံးလိုက်ခြင်း ဖြစ်သည်။ မည်သူ၏ ဩဇာမှ သက်ရောက်ခြင်း မရှိပါ။ မည်သူ့ကိုမျှ အတုမယူပါဟု ဖြေလိုက်လျှင် ကျွန်တော် ဝင့်ဝါရာကျသွားပါလိမ့်မည်။ ကျွန်တော် သည်လို မပြောသင့်။ အများပရိသတ်ရှေ့တွင် မဟုတ်ဘဲ နှစ်ယောက်ချင်း ရင်းနှီးသူနှင့်ပြောလျှင်တော့ သည်လိုပဲ ရိုးရိုးသားသား ပြောရပေလိမ့်မည်။

၁၉၅၀ ခုနှစ်လောက်က ဆရာကြီး မဟာဆွေနှင့် ရှုမဝတိုက်တွင် တွေ့ရာ ကျွန်တော်၏ စကားပြေအရေးအသားနှင့် ပတ်သက်၍ ဆရာကြီးက ပြောသည်။ စကားပြေထဲတွင် ပြောစကား ထည့်မရေးသင့်ကြောင်း၊ စကားပြေ၏ တန်ဖိုးလျော့သွားမည်ဟု ဆရာကြီးက ထင်ဟန်တူပါသည်။ ကျွန်တော်က

တော့ ခံစားမှုကို မိမိတတ်နိုင်သလောက် အပေါ်လွင်ဆုံးသော အဖွဲ့အနွဲ့ဖြင့် ရေးချင်သူ။ မတတ်နိုင်။ စကားပြေ၏ ကျင့်ဝတ်စည်းကမ်း၊ ဥပဒေများနှင့် ကိုက်ညီချင်မှ ကိုက်ညီပါလိမ့်မည်။ မတတ်နိုင်။ ခံစားမှုကို ကျွန်တော်က ဦးစားပေးချင်သူ။

[၇]

မင်းလတ်ရဲခေါင်၏ စာတမ်းကို ကျွန်တော် ၁၉၆၈ ခုနှစ်လောက်က ဖတ်ဖူးသည်။ စာတမ်း အစိပ္ပာယ်ကောက်ပုံမှာ သူတို့နှင့်မတူ။ စာတမ်းလက်ထဲတွင် မရှိ၍ မကိုးကားနိုင်သည်ကိုတော့ သည်းခံပါ။ လွန်ခဲ့သော အနှစ် (၂၀) ကျော်ခန့်က မြန်မာစာပေစည်းလုံးညီညွတ်ရေး ဟူသော ယင်းပြောစကားနှင့် ရေးစကား ပေါင်းစည်းရေး ပြဿနာကို အနည်းငယ် ရေးခဲ့ဖူးသည်။

စကားပြောသလိုရေး ဟူသော အယူအဆတစ်ရပ် ပေါ်လာခဲ့သေးသည်။ တချို့ကလည်း ပြောစကားနှင့်ပင် ရေးသားလျက်ရှိသည်ကို တွေ့နေသည်။ အများစုကတော့ မဟုတ်။ စကားပြေရေးရာတွင် လွယ်တော့ လွယ်ကူသည်။ လွယ်ကူခြင်းကိုတော့ ကျွန်တော် ကြိုက်သည်။ သို့သော် ကျွန်တော်ကတော့ ဆောင်းပါးများကို ရေးစကားဖြင့်ပင် ရေးသားသည်။ ဝတ္ထုကို ပြောစကားဖြင့် ရေးမည်ဆိုလျှင် အတော်ကလေး ခွကျမည်ထင်သည်။ ဝတ္ထုထဲတွင် လူတို့ ပြောစကားများ ပါသည်။ ထိုအခါ ဇာတ်ကောင်များ၏ ပြောစကားနှင့် ဝတ္ထုရေးသူ၏ ပြောစကား ရောနေသောအခါ ဖတ်ရသည်မှာ အရသာပျက်သည်ဟု ကျွန်တော် ထင်သည်။ သည်ကိစ္စမှာ ပညာရပ်ဆိုင်၍ ပညာပိုင်းဆိုင်ရာသဘောဖြင့် ဆွေးနွေးလျှင် အဖြေရလိမ့်မည် ထင်သည်။

၁၉၄၈ ခုနှစ်က 'မိုးအောက်မြေပြင်' ဝတ္ထုကို ဝေဖန်ရေးရေးရာတွင် ဂျိမ်း(စ်)ဂွိုက်အကြောင်း ကျွန်တော် နည်းနည်းပါးပါး ဖော်ပြခဲ့ဖူးသည်။ ယင်း 'မိုးအောက်မြေပြင်' ဝတ္ထု၊ စာပေဗိမာန်ဆုပေးပွဲ အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာ ထင်အောင်က မြန်မာဝတ္ထုအကြောင်း ဟောပြောသည်။ ယင်း ဟောပြောချက်နှင့် ပတ်သက်၍ ဒေါက်တာထင်အောင်သည် အင်္ဂလိပ်စာပေ

ဝတ္ထုစုံနှင့် ဖော်ပြသည်ဟု ဝေဖန်ချက်ရေးခြင်း ဖြစ်သည်။ ထို့ကြောင့် ဂျိမ်း(စ်)ဂွိုက်စသော အင်္ဂလိပ်ဝတ္ထုရေးဆရာများကို ကိုးကားဖော်ပြရသည်။ အမှန်အားဖြင့် ဒေါက်တာထင်အောင်မှာ ကျွန်တော်၏ဆရာ ဖြစ်သည်။ ကျွန်တော် ဥပစာတန်းတွင် ဒေါက်တာထင်အောင်၏ ဟောပြောချက်ကို ကျွန်တော် ဝေဖန်ပြီးနောက် မကြာခင်လောက်ပင် ထင်သည်၊ တက္ကသိုလ် စစ်ကိုင်းကျောင်းဆောင်တွင် နေစဉ်က လက်ထောက်အဆောင်မှူး ဆရာပွားယုခင်က "ဟေ့ ဌေးမြိုင်၊ မင်းလားကွ၊ ဆရာထင်အောင် ဟောပြောချက်ကိုဝေဖန်တာ" ဟု ပြုံးကာ မေးလိုက်သည်။ ကျွန်တော်က ခေါင်းညိတ်ပြရသည်။ ဆရာပွားယုခင်က ကျွန်တော့်နာမည်ရင်းကိုသာ သိသည်။ ကျွန်တော် ဒဂုန်တာရာမှန်း သူ မသိ။ ကျွန်တော်က ပြုံး၍နေမိသည်။ ဆရာထင်အောင်နှင့်လည်း ကျောင်းက ထွက်ကတည်းက မတွေ့တော့။ သို့သော် ၁၉၅၇ ခုနှစ်က ထင်သည်။ ရာမာခရစ်ရှနာခန်းမဆောင်တွင် မြန်မာစာပေ၏အကြောင်း၊ ကျွန်တော် ဟောပြောခဲ့ဖူးသည်။ ၁၉၅၆ ခုနှစ်၊ အာရှစာရေးဆရာညီလာခံတွင် ကျွန်တော် တင်သွင်းသော စာတမ်းကို ဖတ်ခြင်းမျှသာ ဖြစ်သည်။ အသစ် မဟုတ်။ ယင်း ဟောပြောပွဲအစည်းအဝေးတွင် ပါမောက္ခ ဆရာထင်အောင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ကျွန်တော်က တစ်မျိုး ခံစားနေသည်။ တစ်ခါက ကျွန်တော်က သူ၏ ဟောပြောချက်များကို ဝေဖန်ခဲ့သူ မဟုတ်ပါလား။ ဆရာကတော့ ပရိသတ်နှင့် မိတ်ဆက်ပေးရာတွင် ဌေးမြိုင် ဟူသော အမည်ကို သူက အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။ ကျွန်တော် ကျေနပ်နေမိသည်။

[၁၁]

မယ်ဇယ်ရုန့်သည် တောင်သမန်အင်းစောင်းမှ ဖြတ်ကျော်ကာ အခန်းတွင်းသို့ ဝင်ရောက် ဖြတ်ကျော်လာသည်။ ကျွန်တော်သည် အင်းဝကဗျာဆရာမေးသော 'မေ'ဝတ္ထုနှင့် ပတ်သက်သည့် အဖွဲ့အနွဲ့စကားပြေ အရေးအသားအကြောင်း တွေးနေမိသည်။ အမှန်ကတော့ 'မေ'ဝတ္ထုမှာ ဘာမျှမဟုတ်။ ဘီဘာလီနစ်ကိုး၏ 'အတ္တ' ဟူသော ဝတ္ထုကို မှီး၍ ဘာသာပြန်ထားသော ဝတ္ထု

တစ်ပုဒ်မျှသာ။ သို့သော် ယင်း ‘မေ’ ဝတ္ထုကပင် ကျွန်တော် စာပေလောကသို့ ရောက်လာအောင် ပို့ပေးသော ဆက်သွယ်ရေးတမန်ဖြစ်သည် မဟုတ်ပါလား။

ရှပ်ရှင်အမြုတေမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၉၅

❒

မယ်ဇယ်ရနံ့နှင့် စာပေရနံ့ ရောစပ်ခြင်း

[က]

နေရောင်သည် ပြတင်းမှ ဝင်လာသည်။ မယ်ဇယ်ရနံ့သည် စီးမျောလာသည်။ လွန်ခဲ့သော (၄၅) နှစ်ကျော်ခန့်ကလည်း ကျွန်တော်သည် စာရေးဆရာအသင်းကိစ္စကြောင့် မယ်ဇယ်ပင်များအောက်သို့ ရောက်ရဖူးသည်။ ထိုအခါကတော့ မယ်ဇယ်ရနံ့ မရသေး။ မပွင့်သေးသော ဆောင်းရာသီ။ ယခုတော့ မယ်ဇယ်ရနံ့သင်းသောအချိန် ရောက်ပြီ။ မယ်ဇယ်ရနံ့က သင်းပျံ့လာသည်။ ကျွန်တော့်စိတ်ထဲကတော့ စာပေရနံ့။ စာပေရနံ့နှင့် မယ်ဇယ်ရနံ့က ဆက်စပ်နေသည်။ ယခင် (၄၄) နှစ်ခန့်ကတော့ မန္တလေးစာရေးဆရာနှင့် ရန်ကုန်မှစာရေးဆရာ မိတ်ဆက်ပွဲ လာရင်း တောင်သမန်အင်းဘေး မယ်ဇယ်ပင်အောက်သို့ ရောက်ခဲ့ရသည်။ ယခုတော့ မယ်ဇယ်တို့ ပွင့်နေပြီ။ တောင်လေးလုံး၊ တောင်သမန်အင်းစပ်မှ ဆရာတော်၏ကျောင်းပရိဝုဏ်တွင် မန္တလေးစာပေအင်အားစုများနှင့် တွေ့ဆုံခဲ့ရသည်။ မိတ်ဆုံပွဲတွင်း အင်းဝသား ကဗျာဆရာကိုကြည်လင်က ကျွန်တော် နောက်ထပ်ဆွေးနွေးမှာက အတိုချုပ်ပဲ ဆွေးနွေးပါမယ်ဟု စလိုက်သည်။ ကျွန်တော်က ဆွေးနွေးပါဟု ပြုံး၍ ပြောလိုက်သည်။ ကျွန်တော်က တရားထောက်လိုဖြစ်နေတာပေါ့ဗျာ။ တရားထောက်ကလည်း ရှိနေတယ်ဟု ရယ်သံနှင့် တစ်ယောက်က ပြောလိုက်သေးသည်။ "တာရာမဂ္ဂဇင်း ၁၉၄၆ ထုတ်တဲ့အခါမှာ ကျွန်တော် နည်းနည်းအံ့ဩသွားတာလေး ရှိတယ်။ ဘာအံ့ဩ

သလဲ ဆိုတော့ ဥပမာဆိုပါတော့၊ ကျွန်တော် ၆၅ ခုနှစ်ကမှ ကားလ်ဂျီဘရဲကို ကျွန်တော် သွားတွေ့တယ်။ ကားလ်ဂျီဘရဲကို တာရာမဂ္ဂဇင်းမှာ ဘယ်ကနေ ဘာသာပြန်ထည့်တာလဲ။ သိပ်စောလွန်းတယ်။ မြန်မာပရိသတ်က သိပ်မသိဘူး။ ကျွန်တော်က မှတ်စလင်တွေနဲ့ပေါင်းလို့ သိရတာ၊ ဟုတ်တယ်''

''မြန်မာတွေ အသိနည်းတယ်၊ နီရူးဒါတောင် မသိဘူးထင်တယ်။ နီရူးဒါကို ဆရာမြသန်းတင့် ဘာသာပြန်တယ်။ ကိုသာနိုးလည်း ပြန်တယ်။ ကိုသာနိုးက 'တတိုင်းမွေး တမ်းတခြင်း'။ ဆရာမြသန်းတင့် စမ်းပြန်တာတွေ ရှိပါတယ်။ ဆရာက စောနေတယ်။ အဲဒီတော့ ရင်အန်မိန့်ခွန်းကို ၄၂ လောက်က မှ ပြောကာရှိသေးတယ်။ နောက် ကိုသာနိုးက မှာ့က်စ်ဇင်းနဲ့ ပေါ်ထရီ(မှာ့က် ဝါဒနှင့်ကဗျာ)ကို ပြန်တယ်။ ဆရာ ၄၆ လောက်က ဂျော့သွန်မဆင်ရဲ့ ကောက်နုတ်ချက်တွေ ထုတ်ပြန်နေတယ်။ အဲဒါ သိပ်အံ့သြနေတယ်။ ပြီးတော့ မော်စီတုံးရဲ့ ကဗျာကို ပြန်တယ်'' အစချီကာ သူ သိချင်တာတွေ မေးသည်။

ကျွန်တော်ကလည်း ဖြေချင်တာနှင့် အတော်ပဲ။ သို့သော် မေးသူမရှိ၍ မဖြေရ။ ဖြေရသည်ကတော့ လွယ်သည် မဟုတ်။ အတိတ်ကို ပြန်၍ကောက်ရ သည်။ အတိတ်ကို တူးဆွရသည်။ စာသော ရေးဖွဲ့နေသည်။ ယင်းစာများ မည်သို့ သောဒေသမှ မြစ်ဖျားခံသည်ကို တွေးတော စူးစမ်းရာမှာ လွယ်သည့်ကိစ္စ မဟုတ်။ ကိုကြည်လင် သိချင်သည်မှာလည်း သဘာဝကျသည်။ သူကလည်း ကဗျာဆရာ၊ မန္တလေးစာပေအင်အားစုများ သိချင်နေသော မေးခွန်းများဟု ယူဆဟန်တူသည်။

ကိုကြည်လင်၏ စာကို သိသည်မှာ ကြာပါပြီ။ လူချင်းကတော့ နောက် မှ သိရသည်။ လွန်ခဲ့သော အနှစ် ၃၀ ကျော်၊ ၄၀ နီးပါးက ကျွန်တော်၏ 'စံပယ်ဦး' ဝတ္ထုကို ဝေဖန်သော သူ၏ ဝေဖန်စာကို ဖတ်ခဲ့ရဖူးသည်။ ဒဂုန် တာရာသည် စာပေသန့်သန့်ကို ဖွဲ့စည်းသည်။ မြန်မာဆန်သော ဝေါဟာရများ ကို တွဲစပ် သုံးနှုန်းရာ၌ သူမတူသော စာရေးဆရာ ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ၌ အဖော်အကျူး လွန်ကဲသည်။ သူက ကျွန်တော့်ကို အဖွဲ့အနွဲ့ လွန်ကဲသည်ဟု ဝေဖန်ထားသည်။ ၁၉၆၇ လောက်ကလည်း ချင်းတွင်း

ဂျာနယ်တွင် 'သခင်ကိုယ်တော်မှိုင်းမှ ဒဂုန်တာရာသို့' ဟူသော ဆောင်းပါး ရေးသည်ကို မှတ်မိနေသည်။

ဆရာဇော်ဂျီနှင့် ယှဉ်တွဲကာ သုံးသပ်ထားသော ဆောင်းပါး၊ ကလောင်အမည်က မောင်ရှုပ။ 'စံပယ်ဦး' ဝတ္ထု ဝေဖန်စာ ရေးစဉ် ကြည်လင်။ သူတူးဆွလိုက်သော အတိတ်ကတော့ မနည်း။ တွေးတောရသည်။ အိတ်ဂျီဝဲ၏ အချိန်ယန္တရားမျိုး ရှိလျှင် အကောင်းသား။ ဂီယာတစ်ချက် ထိုးရုံနှင့် အတိတ်ပြန် ရောက်သွားနိုင်သည်။ ယခုလည်း တောင်လေးလုံးမှ ရွှေတောင်ကြားအစွန် ရွှေဂုံတိုင်နားသို့ ရောက်သွားရသည်။

[ခ]

၁၉၄၅၊ ဩဂုတ်လတွင် ဂျပန်များ လက်နက်ချပြီးနောက် အရှေ့အာရှဘက်တွင် စစ်ကြီး ပြီးဆုံးသွားပြီ။ ကျွန်တော်လည်း အောက်တိုဘာတွင် ရန်ကုန်သို့ ရောက်လာသည်။ ဘာကြောင့် မသိ။ ရန်ကုန်သို့ သွားချင်နေသည်။

စစ်ပြီးစ ရန်ကုန်ရောက်သွားသည့် ခံစားမှုကို ကျွန်တော် ၁၉၅၃ က ဂန္ထဝင်ဂျာနယ်တွင် အခန်းဆက်ဝတ္ထုအဖြစ် 'မြို့တော်ရန်ကုန်' အမည်ရှိ ဝတ္ထုကို ရေးဖူးသည်။ သို့သော် ဂန္ထဝင်ဂျာနယ်က နှစ်ပတ်နှင့် ရပ်စဲသွား၍ ဆက်မရေးဖြစ်ခဲ့။

ဝတ္ထုအဖွင့်တွင် သင်္ဘောနှင့် ရန်ကုန်ကမ်း ဆိုက်သောအခါ သိင်္ဂုတ္တရကုန်းပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ အလှကို ဖွဲ့ထားသည်ကို မှတ်မိနေသေးသည်။ ကျွန်တော် ရန်ကုန်ရောက်သောအခါ အင်္ဂလိပ်-ဂျပန် စစ်ပွဲဒဏ်ကြောင့် ပျက်စီးနေသော တိုက်တာအိမ်များ၊ အပျက်အစီးကြားမှ သွားရသည်။ ယင်းသို့ သွားလာရင်း ကျွန်တော်သည် မြန်မာ့အလင်းတိုက်ရှေ့၊ ကိုယ့်မင်းကိုယ်ချင်းလမ်းနှင့် ရွှေဂုံတိုင်လမ်းရှိနေရာသို့ ရောက်သွားသည်။ ထိုအခါက ကျွန်တော် ရှာသည်မှာ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်များ။ စစ်အတွင်းဖြစ်၍ စာအုပ်က ငတ်နေသည်။ မြန်မာစာအုပ်က သိပ်ထွက်သည်လည်း မဟုတ်။ မြန်မာ့အလင်းတိုက်တွင် တိုက်ကလေးတစ်တိုက် ဖွင့်ထား

သည်။ ယင်းတိုက်တွင် စာအုပ်ဆိုင် ရှိသည်။ ကျွန်တော့်အကြိုက်။ ကျွန်တော် သည်နေရာသို့ မကြာခဏ ရောက်ကာ စာအုပ်များကို ကြည့်ရသည်။ စာအုပ်ရှာသည် ဆိုတော့ ကိုယ့်အကြိုက်နှင့်ကိုယ်၊ ကိုယ့်ခံစားမှုနှင့်ကိုယ် ရှာခြင်းဖြစ်သည်။ ထို့နောက် စာအုပ်ဆိုင်က (၄၄) လမ်းသို့ ရွှေ့ပြောင်းသွားသည် ထင်သည်။ (၄၄) လမ်းသို့လည်း ကျွန်တော် ရောက်သွားသည်။ စာအုပ်ဆိုင်များက မဖွင့်သေး မဟုတ်လား။ ထိုစာအုပ်ဆိုင်များသို့ သွားရင်း ဟိုလှန်သည်လှန်၊ ဟိုဆွဲသည်ဆွဲ ဖတ်ရင်း ကျွန်တော်သည် ချီလီကဗျာဆရာ နီရူဒါ၊ အာရပ်ကဗျာဆရာ ဂျီဘရံ၊ တရုတ်ကဗျာဆရာ မော်စီတုံး၊ အိုင်းရစ်ပါမောက္ခ ဂျော့သွန်မဆင် စသည်များကို သွားတွေ့ရသည်။ စာအုပ်ကြမ်းပိုးထိုးရင်းက သွားတွေ့ရခြင်း ဖြစ်သည်။

ဂျပန်ခေတ်က ကျွန်တော့်ကို ရွှေတောင်ကြားတွင် အိမ်တစ်အိမ် ပေးဖူးသည်။ အိမ်ပေးသည် ဆိုသည်မှာ အလွယ်ကလေး။ အဲသည်ထဲက ခင်ဗျားအိမ်ပဲ၊ သည်စာ ကပ်ထားပါဟု ဂျပန်စာဖြင့် ရေးထားသော စာကို ကပ်ရသည်။ သို့သော် ကျွန်တော် မကပ်ဖြစ်ပါ။ အိမ်ပေးသော်လည်း ကျွန်တော် အိမ်ကို နေရန် စိတ်မရှိ။ သို့သော် အိမ်သွားကြည့်သောအခါ ထိုအခါက အင်္ဂလိပ်အပြေးတွင် အနီးအပါးမှ မွှေနှောက်ထားသောကြောင့် အိမ်ကြီးမှာ ပွရှုနေသည်။ ကျွန်တော် ရှာသည်ကတော့ အခြားမဟုတ်။ စာအုပ်သာ ဖြစ်သည်။ ယင်းအိမ်ရှင် အင်္ဂလိပ်မှာ စာပေမွေ့သူ စာဖတ်သမား ဖြစ်ဟန်ရှိသည်။

ကျွန်တော်ကြိုက်သော စာအုပ်များ ပါသည်။ ဆမ်းမားဆက်မွန်၏ ဝတ္ထုများ ပါသည်။ မွန်ကို ကျွန်တော်သိပ်မကြိုက်သော်လည်း သူ့စာအုပ်ကိုတော့ ယူခဲ့သည်။ ကျွန်တော်သွားတွေ့သည်မှာ ဂျာမန်အတ္ထုပ္ပတ္တိရေးဆရာ အမ်လူတု (EMILELU DWIGE)၏ GENIUS AND CHARACTER ဥဒါန်းထူးရှင်နှင့် စရိုက်ဝိသေသ ဖြစ်သည်။ နောက်တစ်ခေါက် ထပ်သွားသည်။ စာအုပ်များ ပိုက်ပြီး ပြန်လာသည်။

အိမ် ဆိုသည်က (ထိုအခါက ပြည်တွင်းတော်လှန်ရေးသမားများက ရွှေတောင်ကြားရှိ အိမ်များကို သိမ်းထားဟန်ရှိသည်။) စာရွက်ပေါ်တွင် B.I.A

ဗမာ့လွတ်လပ်ရေးတပ်မတော်က သိမ်းထားသည်ဆိုလျှင် ဂျပန်များက သည်အိမ်ကို မသိမ်းတော့။

ကျွန်တော့်ကို အိမ်ပေးသည်ကို ကျွန်တော် ကောင်းစွာ နားမလည်။ ကျွန်တော်က အိမ်နှင့်နေရမည့်သူ မဟုတ်ဟု ထင်နေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ခေါင်းဆောင်များကို အိမ်ပေးသည်ကတော့ မှန်သည်။ ကျွန်တော်က ဘာကောင်မှုမဟုတ်၍ ကျွန်တော့်ကို ဘာကြောင့်ပေးသည်ကို နားမလည်။ ထား···။

ယခု ရွှေဂုံတိုင်ရှိ စာအုပ်ဆိုင်ရှေ့သို့ ရောက်သောအခါ ပျော်သွားသည်။ စစ်ပြီးစ ထွက်နေသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် မဂ္ဂဇင်း၊ ဂျာနယ်များ ဖတ်ရသည်။ မဂ္ဂဇင်းအသစ်များ ဖတ်ရသည်။ သည်အထဲတွင် 'လူထုသစ်' အမည်ဖြင့် ထုတ်ဝေသော အမေရိကန်ဂျာနယ်နှင့် 'ပင်မရေစီး' အမည်ဖြင့် ထုတ်ဝေသော စာပေအနုပညာ မဂ္ဂဇင်းကို တွေ့ရသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက စာပေမွေ့သူ ကျောင်းသားအချင်းချင်း မကြာခဏတွေ့ရသည်။ သို့သော် အကြိုက်တူချင်းရှိသောသူ ရှိသလို အကြိုက်မတူသောသူလည်း ရှိသည်။ ထိုအခါက ကျွန်တော်သည် အနောက်နိုင်ငံစာပေနှင့်သာ သိခဲ့သည်။

ယခု စစ်ပြီးတော့ ကျွန်တော် ဟိုလှန်သည်လှန် လှန်ရင်း တွေ့ရသည့်သူများကတော့ အသစ်သမားများ။ ကဗျာသစ်၊ အတွေးအခေါ်သစ်။ ကျွန်တော်ကြိုက်သွားသည်။

ကျွန်တော်ကလည်း ပြောင်းလဲချင်နေသည်။ ပြောင်းလဲရမည်ဟု ကျွန်တော်က စိတ်စွဲနေသည်။ သည်တော့ အသစ်နှင့်တွေ့သောအခါ ကျွန်တော့်အကြိုက်နှင့် တန်းတိုးသွားသည်။ တကယ်တော့ ကျွန်တော်က ဘာသာပြန်ဝါသနာပါလှသည် မဟုတ်။ ဘာသာပြန်နှင့်လည်း အကျိုးမပေးဟု ထင်သည်။ စစ်မဖြစ်မီခေတ်က နဂါးနီမှ တာဝန်ပေးထားသော ဖိလစ်ပိုင်အာဇာနည် ဂျိုဆေရီဇော်၏ 'အထိမခံ' ဝတ္ထုစာအုပ်ကြီးကို ဘာသာပြန်ရန် တာဝန်ပေးသဖြင့် ပြန်ခဲ့ဖူးသည်။ ဝတ္ထု ဆုံးသွားသည်။ သို့သော် စာမူက ဗုံးကြဲသည့်အထဲတွင်

ပါ၍ မီးလောင်ကာ ဆုံးရှုံးသွားရသည်။ မတတ်နိုင်။

၁၉၄၆ တွင် ကျွန်တော် တာရာမဂ္ဂဇင်း ထုတ်ဝေလိုက်သောအခါ ကျွန်တော်ကြိုက်သော စာများကို ဘာသာပြန်ဖြစ်သွားသည်။ တကယ်က ဘာသာပြန် ဝါသနာပါသည် မဟုတ်။ လူအများ ဖတ်စေချင်၍၊ ဖတ်စေချင်သောဆန္ဒက ပြင်းပြ၍ ဘာသာပြန်လိုက်ခြင်းသာ ဖြစ်သည်။ ကျွန်တော်က ပြောင်းလဲခြင်းကို စိတ်သန်နေသည်။ ပြောင်းလဲချင်နေသည်။ လက်ရှိစာပေကို အားမရ၊ စာပေအသစ်များနှင့် ရင်းနှီးစေချင်သည်။ ပြောင်းလဲရေးကို ရှေးရှုသော စာပေများနှင့် စာဖတ်သူတို့ ရင်းနှီးစေချင်သည်။ ထို့ကြောင့်ပင် ဘာသာပြန်လိုက်ခြင်းသာ။

ကိုကြည်လင်ပြောသလို အစောဆုံးပြန်ခြင်း ဆိုသည်မှာ ယင်းကြောင့်ပင် ဖြစ်သည်။ ကျွန်တော် စောစော တွေ့၍ စောစော ဘာသာပြန်ခြင်း ဖြစ်သည်။ မော်စီတုံးလည်း ထို့အတူပင်။ ကျွန်တော် မမှော်လင့်။ ကျွန်တော် ကျောင်းသားဘဝကထုတ်သည့် ယူနီဘာစီတီကောလိပ် စာကြည့်တိုက်မှ လူထွန်းကို သွားတွေ့ခဲ့ရသည်။ အခြားစာအုပ်များကတော့ ကျွန်တော်တို့ စာပေ အပေါင်းအသင်းများဖတ်သော အနောက်နိုင်ငံစာပေများသာ။ လူထွန်း၏ 'မွေးရပ်မြေ' ကို တာရာမဂ္ဂဇင်းတွင် ဘာသာပြန်ထည့်ဖူးသည်။

ကျွန်တော်တို့နှင့် ကျောင်းသားဘဝကတည်းက ခင်မင်ရင်းနှီးခဲ့သော စာပေမိတ်ဆွေများက တချို့နေရာတွင် အကြိုက်တူသည်။ အချို့နေရာတွင် အကြိုက်မတူ။ ထို့ကြောင့်ပင် ကျွန်တော်ကြိုက်သော စာများကို သူတို့ မကြိုက်၊ မစွဲလမ်း။ ကျွန်တော့်အကြိုက်နှင့်ကျွန်တော်၊ သူတို့အကြိုက်နှင့်သူတို့။

ကျွန်တော်က အသစ်ပြောင်းလဲရေး၊ တော်လှန်ရေးစာတို့ကို စွဲလမ်းတတ်သည့်သူ။ ကျွန်တော်သည် ရွှေဂုံတိုင်၊ (၄၄) လမ်း၊ ထို့နောက် အတွင်းဝန်ရုံးရှေ့ရှိ (၄၄) လမ်းနှင့်ကပ်လျက် မဟာဗန္ဓုလလမ်းပေါ်ရှိ ပြည်သူ့စာအုပ်ဆိုင်သို့လည်း ရောက်သွားသည်။ ကျွန်တော့်အကြိုက် အသစ်များ တွေ့ရသည်။ မော်၏ ရင်အန်တွင် မြွက်ကြားသော စာပေနှင့် အနုပညာရေးရာ မိန့်ခွန်းကို အမေရိကန် မာ့က်(စ်)ဝါဒီများ ထုတ်ဝေသော 'ပင်မရေစီး' မဂ္ဂဇင်းတွင် တွေ့၍

ကျွန်တော် သူ့အယူအဆကို နှစ်သက်စွာ ဘာသာပြန်လိုက်ခြင်း ဖြစ်သည်။ မော်က နိုင်ငံရေးပိုစတာနှင့် အနုပညာစာပေ ခွဲခြားထားခြင်းမှာ ကျွန်တော့် အယူအဆနှင့် သွားတူနေသည်။

ကျွန်တော် စာပြီး ဘာသာပြန်ခြင်း၊ ကဗျာဆရာများ ပညာရှင်များကို တွေ့ခြင်းအတွက် ကျွန်တော့်ကို မအံ့သြစေချင်။ ကျွန်တော်က (၁၅) နှစ်၊ အနှစ် (၂၀) ခန့်ကြီး၍ စာတွေ့နိုင်ခြင်း ဖြစ်သည်။ ဒါကတော့ မျိုးဆက်ပြဿနာနှင့် ဆိုင်နေသလား မသိ။

[၈]

ကျောင်းသားဘဝ ဆိုသည်ကတော့ ဖွဲ့စည်းတည်ဆောက်နေသော အရွယ် မဟုတ်ပါလား။ ဖူးစပွင့်စ။ ပန်းပွင့်မည်ကို မပြောနိုင်သေး။ ပန်းပွင့်မည် ဆိုလျှင်လည်း ဘယ်အရောင် ဘယ်ရနံ့ ဖြစ်ပေါ်လာမည်နည်း။ မပီသသေး။ ကျွန်တော့် စာပေမိတ်ဆွေများမှာ စစ် ပြီးသောအခါ (သို့) စစ်အတွင်းက စ၍ အရာရှိများ ဖြစ်သွားကြသည်။

ကျွန်တော်ကတော့ လွတ်လွတ်လပ်လပ်ပင် နေသည်။ သည်တော့ စာအုပ်ဆိုင် မွေနိုင်သည်။ ကျွန်တော်၏ ပြောင်းလဲလိုသောစိတ်နှင့် အကြိုက်တွေ့ စာများကို ဖတ်ဖြစ်သွားသည်။ ကျောင်းသားဘဝကလည်း စာပေမိတ်ဆွေများ အပြင်၊ ကျောင်းသားသမဂ္ဂ မိတ်ဆွေများလည်း ရှိနေသည်။

"နှင်း"ကဗျာ ဘာသာပြန်ခြင်းနှင့် ပတ်သက်၍ ကိုကြည်လင်က မေးခွန်းတစ်ခု မေးသည်။ သူ့မေးခွန်းကလည်း မေးသင့်မေးထိုက်သည့် မေးခွန်း။ ဆရာရဲ့ပြန်တာကို ကျွန်တော် တိုက်ဖတ်ကြည့်တယ်။ ဆရာ့ကို အဘိရာဇက ပြောနေတာပါ။ ဘာတွေ မပါလာသလဲ ဆိုတော့ သူက ဘာသာပြန်မထားသည့် အပုဒ်များ အင်္ဂလိပ်ဘာသာနှင့် တွဲ၍ ရွတ်ပြသည်။ "စစ်သူကြီး ဂန့်ဂျစ်ခန်ဟာ လင်းယုန်ငှက်ကို ပစ်ဖို့လောက်သာ သူ့လေးမြားကို တင်နိုင်တာ။ ဒါပေမဲ့ ဒါတွေ ဟာ အခုကျတော့ ဒါတွေသွားပြီး လူရဲ့ကြီးမြတ်ပုံကို ကြည့်ရင်တော့ ယနေ့မျက် မှောက်ကိုပဲ ကြည့်ရမှာပဲ" အဲသည့် အပုဒ်တွေ ပါမလာဘူး။ ဘာသာပြန်သည်

မှာ နှစ် (၄၀) ကျော်ပြီဖြစ်၍ ကျွန်တော် မနည်းပြန်စဉ်းစားရသည်။ မှတ်ပင် မမှတ်မိတော့။

ပထမ တာရာမဂ္ဂဇင်းတွင် ထည့်သည်။ ကျွန်တော် 'အယ်ဒီတာစာပွဲ' စာအုပ်တွင် ပြန်၍ဖော်ပြသည်။ ပြန်စဉ်ကတော့ အကုန် ပြန်မည် ထင်သည်။ မဂ္ဂဇင်းထဲ ထည့်သောအခါ ချန်ပစ်ခဲ့တာများလား။ ဘာကြောင့် ချန်ပြန်မိပါလိမ့်။

အမှန်အားဖြင့် မော်၏ ကဗျာမှာ တရုတ်ရသ၊ တရုတ်ဆန်သည်။ အမျိုးသားဆန်သည်။ သို့ဖြစ်ရာ မြန်မာပရိသတ် နားမလည်မည် စိုး၍လား၊ မြန်မာပရိသတ်အတွက် ရသ မပါမည်ကို စိုးရိမ်လွန်၍လား ကျွန်တော် ကောင်းစွာ မမှတ်မိ။ ၁၉၅၁ က ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် တရုတ်ပြည် သွားစဉ်က ကန်တုန်တွင် ဆရာကြီး မိန့်ခွန်းကို ကျွန်တော် မမျှော်လင့်ဘဲ ဘာသာပြန်ရသည်။ ဆရာကြီး မိန့်ခွန်းပြောပြီးသောအခါ ကျွန်တော့်ကို ဘာသာပြန်ရန် ဝိုင်းပြော၍ ကျွန်တော်ပြန်ရခြင်း ဖြစ်သည်။ ဆရာကြီး၏ စကားရပ်ထဲတွင် ကျွန်တော့်အတွက် ခက်ခဲနေသော စကားရပ်တစ်ခု ပါသည်။ စတ္တိရဂီဝါနိမင်း။ ၅၅၀ ဇာတ်တော်ထဲက။ ကျွန်တော် ချွေးပြန်သွားသည်။ လိုရင်းကိုသာ ဘာသာ ပြန်ပေးခဲ့သည်။ 'နှင်း' ကဗျာကို ကျွန်တော် သည်လို ဘာသာပြန်ခဲ့သည်။

နှင်း

မြစ်ဝါမြစ်၏ အထက်နှင့် အောက်ဝယ်
စီးဆင်းနေသော ရေအလျဉ်ကို သင် မြင်ရမည်မဟုတ်။
တောင်တန်းတို့သည်
ကနေသော ငွေမြွေများပင်။
တောင်ကမူလေးတို့ကား လွင်ပြင်ဝယ်
ဝင်းပသော ဆင်များပင်။
ငါတို့ ရောက်နေသော နေရာများနှင့်
မိုးကောင်းကင်ကို နှိုင်းယှဉ်ကြည့်ချင်နေသည်။
ကြည်လင်ကင်းစင်သည့် အခါဝယ်
မြေအပြင်ကား ချစ်စဖွယ်ပင်

မျက်နှာနီကာ အပျိုမကလေး ဝတ်ရုံဖြူကို
ဝတ်ထားသည့်အလား။
ဤတောင်နှင့် မြစ်တို့ကား
ချစ်ဖွယ်ရာပင်တကား။

မော်စီတုံး

ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ မတ်၊ ၁၉၉၅

❒

မယ်ဇယ်ရနံ့၊ စာပေရနံ့ ပေါင်းစပ်ခြင်း

[က]

မယ်ဇယ်ပွင့်ရနံ့သည် ဦးပိန်တံတားမှ တောင်သမန်အင်းစပ်ကို ဖြတ်ကျော်ကာ ကျွန်တော်တို့စကားဝိုင်း တောင်လေးလုံးကျောင်းသို့ စီးဝင်လာသည်။ မယ်ဇယ်ရနံ့ကတော့ အမရပူရ၏ ရနံ့၊ မြန်မာရာဇဝင် အတိတ်တွင် သတင်းမွှေးခဲ့သောဒေသ၏ ရနံ့။ သို့သော် ကျွန်တော်တို့တစ်တွေကတော့ ခေတ်ပေါ်စာပေရနံ့။ ရနံ့နှစ်ခု ရောစပ် သင်းပျံ့နေစဉ် ကောက်ညှင်းပေါင်းနှင့် မတ်ပဲကြော်ကို စားကြသည်။ နည်းနည်းပါးပါးလည်း ဆာချင် ဆာနေကြမည်။ ကျွန်တော်လည်း ကောက်ညှင်းပေါင်းတစ်ထုပ်၊ မတ်ပဲကြော်တစ်ကိုက်နှင့် စားနေကြစဉ် အသံဗလံများကတော့ ကြားနေရသည်။

အင်းဝကဗျာဆရာ ကိုကြည်လင်က ကျွန်တော့်ထံမှ ဘာသိချင်နေသည်ကို ကျွန်တော် အကဲခတ်မိသည်။ သူက ကျွန်တော့်စာပေ အရေးအသားအဖွဲ့အနွဲ့ကို မည်သည်တို့က ဩဇာသက်ရောက်သနည်း ဆိုသည်ကို သိချင်ဟန်ရှိသည်။ သည်ကိစ္စက ပြောရန်တော့ သိပ်မလွယ်။ ကျွန်တော်တို့ ငယ်စဉ်ကတော့ စာတွေ ဖတ်ခဲ့ကြသည်။ စာတွေဖတ်ပြီး ရေးချင်စိတ်ပေါ်လာသည်။ ရေးဖွဲ့ကြသည်။ သည်လောက်ပဲ သိသည်။ မည်သည့်ဩဇာ သက်ရောက်သည်ကိုကား သတိမပြုမိကြ။

စာပေသမိုင်းဆရာတို့ (သို့) သုတေသနဆရာတို့၏ အလုပ်ဟု ကျွန်တော်က ထင်သည်။ စာဖတ်သောအခါ မိမိကြိုက်သည့်စာကို ဖတ်သည်ကိုတော့ ကျွန်တော် ကောင်းစွာ သိသည်။ ဒါကိုတော့ သိသည်။ သို့သော်

မည်သည့်စာပေက ညြဇာသက်ရောက်သည်ကိုကား သိရန် မကြိုးစားမိ။ စကားဝိုင်း ဆက်ကြပြန်သည်။ အဲသည်တော့ သန်းထွတ်က ပြောတာ "ဒီကောင် က သူ့ကိုယ်သူ မာ့က်(စ်)ဝါဒီလို့ ပြောပြီး (ဒါကတော့ ရင်းရင်းနှီးနှီး ပြောတာ ပါ။) ဒီကောင် ကြိုက်တာက အရင်းရှင်စာပေချည်းပဲကွ" သူကတော့ ရင်းရင်းနှီးနှီး ရှိသည်။ သည်ကောင် ကြိုက်တာတွေက အရင်းရှင်စာပေတွေပဲ။ မင်း (Taste) အရသာခံတာတွေက အဲဒါတွေချည်းပဲကွ။ (BOURGEOIS) ဘူဇွာပေါ့ကွာ။ ကျွန်တော်က စ လိုက်သည်။

ကျွန်တော်သည် တောင်လေးလုံးမှ ဖမ်းထားသော တိတ်ခွေများကို ပြန်နားထောင်ရင်း အသံကို ကြားနေမိသည်။ ကိုသန်းထွတ် ဆိုသည်မှာ ကျွန်တော်နှင့် တစ်နှစ်သာ ကွာသည်။ ကျောင်းနေစဉ်က အင်မတန် ရင်းနှီးပြီး မင်း နှင့်ငါ ပြောသော မိတ်ဆွေများ ဖြစ်သည်။ ကျောင်းသားဘဝတုန်းကတည်းက ရင်းရင်းနှီးနှီး။ သူ့ကလောင်နာမည်က 'တိုက်စိုး'။ သူနှင့်ကျွန်တော်က ရွယ်တူ။ တကယ်ကတော့ မာ့က်(စ်)ဝါဒီ၊ လက်ဝဲဝါဒီ ဟူသော စကားမှာ ကျွန်တော်က မိမိကိုယ်ကို ပြောခြင်းမဟုတ်။ ထိုအခါက ကျွန်တော်လေ့လာနေသော မာ့က်(စ်)ဝါဒ၊ ဆိုရှယ်လစ်ဝါဒ ဖတ်သည်ကို အစွဲပြုပြီး ခေါ်ဝေါ်လိုက်ကြ ခြင်းသာ။

တကယ်ကတော့ ကားလ်မာ့က် ကိုယ်တိုင်ကပင် သူသည် မာ့က်(စ်) ဝါဒီတစ်ယောက် မဟုတ်ပါဟု ပြောသည်ကို မှတ်မိနေသည်။ စစ်ပြီးမှ ကျွန်တော် တို့ စာများ ပို၍ ဖတ်ဖြစ်သည်။ ထိုအခါက စစ်ပြီးစကာလက စစ်နှင့် တော်လှန် ရေးကို ဖြတ်သန်းပြီးခါစက ကျွန်တော်သည် မိမိဖြတ်သန်းခဲ့သော ခေတ် အခြေအနေကို နားလည်ရန် ပို၍ ဖတ်ဖြစ်သွားသည်။ အားလုံး ဖတ်သည်တော့ မဟုတ်။ အနုပညာဆိုင်များကို ပို၍ ဖတ်ဖြစ်သည်။

ကိုတိုက်စိုးက ကျွန်တော်ကျောင်းသားဘဝက ဘာတွေ ဖတ်သည်ကို သိသည်။ ထို့နောက် စစ်ပြီးသောအခါ သူနှင့် သိပ်တွေ့သည်မဟုတ်။ ကြိုးကြား ကြိုးကြားသာ တွေ့သည်။

မယ်ဇယ်ရန့်က စီးဝင်လာတတ်သည်။ ပွင့်စ ရန့်ဖြစ်၍ နုပျိုနေသည်။

[၁]

ကျောင်းသားဘဝက စာစုံ ဖတ်သည်။ အဓိပတိလမ်းထိပ်ရှိ တက္ကသိုလ်စာအုပ်ဆိုင်သို့ ရောက်သည်။ မြို့ထဲရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဆိုးတန်းရှိ စာအုပ်ဆိုင်များသို့ ရောက်သည်။ စာအုပ်ဆိုင်များသို့ ရောက်လျှင် တန်းများပေါ်ရှိ စာအုပ်များကို ယူကြည့်သည်။ နည်းနည်းပါးပါး မြည်းပြီး ကြိုက်လျှင် ဝယ်လိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ နဂါးနီစာအုပ်ဆိုင်တွင် လက်ဝဲစာအုပ်များကို တွေ့ရတတ်သည်။

ကျွန်တော် အသက် (၂၀) ကျောင်းသားအရွယ်က ယင်းစာအုပ်များကို ဖတ်လာခဲ့သည်။ ခက်သည်က ကျောင်းသားဘဝတုန်းကတော့ ဓနရှင်စာပေဟု၊ နောင်အခါ မကြာခဏ သုံးမိသော အနောက်နိုင်ငံမှ ဝတ္ထု၊ ကဗျာစသော စာပေများကို ဖတ်မိသည်က အမှန်ပင်။ စစ်ပြီးသောအခါ ကျွန်တော်တို့သည် ဓနရှင်စာပေ စသော အသုံးအနှုန်းကို သုံးခဲ့ကြသည်။ အနောက်နိုင်ငံများမှာ ဓနရှင်စနစ်ဖြင့် ဖွဲ့စည်းထားကြသော နိုင်ငံများဖြစ်၍ ယင်းနိုင်ငံများမှ စာပေများကို ဓနရှင်စာပေဟု နာမည်တပ်၍ လူတန်းစားအမြင်ဖြင့် ပြောတတ်ကြသည်။ ယင်းကို ညွှန်း၍ ကိုတိုက်စိုးက ကျွန်တော် ဓနရှင်စာပေကို ကြိုက်သည်ဟု ပြောဟန်တူသည်။

ဂေါ်ကီ၏ ဝတ္ထုတိုများနှင့် လူရွှန်း၏ ဝတ္ထုတိုတစ်ပုဒ်ကို ထိုအခါက အင်္ဂလန်က ထုတ်ဝေသော စာအုပ်များမှတစ်ဆင့် ဖတ်ဖူးသည်။ စစ်ပြီးသောအခါ ဆိုဗီယက်ပြည်ထောင်စုမှ သွင်းလာသော စာအုပ်များကြောင့်သာ ပို၍ စွံစွံလမ်းလမ်း ဖတ်မိခြင်းဖြစ်သည်။ စစ်မဖြစ်ခင်ကတော့ ကျွန်တော့်အကြိုက်က သူတို့ပြောသလို 'ဓနရှင်စာပေ' ဟု ဆိုရမည်။ မတတ်နိုင်။

ကျွန်တော် ဘီဘာလီနစ်ကိုး အရေးအဖွဲ့ကို ကြိုက်သည်။ ထို့ကြောင့်ပင် သူ၏'အတ္တ' အမည်ရှိ စာအုပ်ကို 'မေ' အမည်ဖြင့် ဘာသာပြန်သည်။ တခြားကြိုက်သောစာအုပ်မှာ '၂၅' ဟု နာမည်တပ်ထားသော သူ၏ ၂၅ နှစ်အရွယ်က ရေးသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဖြစ်သည်။ ကျွန်တော် ကြိုက်သည်။ သူ၏အဖွဲ့အနွဲ့ကို ကြိုက်သည်။ သူက အောက်စဖို့(စ်)တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌ

လည်း လုပ်သည်။ လူလည်း လူပျိုကြီး။ စာဖတ်သောအခါ စာရေးဆရာကို လည်း စိတ်ဝင်စားသွားသည်။ သူ၏အဖွဲ့အနွဲ့ကို ထိုအခါက ကျွန်တော်၏ စာပေအတွေ့အကြုံအရ ဆန်းသစ်နေသည်ဟု ခံစားကာ ကြိုက်သွားခြင်း ဖြစ်သည်။

မြန်မာဝတ္ထုများချည်း ဖတ်နေသောအခါတွင် ယင်းသို့ ဆန်းသစ် သော အဖွဲ့အနွဲ့မျိုးကို ကျွန်တော် ကြိုက်နှစ်သက်သွားသည်။ ဘီဘာလီနစ်ကိုး သည် ဝတ္ထုများသာမဟုတ် ဆောင်းပါးများလည်း ရေးသည်။ သူ့ဆောင်းပါးများ ကလည်း အရေးအသား တစ်မျိုး။ ရသဟန် ပါနေသည်။ ဆောင်းပါးများတွင် ဝတ္ထုဟန်၊ ရသဟန်များဖြင့် ဖွဲ့သောအခါ ပို၍ပင် ဖတ်ကောင်းသည်။ နစ်ကိုးနှင့် အတူ ကျွန်တော်ကြိုက်သော စာရေးဆရာကတော့ ဟတ်စလေ (Aldous Huxley)။ သူကတော့ နာမည်ကြီး။ ထိုအခါက အနောက်နိုင်ငံတွင် တကယ် ကျော်ကြားနေသော စာရေးဆရာကြီး။ သူက စာ အစုံ ရေးသည်။ ဝတ္ထု၊ ကဗျာ၊ ခရီးသွားမှတ်တမ်း၊ စာပေ၊ အနုပညာဝေဖန်ရေး။ ကျွန်တော် သူ့ကို တော်တော် အားကျမိသည်။

သူက အကုန် သိသည်။ သူက အရှေ့တိုင်းကိုလည်း သိသည်။ မြန်မာပြည်သို့လည်း ရောက်ဖူးသည်။ ၁၉၃၀ နှစ်ကာလလောက်က ဖြစ်မည်။ သူ၏ JESTING PILATE တွင် ဧရာဝတီမြစ်တစ်လျှောက် သင်္ဘောနှင့် ခရီး သွားသည်။ အဖွဲ့အနွဲ့ကို ကြိုက်သွားသည်။ ကမ္ဘာတစ်ဝန်းလုံး ခရီး လှည့်လည် သည်။ ခရီးသွားမှတ်တမ်း ရေးလေ့ရှိသည်။ သူ့မှတ်တမ်းများမှာ အဖွဲ့အနွဲ့သာမ က တွေးစရာများလည်း ပါသည်။ သူက ဘာသာရပ်အားလုံး ကျွမ်းကျင် သိရှိနေသူ ဝေဖန်ရေးဆရာဟု ဆိုနိုင်သည်။ သူက နစ်ကိုးနှင့် မတူ။ ဟတ်စလေ က ဒဿနဆရာဟု မပြောနိုင်။ သူက 'ရဲရင့်သောကမ္ဘာ' ဝတ္ထုတွင် အနာဂတ်ကို ဖော်ကျူးထားသည်။ အဏုမြူစစ်ဒဏ်ကြောင့် ပျက်စီးသွားသော ကမ္ဘာကြီးကို စိတ်ကူးဖြင့် ဖွဲ့နွဲ့ထားသည်ကို ကျွန်တော် ကြိုက်နေသည်။ ဟတ်စလေမှာ စာပေရေးရာ ဝေဖန်ရေးသာ မဟုတ် ပန်းချီ၊ ဂီတ၊ ပြဇာတ် စသော အနုပညာ ရေးရာတွင် ဝေဖန်ရေးဆရာပင် ဖြစ်သည်။ နစ်ကိုးနှင့်တော့ မတူ။ နစ်ကိုး၏

အဖွဲ့အနွဲ့ကို ကျွန်တော် ကြိုက်သည်။ ထူးထူးဆန်းဆန်းလေး ရေးသည်ကို ကြိုက်သည်။ ဟတ်စလေကတော့ ပညာဆန်သည်။ သူသည် နိုင်ငံရေး ဝေဖန်ရေးလည်း ရေးသူဖြစ်သည်။ ဂီတရေးရာ၊ ပန်းချီရေးရာ၊ နိုင်ငံရေးရာများကို သူ၏ဝတ္ထုထဲတွင် အနုပညာဂုဏ်မြောက်စွာဖြင့် ထည့်သွင်းထားသည်ကို တွေ့ရသည်။

သူရေးသော ဝတ္ထုတိုင်းလိုလိုပင် အတွေးအခေါ်သစ်တစ်ခု ပါမြဲဖြစ်သည်။ ဒါကိုလည်း ကျွန်တော် ကြိုက်သည်။

[၈]

ကိုကြည်လင် ဘာသိချင်နေသည်ကို ကျွန်တော် သိသည်။ သို့သော် တစ်ထိုင်တည်းတွင် ကျွန်တော် စဉ်းစားပြီး အဖြေပေးနိုင်သည်တော့ မဟုတ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ကျွန်တော့်ကို မည်သည့်စာရေးဆရာက ဩဇာသက်ရောက်သည်ကို မသိ။ သူထင်သည်မှာ ကျွန်တော့်ကို မော့က်(စ်)ဝါဒီလက်ဝဲစာရေးဆရာများ ဩဇာလွှမ်းမိုးနေသည်ဟု အထင်ရှိသည်။ သူ့မေးခွန်းများတွင် ဂေါ်ကီ၊ နီရူဒါ စသော လက်ဝဲစာရေးဆရာကြီးများအမည် ပါနေသည်။ အရေးအသား အဖွဲ့အနွဲ့နှင့် ပတ်သက်၍တော့ အကြိုက်များပေါ်တွင် မှီ၍ ဩဇာသက်ရောက်နေသည်။ အရေးအသား အဖွဲ့အနွဲ့ ဆိုသည်မှာလည်း ပြောင်းလဲတတ်သည်။ အတွေးအခေါ် ဆိုသည်က တစ်မျိုး။ ဒဿန ဆိုသည်က တစ်မျိုး။ သူတို့ကတော့ သမိုင်းခေတ်ကာလ ဖြတ်သန်းမှုနှင့် ဆိုင်သည်။ အတွေ့အကြုံနှင့် ဆိုင်သည်။ စာရေးဆရာ၏ အတွေ့အကြုံ သမိုင်းဖြတ်သန်းမှုပေါ်တွင် မှီ၍ စာပေ ဖြစ်ထွန်းလာသည်ဟု ကျွန်တော် ထင်သည်။

အဖွဲ့အနွဲ့ ဆိုသည်က ဗီဇနှင့် ဆိုင်သလားမသိ။ ကျွန်တော် ငယ်စဉ်က ပီမိုးနင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အဖွဲ့အနွဲ့များကို ကြိုက်သည်။ နောက် ဦးသိန်းဖေမြင့် အဖွဲ့အနွဲ့ကို ကြိုက်သည်။ မြမျိုးလွင်၏ ဝတ္ထုအဖွဲ့အနွဲ့ကိုလည်း ကြိုက်သည်။ သိပ္ပံမောင်ဝ၏ စကားပြေကိုလည်း ကြိုက်သည်။

ပြန်၍စဉ်းစားကာ မိမိအကြိုက်များကို တမ်းတမှန်းဆ ယူရသည်။

ကျွန်တော့်အဖွဲ့အနွဲ့သည်လည်း ပြောင်းလဲနေသည်မှာ အမှန်။ ကျွန်တော့်စာကို ဖတ်သော ပါမောက္ခတစ်ယောက်က ကျွန်တော် အရေးအသား အဖွဲ့ ပြောင်းနေသည်ဟု ပြောဖူးသည်။ သူပြောမှ မိမိကိုယ်ကို သတိထားမိလိုက်သည်။

စစ်ပြီးသောအခါ ကျွန်တော်သည် ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံများလည်း ပိုရှိလာသည်။ ယင်းအတွေ့အကြုံများသည် စာပေအဖွဲ့အနွဲ့များကို ဖြစ်ထွန်းစေသည်က အမှန်ပင်။ ကိုကြည်လင်မေးသော မေးခွန်းမှာ အဖြေရခက်သော မေးခွန်းဖြစ်သည်ဟု ဆိုရမည် ထင်သည်။

ကျွန်တော် ထင်သည်ကတော့ ပြင်ပသြဇာက အရေးမကြီးပါ။ မိမိဘဝအတွေ့အကြုံ၊ မိမိခံစားမှု၊ မိမိသမိုင်းဖြတ်သန်းမှု အတွေ့အကြုံက ပို၍ အရေးကြီးသည်ဟု ခံစားမိပေသည်။

သမိုင်းလှုပ်ရှားမှုခေတ်ကို မည်သို့ တုံ့ပြန်သလဲ ဆိုသည်က·····။

၂၂၊ ဖေဖော်ဝါရီ၊ ၁၉၉၅

ရှပ်ရှင်အမြုတေမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၅

❐

မယ်ဇယ်ရန့်နှင့် ခံစားမှု

[က]

၁၉၅၀ က ကျွန်တော် မယ်ဇယ်ပင်အောက်သို့ ရောက်ခဲ့သည်။ မယ်ဇယ်ပင်တန်းအောက်တွင် နံနက်စာ စားခဲ့သည်။ စာရေးဆရာ၊ သတင်းစာဆရာများနှင့်အတူ မန္တလေး၊ ရန်ကုန်။ သို့သော် မယ်ဇယ်ရန့်ကိုတော့ ယခုနှစ်မှပင် ခံစားမိခဲ့သည်။ ကျွန်တော်က မြစ်ဝကျွန်းပေါ်သား ဖြစ်၍ မယ်ဇယ်ပင်ကိုပင် မမြင်ဖူးလေသလား မသိ။ အမရပူရ တောင်လေးလုံးရောက်မှပင် ကျွန်တော် ဦးပိန်တံတားဘက်သို့ လမ်းလျှောက်ရင်း သည်ရန့်ကို စတင်ရခဲ့ခြင်း ဖြစ်သည်။ ကျွန်တော့်အား လိုက်ပို့သော ဆရာတော်က ကျွန်တော်၏ခံစားမှုကို သိသည်။ မယ်ဇယ်ပင်ရန့်ဟု ပြောလိုက်သည်။ ရန့်က ထူးတော့ ထူးခြားသည်။ ကျွန်တော် ပိတောက်နံ့ကို သိသည်။ စံပယ်နံ့ကို သိသည်။ ကံ့ကော်နံ့ကို သိသည်။ သူတို့က ထူးခြားသော ရန့်ကလေးများ ရှိသည်။ ပန်းပွင့်တို့သည် သူ့ရန့်နှင့်သူ၊ သူ့အရောင်နှင့်သူ ပွင့်ကြမြဲ။

ကျွန်တော် ပထမဦးဆုံး မယ်ဇယ်ပင်နှင့် မိတ်ဆက်မိစဉ်က ဆောင်းတွင်းဖြစ်၍ မယ်ဇယ် မပွင့်။ ထို့ကြောင့် မယ်ဇယ်ရန့် မရနိုင်။ ယခုတော့ နွေဦးပေါက်ဖြစ်၍ မယ်ဇယ်ရန့် ရသွားသည်။ နာမည်ကလေးကလည်း ဆန်းသည်။ 'မယ်ဇယ်'။

ကျွန်တော်သည် ၁၉၈၈ လောက်က 'သုနာပရန္တ' ဟူသော ဝတ္ထုရေးခဲ့သည်။ ပေါက္ကံရာမပြည်ကို ဖွဲ့ထားသည်။ သီရိပစ္စယာလှေဆိပ်မှ အသွားလမ်းမှာ မယ်ဇယ်ပင်တန်းအောက်သို့ ရောက်သည်ဟု ကျွန်တော် ဖွဲ့ခဲ့သည်။

ဝတ္ထုတွင် မင်းသားက ' ပျူ '၊ မင်းသမီးက ' ရာမည ' သူ။ ကျွန်တော်က မယ်ဇယ် ပင်နှင့် အညာဒေသကို စပ်ဟပ်၍ ခံစားနေတော့သည်။ ယခုတော့ ဝတ္ထုထဲက မဟုတ်သော မယ်ဇယ်ရနံ့ကို ရရှိ ခံစားမိနေပေပြီ။ ကျွန်တော်က ဓွဲလမ်းတတ်သူ အနသမား။ မယ်ဇယ်ရနံ့က သိပ်ကြာလျှင်တော့ နည်းနည်းလေး အီသွားတတ် သည်။ ကျွန်တော်က လမ်းလျှောက်ပြန်လာသည် ဖြစ်၍ အီသည်အထိတော့ မခံစားမိ။ အဝေးမှ လွင့်မျောလာသောအခါ ခပ်သင်းသင်းရနံ့။ ကျွန်တော် အိပ်သည့် အိပ်ရာဘေးနှင့် ကပ်လျက်ကတော့ တမာပင်ကြီး။ တမာရနံ့ကတော့ လည်း ခပ်သင်းသင်း။ မယ်ဇယ်လို မစူးရှ။ ရနံ့ ဆိုသည်ကလည်း အမျိုးမျိုး၊ လူတို့၏အကြိုက် ဆိုသည်ကလည်း အမျိုးမျိုး။ သူ့အကြိုက်နှင့်သူ။ ကို ကြည်လင်က ကျွန်တော်၏စာပေများကို ခံစားသူလည်း ဖြစ်၊ ဝေဖန်သူလည်း ဖြစ်သည်။ သူက ကျွန်တော်၏စာကို စိတ်ဝင်စားနေဟန်ရှိသည်။ ထို့ကြောင့်ပင် ကျွန်တော်၏စာကို မည်သည့် အနောက်နိုင်ငံစာပေတို့က ဩဇာသက်ရောက် သနည်း ဆိုသည်ကို သူ အင်မတန် သိချင်နေဟန် ရှိသည်ဟု ကျွန်တော် နားလည် လိုက်သည်။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် မည်သည်က ကျွန်တော့်ကို လွှမ်းမိုးသည်၊ မလွှမ်းမိုးသည် ကျွန်တော် မသိ။ သူ့မေးခွန်းကို ဖြေရင်း ကျွန်တော် က စတင် စိတ်ဝင်စားသွားခြင်းသာ ဖြစ်သည်။

သူ့မေးခွန်းတွေကလည်း ကျွန်တော်၏ စာပေရေးရာနှင့်ပတ်သက်၍ အများကြီး။ ကျွန်တော်နှင့် သူကလည်း သိပ်တွေ့ကြသည် မဟုတ်။ တွေ့စဉ် ကလည်း သိပ်ကြာကြာ စကားပြောဖြစ်ကြသည် မဟုတ်။ သည်တော့ သူ သိချင်တာတွေကလည်း ပြုံနေဟန်ရှိသည်။ ကျွန်တော့်ကို မည်သည့် အနောက် နိုင်ငံ စာရေးဆရာက ဩဇာသက်ရောက်သလဲ။ ရုပ်ပုံလွှာ အဖွဲ့အနွဲ့အကြောင်း သူ သိချင်နေသည်။ ဝတ္ထုအကြောင်းတော့ ပြောသည်။ သို့သော် သူက ဝတ္ထုနှင့် ပတ်သက်၍ သိပ်မမေး။ ကဗျာအကြောင်းလည်း သူ သိချင်နေသည်။

[ခ]

ကျောင်းသားဘဝ ဆိုတော့ အစုံ ဖတ်သည်။ ရွေးချယ်တတ်သော

အရွယ်လည်း မဟုတ်သေး။ ကျောင်းသားဘဝကတော့ ကျွန်တော်တို့၏ ပတ်ဝန်းကျင်အရ နောင်အခါ မာ့က်(စ်)ဝါဒီတို့က သတ်မှတ်မှည့်ခေါ်လေ့ရှိသော ဓနရှင်စာပေတို့သာ ပိုများသည်။ နောင် နိုင်ငံရေးရာသဘောတရား စာအုပ်များ၊ လက်ဝဲစာအုပ်များကို ဖတ်ဖြစ်သည်။ ရသစာပေကတော့ သိပ်မတွေ့။ ရုရှား စာပေကိုတော့ စိတ်ဝင်စားသွားသည်။ တရုတ်စာပေကိုလည်း သိပ်သိသည် မဟုတ်။ အင်္ဂလိပ်လို တရုတ်စာပေများကို သိပ်မတွေ့ရ။ ဗိုလ်ချုပ်အောင်ဆန်း ဈေးနှင့် ပန်းဆိုးတန်းရှိ ကုလားစာအုပ်ဆိုင်များကိုတော့ ရောက်ဖြစ်သည်။ ကျွန်တော်နေသော စစ်ကိုင်းကျောင်းဆောင်သို့ ရန်ကုန်စာအုပ်ဆိုင်ကြီး တစ်ဆိုင်မှ စာအုပ်ကိုယ်စားလှယ်များ လာရောက်၍ လပေးစာအုပ်များ ရောင်းသည်။ စွယ်စုံကျမ်းများလည်း ပါသည်။ ယင်းစာအုပ်များအနက် ကျွန်တော်ဝယ်ဖြစ်သည်ကတော့ 'ကမ္ဘာ့မဟာဝတ္ထုတိုကြီးများ' ဟူသော (၁၀) တွဲ ပါသော စာအုပ်တွဲ ဖြစ်သည်။ တစ်လ တစ်ဆယ် သွင်းရသည်။ သိပ်မကြာလှ၊ ပြည့်သွားသည်။ နက်ပြာရောင် အဖုံးလှလှပေါ်တွင် ရွှေမင်စာလုံးများ ရိုက်ထားသည်။ စာအုပ်ကိုက တခမ်းတနား။ ယင်းစာအုပ်တွင် ကမ္ဘာ့တိုင်းပြည်များမှ ဝတ္ထုများကို ဖတ်ဖြစ်သွားသည်။ ပိုလန်ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် စွဲသွားသည်နှင့် မြန်မာလို မှီး၍ ဘာသာပြန်ကာ ရေးလိုက်သည်။ မူရင်းဝတ္ထု၏ အမည်ကတော့ 'ညတစ်ည၏အလွမ်း'။ ကျွန်တော်ကတော့ 'နေရစ်တော့ သက်လယ်ရယ်' ဟူသော အမည်ဖြင့် တက္ကသိုလ် နှစ်ပတ်လည် မဂ္ဂဇင်းတွင် ရေးလိုက်သည်။

အချိန်အားရတိုင်း ဝတ္ထုများ ဖတ်ဖြစ်တော့သည်။ စွဲသောဝတ္ထု ဆိုလျှင် ထမင်းစားပင် နောက်ကျခဲ့ရသည်ကို မှတ်မိနေပေသေးသည်။ ကျွန်တော်တို့က မြန်မာဂန္ထဝင်စာပေ၊ ကာလပေါ် မြန်မာဝတ္ထုကြီးများဖြင့် ကြီးပြင်းလာရသူများ ဖြစ်ရာ ဥရောပစာပေနှင့် ထိတွေ့လိုက်သောအခါ ဆန်းသစ်မှုကို ကောင်းစွာ ခံစားရတော့သည်။ ကျွန်တော်ကြိုက်သည့် ဝတ္ထုများကို မှီး၍ ဘာသာပြန်ရေးလိုက်သည်။ မှီးသည် ဆိုသည်မှာ သူ့အတိုင်း တိတိကျကျ မဟုတ်။ ကျွန်တော်က အဖွဲ့အနွဲ့ကလေးများ၊ အလှအပလေးများ ကျွန်တော့်အကြိုက် စွက်ပြီး

ရေးသည့် သဘောကို ဆိုလိုခြင်း ဖြစ်သည်။ ဒဂုန်မဂ္ဂဇင်းတွင် 'တရေးရေး' ဆိုသော ဝတ္ထုကို ကျွန်တော် ရေးဖြစ်သည်။ ယင်း 'ကမ္ဘာ့ဝတ္ထုတိုများ' စာအုပ် (အခြားနာမည်ကတော့ 'ကမ္ဘာ့အကောင်းဆုံး ဝတ္ထုတစ်ထောင်' ဟူ၍ ဖြစ်သည်)မှာ ဥရောပက များသည်။ နောင်အခါ တွေးမိသည်များကတော့ ယင်း ကျွန်တော် ကျောင်းသားဘဝက ဖတ်ခဲ့သော ဝတ္ထုတိုများကို လောဘတကြီး ဖတ်ခြင်းအားဖြင့် ဝတ္ထုအတတ်ပညာ၊ ဝတ္ထုရေးနည်းကိုတော့ မသိမသာ သိရှိလိုက်သွားသည်ဟု သုံးသပ်မိသွားသည်။ ထိုအခါက ယင်း 'ကမ္ဘာ့ဝတ္ထုတို ပေါင်းချုပ်' အတွဲကြီးထဲမှ 'ဂေါ်ကီ'ကို တွေ့လိုက်ရသည်။ 'ဂေါ်ကီ'ကို ဘာသာမပြန်ဖြစ်။ ကျွန်တော်နှင့် အင်မတန် ရင်းနှီးသော စာပေမွေ့လျော်သော ကိုဇဟိန်းကတော့ 'ဂေါ်ကီ'၏ ဝတ္ထုတစ်ပုဒ်ကို မှီး၍ ရေးလိုက်သည်။ ကျွန်တော် ကြိုက်သည်။ သူရေးသော ဝတ္ထု၏နာမည်က 'လေလွင့်သူ'။ ကျွန်တော်ပင် ကိုဇဟိန်း၏ ဝတ္ထုတိုကလေးကို ယူကာ ကျွန်တော်နှင့် ခင်မင်သော လက်ရွေးစင် မဂ္ဂဇင်း အယ်ဒီတာ့ထံသို့ သွားရောက်ကာ ပေးလိုက်သည်။ သူတို့ကလည်း ကြိုက်၍ ထည့်လိုက်သည်။ ဒဂုန်မဂ္ဂဇင်းသို့လည်း ကိုဇဟိန်းဝတ္ထု တစ်ပုဒ် ကျွန်တော် ကြိုက်၍ ပေးပို့ဖူးသည်။ သူက စာသမား။ စာပေမွေ့သူ။ နိုင်ငံရေးဘက် မလိုက်လျှင် သူက စာရေးဆရာ၊ ဝတ္ထုရေးဆရာကောင်းတစ်ယောက် ကောင်းကောင်းဖြစ်မည်ဟု ကျွန်တော်က ယုံကြည်သည်။ ယင်းသို့သော ဥရောပစာပေများနှင့် ထိတွေ့မှုရခဲ့သဖြင့် သူတို့က ကျွန်တော့်ကို ဩဇာသက်ရောက်သလော ဆိုသော မေးခွန်းကတော့ အဖြေရခက်သည်။

ကျွန်တော်တို့မှာ ကမ္ဘာ့စာပေ၊ ဥရောပစာပေတို့ကို အင်္ဂလိပ်ဘာသာ ပြန်မှ တစ်ဆင့် ဖတ်ကြရသည်။ အင်္ဂလိပ်ဘာသာစကားနှင့် မြန်မာဘာသာ စကားကတော့ သဘာဝချင်းမတူ။ ကွာခြားလှသည်။ သို့သော် ကျွန်တော်က ဆန်းသစ်သော အဖွဲ့အနွဲ့များကို ကြိုက်သည်။ ယင်းသို့ ကြိုက်ခြင်းဖြင့်လည်း ဘီဘာလီနစ်ကိုးလ်၏ ဝတ္ထုကိုမှီး၍ 'မေ' ဝတ္ထုကို ဘာသာပြန် မှီးလိုက်ခြင်း ဖြစ်သည်။ ဘီဘာလီနစ်ကိုးလ်သည် ဝတ္ထုသာမဟုတ်၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့များ လည်း ရေးသူဖြစ်သည်။ သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ '၂၅' ကို ကျွန်တော်

ကြိုက်သည်။ သူ၏ ၂၅ နှစ်က ရေးသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ။ ကျွန်တော်က အသက်ငယ်ငယ်နှင့် ရေးသူကို ပိုကြိုက်သည်။ သူက အောက်စဖို့ဒ် တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌလည်း ဖြစ်သည်။ ကျွန်တော်က ငါလည်း ရေးမယ်ဟု စိတ်က အားကျမိသည်။ သူက '၂၅' ရေးသည်။ ကျွန်တော်က '၂၃' ဟူသော အမည်ဖြင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးမယ်ဟု ကျောင်းသားဘဝက စိတ်ကူးခဲ့သည်။ သို့သော် နည်းနည်းပါးပါး ရေးပြီး စစ်ဖြစ်သွားသဖြင့် ကျွန်တော် ဆက် မရေးဖြစ်။ ဂျပန်ခေတ် စစ်အတွင်းက '၂၃' နှစ်ကို ဖြတ်သန်းခဲ့သဖြင့် မရေးဖြစ်တော့။ သို့သော် စစ်ပြီးသောအခါ ၁၉၅၀ တွင် 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' ဟူသော အမည်ဖြင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးဖြစ်သွားသည်။ ရေးပုံခြင်းကတော့ မတူ။ ဘီဘာလီနစ်ကိုးလ်၏ '၂၅' စာအုပ် ဖတ်ပြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ရေးချင်သောစိတ်၊ အားကျစိတ်ပေါ်သည်ကား မှန်သည်။ သို့သော် ကျွန်တော် 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' ကို ရေးချလိုက်သောအခါ သူ၏ ရေးပုံစနစ်နှင့်ကား မတူတော့ချေ။ ကျွန်တော် စတင် ရေးစဉ်က '၂၃' ဟု နာမည်ပေးထားသော်လည်း '၂၃' နှစ်တွင် မထုတ်ဝေဖြစ်သဖြင့် နောင်အခါတွင် 'ဆန်းစသော်တာ' ဟူသော အမည်ဖြင့် ပြောင်းလိုက်ရသည်။ သို့သော် တကယ်ထုတ်သောအခါ ယင်း 'ဆန်းစသော်တာ' အဖြစ် မထုတ်ဖြစ်ဘဲ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' သာ ထုတ်ဖြစ်သွားသည်။ နစ်ကိုးလ်နှင့် မတူ။ ကျွန်တော်၏ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်တွင် နောက်ခံကား သမိုင်းများကို ရေးဖြစ်သွားသည်။ ရေးစဉ်ကတော့ သမိုင်းခေတ် ရေးမည်ဟု စိတ်က ထားရှိမည် မဟုတ်။ ရေးရင်း ရေးရင်း နောက်ခံကားများကို ခြယ်သမိသွားခြင်းမျှသာ။ ထို့ကြောင့် နစ်ကိုးလ်က ကျွန်တော့်ကို ဩဇာမသက်ရောက်ဟု ပြောချင်သည်။ အားကျစိတ် တစ်ခုမျှသာ။

တကယ်ကတော့ စာပေဝေဖန်ရေးဆရာ၊ သုတေသနဆရာတို့၏ စေ့စေ့ငုငု လေ့လာ စူးစမ်းကာ စာပေဩဇာသက်ရောက်မှု သဘာဝတရားကို လေ့လာ ရေးသားသင့်သည်ဟု ထင်ပေသည်။ တက္ကသိုလ် မြန်မာစာပေဌာန၏ အလုပ်ဟု အောက်မေ့မိသည်။

တာနဒီတာအုပ်တိုက်

[၇]

တကယ်ကတော့ ဩဇာသက်ရောက်မှု ဆိုသည်ကို သိရန် ခက်လှသည်။ ကျွန်တော်ကတော့ ဩဇာသက်ရောက်မှုကို ယုံကြည်သူ မဟုတ်။ ဩဇာမသက်ရောက်နိုင် ဟူ၍ပင် ထင်ပေသည်။ စာပေ ရေးဖွဲ့စတွင် မိမိကြိုက်သော စာရေးဆရာ၏ဟန်ပန်ကို အတုခိုးချင်ခိုးမည်။ မိမိကြိုက်သော စာများကို များစွာ ဖတ်ထားသဖြင့် သူ၏အရောင်အဆင်းများ ပါလာနိုင်သည်။ သို့သော် စာရေးသက် ရှိလာသောအခါ သူ၏ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကသာလျှင် ဩဇာသက်ရောက်နိုင်သည်ဟု ကျွန်တော် ယုံကြည်သည်။ ဒါက အရေးအကြီးဆုံး။ ဩဇာသက်ရောက်မှု ဆိုတာကလည်း အပေါ်ယံ အပြင်ပ သဘောမျှသာ။ အတွင်းသို့ ဝင်၍ ဩဇာမပေးနိုင်ဟု ကျွန်တော် ထင်သည်။ ခဏတဖြုတ် ရေးဖွဲ့သော ညည့်သည် စာရေးဆရာများအဖို့တော့ မပြောတတ်။ အမြဲတမ်း စာပေဘဝဖြင့် တစ်သက်တာ ဆောင်ရွက်သူများအဖို့ အခြားစာပေတစ်ခုက စာရေးဆရာတစ်ယောက်က ဩဇာသက်ရောက်ခြင်း မရှိနိုင်ဟု ကျွန်တော် ထင်သည်။

စာရေးဆရာ၊ ကဗျာဆရာ ဟူ၍ စာဖတ်သော ပြည်သူတို့က အသိအမှတ်ပြုခံရသော စာရေးဆရာ၊ ကဗျာဆရာကိုသာ ကျွန်တော် ဆိုလိုသည်။ အတုခိုးသည် ဆိုသည်မှာပင် အမြဲတမ်း အတုခိုးနိုင်သည် မဟုတ်။ အမြဲတမ်း ဩဇာသက်ရောက်ခြင်း ခံရသည်မဟုတ်။ မိမိနှစ်သက်သော စာရေးဆရာသည်ပင် အရေးအဖွဲ့ ပြောင်းလဲနိုင်သည်။ အင်္ဂလိပ်စာပေကိုတော့ ကျွန်တော် မသိ။ မြန်မာစာပေကို ကျွန်တော် အကဲခတ်ရသလောက်သာ။ မိမိ၏ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကသာလျှင် စာရေးဆရာတစ်ယောက်အပေါ် ဩဇာသက်ရောက်နိုင်သည်ဟု ထင်မြင်မိသည်။

ဩဇာသက်ရောက်သည် ဆိုလျှင်လည်း ခဏမျှသာ။ ကြီးပြင်းလာသောအခါ မိမိဟန်နှင့် မိမိကိုယ်ပိုင် အဖွဲ့အနွဲ့နှင့် ဖြစ်လာရပေမည်။ မဖြစ်ဘူးဆိုလျှင်လည်း ကြီးပြင်းလာ၊ အရွယ်ရောက်လာသည်ဟု မဆိုနိုင်ပေ။

၉၊ မတ်၊ ၁၉၉၅

ရှပ်ရှင်အမြုတေမဂ္ဂဇင်း၊ မေ၊ ၁၉၉၅

□

မယ်ဇယ်ရန့်နှင့် ပြင်သစ်ရေမွှေး

[က]

တောင်လေးလုံးတွင် စကားပြောနေကြစဉ် မယ်ဇယ်ရန့်က ရောပါလာသည်။ တမာန့်ကလည်း တစ်ခါတစ်ရံ စွက်ဖက်လိုက်သည်။ ကျွန်တော်တို့မြစ်ဝကျွန်းပေါ်တွင် မယ်ဇယ်က ကြားတောင်မကြားဖူးဘူး။ တမာရန့်ကတော့ရှိသည်။ အထက်အညာလောက်တော့ မများ။ အမှန်အားဖြင့် မိတ်ဆက်ပွဲဖြစ်သော်လည်း ကျွန်တော် ရောက်သည့်အခါ ကျွန်တော်နှင့်ပတ်သက်သောစာပေရေးရာများကို မေးမြန်းချင်နေကြဟန်တူသည်။ အထူးသဖြင့် မန္တလေးစာပေအင်အားစု၊ နယ်ပျို ပွင့်သစ်စများက စာပေအယူအဆများကို စိတ်ဝင်စားသူများ ဖြစ်နေကြသည်။ သူတို့ မေးသည့်အထဲတွင် စာပေရေစီးကြောင်း နှစ်ကြောင်းကို မေးသည်။ ပထမတော့ သူတို့ မေးသည်ကို ကျွန်တော် ကောင်းစွာနားမလည်။ ပြောရင်း မေးရင်း ထောက်ရင်းပင် ကျွန်တော် နားလည်သွားရသည်။ သူတို့ကိုလည်း ကျေးဇူးတင်ရသည်။ ကျွန်တော်ကိုယ်တိုင် စာမဖတ်နိုင်သည်မှာ ၁၀ နှစ်ခန့်ပင်ရှိ၍ တချို့သော စာများကို မဖတ်ဖြစ်။ တစ်ဆင့်သာမေးရသည်။ အချို့ကလည်း စာပေအယူအဆများကို အင်္ဂလိပ်စာအုပ်များထဲမှဘာသာပြန်စကားလုံးများဖြင့် ရေးကြသည်ကို တွေ့ရသည်။ ကျွန်တော်ကသိပ်မဖတ်။

ကိုယ်တိုင်သာ အင်္ဂလိပ်မူရင်းနှင့် ဖတ်လိုက်ချင်သည်။ တချို့ဘာသာပြန်များကို ကျွန်တော် စိတ်မချ။ လွန်ခဲ့သော နှစ် ၃၀ ကျော် ၄၀ လောက်မှ စ၍ လူငယ်များ အင်္ဂလိပ်စာ အဖတ်နည်းသွားကြဟန်တူသည်။ ထို့ကြောင့် သူတို့သည် ဘာသာပြန်များကို အားကိုးကြဟန်တူသည်။ ဘာသာပြန်ရာ၌လည်း အထူးသဖြင့် သဘောတရားရေးရာများနှင့် ပတ်သက်၍ ရှုပ်ထွေးကုန်နိုင်သည်။

တချို့ကလည်း ခေတ်ကုန်နေပြီဖြစ်သော အင်္ဂလိပ်စာအုပ်များမှ အယူအဆများကို တင်ပြနေကြသည်။ ကျွန်တော် ဖတ်ပင်ဖတ်မကြည့်ဖြစ်တော့။ သူတို့ မေးကြမြန်းကြသည်များကို ကျွန်တော် နားလည်သွားသည်။ စာပေအယူအဆကြောင့် သရုပ်ဖော် (ဝါ) ဘဝသရုပ်ဖော် ဟုခေါ်သော စာပေနှင့် အင်္ဂလိပ်စာမှ ဘာသာပြန်ထားသော အသိစိတ်ရေအလျဉ် အယူအဆ နှစ်ခု ရှိနေကြောင်း ပြောတော့မှ ကျွန်တော် အံ့ဩလည်း အံ့ဩသွားရသည်။ ရယ်စရာလည်း တွေ့ရသည်။ အရှေ့ဥရောပတွင် ကွန်မြူနစ်အာဏာရှင်စနစ်ကြီး ပြိုကွဲသွားရသဖြင့် ဘဝသရုပ်ဖော်စာပေသည် တန်ဖိုး မရှိဟု ဘယ်လို ဘယ်လို ကနေ ပြောသည် မသိ။ ယူဆသွားနေကြဟန် ရှိသည်ကို တွေ့ရသည်။

တကယ်တော့ မဆိုင်။ သူ့အခြေအနေနှင့်သူ၊ ကိုယ့်အခြေအနေနှင့်ကိုယ်။ ကျွန်တော်က လွတ်လွတ်လပ်လပ်၊ ကိုယ်တိုင် တွေးတော စဉ်းစားချင်သည်။

အခြားတိုင်းပြည်က သယ်ဆောင်လာသော၊ ခေတ်ကုန်နေပြီဖြစ်သော၊ တစ်နည်းအားဖြင့် ဘာသာပြန်၍ အဓိပ္ပာယ်ကောက်သော အတွေးအခေါ်များကို ကြိုက်လည်းမကြိုက်၊ လက်လည်းမခံချင်။ သူတို့ဘာသာပြန်မှတစ်ဆင့် သိနေသော စိတ်အလျဉ် (ဝါ) သိစိတ် စသည်များကို ထည့်သွင်း မစဉ်းစား။ ကျွန်တော်က ဗဟုသုတအဖြစ်သာလျှင် ဖတ်ချင်ဖတ်မည်။

ကျွန်တော်ကိုယ်တိုင် အကဲဖြတ်ချင်သောအခါ မိမိကိုယ်တိုင် အတွေးအခေါ်ဖြင့်သာ အကဲဖြတ်ချင်သည်။ သရုပ်ဖော်စာပေနှင့် ပတ်သက်၍ ကျွန်တော်သည် လွန်ခဲ့သော အနှစ်(၄၀)ကျော်ခန့်က တာရာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ နောင်ကာလများတွင်လည်း ကျွန်တော် ကြုံလျှင်ကြုံသလို အဓိပ္ပာယ်များဖြင့် ဖွင့်ကာ ရှင်းလင်း ဖော်ပြခဲ့ဖူးသည်။ အရင်းခံကတော့ စာပေရေးရာဒဿန။

ဒဿနဗေဒဟု ဆိုလည်း ရသည်။ လက်ရှိ တကယ် တည်ရှိနေသော လူ့အဖွဲ့ အစည်း အကြောင်းအရာကို အနုပညာမြောက်စွာ ဖော်ပြသော စာပေသည် သရုပ်ဖော်စာပေ ဖြစ်သည်။

ကျွန်တော် ဒါကို စွဲစွဲမြဲမြဲ ယုံကြည်သည်။ ယင်းအခါတွင် သရုပ်ဖော်ဟူသော စကားလုံးဖြင့် ဆွေးနွေးကြ၊ ငြင်းခုံကြသည်ကို တွေ့ရသည်။ သူတို့ မေးမြန်းခြင်းအရ အသိစိတ်အလျှဉ် စီးဆင်းသည် ဆိုလား။ ဘာသာပြန် စကားလုံးဖြင့် ဖော်ပြသော စာပေသည်ကား သရုပ်ဖော်စာပေနှင့် ဆန့်ကျင်နေသည်ကို တွေ့ရသည်။ သူတို့အပြောအရက စိတ်ခံစားမှုကို အလေးထား၍ ရေးသော အဖွဲ့အနွဲ့ဟု ကျွန်တော်က အဓိပ္ပာယ်ကောက်လိုက်သည်။ အဖွဲ့အနွဲ့ ဆိုလျှင်တော့ စာရေးသောနည်းနာနှင့် ဆိုင်နေသည်။ ဒဿနနှင့် မဆိုင်တော့ပေ။ အကြောင်းအရာနှင့်လည်း မဆိုင်တော့ပေ။

တာရာမဂ္ဂဇင်းကတည်းက အစဉ်တစိုက် ဖော်ပြလာခဲ့သော သရုပ်ဖော် စာပေ ဆိုသည်ကတော့ တကယ်ရှိနေသော လူ့အဖွဲ့အစည်း အကြောင်းအရာကို အနုပညာမြောက်စွာ ဖွဲ့နွဲ့သော စာပေဟု နားလည်နေခဲ့သည်။ နားလည်မှုခြင်း ကွဲပြားသလား၊ ဘာလားတော့ မသိ။ ကျွန်တော့်အတွက်ကတော့ မန္တလေး စာပေအင်အားစုမှတစ်ဆင့် သိရသော သူတို့စိတ်ထဲတွင် ရှိနေသော စာပေ ပြဿနာကို သိရှိရ၍ သူတို့ကို ကျေးဇူးတင်ရပေသည်။

[ခ]

မျိုးဆက်ချင်း ကွာခြားသူတို့နှင့် တွေ့ဆုံဆွေးနွေး ပြောဆိုကြသော အခါ နားလည်အောင် ကြိုးစားရသည်။ မျိုးဆက် ဘာသာစကား ဆိုသည်က ရှိသည်။ မျိုးဆက် ကွာခြားလာသောအခါ မိမိတို့ ဖြတ်သန်းလျက်ရှိသော ခံစားမှုများကို ကိုယ်စားပြုသော ဘာသာစကားက ရှိသည်။

သူတို့အသုံးအနှုန်း၊ သူတို့ဝေါဟာရများ ရှိစမြဲတည်း။ ကျွန်တော်သည် သူတို့နှင့် သရုပ်ဖော်စာပေ အယူအဆ၊ အသိစိတ်စီးဆင်းမှု အယူအဆ စသည် များကို ပြောဆိုရင်း တဖြည်းဖြည်းတော့ နားလည်သွားရသည်။

သူတို့နှင့် စကားပြောရာတွင် ကဗျာအကြောင်း အတော် ပြောဖြစ်သည်။ ဝတ္ထုအကြောင်း သိပ်မပြောဖြစ်။ ဝတ္ထုရေးသူများ အလာနည်းသည်ဟု ထင်နေသည်။ မန္တလေးကျုံးရေပြင် ဟိုတယ်တွင် ကာရာအိုကေအကြောင်း ဖွဲ့သော ဝတ္ထုတစ်ပုဒ်သည် ယခုအခါ ကျုံးရေပြင်လည်း အဆင်အပြင်ပြောင်းပြီး ကာရာအိုကေလည်း မရှိတော့သဖြင့် ယင်းအကြောင်း ဖွဲ့နွဲ့သော ဇာတ်မျိုးသည် ယနေ့ တန်ဖိုးရှိပါသည်လော ဟူသော သဘောဖြင့် မေးလိုက်သည်။

ကျွန်တော် အံ့သြသွားသည်။ ကျွန်တော်ကတော့ ဒါ သမိုင်းပဲ။ သမိုင်းအဖြစ်အပျက်ထဲက အစက်အပြောက် တစ်ခုပဲဟု ပြောလိုက်သည်။ သရုပ်ဖော်စာပေ၊ အယူအဆအားဖြင့် တန်ဖိုးရှိသည်ဟု ကျွန်တော်က ယူဆထားသည်။

စာပေ၏လုပ်ငန်း၊ အနုပညာ၏လုပ်ငန်းသည် သူ့ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကြီး၏ အဖြစ်အပျက်တို့ကို အကြောင်းအရာပြု၍ ဖွဲ့နွဲ့ကြခြင်းဖြစ်သည်။ ယင်းအနုပညာ၏ လုပ်ငန်းသည် ပြောင်းလဲမသွားပေ။

လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာက တည်ရှိခဲ့သော စာပေအနုပညာတို့၏ လုပ်ငန်းသည် ပြောင်းလဲမသွားပေ။ သမိုင်းခေတ်တို့က ပြောင်းလဲသွားချင်သွားမည်။ ပြောင်းလည်း ပြောင်းရမည်။ အပြောင်းအလဲမြန်ဆန်ခြင်း၊ အပြောင်းအလဲရှုပ်ထွေးခြင်း၊ အပြောင်းအလဲနှေးကွေးခြင်း၊ အပြောင်းအလဲမတည်ငြိမ်ခြင်း စသည်တို့သာ ရှိမည်။ ခြားနားချင် ခြားနားမည်။ သို့သော် ပြောင်းလဲပုံကတော့ ခြားနားချင် ခြားနားမည်။ ယင်းသို့ ပြောင်းလဲခြင်းအလျောက် အထူးသဖြင့် ဝတ္ထုတို့သည် လူ့ပတ်ဝန်းကျင်အကြောင်းကို မဖွဲ့နွဲ့ဘဲ မည်သည့်အကြောင်းကို ဖွဲ့နွဲ့မည်လဲ။

ရှေးအကျဆုံး ဆေးရေးပန်းချီများကို နှောင်းလူတို့က သုတေသနလုပ်ကြရသည်။ ထိုရှေးခေတ်အခါက သူတို့၏ပတ်ဝန်းကျင်ကိုပင် ဖွဲ့နွဲ့ထားသည်။ သူတို့နှင့် ဆက်သွယ်နေရသော တိရစ္ဆာန်များ၏ပုံတို့ ဖြစ်သည်။ အနုပညာ ဆိုသည်က မိမိခံစားသလို အခြားသူများကို ခံစားစေလိုသော စိတ်ထားဖြစ်သည်။

ဝတ္ထု၊ ကဗျာ၊ ပန်းချီ၊ အက၊ ဂီတ အားလုံးသော အနုပညာတို့သည်

မိမိတို့၏အာရုံတွင် စွဲငြိသော အဖွဲ့အစည်းကြီး အကြောင်းအရာကို ဖွဲ့နွဲ့ခြင်းက စတင်ခြင်းသာ ဖြစ်သည်။ ယင်းကို ဒဿနဗေဒအမြင်အားဖြင့် အရှိတရားကို ဖော်ပြခြင်းဟု သိရှိနားလည် ရသည်။ အရှိတရားကို အခြေခံကြရသည်။ အနုပညာအဖြစ်၊ ကဗျာတစ်ပုဒ်အဖြစ်၊ ဝတ္ထုတစ်ပုဒ်အဖြစ် ဖွဲ့နွဲ့လိုက်သောအခါ၊ ယင်းအရှိတရားပေါ်တွင် အခြေခံရသည်။

ယင်းသို့သော သရုပ်ဖော်ရေစီးကြောင်းကြီးသည် ခေတ်တိမ်သွားသည် မဟုတ်ပေ။

တစ်ခေတ်တစ်ခါကာလက ကာရာအိုကေဟုခေါ်သော ဝိုင်းမျိုးရှိခဲ့သည်မှာ အမှန်တရားပင်ဖြစ်သည်။ အမှန်တရားမှာ နောင်တစ်ခေတ် ကာရာအိုကေ ခေတ်မရှိသောအခါ၊ ရောက်သွားသောအခါ၊ ယင်းသည် သမိုင်းမှတ်တမ်းအဖြစ် (သို့) သမိုင်းတန်ဖိုးအဖြစ် တည်ရှိနေသည်မှာ အမှန်ပင်။

[၇]

သမိုင်းခေတ်များကို ဖြတ်သန်းလာသောအခါ၊ ခေတ်တစ်ခေတ်တွင် စာပေရေးရာ အမျိုးမျိုးကို တွေ့လာရသည်။ သမိုင်းခေတ်တိုင်းတွင် သူ့ခေတ်နှင့် သူ့ခံစားမှုများကို ကိုယ်စားပြုသော စာပေများ ထွက်ခဲ့သည်။ ဝတ္ထု၊ ကဗျာ။ ယင်းဝတ္ထု၊ ကဗျာ စသော စာပေများတွင် အတွေးခေါ် ဒဿနတစ်ရပ်တွင် အခြေပြု၍ ထွက်ပေါ်လာသည်။ မိမိပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကို ထင်ဟပ်ပြသော စာပေအဖွဲ့အနွဲ့မျိုးက တစ်ဖက်၊ နောက်တစ်ဖက်က သမိုင်းခေတ်ကို ကိုယ်စားမပြုသော စာမျိုးလည်း ရောနှောပါလာတတ်သည်။

သရုပ်ဖော်စာပေ (သို့) ခေတ်ပြိုင်စာပေခံစားမှု စသည်များကတော့ အရှိတရား၊ အမှန်တရားပေါ်တွင် အခြေခံပြီး ဖွဲ့နွဲ့သည်။ ခေတ်ပြိုင်ခံစားမှုစာပေ မဟုတ်သော စာပေအဖွဲ့အနွဲ့မျိုးကိုလည်း တွေ့ရသည်။ ယင်းတို့သည် သမိုင်းခေတ်ခံစားမှုကို ကိုယ်စားမပြုဘဲ၊ မျောချင်ရာ မျောပါလာသော အဖွဲ့အနွဲ့များလည်း ရှိတတ်သည်။

စိတ္တဇဝတ္ထု၊ စိတ္တဇကဗျာ၊ စာပေများမှာ အမြဲ တည်တံ့သည် မဟုတ်။

ခဏသာ လှုံးလွန့်လှုပ်ရှားပြီးနောက် ပျောက်ကွယ်သွားတတ်သည်။ ယင်းတို့ကို နောက်သမိုင်းဆရာတို့က ခွဲခြားမည်။ သမိုင်းခေတ်ကလည်း ခွဲခြား သတ်မှတ်မည်။ စာပေအကြောင်း၊ ဝတ္ထုကဗျာအကြောင်း ပြောဆိုနေကြစဉ်ပင် မယ်ဇယ်ရန့်က သင်းပျံ့လာသည်။

မယ်ဇယ်ရန့်နှင့်အတူပင် ပြင်သစ်ရေမွှေးရန့်တို့ ရလာသည်။ ကျွန်တော်တို့က မယ်ဇယ်ရန့်ကို ရေမွှေးရန့်အဖြစ် ပြောင်းလဲထုတ်လုပ်ချင်သည်။ သို့သော် နိုင်ငံခြားကတော့ စက်မှုသိပ္ပံဘက်တွင် တစ်ခေတ်စော၍ တိုးတက်လာရာ သူတို့က ပန်းရန့်ကိုထုတ်ကာ ရေမွှေးအဖြစ် ကျွန်တော်တို့ကို ရောင်းချကြသည်။ ပြင်သစ်ရေမွှေး ကြိုက်သူလည်း ရှိမည်။ ပင်ရင်း စံပယ်ရန့်၊ မယ်ဇယ်ရန့်၊ တမာရန့်၊ ရန့် အမျိုးမျိုးကို နှစ်သက်သူလည်း ရှိမည်။ ခေတ်အမျိုးမျိုးတွင် ရောထွေးနေတတ်သည်လည်း ရှိသည်မဟုတ်ပါလား။

၃၊ မေ၊ ၁၉၉၅
ရုပ်ရှင်အမြုတေမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၅

❐

လေနုအေးလှိုင်း

[က]

မယ်ဇယ်ရနံ့သင်းသင်း တောင်သမန်အင်းမှ လွင့်ပျံလာသော ရနံ့တွင် တမာရိပ်အောက်မှ ဆရာတော်ကိုပညာ ကျောင်းတွင် မန္တလေးမှ စာပေအင်အားစုများနှင့် တွေ့ဆုံဆွေးနွေး ပြောဆိုခဲ့ရသည်မှာ တစ်နှစ်ကျော်ကျော် ကြာခဲ့သော်လည်း သတိရနေသေးသည်။ တစ်ခါတစ်ရံ သူတို့ ကျွန်တော့်ထံ ပို့လိုက်သော ယင်းဆွေးနွေးပွဲ တိပ်ခွေမှတ်တမ်းကို ပြန်နားထောင်ကြည့်မိသည်။ မှတ်တမ်းတွင်တော့ အားလုံး မဟုတ်။ အဆုံးတော့ မပါ။ သို့သော် ကျွန်တော် မှတ်မိနေသေးသည်။ စာပေရေးရာနှင့် ပတ်သက်၍ ကျွန်တော် စိတ်ဝင်စားသည်။ ယခုတောင်လေးလုံးရင်ပြင်တွင်တော့ ဆက်တိုက်ဆိုသလို လေးနာရီခန့် သူတို့မေးသည်ကို ကျွန်တော်ဖြေကြားသော ဟန်ပန်များဖြင့် စာပေရေးရာကိစ္စများကို အတော်လေး သိလာရသည်။ သူတို့သည် လေးနက်မှု ရှိကြသည်။

ကျွန်တော်နှင့် ဆွေးနွေးကြသည့် မန္တလေးစာပေအင်အားစုတွင် လူငယ်များ၊ လူလတ်များ ပါဝင်သည်။ လူလတ်များကတော့ ဒုတိယမျိုးဆက်၊ လူငယ်များကတော့ တတိယမျိုးဆက်ဟု ကျွန်တော်က သတ်မှတ်ထားသည်။ ဆွေးနွေးကြသည့်အကြောင်းအရာများကတော့ အတော်လေး စုံသည်။ စကားပြေရော၊ ကဗျာရော ပါသည်။ တကယ်ကတော့ ဆွေးနွေးမည့် အကြောင်း

အရာကို သတ်မှတ်ထားသည် မဟုတ်။ သို့သော် သူတို့ရင်ထဲတွင် ရှိသော စာပေရေးရာ ခံစားမှုကို ဖွင့်ဟသဖြင့် သိသွားသည်။ ၁၉၆၀ ကျော် ၇၀ ဝန်းကျင်က မန္တလေးတွင် စာပေရေးရာ စာတမ်းများ တင်ပြကြသည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။

ယနေ့ စာပေလှုပ်ရှားမှုနှင့် ပတ်သက်၍ သူတို့သည် လေးနက်စွာ စဉ်းစားကြဟန်တူသည်။ ကျွန်တော်က စာဆိုတော်နေ့တွင် ဆွေးနွေးရာ ခမ္မဗိမာန်သို့ ရောက်ဖူးသည်မဟုတ်။ သို့သော် သူတို့၏ ဆွေးနွေးချက်၊ တင်ပြချက်များကို စာအုပ်အဖြစ် ဖတ်ရှုရသဖြင့် သိခွင့်ရသည်။ ယခု သူတို့ မေးမြန်းကြသော မေးခွန်းများမှာ လွန်ခဲ့သော အနှစ် ၂၀ ကျော်၊ ၂၅ နှစ်ခန့်က မဟုတ်ဘဲ အသစ်ဖြစ်ပေါ်နေသော စာပေရေးရာ ပြဿနာများ ပါဝင်နေသည်။ ကျွန်တော် တင်ပြခဲ့သော ဂန္ထဝင်ကိစ္စ၊ ကာရန်မဲ့ကိစ္စများ ပါဝင်သည်။ ယနေ့တွင် ပြောဆိုနေသော အသိစိတ်အလျဉ် စီးဆင်းမှု၊ ဘဝသရုပ်ဖော်၊ ခေတ်ပြိုင် ခံစားမှု စသော စာပေရေးရာ ပြဿနာများလည်း ပါဝင်သည်ကို တွေ့ရသည်။

အသေးစိတ် ခေါင်းစဉ်များ တပ်လျှင်ကား ကာရန်လည်းမဲ့၊ အဘိဓမ္မာလည်းမဲ့ မော်ဒန်ဝတ္ထု ဘဝသရုပ်ဖော်စာပေဝါဒ ကုန်သွားပြီလော၊ စကားလုံး မနိုင်လျှင် စကားလုံးရွေးချယ်မှု ကောင်းပါမည်လော၊ ကာရန်မဲ့ ဘယ်က စသည် ထင်ပါသလဲ။ ထင်းရှူးပင်ရိပ်၏ ဩဇာ၊ ရစ်သမ် ဆိုတာ ဘာလဲ စသည်ဖြင့် ခေတ်ပေါ်ရေစီးကြောင်း၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့မှ မြုပ်ကွက်များ၊ ပြောစကား အရေးစကားပြေတွင် ပါဝင်သင့်သလော။ မြန်မာစကားတွင် သဒ္ဒါမရှိ၊ ရေးမှတ်မထားသော ဥပဒေ၊ စည်းကမ်း စသည် စသည်ဖြင့် ဖော်ပြရပေမည်။

သူတို့မေးသမျှ မေးခွန်းများကို ကျွန်တော် ပြေလည်အောင် ပြည့်စုံစွာ ဖြေနိုင်ခြင်းလည်း ရှိချင်ရှိမည်။ ကျန်တာတွေလည်း ရှိနိုင်မည်။ လူအစုအဝေးမှာ စုံလင် ထွေပြားသည်။ ဘာသာရပ်တစ်ခုတည်းကို ဦးတည်၍ ဆွေးနွေးလျှင် အခြားဘာသာရပ်နှင့် မဆိုင်သော၊ ပြောနေသော ဘာသာရပ်ကို စိတ်မဝင်စားလျှင် ငြီးငြင်မည်ကို တွေးကာ စကားကို တိုတိုနှင့်လိုရင်းကို ချုပ်ပြောရသည်။ လိပ်

ပတ်လည်ချင်မှလည်မည်။ တွေ့ဆုံဆွေးနွေး မေးမြန်း ပြောဆိုလိုက်ရသဖြင့် ကား ယနေ့ ခေတ်ပေါ်စာပေ၏ ရင်ခုန်သံကိုကား ကျွန်တော် စမ်းမိသွားသည် ဟု ဆိုနိုင်သည်။ ထို့ကြောင့် ကျွန်တော် သူတို့ကို ကျေးဇူးတင်ရသည်။

[ခ]

ခေတ်ပေါ်မြန်မာစာပေ ဟူသော စကားရပ်မှာ ကျယ်ဝန်းသည်။ ကျွန်တော်ကတော့ ခေတ်ပေါ်စာပေ အစကို ၂၀ ရာစု အစက စ၍ ရေတွက်ချင် သည်။ ထိုအခါကလည်း ခေတ်ပေါ်စာပေ၊ ယနေ့လည်း ခေတ်ပေါ်စာပေဟု ပြောနိုင်သည်။ သို့သော် သမိုင်းခေတ်များ ဖြတ်သန်းသွားသောအခါ သမိုင်းခေတ် တစ်ခေတ်အလိုက် စာပေ၏ရုပ်ပုံများကတော့ တူကြသည် မဟုတ်ပေ။ စာပေ သည်လည်း သမိုင်းခေတ်တွင် အကျုံးဝင်သည်။ ကျွန်တော်တို့ သမိုင်းခေတ် သည်လည်း ကိုလိုနီခေတ် အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းသောခေတ်၊ လွတ်လပ်သောနိုင်ငံတော် ဖွဲ့စည်း တည်ထောင်ပြီးနောက် ဒီမိုကရေစီ နယ်ချဲ့ လေ့ကျင့်စဘဝ စသော ခေတ် စသည်အားဖြင့် အမျိုးမျိုး အပိုင်းပိုင်း အဆစ်ဆစ် ရှိပေသည်။ စာပေသည်လည်း သမိုင်းခေတ်ကို ထင်ဟပ်သည့်အလျောက် အမျိုးမျိုး ဖြစ်ပေါ်ပြောင်းလဲ တည်ရှိရသည်မှာ သမိုင်းသဘောတရားပင်။ ၂၀ ရာစု နှစ်အစ ကိုလိုနီဘဝမှ လွတ်မြောက်ရန် ကြိုးစားသော ဝံသာနု လူထုလှုပ်ရှားမှုခေတ်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဝံသာနုစာပေ ထွက်ပေါ်ခဲ့သည်။

ရှေး ဂန္ထဝင်စာပေတွင် ကဗျာများ ဖွဲ့ဆိုခဲ့ကြရာ ရှေးကနှင့် မတူသော (ဝါ) နိုင်ငံရေးအကြောင်းအရာပါသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဝံသာနု ကဗျာများ ထွက်ပေါ်ခဲ့သည်။ ဆရာကြီးကိုယ်တိုင် ပါဝင်သော အမျိုးသား လွတ်လပ်ရေးလှုပ်ရှားမှုကို ထင်ဟပ်သော ခံစားမှုလေးချိုးကြီးကို ဖတ်ကြရ သည်။ ရှေးအခါကကဲ့သို့ တောဘွဲ့၊ တောင်ဘွဲ့၊ စစ်ချီဘွဲ့၊ ဘုရားတိုင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ အချစ်ဘွဲ့နှင့်မတူ ခြားနားသော ကဗျာများဟု ဆိုနိုင်သည်။ ယနေ့ခေတ် သဘောတရားများနှင့် ဆိုလျှင် ဆရာကြီး၏ ခေတ်ပြိုင် နိုင်ငံရေး

လှုပ်ရှားမှုကို ဖွဲ့ကျူးသော ကဗျာများဟု ဆိုရပေမည်။ ယင်းသည် အစဉ်အလာ သစ်တစ်ရပ် ဖြစ်သည်။

ခေတ်ပေါ်စာပေအစဉ်အလာဟု ဆိုနိုင်သည်။ ထို့နောက် ၁၉၃၀ ခု ပတ်ဝန်းကျင်တွင် တက္ကသိုလ်ပရိဝုဏ်မှ ခေတ်စမ်းစာပေ ပေါ်ထွန်းလာခဲ့သည်။ ခေတ်စမ်းစာပေ ပညာရှင်များသည် ပညာတတ်၊ အင်္ဂလိပ်စာတတ်များ ဖြစ်၍ အနောက်နိုင်ငံ၏ ခေတ်စနစ်မျိုးနှင့် အသစ် ဖွဲ့သီသော ကဗျာများဟု ဆိုနိုင်သည်။ စစ်ပြီးတွင် စာပေသစ် ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ၁၉၆၀ ကျော် ခေတ်တွင် စာပေသစ်လွန်ကာလသို့ ရောက်ရှိပြီး၊ ခေတ်ပြိုင်ခံစားမှုစာပေ ပေါ်ပေါက်လာရသည်။ ယင်းတို့သည် ခေတ်ပေါ်စာပေတို့၏ အပိုင်းပိုင်း အဆစ်ဆစ်သော အခန်းများ ဖြစ်သည်ဟု ဆိုရပေမည်။

ကျွန်တော် တောင်လေးလုံးရင်ပြင်သို့ ရောက်သောအခါ မန္တလေးစာပေ အင်အားစုတို့က မေးသော မေးခွန်းများ ဖြေရင်း ကျွန်တော်သည် ယနေ့ခေတ်၏ စာပေသည် ရောင်စုံကျောက်ပြားစီ နံရံကပ်ကားချပ်ကြီးကဲ့သို့ မြင်ရသည်။ ပန်းချီကားချပ်ကြီးထဲမှာ ပြည်သူများတို့ နှစ်သက်သော စာပေကို တွေ့နိုင်သည်။ သမိုင်း ဆိုသည်မှာ အကွေ့များ ရှိသကဲ့သို့ စာပေသမိုင်းတွင်လည်း အကွေ့များ ရှိသည်။ ယနေ့ အကွေ့တစ်ကွေ့အတွင်း ရောက်နေသည်။ ကြည်လင်သောအကွေ့ ရှိသကဲ့သို့ ရှုပ်ထွေးနေသော အကွေ့များလည်း ရှိသည်။ တစ်ယောက်က 'ဒီမှာ နှစ်မြှောက်ခွဲနေတယ်။ ဘဝသရုပ်ဖော်က တစ်ခု၊ စိတ်အလျဉ်စီးဆင်းမှု ဆိုတာက တစ်ခု' ဟု ဆိုကာ ကျွန်တော့်ကို ရှင်းပြသည်။ ကျွန်တော်က အပြည့် နားမလည်၍ ထပ်ကာ မေးနေသည်။ ထိုအခါ ဝေဖန်ရေးဆရာက ဝင်၍ တစ်ခုက ရီယယ်လစ်ဇင်းကို ပြောတာဟု အင်္ဂလိပ်စကားလုံးနှင့် ညှပ်ပြောမှ ကျွန်တော် သဘောပေါက်သွားတော့သည်။ ဘဝသရုပ်ဖော်စာပေနှင့် ပတ်သက်၍ ကွန်မြူနစ်စနစ်ကြီး ပြိုကွဲသွားပြီ။ ဘဝသရုပ်ဖော် မရှိတော့ဟု ထပ်ဆင့် ပြောလိုက်သည်။ ကောင်းစွာ နားလည်သွားသည်။ စကားအသုံးအနှုန်းကတော့ နည်းနည်း ကွာခြားသည်။ ဘဝသရုပ်ဖော် ဆိုသော စကားလုံးကို ၁၉၅၃ ခုလောက်က ထင်သည်၊ စစ်ပြီးခေတ် မြန်မာ့ဝတ္ထု ခေါင်း

စဉ်ဖြင့် ဘဝသရုပ်ဖော် ရေးသားခဲ့သော ဆောင်းပါးများတွင် ကျွန်တော် သုံးခဲ့သည်။ ဘဝသရုပ်ဖော်မှာ မိမိ၏ဘဝ၊ မိမိ၏ပုဂ္ဂလိကဘဝကိုသာ အသားပေးရေးသော စာမျိုးကို ကျွန်တော်က ဘဝသရုပ်ဖော်စာဟု ဆိုခဲ့သည်။ ရှေးယခင်ကတော့ စာပေသစ်အယူအဆနှင့်ပတ်သက်၍ သရုပ်ဖော်ဟုသာ သုံးခဲ့သည်။ သရုပ်ဖော် ဆိုသည်မှာ တကယ်ရှိနေသော လူအဖွဲ့အစည်းကြီး၏ အဖြစ်အပျက်ကို ရေးသားသော စာပေကို ဆိုလိုရင်း ဖြစ်သည်။ ယခု ဝေါဟာရများမှာ အနောက်နိုင်ငံမှ စာပေသဘောတရား အယူအဆများကို မြန်မာဝေါဟာရဖြင့် ဖော်ပြခြင်းမျိုး လုပ်ခဲ့ဖူးသည်။ တကယ်တော့ ဒဿနဗေဒသဘောတရားဖြင့်ကြည့်လျှင် အယူအဆကြီးနှစ်ရပ် ခြားနား ပေါ်လာခဲ့သည်မှာ ကြာပြီ။ တကယ်ရှိနေသော အရှိတရားဘက်က အယူအဆတစ်ခုနှင့် တကယ်မရှိသော စိတ်အလိုအရ စွဲလမ်းမှုကို အခြေတည်သော စိတ်ဝါဒအယူအဆဟူ၍ ခြားနားသည်မှာ ကြာပါပြီ။

သရုပ်ဖော်စာပေ အယူအဆဖြင့် ရေးဖွဲ့သော စာပေမှာ တကယ်ရှိနေသော လူ့အဖွဲ့အစည်းကို ဖွဲ့နွဲ့သော စာပေ ဖြစ်သည်။ တကယ် လက်ရှိရှိနေသော အဖွဲ့အစည်းတို့ကို ဖွဲ့နွဲ့သော စာပေ ဖြစ်သည်။ စိတ်အလျဉ် စာပေအဖွဲ့အနွဲ့မျိုးမှာ တကယ်ရှိနေသော လူ့အဖွဲ့အစည်းကြီးကို ဖွဲ့နွဲ့ခြင်းမဟုတ်ဘဲ၊ တကယ်မရှိသော၊ စိတ်တွင်သာရှိသော အကြောင်းအရာတို့ကို ရေးဖွဲ့ခြင်း ဖြစ်သည်။

ကျွန်တော်ကတော့ ယင်းစာပေအဖွဲ့အနွဲ့မျိုးကို စိတ္တဇစာပေ အယူအဆဟု ခေါ်ချင်သည်။ တစ်နည်းဆိုရသော် ခံစားမှုအစစ်ကို ဖွဲ့နွဲ့သော စာပေမှာ သရုပ်ဖော်စာပေ ဖြစ်၍၊ ခံစားမှုအတုဖြင့် ရေးဖွဲ့သော စာပေမှာ စိတ္တဇစာပေ ဖြစ်သည်။ စစ်ပြီးစကာလ စာပေသည် နိုင်ငံရေးကင်းရှင်းရမည် ဟူသော အယူအဆက တစ်ခု၊ စာပေသည် နိုင်ငံရေးကို ထင်ဟပ်ရမည် ဟူသော အစုက တစ်ခု။ တစ်နည်းဆိုရသော် အနုပညာသည် လူ့အဖွဲ့အစည်းကို ထင်ဟပ်ရမည်။ ပြည်သူတို့၏သရုပ်ကို ထင်ဟပ်ရမည် ဟူသော အယူအဆနှင့် နိုင်ငံရေး မပါဝင်သော အယူအဆ။ သမိုင်းခေတ်များတွင် စကားလုံး ဝေါဟာရ တစ်ခုတည်းဖြင့်

ဖြစ်ထွန်းကြသည် မဟုတ်။ အယူအဆတစ်ခုတည်း မဟုတ်။ ဝေါဟာရ အမျိုးမျိုးဖြင့် ဖော်ပြတတ်ကြသည်ကို တွေ့နိုင်သည်။

ယင်းသို့လျှင် သမိုင်းအကွေ့တစ်ကွေ့တွင် ရှုပ်ထွေးမှုများ ရှိတတ်သည်ကို ကျွန်တော် သတိပြုမိလိုက်သည်။

[၈]

အင်အားစုများ၊ လှုပ်ရှားမှုများတွင် အကြမ်းအားဖြင့် အယူအဆ နှစ်ရပ် အပြိုင် တည်ရှိတတ်သည်။ တစ်ခုက အစဉ်အလာ ရိုးရာထုံးတမ်းကို ထိန်းသိမ်းစောင့်ရှောက်သော အစုနှင့် အသစ်ကို ရှေ့ရှုသောအစုတို့ ရှိတတ်ကြသည်။ နိုင်ငံရေးသာ မဟုတ်၊ စာပေတွင်လည်း အစု နှစ်စု ရှိတတ်ကြသည်။ ယင်းအစု နှစ်စုတို့မှာ ပြိုင်တတ်ကြသည်။ အသစ်ဘက်က အောင်မြင်လျှင် အသစ်လှုပ်ရှားမှု၊ အသစ်တည်ဆောက်မှု ဖြစ်တတ်ကြသည်။ စာပေအင်အားစုများနှင့် ဆွေးနွေးသောအခါ ယင်းသဘောတရားကို သတိပြုမိသည်။ ယင်းနှစ်ခုသည် အစွန်းနှစ်ဖက်တွင် ရပ်တည်တတ်ကြသည်။ ရှေးထုံးကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးခြင်း၊ အရင်နှင့်မတူ သစ်ပြီဟု တထစ်ချ ယူတတ်သူများလည်း ရှိသည်ကို တွေ့ရသည်။ အနုပညာရေးရာနှင့် ပတ်သက်၍ မန္တလေး အင်အားစု လူလတ်ပိုင်းက ကျွန်တော့်ကို အသစ် ဖွံ့ဖြိုးစ လူငယ်တို့အား ပြောသင့်သည်ဟု ကျွန်တော့်ကို အပြစ်ဆိုကြသည်။ လူငယ်များကို အလိုလိုက်သည်ဟုလည်း အပြစ်တင်ကြသည်။ ကျွန်တော် နားလည်သည်။

ကဗျာရေးရာနှင့် ပတ်သက်၍ ဆွေးနွေးဖြစ်သည်။ စာပေဝိုင်းမှာ ကဗျာသမားချည်း မဟုတ်သဖြင့် သိပ် ကျယ်ကျယ်ပြန့်ပြန့် မပြောဖြစ်။ လူလတ်ပိုင်း အချို့က ယနေ့ လူငယ်နပျို ပွင့်သစ်တို့အား ကျွန်တော်က ပြောစေချင်သည်။ ကျွန်တော် မပြော။ သူတို့ဘာသာသူတို့ သိ၍ သူတို့အလုပ်ကို သူတို့ လုပ်ကြလိမ့်မည်ဟု ကျွန်တော်က ယူဆထားသည်။ ကိုယ့်အသိနှင့်ကိုယ် လုပ်ခြင်းသည် အကောင်းဆုံးသော ဖွံ့ဖြိုးတိုးတက်မှုဟု ယုံကြည်ထားသည်။ တစ်ခုတော့ ကျွန်တော် ပြောသည်။ မုဆိုးကို စိုင်က သင်လိမ့်မည်။ ယနေ့

ဘာသာပြန်ကဗျာများ၏ ဩဇာသက်ရောက်ပုံကို စကားစပ်မိသောအခါ အင်းဝကဗျာဆရာက 'ဗူးသွင်းတာတော့ စောင်းနေပြီ၊ တည့်ပေးကြပါဦး' ဟု ညည်းညူလိုက်သည်။ လူငယ်တစ်ယောက်ကလည်း ယနေ့ ဖြစ်ပေါ်နေသော စာပေဝေဖန်ရေးနှင့် ပတ်သက်၍ ကျွန်တော် တစ်ခုခု ပြောပါ ဆိုလာသည်။

ကျွန်တော် ဘာပြောရမည်လဲ။ သူတို့က ကျွန်တော်သည် လူငယ်များအပေါ် စာပေဩဇာရှိမည်ဟု ထင်မှတ်နေကြသည်။ တကယ်က မဟုတ်။ ကျွန်တော် ဩဇာမရှိ။ ဩဇာပေးနိုင်သည်က ကျွန်တော် မဟုတ်။ ခေတ်ဖြစ်သည်။ သူတို့ဖြတ်သန်းနေသော သမိုင်းခေတ်။

သမိုင်းခေတ်ကသာလျှင် သူတို့ကို သင်ကြားပေးလိမ့်မည်။ ကျွန်တော့်ကိုလည်း သမိုင်းခေတ်က သင်ကြားပေးလိုက်သည်။ တောင်လေးလုံးရင်ပြင်တွင် ပြောဆိုသည်ကတော့ အစီအစဉ် ကျကျနန မရှိ။ သို့သော် ခံစားမှုနှင့် ပြောကြ၍ ခေတ်ပေါ်အခြေအနေ အမှန်ကား ပေါ်လာသည်။

ဂန္ထဝင်နှင့် ပတ်သက်၍ ကျွန်တော် ပြတ်ပြတ်သားသား မပြောဟု စာပေဝေဖန်ရေးဆရာက မအောင့်နိုင်ဘဲ ဆရာတာ နှုတ်က ဖွင့်ဟလိုက်ပါဟု ပြောလိုက်သည်။

အားလုံး ရယ်မောလိုက်ကြသည်။ စိုပြည်သွားသည်။

မန္တလေးအင်အားစုများနှင့် တွေ့ခိုက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရသဖြင့် ခေတ်ပေါ်စာပေ၊ ယနေ့ခေတ်ပေါ်စာပေ၏ အခြေအနေများကို သိလိုက်ရသဖြင့် သူတို့ကို ကျေးဇူးတင်ရသေးသည်။ တကယ်တော့ အခြေအနေပေးလျှင် ကဗျာရေးရာ၊ စကားပြေရေးရာ၊ ပညာရေးရာ၊ ဒဿနရေးရာ အစရှိသည်အားဖြင့် သတ်မှတ်ကာ ဆွေးနွေးကြမည်ဆိုလျှင် များစွာ အကျိုးရှိနိုင်သည်ဟု ဆိုရမည်။ ယနေ့ ခေတ်ပေါ်စာပေသည် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပေပြီ။ တစ်ဖက်တွင် နောက်ဆုတ်သူများ ရှိနေသည်။ သူတို့က နောက်ဆုတ်သည်ဟု သိချင်မှသိမည်။ တစ်ဖက်တွင် ရှေ့သို့ တိုးတက်ချင်သူများ ရှိနိုင်သည်။ နောက်ဆုတ်သူများမှာ လွန်ခဲ့သော အနှစ် ၄၀ ကျော်က အငြင်းပွားခဲ့သော စာပေဝါဒ သက်သက်ဆီသို့ အသွင်တစ်မျိုးနှင့် ကူးသန်းနေခြင်းဟန် ဖြစ်၍

တစ်ဖက်တွင်ကား ဆန်းသစ်လိုသော နုပျိုပွင့်သစ်စများက မည်သို့ ဆန်းသစ်ရမည်ကို သိချင်လိုသော ဒွိဟစိတ်ရှိသူများဟု ကျွန်တော် အကဲဖြတ်လိုက်သည်။

တောင်လေးလုံးမှ လေနုအေးသည် လှိုင်းကလေးများ ရှိနေပေသေးသည်။

၁၉၊ အောက်တိုဘာ၊ ၁၉၉၅

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဇန်နဝါရီ၊ ၁၉၉၆

❐

မယ်ဇယ်ရနံ့ မွှေးမြနေဆဲကို

[က]

နေရာကလေးက ချစ်ဖွယ်ရာ၊ လှဖွယ်ရာ၊ တောင်လေးလုံးရင်ပြင်မှာ အမရပူရမြေပေါ်တွင်ဖြစ်၍ ရာဇဝင်မြေ။ မွှေးနံ့က သင်းနေသည်။ တောင်သမန် အင်းဘေးမှ စီးမျောလာသော မယ်ဇယ်ရနံ့က တမာပင်ရိပ်ကို ဖြတ်ကာ ဝင်လာသည်။ တမာရိပ်မှ တမာရနံ့ကတော့ ညအိပ်ရာဝင်မှ ရတတ်သည်။ ကပ်လျက် မဟာဂန္ဓာရုံကျောင်းပရိဝုဏ်မှ ခေါင်းလောင်းသံ၊ ကုလားတက်သံကလည်း ကျွန်တော်တို့ ဆွေးနွေးပြောဆိုနေသော စကားသံများကို စည်ဝေအောင်ပြုလုပ်နေသလား။

ကပ်လျက် စေတီတော်မှ ဆည်းလည်းသံများကလည်း တတင်တင်။ ကျွန်တော့်မှာ မန္တလေးဘက်သို့ သိပ်ရောက်တတ်သည် မဟုတ်။ ရောက်ချင်သော်လည်း မရောက်ဖြစ်။ နောက်ဆုံးအခေါက်မှာ ၁၉၇၆ ဖြစ်သည်။ သလ္လာဝတီမြစ်ကမ်းဆီသို့ သွားရင်း ဖြတ်သွားဖြစ်သည်။ ပထမဦးဆုံး မန္တလေးသို့ ရောက်ဖူးသည်ကတော့ ၁၉၃၉။

ကျွန်တော်ကတော့ မန္တလေးစာပေအင်အားစုများ စုဝေးရာ တောင်လေးလုံးကို ကျေးဇူးတင်ရသည်။ မန္တလေးအစုအဝေးနှင့်က တော်တော်နှင့် တွံဖြစ်သည် မဟုတ်။ သူတို့ဆီမှာလည်း ကျွန်တော် ခံစားနေရသော စာပေအယူအဆ ညှိစရာတွေ များစွာ ရရှိခဲ့သည်။ ကျေးဇူးတင်ရသေးသည်။ သူတို့က

ကျွန်တော်ဖြတ်သန်းလာခဲ့ရာ စာပေခေတ်၊ သမိုင်းခေတ်များကို စိတ်ဝင်စားသည်။ အတိတ်ကို စိတ်ဝင်စားသည်။ အတွေ့အကြုံ နုနယ် ငယ်ရွယ်စဉ်ကမူ အတိတ်ကို သိပ်ပြီး စိတ်မဝင်စားတတ်။ စိတ်ဝင်စားသော်လည်း စိတ်ဝင်စားစရာ အသိက နည်းနေသေးသည်။ သမိုင်းခေတ်များကို ဖြတ်သန်းသွားသော အခါ အတိတ်ကို အမှတ်ရနေတတ်သည်။ လွမ်းစရာမျိုး ပါချင်ပါမည်။ သို့သော် လွမ်းစရာတော့ မဟုတ်။

မည်သည့် စာပေခေတ်များကို ကျွန်တော် ဖြတ်သန်းလာခဲ့ရသလဲ။ ကျွန်တော် ဘယ်လို ခံစားလာသလဲ။ ကျွန်တော်၏စိတ်ကို ဆွပေးသူကတော့ ကိုကြည်လင်။ သူက ကျွန်တော့်စာပေကို သိချင်ဟန်ရှိသည်။ သူ စိတ်ဝင်စားသည်။ 'မေ' ဝတ္ထုထဲမှ စာတစ်ပိုဒ်ကိုပင် သူ ရွတ်ပြလိုက်သေးသည်။ ကျွန်တော် အံ့ဩရသည်။ ကျွန်တော်ပင် ကောင်းစွာ မမှတ်မိတော့။ သူ ကိုးကားလိုက်တော့မှ လန်းဆတ်လာသည်။ လွန်ခဲ့သော အနှစ် ၅၀ ခန့်က ဘာသာပြန်ခဲ့သော မော်၏ 'နှင်း' ကဗျာစာပိုဒ်များကိုပင် သူက ရနေသည်။

သူ့မေးခွန်းများမှာ ရိုးသားသည်။ သူ့ရင်ထဲ သိချင်စရာတွေသာ မေးသည်။ ကျွန်တော်၏ ရုပ်ပုံလွှာ ကြေးမုံမှန်သားကို လှိုင်းထ တွန့်ယုက်အောင် လုပ်ချင်သူ မဟုတ်။ လေ့လာချင်သူသာ။ ကျွန်တော် ဘာကြောင့် လွန်ခဲ့သော အနှစ် ၄၀ ခန့်က ရေးခဲ့သော ဂျာနယ်ကျော်မမလေး ရုပ်ပုံလွှာအဖွဲ့အနွဲ့ကို ဒုတိယနှိပ်ခြင်းတွင် မထည့်လိုက်သလဲ။ သူ သိချင်သည်ကို ကျွန်တော် နားလည်လိုက်သည်။ ယင်း ဒုတိယနှိပ်ခြင်း ၁၉၆၃ ၏ အမှာစာတွင် ဖော်ပြပြီးဖြစ်သည်။ သို့သော် အမှာစာမှာ တိုက်ရိုက်နာမည်နာမနှင့် ဖော်ပြခြင်း မရှိ။ ကျွန်တော်က ရှင်းပြရသည်။ ကျွန်တော်သည် ရုပ်ပုံလွှာများ ဖွဲ့နွဲ့သောအခါ ကျွန်တော် သိသမျှကိုသာ ရေးသည်။ ကျွန်တော့်မျက်ကွယ်တွင်ရှိသော အဖြစ်အပျက်၊ ကျွန်တော် မသိသောအရာများကို သိပ် မရေး။ ယခု ၁၉၅၅ က ရေးခဲ့သော မေတ္တာပန်းပွင့်တွင် ၁၉၄၈ မတ်လ ၁၅ ရက်က ဖြစ်ခဲ့သော ရန်ကုန်ရှိ သတင်းစာတိုက်ကို ဒီမိုကရေစီဆန့်ကျင်ရေးသမားများက ဝင်ရောက် ဖျက်ဆီး ရိုက်ချိုးသော ရှုခင်းကို ဂျာနယ်ကျော်မမလေး ပြောပြသည့်အတိုင်း ကျွန်တော် ဖော်ပြ

လိုက်သည်။ ယင်းရှုခင်းကို ကျွန်တော်လည်း မြင်ခဲ့သည်။ သို့သော် ဂျာနယ်ကျော်မမလေး၏အပြော အဖြစ်ဖြင့် ဖော်ပြခဲ့သည်။ ယင်းသို့ ဖော်ပြရာတွင် အယ်ဒီတာကိုစောဦးမှာ ပုန်းနေသည် ဟူသော စကားရပ်ပါသွားသည်။

ကိုစောဦးမှာ ကျွန်တော်၏ မိတ်ဆွေပင်။ ထိုစာ ထွက်ပြီးနောက် ကိုစောဦးက သူ အဲသည်တုန်းက ပုန်းမနေပါ။ အပေါ်ဆုံးထပ်မှာ ရှိနေပါသည်ဟု ပြောကြောင်း တစ်ဆင့် ကျွန်တော် ကြားသိရပါသည်။ ကျွန်တော် စိတ်မကောင်း။ ကိုစောဦးသည် ဂျာနယ်ကျော်တိုက် အပေါ်ဆုံးထပ်တွင် နေသည်။ သူ့သိက္ခာကို ထိသလားဟု ကျွန်တော် စိတ်မကောင်းခြင်းဖြစ်သည်။ သို့သော် ပုန်းနေသည် ဆိုခြင်းမှာလည်း၊ ပုန်းခြင်းသည် သူ၏သိက္ခာကို မထိ။ လူမိုက်ကို ကြောက်ရသည် မဟုတ်ပါလား။ လူမိုက်ကို ရှောင်ခြင်းသည် ကောင်းသော အလုပ်ဟု ကျွန်တော်က ယူဆထားသည်။

၁၉၆၃ တွင် ရုပ်ပုံလွှာ ဒုတိယပုံနှိပ်ခြင်း ထွက်လာသောအခါ ကိုစောဦး၏သိက္ခာကို မထိပါးစေချင်၍ ကျွန်တော်က စာတစ်ပုဒ်လုံးကို ချန်ထားခဲ့ခြင်းသာ ဖြစ်သည်။ ထိုအခါက ကိုစောဦးမှာ အရေးပါသောနေရာတွင် ရောက်ရှိနေ၍ ထင်ရှားလာသူ ဖြစ်သည်ကို ကျွန်တော် ငဲ့လိုက်ခြင်းဖြစ်သည်။

ယင်းသို့လျှင် ကျွန်တော် ကိုကြည်လင်၏မေးခွန်းကို ဖြေခဲ့သည်။ ဖြေခဲ့ရသည့်အတွက်လည်း သူ့ကို ကျေးဇူးတင်ရသည်။ အတိတ် ဆိုသည်က သမိုင်း။

သမိုင်းသည် နှစ်ကြာလေ၊ တန်ဖိုးရှိလေ။ ၁၉၅၀ က ထုတ်ဝေခဲ့သော ကျွန်တော်၏ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' အမည်ရှိ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ထဲမှ ကျောင်းသားအာဇာနည် ကိုအောင်ကျော်အကြောင်းနှင့် ပတ်သက်၍လည်း မေးသည်။

ယင်း 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်မှာ လွန်ခဲ့သော ၄၅ နှစ်ခန့်က ရေးခဲ့သော စာအုပ် ဖြစ်၍ ကျွန်တော်ပင် မေ့နေပါပြီ။ ကိုပညာသည် ချက်ချင်းပင် သူ၏ကျောင်းသခ်မ်းထဲမှပင် ယင်းစာအုပ်ကို ယူလာ၍ ကျွန်တော် ကျေနပ်ရသည်။

လူ ဆိုတာ အတိတ်နဲ့နေတာဟု ကျွန်တော်၏မိတ်ဆွေ ခန္တာဗေဒ ပါမောက္ခ၏ စကားရပ်ကို သတိရလိုက်မိသေးသည်။ အတိတ်မရှိလျှင် ဘယ်မှာ သမိုင်း ရှိပါမည်လဲ။

[ခ]

တောင်လေးလုံးစကားဝိုင်းတွင် မေးကြသော မေးခွန်းတွေ၊ ဆွေးနွေး ကြသော စကားရပ်များမှာ ကျွန်တော့်အတွက် တန်ဖိုးရှိသည်။ ကျွန်တော်၏ စာရေးသက်အတွင်း (စာရေးသက် ၆၀ ခန့်အတွင်း) စာမျိုးစုံ ရေးခဲ့သည်။ ဝတ္ထု၊ ကဗျာ၊ ခရီးသွားမှတ်တမ်း၊ အမှတ်တရ သမိုင်းမှတ်တမ်း၊ စာပေနှင့် အနုပညာဝေဖန်ရေး၊ စာပေသဘောတရား၊ အနုပညာသဘောတရား၊ နိုင်ငံရေး ဝေဖန်ချက်၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့ စသည်ဖြင့် စာမျိုးစုံ ရေးခဲ့ရာ ယင်းတို့ကို စုံလင်အောင် သိပ်မဖတ်ကြဟု ကျွန်တော် ထင်ထားခဲ့သည်။ ယခု မန္တလေး စာပေအင်အားစု လူငယ်နုပျို ဖူးသစ်စတို့နှင့် တွေ့သောအခါ သူတို့သည် လေးနက်၍ ဘက်စုံ ဖတ်သည်ကို တွေ့နေရသည်။ စိတ်သက်သာရမိသည်။

'နွေနှောင်းရက်ကျွန်' သီချင်းအကြောင်း ရောက်သွားရာ ဆရာတော် က ချက်ချင်းပင် 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်ထဲမှ အပိုဒ်ကို ပြသည်။ ယင်းစာအုပ်ထဲတွင် ၁၉၅၀ တွင် စာရေးဆရာအသင်းမှ နတ်ရှင်နောင်ပြဇာတ် ကစဉ် ယင်းစာသား 'နွေနှောင်းရက်ကျွန်'ကို ကျွန်တော် စာသား ရေးပေး ကြောင်း အပိုဒ်ကို ပြသည်။ ကျွန်တော်ပင် ကောင်းစွာ မမှတ်မိတော့ပြီ။ ယင်း သီချင်းထဲတွင် မယ့်ကိုယ်စား မွှေးမြလေသလားဟု စကားလုံး ပါသည်။ တကယ်ကတော့ ယင်း 'နွေနှောင်းရက်ကျွန်' သီချင်းမှာ နတ်ရှင်နောင်၏ ရတုများထဲမှ စာသားများဖြင့် ထုတ်ယူ သီယက်ထားခြင်း ဖြစ်သည်။ ကျွန်တော် ၏စကားလုံး နည်းသည်။ ဘာလို့ မရှင်းသလဲဟု မေးသည်။ ကျွန်တော်က ကျွန်တော်ရေးသည်ကို မရေးဟု ပြောလျှင်တော့ ရှင်းလိမ့်မည်မဟုတ်။ ကျွန်တော် မရေးသည်ကို ရေးသည်ဟု ပြောလျှင်တော့ ရှင်းချင်ရှင်းပေလိမ့်မည်။ ယခု စကားစပ်လိုက်၍ အတိတ်ကို ကိုးကားလိုက်ခြင်းသာ။ စာမျိုးစုံ ရေးသဖြင့်

ပရိသတ်ကွဲသွားသည်ဟု ကျွန်တော်က ထင်နေသည်။ ဝတ္ထု ရေးနေလျှင်လည်း ကောင်းသား၊ ဝတ္ထုပရိသတ် ရှိမည်။ ကဗျာချည်း ရေးလျှင်လည်း ကောင်းသား၊ ကဗျာပရိသတ် ရှိမည်။ အခုတော့ စာမျိုးစုံ လျှောက်ရေးနေ၍ ပရိသတ် ကွဲသွားသောကြောင့် ကျွန်တော့်ကို သိသူ နည်းမည်ဟု ကျွန်တော်က မှတ်ထင်ထားသည်။ ယခု တောင်လေးလုံးစကားဝိုင်းကျမှ ကျွန်တော့်စာဖတ်သူတွေ ရှိပါကလားဟု သက်သာရာရသွားသည်။ လူငယ်တစ်ယောက်က မေးလိုက်သည်။ ကျွန်တော်သည် ဘာကြောင့် နာမည်ဝှက် ကလောင်ခွဲများနှင့် ရေးရသလဲ၊ သတ္တိ မရှိလို့လား။ ကျွန်တော့်မှာ ကလောင်ခွဲတွေ ရှိသည်မှာ အမှန်ပင်။ မတတ်နိုင်။

၁၉၅၀ က မောင်သစ္စာ ဟူသော ကလောင်အမည်ဖြင့် ရောင်ခြည်သစ်ဂျာနယ်တွင် စတင် ရေးခဲ့သည်။ မောင်သစ္စာ အမည်နှင့်ပင် ဆက်လက်ရေးခဲ့သည်။ သည့်အရင်က တာရာမဂ္ဂဇင်းတွင် စောတင့်မူ၊ မောင်နန်းနွယ်၊ ဂီတအယ်ဒီတာ၊ ပန်းချီအယ်ဒီတာ စသည်ဖြင့် ရေးခဲ့သည်။ သို့သော် ဆက်လက်၍ သိပ်မရေးဖြစ်။ ကျွန်တော်က နိုင်ငံရေးဝေဖန်ချက်များ ရေးချင်နေသည်။ ကျွန်တော့်မှာ "နိုင်ငံရေးစိတ်ဓာတ်" ကလေးက ရှိနေသည်။ နိုင်ငံရေးစိတ်ဓာတ်သာ ရှိသည်။ နိုင်ငံရေးသမားတော့ မဟုတ်။ ထိုအခါ ကလောင်နာမည်တစ်ခု ယူရတော့သည်။ ယင်း ရောင်ခြည်သစ်ဂျာနယ်၏ အယ်ဒီတာမှာ သထုံသိန်းမောင် ဖြစ်သည်။ ရန်ကုန်ကြေးမုံ ဟူသော အမြဲတမ်းခေါင်းစီးအောက်တွင် စတင် ရေးခဲ့သည်။

နာမည်ဝှက်ဖြင့် ရေးသော်လည်း မကြာမီ ပရိသတ်က သိသွားဟန်ရှိသည်။ ဆောင်းပါးတစ်ပုဒ်တွင် ကျွန်တော်က ဟံသာဝတီသတင်းစာတွင် ပါသော ဆရာကြီးရွှေဒေါင်း၏ ဆောင်းပါးကို ဝေဖန်လိုက်သည်။ ကျွန်တော်က ကလောင်ဝှက်ဖြင့် ရေးခြင်းဖြစ်၍ ခပ်ရဲရဲတော့ ရေးသည်။ ဆရာကြီးရွှေဒေါင်း၏ စာပိုဒ်တစ်ပိုဒ်ကို ဝေဖန်ရာတွင် ပုံကြီးချဲ့၍ ကြည့်သည်ဟု သဘောဖြစ်‌ေ ကော်ဇောပေါ်တွင် ဒူးထောက်ကာ မှန်ဘီလူးဖြင့် ခြေရာကို ကြည့်သည် ဟူသော စကားဖြင့် စုံထောက်မောင်စံရှားဟန်ဖြင့် သရော်တော်

တော် ရေးလိုက်သည်။ ဆရာကြီးက ဘယ်သူက ပြောပြ၍လည်း မသိ။ သိသွားသည်။ နောင်အခါ ဆရာကြီး၏ နေ့စဉ် 'တစ်သက်တာမှတ်တမ်း' စာအုပ်တွင် ဤသို့ အရေးအသားကြောင့် စိတ်ခုသွားသည်ဟု ဖော်ပြသည်ကို ဖတ်ရသည်။ ကျွန်တော့် ဒဂုန်တာရာ နာမည်နှင့်ဆိုလျှင် ကျွန်တော် ဤကဲ့သို့ ဆရာကြီးကို ခပ်ရဲရဲ ဝေဖန်ဝံ့မည် မထင်။

ယင်းသို့လျှင် ကလောင်နာမည်ဝှက်က ခပ်ရဲရဲ ပွင့်ပွင့်လင်းလင်း ရေးရသော အရသာရှိသည်။ စာပေဝေဖန်ရေးတွင်လည်း ကျွန်တော်သည် ကလောင်နာမည်တစ်ခု ယူခဲ့ဖူးသည်။ နောက်တော့လည်း သိသွားသည်။ ဗညားသီဟ။ ဗညားသီဟ နာမည်နှင့်ဆိုလျှင် ခပ်ရဲရဲ ရေးဖြစ်သည်။

တကယ်ကတော့လည်းဗျာ ကိုယ့်ကိုယ်ကိုယ် လှည့်စားတာတစ်မျိုးပဲဟု ပြောလိုက်မိသည်။ ဟန်ဆောင်မှုတစ်မျိုးဟုလည်း ဆိုနိုင်သည်။ သတ္တိမရှိဟုလည်း ပြောလျှင် ရနိုင်သည်။ သို့သော် နာမည်ဝှက်တစ်ခုနှင့် ရေးရသည်မှာလည်း အရသာတစ်မျိုးဟု ကျွန်တော် ခံစားမိပေသည်။ ကလောင်ခွဲနာမည်ဝှက်တစ်ခုနှင့် ရေးလျှင် ပထမတော့ မိမိရေးဟန် မတူအောင် ရေးသည်။ သို့သော် ကြာတော့ မရ။ ထို့ကြောင့် အများက သိသွားခြင်း ဖြစ်ဟန်တူသည်။ ဟန်ဆောင်သည် ဆိုသည်ကလည်း ကြာကြာ ဟန်ဆောင်၍မရ။ ကျွန်တော်က နောက်ဆုံးတွင် တကယ်ကတော့လည်းဗျာ သိသာသိစေ မမြင်စေနဲ့ သဘောပေါ့ဟု ပြောပြီး ပြုံးရယ်မိကြသေးသည်။

မယ်ဇယ်ရနံ့ကတော့ ပြတင်းပေါက်မှ ဝင်လာသည်။ တမာရနံ့ ရောပါချင်လည်း ပါတတ်သည်။ တောင်လေးလုံးစကားဝိုင်းတွင် လူငယ်များ အတော် လာကြသည်ဟု ခံစားမိသည်။ လူငယ် ဆိုသည်က နုပျိုစ၊ ပွင့်စ၊ ဖူးပြီးလျှင် ပွင့်မည်။ ပွင့်ကြပြီးလျှင် ရနံ့များ သင်းပျံ့လာမည်။ ယင်းသည် လူငယ်တို့၏ သဘာဝ။ ပွင့်သည် ဆိုလျှင် အသစ်ဟု ဆိုနိုင်သည်။ မယ်ဇယ်ပွင့်တို့မှာလည်း အသစ်ပင်။ သို့သော် မယ်ဇယ်ပွင့်အခြောက်များကို ပျားရည်တွင် စိမ်၍ သောက်ကြရသည်ကို မှတ်မိနေသည်။ မယ်ဇယ်ဖူး ဟူ၍တော့ မခေါ်။ မဥ္ဇူသကဟု ခေါ်သည်။ ဂန္ဓဝင်တန်ဖိုး ရှိသည်။ မယ်ဇယ်ပွင့်တို့သည် တစ်ပွင့်

တည်းနှင့် ပြီးသည်မဟုတ်။ တစ်ရာသီတည်းနှင့် ပြီးသည်မဟုတ်။ သူ့အချိန်ကျလျှင် ပွင့်ကြစမြဲ။ နွေဦးပေါက်လျှင် ပန်းတို့သည် ပွင့်ကြစမြဲ။ နောက်နွေဦးပေါက်၊ နွေဦးတို့ သည် ကမ္ဘာတည်သရွေ့ပင် ရှိနေဦးမည်။ ယင်းသို့လျှင် စာပေနှင့်အနုပညာကို ဤသို့ နားလည်မိပေသည်။

လူငယ်ပွင့်သစ်တို့သည် မိဘမဲ့ မဟုတ်။ ဟုတ်ခနဲ ပွင့်လာသည် မဟုတ်။ သူတို့၏ မိဘများမှ ဆင်းသက်လာသည်။ အစဉ်အလာမှ ဆင်းသက်လာသည်။ ရိုးရာမှ ဆင်းသင်လာသည်။ ယင်းရိုးရာတို့သည်လည်း သူ့ခေတ်နှင့်သူ။ အသစ်ပင်။ သို့သော် သမိုင်းခေတ်များ ပြောင်းလဲလာသောအခါ ရိုးရာတို့သည်လည်း ပြောင်းလဲရစမြဲ။ အသစ် ပွင့်ဖူးလာရသည်တော့ မဟုတ်။ မဥ္ဇူသကပန်းပွင့်ကို ပျားရည်နှင့်စိမ်၍ သုံးဆောင်လျှင် အား ရှိမည် မဟုတ်ပါလား။

မည်သည့်အစဉ်အလာပင် ဖြစ်စေ၊ သူ့ခေတ် သူ့ခေတ်တို့တွင် အကျိုးပြုသရွေ့တော့ တန်ဖိုး ရှိနေပေမည်။ ယင်းသည်လည်း သဘာဝတရားပင်။ သူ့ခေတ်၌ အကျိုးမပြုတော့ဆိုလျှင် အစဉ်အလာ ဟူ၍ ရှာဖွေကြဖို့ရာပင် အတော် ခက်ပေလိမ့်မည်။ သို့သော် ယင်းသို့ တစ်ခေတ်နှင့်တစ်ခေတ်၊ တစ်ပွင့်နှင့်တစ်ပွင့် ဒဿနတရားနှင့် ဆက်စပ်နေသည့် သဘောကို ယုံကြည်သည်။

ကျွန်တော်ကတော့ အဆင့်ဆင့် တော်လှန်ပြောင်းလဲရေးဟု ဝေါဟာရအဖြစ် သုံးခဲ့ဖူးသည်။ လူငယ်တွေ ဘာလုပ်နေသလဲကို ကျွန်တော် စိတ်ဝင်စားသည်။ တောင်လေးလုံးစကားဝိုင်းတွင် လူငယ်တို့၏အသံကို ကျွန်တော် ကြားရသည်။ လူလတ်ပိုင်းကတော့ သူ့အယူအဆနှင့်သူ၊ ဂန္ထဝင်ရနံ့နှင့် အသစ်ရနံ့ ဆက်သွယ်နေချင်ဟန်ရှိသည်။ ခက်သည်က အစွန်းနှစ်ဖက် ရှောင်ဖို့ပင်။

အသစ်ဖန်တီးခြင်းကို ပိတ်ပင်သော ဂန္ထဝင်ဝါဒကိုကား ကျွန်တော် မကြိုက်။ ရိုးရာ ဟူသမျှ ရိုက်ချိုးမှ အသစ်ပွင့်နိုင်သည် ဟူသော တချို့သော ရိုက်ချိုးရေးစိတ်ထားမျိုးကိုလည်း ကျွန်တော် အားမပေးချင်။ ရိုက်ချိုးစိတ်ထား ကြီးထွားသွားမည်ကို စိုးရိမ်မိသည်။ အစွန်း ဆိုသည်က အကျိုးပြုသည် မဟုတ်။ ကျွန်တော်ကတော့ ပြတင်းပေါက်မှ ဝင်လာသော မယ်ဇယ်ရနံ့လည်း နှစ်သက်သည်။ တမာရနံ့လည်း နှစ်သက်သည်။

တနင်္ဂနွေအုပ်စု

မဟာဂန္ဓာရုံဘက်ဆီမှ လွင့်မျောလာသော ဆည်းလည်းသံ ခေါင်းလောင်းသံများကို နှစ်သက်သူ။ ကျွန်တော်က သီချင်းကြီးလက်သံ ကောင်းကောင်းကို နှစ်သက် နားထောင်နိုင်သလို ယနေ့ ခေတ်ပေါ် အပြင်းစားသီချင်းများကိုလည်း ခံစားမှုပါလျှင် နှစ်သက်သူ။

မယ်ဧယ်ရှံ့ မွှေးမြနေဆဲကို။

၁၊ ဖေဖော်ဝါရီ၊ ၁၉၉၆
မန္တလေးယဉ်ကျေးမှုဂျာနယ်၊ မေ၊ ၁၉၉၆

❒

မယ်ဇယ်ရန့်နှင့် ခေတ်ပေါ်စာပေဝါဒ

[က]

မယ်ဇယ်ရန့်သည် တမာပင်ရိပ်ကို ဖြတ်ကာ အခန်းတွင်းသို့ စီးဆင်းလာသည်။ တောင်လေးလုံးဆွေးနွေးပွဲတွင် ကျွန်တော်က သူတို့၏ မေးခွန်းများကိုဖြေရင်း ကျွန်တော့်ခံစားမှုကို ပြောပြရင်း တွေးမိနေသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဖြစ်သည်။ ကျွန်တော် မန္တလေးရောက်လာခိုက် သူတို့က မန္တလေး စာပေအင်အားစုနှင့် တွေ့ဆုံပေးရန် စီစဉ်သဖြင့် ကျေးဇူးတင်မိသည်။

သူတို့ မေးခွန်းများမှာ ကျွန်တော် မစဉ်းစားမိသေးသော အချက်အလက်များကိုလည်း နှိုးဆွပေးသလို ရှိနေတတ်သည်။ ကျွန်တော်က ခေတ်ပေါ်စာပေကို စိတ်ဝင်စားသည်။ သူတို့သည်လည်း ခေတ်ပေါ်စာပေကို စိတ်ဝင်စားကြသည်ကိုလည်း သိရသည်။ ဘယ်နှယ့် စိတ်မဝင်စားဘဲ ရှိပါမလဲ။ ကျွန်တော်တို့သည် မျိုးဆက်ချင်း ကွာသော်လည်း၊ အသက်ချင်း ကွာသော်လည်း ခေတ်ပေါ်စာပေလမ်းကြောင်းပေါ်တွင် အတူရှိနေ၍ ဖြစ်သည် မဟုတ်ပါလား။

ကျွန်တော်က ခေတ်ပေါ်စာပေကို နှစ်ဆယ်ရာစု အစက သတ်မှတ်ချင်သည်။ ရာစုနှစ်တစ်နှစ် ဆိုပါတော့။ ယင်းရာစုနှစ်အတွင်း ခေတ်ပေါ်စာပေ အခန်းကဏ္ဍမှာ များစွာ ရှည်ပေသည်။ တကယ်က ပထမမျိုးဆက်ခေတ်၊ ဒုတိယမျိုးဆက်ခေတ် စသည်များကို ဖြတ်သန်းပြီး ယခု တတိယမျိုးဆက်သစ်

ခေတ်သို့ ရောက်ပေပြီ။ သူတို့သည်လည်း သူတို့ခေတ်အလျောက် ခေတ်ပြိုင် ခံစားမှုပေါ်တွင် အခြေတည်၍ တစ်စိတ်တစ်ပိုင်း ဆောင်ရွက်နေကြသည်။ သူ့ခေတ်နှင့်သူ၊ သူ့ခံစားမှုနှင့်သူ၊ သူ့ဟန် သူ့ပုံသဏ္ဌာန်နှင့်သူ ရှိနေကြသည်။ ဤသို့သော အစိတ်အပိုင်းများကို ပေါင်းဖွဲ့မှသာလျှင် ခေတ်ပေါ်စာပေ ဟူသော ခေတ်ကြီးတစ်ခေတ် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်ဟု နားလည်ထားသည်။

[ခ]

ဤနေရာတွင် စာပေဆိုင်ရာ၊ ခံစားမှုဆိုင်ရာ၊ အနုပညာဆိုင်ရာ ဝေါဟာရများကို သတိပြုထားရန် လိုသည်။ ခေတ်ပေါ်စာပေ၊ ခေတ်ပြိုင်ခံစားမှုစာပေ၊ ဂန္ထဝင်စာပေ။ ကျွန်တော်သည် လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်က စ၍ စာပေဝေဖန်ရေးများ ရေးသားလာခဲ့သည်။ ထိုအခါ စာပေဆိုင်ရာ၊ ဝေဖန်ရေးဆိုင်ရာ စကားလုံးများကို သတိထား၍ ရေးသားလာခဲ့သည်။ ပေါ့ပေါ့ဆဆ အလွယ်တကူ ရေး၍ မရပြီ။ ကျွန်တော်၏ စာပေအယူအဆနှင့် ဒဿနများကို ကိုယ်စားပြုသော စကားလုံးများကိုသာ ရွေးချယ်၍ သုံးစွဲခဲ့သည်သာ။

ခေတ်ပြိုင်ခံစားမှုစာပေ ဆိုသော စကားလုံးကို သုံးစွဲခဲ့သည်မှာ နှစ်နှစ်ဆယ်လောက်ပင် ရှိမည်။ ရှေးအခါက မသုံးစွဲခဲ့ပေ။ ခေတ်ပြိုင်စာပေ ဟူ၍ အတိုချုပ်၍ သုံးလျှင် ရသည်။ သို့သော် ကျွန်တော် မသုံးခဲ့ပေ။ ခေတ်ပြိုင် ခံစားမှုစာပေနှင့် ခေတ်ပေါ်စာပေ ဟူ၍ ခွဲခြားသတ်မှတ်၍ သုံးခဲ့သည်။ ခေတ်ပေါ်စာပေ နှင့် အဓိပ္ပာယ် တူညီသော ဝေါဟာရမျိုးကိုလည်း သုံးခဲ့သည်။ ဤသည်ကား အခြားမဟုတ်။ ခေတ်ပေါ်စာပေ၊ ကာလပေါ်ဝတ္ထု။ ယခုအခါ ယင်းကာလပေါ် ဟူသော စကားလုံးကို မသုံးနှုန်းခဲ့ပေ။ စာပေဝေဖန်ရေး ရေးသောအခါ၊ စာပေသဘောတရားများ ရေးသောအခါ ဝေါဟာရကို တစ်နေရာတစ်မျိုး မသုံးဘဲ၊ တမင်သတ်သတ် သုံးခဲ့သည်။ သို့မှသာလျှင် ရှင်းလင်း ဖော်ပြသောအခါ တိကျမည် ဖြစ်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကဗျာများအကြောင်းကို ဖော်ပြလျှင် ခေတ်ပေါ်စာပေ ဟူသော ကဏ္ဍဟု သုံးနှုန်းဖော်ပြခဲ့သည်။ ခေတ်ပြိုင်

စာပေ၊ ခေတ်ပြိုင်ခံစားမှုစာပေဟု မဖော်ပြပေ။ သို့သော် ဆရာကြီးသည် သူ့ခေတ်အခါက သူ၏ ခေတ်ပြိုင်ခံစားမှုကို ဖွဲ့နွဲ့သည်ဟု ကျွန်တော် ဖော်ပြသည်။

ယခု နှစ်ပေါင်း ရှစ်ဆယ်ကျော်ခန့် ကြာသောအခါ ကျွန်တော် ခေတ်ပြိုင်ခံစားမှုစာပေ ဟူ၍ မသုံးတော့ပေ။ ခေတ်ပေါ်စာပေထဲတွင်သာ စာရင်းထည့်သွင်း ဖော်ပြလိုက်သည်။ ယခုလက်ငင်း တစ်နှစ်၊ နှစ်နှစ်တို့ကို ရည်ညွှန်းလျှင် ခေတ်ပြိုင်ခံစားမှုစာပေဟု ရည်ညွှန်းသည်။ ခေတ်ပြိုင်ခံစားမှုစာပေနှင့် ပတ်သက်၍ ကျွန်တော် အဓိပ္ပာယ် အကြိမ်ကြိမ် ဖွင့်ဆိုခဲ့ပြီးပြီ။ ဂန္ထဝင် ဟူသော စကားလုံးကို ၁၉၄၀ က ထုတ်ဝေသော တက္ကသိုလ်ကျောင်းတိုက် ပင်းယကျောင်းဆောင်မှ ထုတ်ဝေသော ပင်းယမဂ္ဂဇင်းတွင် စတင် သုံးစွဲခဲ့သည်။

ယင်းဆောင်းပါး၏ ခေါင်းစဉ်မှာ 'ကမ္ဘာ့စာပေနှင့် ဗမာဂန္ထဝင်' ဟူ၍ ဖြစ်သည်။ ဂန္ထဝင် ဟူသော မူလစကားလုံး၏ အဓိပ္ပာယ်မှာ စာပေဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ ရှေးစာပေဟု အဓိပ္ပာယ်ထွက်သည် မဟုတ်ပေ။ ၁၉၅၃ က ကျွန်တော်သည် ဂန္ထဝင်ဂျာနယ် ဟူသော အမည်ဖြင့် ဂျာနယ်တစ်စောင် ထုတ်ဝေခဲ့ဖူးသည်။ တမင် စာပေ ဟူသော အဓိပ္ပာယ်ဖြင့် ကျွန်တော် အမည်ပေးထားခြင်း ဖြစ်သည်။ သို့သော် ရှေးခေတ်စာပေကို ဂန္ထဝင်စာပေဟူ၍ စာရေးသား ဖော်ပြသည်မှာ ကြာပြီဖြစ်၍ အများက ဂန္ထဝင်စာပေ ဆိုလျှင် ရှေးခေတ်စာပေ ဟူ၍ နားလည်ထားပြီး ဖြစ်နေပေသည်။ ယခုအခါ မည်သူမျှ အငြင်းမပွားကြတော့ပြီ။ ဂန္ထဝင် ဟူ၍ပင် သုံးစွဲကြပေပြီ။ ဂန္ထဝင်ဂျာနယ် ထုတ်စဉ်က ယင်းဂန္ထဝင်ဂျာနယ်ကို အင်္ဂလိပ်စကား LITERARY GAZETTE ဟု စာရေးစက္ကူခေါင်းစဉ်တွင် ဖော်ပြခဲ့ဖူးသည်။ စာပေ ဟူသော အဓိပ္ပာယ်ပင်။ ရှေးဟောင်း၊ ခေတ်ပေါ် ဟူ၍ ခွဲခြား သတ်မှတ်ထားခြင်း မရှိခဲ့ပေ။ ကျွန်တော်သည် စာပေဝေဖန်ရေး၊ စာပေအကဲဖြတ်ရေးများကို ရေးသားရင်း၊ ခေတ်ပေါ်စာပေအကြောင်း ရေးသားရင်း စာပေသမိုင်းကို ဖော်ပြမိလျက်သား ဖြစ်နေတတ်သည်။

အစကတော့ သတိမပြုမိခဲ့။ ကျွန်တော်၏ ခေတ်ပေါ်စာပေ အယူအဆဖြင့် သခင်ကိုယ်တော်မှိုင်း၏ အမျိုးသားလွတ်မြောက်ရေးကို ဖွဲ့ဆိုထားသော

စာပေကို ဝံသာနုစာပေ၊ ဖော်ကျီတို့၏ ခေတ်စမ်းစာပေကို ခေတ်စမ်းစာပေဟု သတ်မှတ်ဖော်ပြခဲ့သည်။ ကျွန်တော်သည် စာပေသစ် ဟူသော သဘောကို စစ်ပြီးခေတ်တွင် ဖော်ပြခဲ့ဖူးသည်။ ယင်းတို့သည် ခေတ်ပေါ်စာပေတွင် ပါဝင်သော အခန်းကဏ္ဍများဟု သတ်မှတ်ထားလိုက်သည်။ ကျွန်တော်၏ စာပေအယူအဆဖြင့် သတ်မှတ်ထားခြင်း ဖြစ်သည်။

ထို့နောက် ကျွန်တော်သည် မကြာသေးမီ ခေတ်ကာလက ထွက်ပေါ်ခဲ့သော စာပေတို့ကို ခေတ်ပြိုင်ခံစားမှုစာပေဟု ညွှန်းပြတတ်သည်။

မိမိတို့၏ ခေတ်အခြင်းအရာကို ထင်ဟပ်သော စာပေကို ခေတ်ပြိုင်ခံစားမှုစာပေဟု ကျွန်တော်က ယေဘုယျအားဖြင့် ဆိုခဲ့သည်။ မိမိတို့ခေတ်ကို မထင်ဟပ်သော စာပေအဖွဲ့အနွဲ့များ ရှိနေသည်ကို ကျွန်တော် သတိပြုမိသည်။ စာပေ ဆိုသည်မှာလည်း ရောနှောဖွဲ့စည်းနေတတ်သော သဘာဝရှိသည်။ မိမိခေတ်ကို ဖြတ်သန်းလျက်ရှိသော ခေတ်တွင် တကယ်တည်ရှိနေသော အခြင်းအရာ၊ တကယ်တည်ရှိနေသော အဖြစ်အပျက်များကို ဖော်ပြခြင်းကို ခေတ်ပြိုင်ခံစားမှုစာပေဟု ကျွန်တော် သတ်မှတ်ထားသည်။

စာပေသစ် အကြောင်းအရာကို ဖော်ပြရာတွင် သရုပ်ဖော်စာပေ ဟူသော ဝေါဟာရကို ကျွန်တော် သုံးခဲ့သည်။ အဓိပ္ပာယ်ကတော့ အတူတူပင် ဖြစ်သည်။ သူ့ခေတ် သူ့ခေတ်အလျောက် ဝေါဟာရများကို ရွေးချယ်သုံးစွဲရသည်။

[၈]

တောင်လေးလုံးတွင် မန္တလေးစာပေအင်အားစုများနှင့် ဆွေးနွေးကြည့်သောအခါ တစ်ယောက်က ဘဝသရုပ်ဖော်စာပေနှင့် ပတ်သက်၍ မေးမြန်းသည်။ သူက မကြာသေးမီက ထွက်ပေါ်ခဲ့သော ဝတ္ထုတစ်ပုဒ်အကြောင်းကို ညွှန်းသည်။ ယင်းဝတ္ထုတွင် ထိုအခါက ခေတ်စားသော မန္တလေးကျုံးရေပြင်ရှိ ရေပေါ်စားသောက်ခန်းတွင် တစ်ခါက ခေတ်စားခဲ့သော ကာရာအိုကေအကြောင်း ဖွဲ့သော ဝတ္ထုသည် စာပေတန်ဖိုး ရှိပါမည်လောဟု မေးသည်။ ကျွန်တော်

က တန်ဖိုးရှိပါသည်ဟု ပြောလိုက်သည်။ သမိုင်းတန်ဖိုး ရှိသည်။ ယခုအခါ ယင်းကာရာအိုကေပွဲမရှိ၍ တန်ဖိုးမရှိဟု မဆိုနိုင်။ စာပေသဘောတစ်ရပ်သည် ခေတ်ပြကြေးမုံ ရှိစမြဲ။ သို့မှသာလျှင် စာပေတန်ဖိုးလည်း ရှိမည်။ သမိုင်းတန်ဖိုးလည်း ရှိမည်။ ယင်းသည် သရုပ်ဖော်စာပေသဘော၊ ခေတ်ပြိုင် ခံစားမှုစာပေသဘောလည်း ဖြစ်သည်။

၁၉၈၉ က အရှေ့ဥရောပတစ်ခွင်တွင် ပြိုပျက်သွားသော ကွန်မြူနစ်စနစ်များနှင့် ပတ်သက်၍ ဆက်နွယ်သော စာပေသဘောတရားများကိုလည်း မေးသည်။ ယင်းကွန်မြူနစ် တစ်ပါတီအာဏာရှင်စနစ်ကြီး ပြိုပျက်သွားသဖြင့် ယင်းဆိုရှယ်လစ်စာပေတွင်လည်း ယင်းဆိုရှယ်လစ်ရေးရာစာပေသဘောတရားများ ခေတ်ကုန်သွားပြီလောဟုလည်း မေးသည်။ ကျွန်တော်က မဆိုင်ဟု ယူဆသည်။ ယင်းစနစ်များ ပြိုပျက်သွားသည်မှာ သူတို့အကြောင်းနှင့်သူတို့ ဖြစ်သည်။ ဆိုင်သည်ဟု ယူဆသူများ ရှိကောင်းရှိနိုင်သည်။ ကျွန်တော်ကတော့ မဆိုင်ဟု ကြံစည်ယူဆထားသည်။

ခေတ်ပြိုင်ခံစားမှုစာပေ ဆိုသည်က မိမိခေတ်တွင် တကယ်ဖြစ်ပျက်သည့်အတိုင်း၊ ရှိသည့်အတိုင်း သရုပ်ဖော် ရေးသားဖွဲ့နွဲ့သော စာပေကိုသာ ဆိုလိုရင်းဖြစ်သည်။ စနစ်များ ပြောင်းလျှင်လည်း ပြောင်းမည်။ တည်ရှိနေသော စနစ်၏ ရိုက်ခတ်မှုသဘောကို အနုပညာဖြင့် ဖွဲ့နွဲ့သော ဝတ္ထုသည် ခေတ်ပြိုင် ခံစားမှုစာပေ ဖြစ်သည်ဟု ကျွန်တော် သတ်မှတ်ထားသည်။ ယခုတစ်လော အနောက်နိုင်ငံမှ စာပေအယူအဆများ ချဉ်းနင်း ဝင်ရောက်လာသည်ကို တွေ့ရသည်။ ရေးသူတို့ကလည်း ရေးကြသည်။ တချို့ကလည်း အယူအဆဟောင်းများကို တင်ပြထားသည်ကို တွေ့ရသည်။ မိမိတိုင်းပြည်တွင် ဖြစ်ပျက်သည်ကို နှိုင်းယှဉ်လေ့လာခြင်းသည် ကောင်းသောလုပ်ရပ် ဖြစ်သည်။ သို့သော် မိမိတိုင်းပြည်တွင် ဖြစ်ပျက်သော အခြင်းအရာကသာလျှင် အရင်းခံသာလျှင် ဖြစ်သည်။

ယင်းအရင်းခံအဖြစ်ကသာလျှင် စာပေသဘောတရားများကို ထုတ်နုတ် ဖွဲ့စည်းသင့်သည်ဟု ကျွန်တော်က ယူဆထားသည်။ အရှေ့ဥရောပတွင်

ကွန်မြူနစ်စနစ်ကြီး (တချို့ကတော့ တော်တော်များများ ဖြစ်မည် ထင်သည်) ပြိုကွဲသွားခဲ့သည်မှာ မှန်သည်။

သူတို့သည် အဟောင်းမှ အသစ်သို့ ပြောင်းလဲနေသောသဘော ဖြစ်သည်။ မိမိအခြေအနေနှင့် လျော်ညီသော စနစ်သစ်များကို မွေးဖွားပေးကြပေလိမ့်မည်။ ကျွန်တော်က သည်လိုပဲ သဘောထားသည်။

စာပေသည် နိုင်ငံရေး ထင်ဟပ်ချက်ဖြစ်၍ စာပေတွင် အပြောင်းအလဲများသည် ရိုက်ခတ်နိုင်သည်။ သို့သော် ပြောင်းလဲနေခြင်းကို မိမိတို့က စိစစ်ကာ မိမိတို့စာပေအခြေအနေနှင့် ကိုက်ညီသော အဖွဲ့အနွဲ့များကိုသာ ဆက်လက်၍ ဖန်တီးကြရမည်ဟု ကျွန်တော် ယူဆသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က တင်သွင်းလာသော အသိစိတ်အလျှဉ်စီးဆင်းမှု ဟူသော ပေါ်ထွက်လာသော စာပေအယူအဆအကြောင်းကိုလည်း ကြားနေရသည်။ ကျွန်တော်က အဖွဲ့အနွဲ့ကိစ္စဟုသာ သဘောထားသည်။ ကျွန်တော် ကောင်းစွာ နားမလည်။

ကျွန်တော်တို့ ပြောဆိုနေကြစဉ် တောင်သမန်အင်းစောင်းမှ ဖြတ်သန်း စီးဆင်းလာသော မယ်ဇယ်ရန့်သည် သင်းပျံ့လာသည်။

ယင်းမယ်ဇယ်ရန့်သည် မည်သည့် နှစ်ကာလက စ၍ ပျံ့မွှေးခဲ့သလဲ။ ယခုလည်း ပျံ့မွှေးနေဆဲပါလား။ ဖန်တီးမှုသည် မည်သည့်ခေတ်တွင်မဆို မွှေးပျံ့နေမည်သာ မဟုတ်ပါလား။

၂၅၊ မေ၊ ၁၉၉၆
မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဇူလိုင်၊ ၁၉၉၆

❐

တောင်လေးလုံးရင်ပြင်မှ စာပေရေစီးကြောင်းစိမ်းပြာ

[က]

မယ်ဇယ်ပင်၊ အမရပူရစေတီတော်တို့ဖြင့် ဆင်သထားသော တောင်လေးလုံးကို လွန်ခဲ့သော ၂ နှစ်ခန့်က ရောက်ခဲ့သည်။ သတိရနေမိသည်။ မယ်ဇယ်ပင်တန်းသို့ ရောက်ဖူးသည်ကတော့ ၁၉၅၀ က၊ ကြာပါပြီ။ သကြ်န်လတွင် ရောက်သဖြင့် နေရှိန်ကတော့ ရှိသည်။ သို့သော် ညနေစောင်းတွင် တောင်သမန်အင်း၊ ဦးပိန်တံတားဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ မယ်ဇယ်ရနံ့က သင်းပျံ့နေသည်။ အေးအေးလူလူ ရှိလာသည်။ မယ်ဇယ်ရနံ့ ။ တောင်လေးလုံးရင်ပြင်သို့ သတိရတိုင်း ခေတ်ပေါ်စာပေရေစီးကြောင်းကို သွား၍ သတိရမိသည်။ မန္တလေးစာပေအင်အားစုများက ကျွန်တော်၏ စိန်ရတုမွေးနေ့အကြိုတွင် စာပေမွေ့သူများနှင့် ဆုံစည်းအောင် လုပ်ပေးခဲ့သည်မှာ အင်မတန် အဖိုးတန်သည်။

ခေတ်ပေါ်စာပေတွင် လှိုင်းထနေသောအခါလည်း ဖြစ်၍ ကျွန်တော်သိချင်သော စာပေရေးရာများကို သူတို့၏ မေးခွန်းများကြောင့် သိခွင့်ရသွားသည်။ ကာရန်မဲ့၊ ဂန္ထဝင်၏အခန်း၊ အသိစိတ်အလျဉ်စီးဆင်းမှု၊ ဘဝသရုပ်ဖော်စာပေ ခေတ်ကုန်ပြီလော၊ ခေတ်ပြိုင်ခံစားမှု စသည်များဖြင့် ပတ်သက်၍ မေးမြန်းကြသည်။ အပြန်အလှန် နှီးနှောမိကြသည်။ ယင်းတို့သည် ခေတ်ပေါ်စာပေနှင့် ပတ်သက်သော ပြဿနာများ ဖြစ်ကြ၍ ကျွန်တော် စိတ်ဝင်စားသည်။ သူတို့နှင့် ကျွန်တော်သည် အသက်အားဖြင့် ကွာခြားကြသည်။ ကျွန်တော့်ထက် အများကြီး ငယ်သူများ ပါသည်။

သို့သော် အသက်အရွယ် ငယ်သည်၊ ကြီးသည်က အရေးမကြီး။ ကျွန်တော်တို့အားလုံး ခေတ်ပေါ်ရေစီးကြောင်းထဲတွင် လှုပ်ရှားနေကြသော သူများဖြစ်၍ ဘဝတူဟု ဆိုနိုင်သည်။ ခေတ်ပေါ်စာပေ ဆိုသည်က ကျယ်ဝန်းသည်။ ကျွန်တော်၏ သတ်မှတ်ချက်အရဆိုလျှင် ၂၀ ရာစုနှစ် အစက စ၍ ရေတွက်ထားသည်။ ထို့ကြောင့် သူတို့နှင့် ဆိုင်သည်။ ကျွန်တော်နှင့် ဆိုင်သည်။ ခေတ်ပေါ်စာပေ ဆိုသည်က အကျယ်ပြန့်ကြီး။ ယင်းအကျယ်အပြန့်၊ အကျယ်ကြီးတွင် အစိတ်စိတ် အမြွာမြွာ အခန်းခန်း များစွာ ရှိသည်။ စာပေသမိုင်းခေတ်များကို ဖြတ်သန်း၍ စီးဆင်းနေကြသည်။

စာပေရော ရေအလျဉ်သည် မေခ၊ မလိခ နှင်းခဲတောင်တန်းများမှ စီးဆင်းလာသည်။ အောက်သို့ စုန်ဆင်းလာသည်။ တကောင်းကို ဖြတ်သည်။ မန္တလေးကို ဖြတ်သန်းသည်။ ပုဂံကို ဖြတ်သည်။ သရေခေတ္တရာကို ဖြတ်သည်။ ရာမည မွန်ဒေသတစ်ခုလုံးကို ဖြတ်သန်းကာ ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဆင်းသွားသည်။ အကျယ်အပြန့်။ ကျွန်တော် စိတ်ဝင်စားသည်က ခေတ်ပေါ်စာပေနှင့် ပတ်သက်၍ သူတို့၏ ခံစားမှုများ။ ၂၀ ရာစုနှစ် အစကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အမျိုးသားလွတ်မြောက်ရေး ဝံသာနုစာပေများ၊ ထို့နောက် ခေတ်စမ်းစာပေ။ ထို့နောက် စာပေသစ်၊ ထို့နောက် … ထို့နောက် …။

မြန်မာစာပေရေစီးကြောင်း ဖြတ်သန်းလျက်ရှိသည့် အခြေအနေ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ကျွန်တော့်ထက် ၄၃ နှစ်ကြီးသည်။ ဆရာဇော်ဂျီသည် ကျွန်တော့်ထက် ၁၀ နှစ်ကျော် ကြီးသည်။ ယခု ထိတွေ့နေရသူများကတော့ ကျွန်တော့်ထက် ၃၀-၄၀ ငယ်ကြလိမ့်မည်။ ဒါက အရေးမကြီး။ သူတို့သည် တစ်ကန့်စီ တစ်ကန့်စီ၊ တစ်ခေတ်စီ တစ်ခေတ်စီ၊ စာပေဖန်တီးမှုများကို ဆောင်ရွက်နေသူများ ဖြစ်ကြသည်။ ရေအရောင်က ပြောင်းလဲပေလိမ့်မည်။ ကြည်လင်သည့်အခါ မြကန်သာ၊ တောစိမ်းစိမ်းများကို ဖြတ်သန်းသည့်အခါ ရေစိမ်းစိမ်း၊ ကောင်းကင်ပြာနေသည့်အခါ အပြာ၊ ဒိုက်မြော်တို့ကို ဖြတ်သန်းရသည့်အခါ ရေညှိရောင် ဝါကြန့်ကြန့်။ ဒါက ကိစ္စမရှိ။ အားလုံးသည် ရေစီးကြောင်း

၏ ရေအလျဉ်တွင် လှုပ်ရှားနေရသည် မဟုတ်ပါလား။

[ခ]

ကဗျာဆရာကိုကြည်လင်က မေးခွန်း များစွာ မေးသည်။ ကဗျာ၊ ဝတ္ထု၊ ခရီးသွားမှတ်တမ်း၊ စာပေဝေဖန်ရေး၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့။ သူက ကျွန်တော်၏စာပေ အားလုံးလိုလိုကို ဖတ်ဖူးနေပုံရသည်။ ယနေ့ခေတ် ဆယ်ကျော်သက် စာပေမွေ့သူများက ကျွန်တော်၏စာ အားလုံးကို ဖတ်ဖူးဟန်မတူဟု သူတို့နှင့်တွေ့တိုင်း ခံစားရသည်။ ယခု တောင်လေးလုံးရင်ပြင်တွင် တွေ့ထိရသောသူများမှာ ကျွန်တော်၏စာများနှင့် ထိတွေ့ဖူးသည်ဖြစ်၍ ကျွန်တော်တော်တော်ပင် အားတက်မိသည်။ မေးကြသော အကြောင်းအရာများအနက် ရုပ်ပုံလွှာအဖွဲ့အနွဲ့ကို ရောက်ရောက်သွားတတ်သည်။ ကျွန်တော်သည် ဆုးငှက်ပေးထားသော တောင်လေးလုံးရင်ပြင်ဆွေးနွေးခန်း တိပ်ခွေကို ပြန်ဖွင့်လှစ်မိသည်။ စကားလုံးများ အားလုံးကိုတော့ တိတိကျကျ မမှတ်မိ။ မှတ်မိတာတွေလည်း ရှိသည်။ အကြောင်းအရာတွေကိုသာ မှတ်မိသည်။ တိပ်ခွေပြန်ဖွင့်သောအခါ စကားလုံးများ တိတိကျကျ ပြန်ကြားရသည်။ ဆွေးနွေးခန်းအလယ်မှာ ကောက်ညှင်းပေါင်းနှင့် အကြော် စားနေရင်း ကိုကြည်လင်က အနုပညာအဖွဲ့အနွဲ့နှင့် ပတ်သက်၍ မေးပြန်သည်။ ရုပ်ပုံလွှာအဖွဲ့အနွဲ့ကို ကျွန်တော်လွန်ခဲ့သော အနှစ် ၅၀ က ရေးခဲ့သည်။ ကိုဗဟိန်း၊ ကိုဗဆွေ၊ သခင်နု၊ သခင်ကိုယ်တော်မှိုင်း၊ သခင်သန်းထွန်း၊ သခင်တင်မောင်၊ ဦးသိန်းဖေမြင့်၊ မဟာဆွေ၊ ဗန်းမော်တင်အောင်၊ ရဲထွဋ်၊ ဂျာနယ်ကျော်မမလေး၊ စောင်းဦးဘသန်း၊ ပန်းချီဦးအုန်းလွင်၊ ဒေါက်တာလှရွှေ စသော နိုင်ငံရေးနယ်ပယ်မှ၊ အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များအကြောင်းကို ရေးသားခဲ့ဖူးသည်။

ယင်းအဖွဲ့အနွဲ့ကို ရုပ်ပုံလွှာအဖြစ် ၁၉၅၅ က ထုတ်ဝေခဲ့သည်။ ယင်းရုပ်ပုံလွှာအဖွဲ့အနွဲ့နှင့် ပတ်သက်၍ ပြောရာတွင် ကျွန်တော် Impressed (Impressed ဆိုသည်မှာ စွဲငြိလာခြင်း၊ အထင်ရှိလာခြင်းကို ဆိုလိုသည်) ဖြစ်တဲ့ လူတွေအကြောင်း ရေးတယ်။ ချစ်တာ၊ မုန်းတာနဲ့ မဆိုင်ဘူး။ အဲ့ဒီ

အချိန်မှာ သဘောကျတဲ့လူကို ရေးလိုက်တာ၊ ကျောင်းသားဘဝနဲ့ မတူတော့ဘူး။ ပြောင်းသွားပြီ။ သူ့အရည်အချင်းကလည်း အဲဒီမှာ ပေါ်လာပြီ။

ကိုဗဟိန်းအကြောင်း ရေးလိုက်တာလည်း သည်လိုပဲ။ သူ ဆုံးမှ ကျွန်တော် ရေးလိုက်တာ။ သခင်သန်းထွန်း တောခိုသွားလို့ ကျွန်တော် ရေးဖြစ်လိုက်တာ။ တောမခိုရင် ရေးချင်မှ ရေးဖြစ်မယ်။ အဲဒီဟာမျိုးနဲ့ပဲ ရေးလိုက်တာပဲ။ ကျွန်တော် သိတာပဲ ရေးတယ်ဟု ပြောခဲ့သည်။ ယင်းစကားရပ်များမှာ တိပ်ခွေမှ ကူးယူဖော်ပြသော စကားရပ် ဖြစ်သည်။

[၈]

ကျွန်တော်သည် သူတို့နှင့် မေးဖြေပြောဆိုရင်းက မြန်မာခေတ်ပေါ် စာပေရေစီးကြောင်းကို ပိုမို ထင်ရှားစွာ သိမြင်လာသည်ဟု ဆိုရပေမည်။ ယခုတစ်လော ထိတွေ့နေရသော ခေတ်ပေါ်စာပေရေစီးကြောင်းကို ခံစားကြည့်သောအခါ ခေတ်ပေါ်စာပေတွင် အယူအဆနှစ်ခုရှိနေသည်ကို တွေ့နေရသည်။ စာပေသည် သူ့ခေတ်ကို ဖော်ပြရမည် ဟူသော အယူအဆနှင့် မိမိ၏ပုဂ္ဂလိက ခံစားမှုသာလျှင် ဖွဲ့နွဲ့ရမည် ဟူသော စာပေအယူအဆ ရှိနေသည်ကို တွေ့နေရသည်။ ပထမအယူအဆက ကျွန်တော် လွန်ခဲ့သော အနှစ် ၅၀ ခန့်က ဖော်ပြခဲ့သော စာပေသစ်အယူအဆ။ ဒုတိယအယူအဆကတော့ ဘာမျှ ဆန်းသည် မဟုတ်။ ထိုအခါကပင် တည်ရှိနေသော အနုပညာသည် အနုပညာအတွက် အယူအဆကို အခြားစကားလုံးဖြင့် ဖော်ပြနေသော အယူအဆ။

ယနေ့ခေတ်တွင်တော့ သူ့ခေတ်ပြိုင် ဘာသာစကားနှင့် ပြောဆိုခြင်းသာ ခြားနားသည်။ ယင်းအယူအဆနှစ်ရပ်တို့သည် အပြိုင် တည်ရှိနေသည်။ တစ်ခေတ်၊ တစ်ကွေ့ရောက်လျှင် ယင်းအယူအဆတို့သည် တက်ကြွမည်၊ ငုပ်နေသည်မှာ သဘာဝကျသည်။

ခေတ်ပေါ်စာပေအယူအဆ ဟူသော သဘောကို ကျွန်တော် လက်ရှိ ကျွန်တော်တို့၏ အမျိုးသားအခြေအနေပေါ်တွင် တည်၍ အဓိပ္ပာယ်ဖွင့်သည်။ မည်သည့် နိုင်ငံခြားစာပေအယူအဆမှ သက်ရောက်ခြင်း မရှိပေ။ ခေတ်ပေါ်

စာပေ အယူအဆ၊ ခေတ်ပေါ်စာပေဝါဒများကို စဉ်းစားသောအခါတွင်လည်း ယင်းသို့သော မိမိ အမျိုးသားအခြေအနေပေါ်တွင် တည်၍ စဉ်းစားသည်။ ကျွန်တော်တို့၏ တိုင်းပြည်သည် ကျွန်တော်တို့၏ သမိုင်းအစဉ်အလာ ဖြစ်ပေါ်တိုးတက်မှုတို့ဖြင့် တည်ရှိနေသည်။ ဥရောပ၊ အနောက် စသော သမိုင်းခေတ်များနှင့် တူသည် မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာလည်း တူကြသည် မဟုတ်ပေ။ ထို့ကြောင့် မိမိ ခေတ်ပြိုင် အမျိုးသားအခြေအနေပေါ်တွင် တည်၍ စဉ်းစားယူဆခြင်းသာ ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၆၀ ကျော်က စ၍ နိုင်ငံခြား ရသစာပေများကို ဖတ်ခဲ့သည်။ သူတို့ ရသစာပေ ဖွဲ့နွဲ့ပုံ နည်းပညာများကို ရရှိသည်။ သို့သော် ကျွန်တော် ရေးချလိုက်သောအခါ ကျွန်တော်တို့၏ အမျိုးသားခံစားမှုရနံ့ ပါအောင် ဖွဲ့သည်။ စာရေးစ၊ ငယ်စဉ်ကတော့ ဩဇာဝင်ကောင်း ဝင်နိုင်သည်။ သို့သော် စာရေးသက် ရလာသောအခါ အရင်လို မဟုတ်တော့။ ကျွန်တော် နားလည်လာရသည်။ လွတ်လပ်ရေး ရစ နှစ်လောက်ကာလက စ၍ ကျွန်တော်သည် အနောက်နိုင်ငံ (သို့) ဥရောပမှ မှီးသည့်အလုပ်ကို ကျွန်တော် မလုပ်တော့ပေ။ ဘာသာပြန်လျှင် တိုက်ရိုက်ပြန်သည်။

မြို့ရွာ၊ လူနာမည်များကို မြန်မာနာမည် ပြောင်းချင်ပြောင်းမည်။ လွတ်လပ်ရေး ရသည် ဆိုသည်မှာ မိမိတို့၏ အမျိုးသားမှုဖြင့် ရပ်တည်သည်ဟု ဆိုလိုခြင်းဟု ခံစားမိခဲ့သည်။ Modernization ခေတ်မီရေး ဟူသော သဘောကို တချို့သောသူများနှင့် ကျွန်တော် အယူအဆ ကောက်ယူခြင်း မတူ။ ဆိုပါတော့၊ ဆပ်ပြာ။ ကျွန်တော်တို့သည် ခေတ်နောက်ကျနေသဖြင့် ကျွန်တော်တို့ထက် စောစော အနောက်နိုင်ငံမှ ဆပ်ပြာချက်သော နည်းပညာ၊ ဆပ်ပြာချက်သောစက်ကို ယူချင်ယူမည်။ သို့သော် ဆပ်ပြာသည် မြန်မာမြေပြင်တွင် ဖူးပွင့်သော ပန်းရနံ့ဖြင့် မွှေးစေချင်သည်။ ယင်းသည် ခေတ်မီရေးပင်။ နိုင်ငံခြားမှ တင်သွင်းသော ဆပ်ပြာကို သုံးခြင်းသည် ခေတ်မီရေး မဟုတ်။ ခေတ်မီသော အရာကို သုံးစွဲခြင်း ဖြစ်သည်။ ယင်းသို့ ကျွန်တော် ယူဆသည်။ စာပေကိုလည်း ယင်းသဘောဖြင့် ကျွန်တော် ယူဆသည်။

မှီးခြင်း၊ ပုံတူကူးချခြင်းသည် ဆန်းသစ်တီထွင်မှု မဟုတ်ပေ။ ယင်း

သို့သော ကျွန်တော်ဖြတ်သန်းခဲ့ရသော သမိုင်းခေတ်များအရ သိရှိခဲ့ရသော အယူအဆဖြင့် ကျွန်တော်သည် ခေတ်ပေါ်မြန်မာစာပေကို ဖွဲ့စည်းမိပေသည်။

တောင်သမန်အင်းဘေးမှ ဖြတ်သန်းစီးဆင်းလာသော မယ်ဇယ်ရန့်သည် အခန်းတွင်းသို့ ဝင်လာသည်။ ကျွန်တော်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က တောင်လေးလုံးရင်ပြင်တွင် မန္တလေးစာပေအင်အားစုများနှင့် ဆွေးနွေးနေပုံကို တိပ်ခွေမှ နားထောင်ရင်း တွေးတောနေမိပေသည်။

၁၃၊ ဇူလိုင်၊ ၁၉၉၆ (ကလော)

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ စက်တင်ဘာ၊ ၁၉၉၆

❒

တောင်လေးလုံးရင်ပြင်မှ ခေတ်ပေါ်မြန်မာစာပေ၏ ညီညွတ်ရေးအသံ

[က]

မယ်ဇယ်ရန္တသင်းသင်း၊ တမာရန့်မွှေးမွှေး တောင်လေးလုံးရင်ပြင်တွင် ကျွန်တော်သည် မန္တလေးစာပေအင်အားစုကို တစ်စုတဝေးတည်း တွေ့ရသည့်အတွက် ကျွန်တော်သည် ခေတ်ပေါ်စာပေ ရေစီးကြောင်းစိမ်းပြာ၏ တိုးထိမိခြင်းကို ခံစားနေမိသည်။ ကျွန်တော်က ပထမမျိုးဆက်၊ သူတို့က တတိယမျိုးဆက်၊ သို့သော် ကွာဟမသွားပါ။ သူတို့ထက် စောသော ဒုတိယမျိုးဆက်များလည်း ပါသည်။ သိပ်တော့ မများ။ ကျွန်တော်တို့ ဖြတ်သန်းစ ပထမမျိုးဆက် ကိုလိုနီခေတ်၏ နောက်ခံကားက မြန်မာအမျိုးသား ဂန္ထဝင်စာပေနှင့် အနောက်နိုင်ငံ ခေတ်ပေါ်စာပေတို့ ပေါင်းစပ်ထားသော နောက်ခံကား ဖြစ်သည်ဟု ဆိုရပေမည်။

ဒုတိယမျိုးဆက်ကတော့ လွတ်လပ်ခါစ၊ အမျိုးသားနိုင်ငံတော်သစ် ပွင့်ဖူးစ ယဉ်ကျေးမှုနောက်ခံကား ဖြစ်သည်။ ယနေ့ခေတ်သည်ကား တတိယမျိုးဆက် ဆိုပါတော့။ တစ်ခေတ်နှင့်တစ်ခေတ် အဆက်အစပ် ရှိသည်လည်း ရှိနိုင်သည်။ အဆက်အစပ် မရှိလည်း ဖြစ်နိုင်သည်။ ကိုလိုနီနောက်ခံကား၏ သဘောကတော့ အမျိုးသားမြန်မာဂန္ထဝင်စာပေ၏ စည်းစနစ် အလှအပနှင့် အနောက်နိုင်ငံ ခေတ်ပေါ်စာပေဝါဒသဘောများ ပေါင်းစပ်ထားသည်ဟု နား

လည်လိုက်သည်။ သူ့စံနှုန်းနှင့်သူ၊ သူ့စနစ်နှင့်သူ အသီးသီး ရှိကြသည်သာ။ ဒုတိယမျိုးဆက် အမျိုးသားနိုင်ငံတော်သစ် ဖွဲ့စည်းစကာလ။ နောက်ခံကားကတော့ ဒီမိုကရေစီလှုပ်ရှားမှုအစ မြန်မာနိုင်ငံ၏ နိုင်ငံရေးလှုပ်ရှားမှုကို ထင်ဟပ်ထားသည့် သဘောတရားများဖြင့်လည်း ထုံမွမ်းထားသည်။ ထို့နောက်မှ တတိယမျိုးဆက် ဖြစ်ပေါ်လာရသည်။ ကျွန်တော်က ပထမမျိုးဆက်ခေတ်နှင့် ဒုတိယမျိုးဆက်ခေတ်ကို ဖြတ်သန်းသွားပြီးပြီ။ ယခု တတိယမျိုးဆက်ကို ဖြတ်သန်းနေဆဲ။

တောင်လေးလုံးရင်ပြင်ပင်လျှင် အမရပူရမြေပြင်ပေါ်တွင် ရှိနေသည်။ အမရပူရ ဆိုသည်က အတိတ်၊ အမရပူရ နန်းတော်ဝန်းကျင်လည်း ဖြစ်ချင်ဖြစ်မည်။ ကျွန်တော်တို့ မမြင်လိုက်ရသော အတိတ် အစအနတို့ဖြင့် ပေကျံချင်ပေကျံနေလိမ့်မည်။ သာမန်မျက်စိဖြင့်တော့ မမြင်နိုင်။ ကျွန်တော်တို့ ထိုင်နေသော မြေကြီးအောက်တွင် မည်ကဲ့သို့သော ရှေးအတိတ် ရှိနေသနည်း ဆိုသည်ကို မသိနိုင်။

လွတ်လပ်ရေး ရပြီးကတည်းက ကျွန်တော်တို့ နိုင်ငံသည် လှုပ်ရှားလျက် ရှိခဲ့သည်။ အနောက်ဘက် ဥရောပဘက်နှင့် မတူ။ ဥရောပဘက်၊ အနောက်ဘက်ကတော့ လွန်ခဲ့သော အနှစ် ၂၀၀ ကတည်းက စက်မှု ထွန်းကားပြီးလျှင် သူတို့၏ နိုင်ငံတော်ကို စက်မှုသိပ္ပံ ဖွံ့ဖြိုးစ အရင်းရှင်စနစ်ဖြင့် နိုင်ငံကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြသဖြင့် မအားလပ်ကြ။ တည်ငြိမ်နေကြသည့် အနောက်နိုင်ငံ၏ ခေတ်ပေါ်စာပေ ဆိုသည်မှာလည်း အရင်းရှင်ခေတ်၏ ထင်ဟပ်ချက်ပင်။ ကျွန်တော်တို့နှင့် သမိုင်းဖြစ်ပေါ်ပုံခြင်း မတူ။

စာပေသည်လည်း ယင်းအတိုင်းပင်။ သူ့ခေတ်၏ နိုင်ငံရေးထင်ဟပ်ချက် ရှိသည်မှာ အမှန်ပင်။ ဂန္ထဝင်စာပေခေတ် ဆိုသည်က နောက်တွင် အများကြီး ကျန်ရစ်ခဲ့ပေပြီ။ ဂန္ထဝင် ဆိုထားသဖြင့် သူ့ခေတ်နှင့်သူ အများပြည်သူတို့က နှစ်သက်လက်ခံ ကျန်ရစ်ခဲ့သော စာပေကို ဂန္ထဝင်စာပေဟု နားလည်ကြရသည်။ လွန်ခဲ့သော အနှစ် ၁၀၀ ကျော်က စ၍ ခေတ်ပေါ်စာပေဟု စတင်ခဲ့သည်။ ခေတ်ပေါ်နှစ်ကာလ၊ နှစ်ဦးဟု ဆိုနိုင်သော ကာလတွင် ဆရာကြီး

သခင်ကိုယ်တော်မှိုင်းသည် အမျိုးသားလွတ်မြောက်ရေးကို ဖွဲ့ဆို သီကျူးခဲ့ပြီးပြီ။ ထို့နောက် ဂန္ထဝင်စာပေပေါ်တွင် အခြေအမြစ်ခံပြီး သူ့ခေတ်အလျောက် အနောက်ဘက်မှ ရောက်လာသော စာပေအဖွဲ့အနွဲ့ အယူအဆတို့ဖြင့် အသစ်ပြန်၍ ဖွဲ့နွဲ့ ဖန်တီးသော ခေတ်စမ်းစာပေသည်လည်း လွန်ခဲ့သော အနှစ် ၅၀ ကျော်က ထွန်းကားခဲ့ပြီးပြီ။

တက္ကသိုလ်ပရိဝုဏ်မှ ပေါ်ထွန်းလာသော စာပေအဖွဲ့အနွဲ့ ဖြစ်၍ ဆန်းသစ်သည်မှာလည်း အမှန်ပင်။ ဆန်းသစ်မှုသည် သူ့ခေတ်နှင့်သူ ရှိသည်။ နောက်တစ်ခေတ် ပြောင်းလာသောအခါ ဆန်းသစ်မှုအသစ် ရောက်ရှိလာသည်။ လွတ်လပ်ရေး ရရှိခါစ ကာလကစ၍ စာပေသစ် ဟူသော အဖွဲ့အနွဲ့တစ်ခု ပေါ်လာပြန်သည်။ ယင်းတို့သည်လည်း သဘာဝကျသည်ဟု ဆိုနိုင်သည်။

သူ့ခေတ်များက ဆင့်ကဲ ဆင့်ကဲ ပေါ်ထွန်းလာစမြဲပင်။ ကျွန်တော်တို့၏ နိုင်ငံတော်သမိုင်းတွင် ခေတ်တစ်ခေတ်ကို တည်ငြိမ်စွာ၊ အရှိန်ကောင်းစွာ တည်ထောင်ခွင့် သိပ်မရခဲ့ကြ။ ပြောင်းလဲမှုများက မြန်ဆန်သည်။ ကွေ့ကောက်သည်။ အကဲဖြတ်ရသည်မှာပင် သိပ်မလွယ်။ နက်ရှိုင်းစွာ၊ ပြည့်စုံစွာ လေ့လာမှသာလျှင် ပြောင်းလဲခြင်း၏ အဓိပ္ပာယ်ကို ကောင်းစွာ ဖော်နိုင်သည်။ ယခုတောင်လေးလုံးရင်ပြင်တွင် မန္တလေးစာပေအင်အားစုများနှင့် အပြန်အလှန် ဆွေးနွေးလိုက်သောအခါ အတန်ငယ် ရုပ်ပုံကို ဖမ်းမိလာသည်။ သူတို့ကလည်း ပွင့်လင်းကြသည်။ ကျွန်တော်ကလည်း လွန်ခဲ့သော အနှစ် ၄၀ ကျော်ကျော် ၅၀ နှစ်ပိုင်းအတွင်း စာပေဝေဖန်ရေးများ ကြိုးကြား ရေးသားခဲ့ရာ ကျွန်တော်၏ ရေးသားချက်များကို သူတို့သည် ဖတ်ပြီးသူများဖြစ်ကြ၍ အားရမိသေးသည်။

ယနေ့ခေတ်တွင် ငြင်းခုံ ပြောဆိုနေကြသော တချို့သော စာပေဝေဖန်ရေးဆရာတို့မှာ ကျွန်တော်တို့၏ စာပေသက်တမ်းအတွင်း၊ စာပေဝေဖန်ရေး သက်တမ်းတစ်လျှောက်အတွင်း ရေးသားဖော်ပြခဲ့သော အယူအဆများကို ကောင်းစွာ ကျကျနန ဖတ်ဖူးပုံ မရ။ လေ့လာထားပုံ မရ။ မန္တလေးစာပေအင်အားစုတို့ကတော့ တော်တော် ဖတ်ရှုလေ့လာထားဟန် တူသည်။ သူတို့မေးခွန်းများကို ကြည့်၍ ဤသို့ ခံစားမိသည်။

စာပေသက်တမ်း ခေတ်တစ်ခေတ်နှင့် တစ်ခေတ် စံနှုန်းခြင်း မတူကြပေ။ သူ့စံနှုန်းနှင့်သူ ရှိနေကြသည်။ ယင်းစံနှုန်းတို့ကို သိရန်လိုသည်။ ဂန္ထဝင်ခေတ်က စံနှုန်း၊ ခေတ်ပေါ်စာပေ အစ ဝံသာနုခေတ်က စံနှုန်း၊ ခေတ်စမ်းစာပေခေတ်က စံနှုန်း၊ စာပေသစ်ခေတ်က စံနှုန်းဟု ရှိကြသည်။ ယင်းသို့ စံနှုန်းများကို သိမှသာလျှင် မျိုးဆက် တစ်ခေတ်နှင့်တစ်ခေတ် နားလည်နိုင်ကြမည်။

ထိုအခါ စာပေဝေဖန်သောအခါ မိမိတို့၏ ခေတ်အကြောင်းကိုလည်း မိမိတို့သိပြီး ဖြစ်ပေလိမ့်မည်။ မိမိတို့ ယခင်ခေတ်က ဆက်ခံခဲ့သော စံနှုန်းကိုလည်း သိထားမှသာလျှင် တန်ဖိုးဖြတ်ရာတွင် မှန်ကန်ပေမည်ဟု ယူဆရသည်။

[ခ]

စာပေခေတ် တစ်ခေတ်နှင့်တစ်ခေတ်ကလည်း ကျေးဇူးပြုကြစမြဲ။ ဆက်စပ်မှုမရှိ မဟုတ်ပေ။ သက်သက် ဟူ၍လည်း မရှိပေ။ ယင်းသို့ တစ်ခေတ်နှင့်တစ်ခေတ် ကျေးဇူးပြုသည့်သဘောကို တစ်ခါက ကျွန်တော်သည် အဆင့်ဆင့် တော်လှန်ပြောင်းလဲရေး ဟူသော စကားရပ်ဖြင့် ဖော်ပြခဲ့ဖူးသည်။ ကျွန်တော်သည် ကဗျာခေတ်များအကြောင်း ဖော်ပြခဲ့ရာ ၁၉၅၉ က တင်ပြသော ကျွန်တော်၏ စာတမ်းတစ်ခုတွင် အလေ့ကျ ပေါက်နေသော ပန်းရိုင်းများဟု ကျွန်တော် ပုံကားချပ် ဆွဲပြခဲ့သည်။ ၄င်းပတ်ဝန်းကျင် နှစ်ကာလက ဘားမား စတား စသော စာစောင်လေးများ ထွက်နေသည်။ ယင်းစာစောင်များထဲတွင် ကဗျာ အများအပြားကို ဖတ်ရသည်။

အချို့သော ကဗျာများမှာ အကြောင်းအရာ ကောင်းသည်။ သို့သော် ကဗျာ၏ မူလအခြေခံဖြစ်သော သီကုံးဖွဲ့စည်းမှု ကောင်းစွာ မပါရှိပေ။ ကျွန်တော်က အလေ့ကျ ပန်းရိုင်းတောထဲမှ အလှအပကို ခံစားချင်နေမိသည်။ ပွင့်သစ်များကို မျှော်လင့်နေမိသည်။ ကျွန်တော်သည် လင်္ကာနှင့်ကဗျာကို ခွဲခြားသတ်မှတ်ချင်နေခဲ့သည်။

ကဗျာနှင့် စကားပြေတို့၏ စာပေပုံသဏ္ဌာန် ခြားနားမှု အကွာအလှမ်းကို ကျွန်တော် ဖော်ပြခဲ့ဖူးသည်။ ထိုအခါကတော့ ပြဿနာမဖြစ်ခဲ့ပေ။ ယခု

အနှစ် ၃၀ ကျော်သောအခါ ပြဿနာအဖြစ် ဆွေးနွေး ငြင်းခုံနေကြပြီ။ တစ်ခေတ်နှင့် တစ်ခေတ် မတူကြပေ။ ယင်း ၁၀ ပြားတန်ခေတ်က ကဗျာအခြေအနေကို ကျွန်တော်က အိပ်ပျက်၊ ပျဉ်တိုပျဉ်စများ စုပုံနေခြင်း၊ လမစေ့ဘဲ မွေးဖွားသော သားပျက်မွေးဖွားခြင်း ပုံကားချပ်ဖြင့် ဖော်ပြခဲ့ဖူးသည်။ တစ်ခေတ်နှင့်တစ်ခေတ် စံနှုန်း မတူနိုင်ကြပေ။ ယင်းသဘောကို သူတို့သည် နားလည် သိရှိထားဟန် တူသည်။

[၇]

တောင်လေးလုံးရင်ပြင်တွင် ကာရန်မှဲ့တာ၊ မမှဲ့တာ အရေးမကြီး။ အဘိဓမ္မာမမှဲ့ဖို့သာ အရေးကြီးသည် ဟူသော ကျွန်တော် လွှန်ခဲ့သော အနှစ် အစိတ်ခန့်က ဖော်ပြခဲ့ဖူးသော စကားရပ်ကို ယှဉ်ပြစရာ မလိုဘဲ သူတို့ နားလည် သိရှိနေကြသည်ကို တွေ့ရသည်။ ထိုခေတ်က အသစ်ထွင်မှုကို မလိုသူတို့က၊ ထိုအခါက လူငယ်များ ရေးသားကြသည်ကို ကာရန်မှဲ့တွေပါဟု မကြိုက်သော လေသံနှင့် ပြောဆိုခြင်းကို ကျွန်တော်က မခံချင်၍ ပြောလိုက်ခြင်း ဖြစ်သည်။ ထိုအခါကတော့ ကာရန်က သိပ်မှဲ့သေးသည်မဟုတ်။ ကာရန်မှဲ့တာလည်း ပါ၊ မမှဲ့တာလည်း ပါ။ ရောထွေးနေသော စမ်းသပ်နေသောအခါကို ကျွန်တော် သတိထားမိသည်။

စမ်းသပ်ခြင်း၊ ဆန်းသစ်ရန် ကြိုးစားခြင်းကိုတော့ ကျွန်တော်က လိုလားသည်။ တကယ်ဆန်းသစ်၊ မဆန်းသစ် ဆိုသည်ကိုတော့ စာဖတ်သူတို့က ဆုံးဖြတ်မည်ဟု ကျွန်တော်က သဘောထားခဲ့သည်။ ဂန္ထဝင် သိရင် ကောင်းတယ်၊ မသိရင်လည်း ဖြစ်ပါတယ်ဟု ကဗျာရေးသူများနှင့် ပတ်သက်၍ ပြော သော စကားရပ်များကို သူတို့က ဆွေးနွေးကြသည်။ ဒုတိယမျိုးဆက်သမား များက ဂန္ထဝင်ကို နိုင်နင်းစေသော သဘောထားရှိသည်။ ကျွန်တော့်ကိုလည်း လူငယ်များကို ဘာကြောင့် မပြောသလဲ၊ အလိုလိုက်လွန်းတယ်ဟု ယူဆထား သည်ကို ကျွန်တော် သိထားသည်။ သူတို့က ကျွန်တော့်ကို အားမလို အားမရ ဖြစ်ကြသည်။ မတတ်နိုင်။ ကျွန်တော်က ကလေးများကို အလိုလိုက်သည်။

မိသားစု၊ ဆွေမျိုး အသိုင်းအဝိုင်းမှ ကလေးများကို ကျွန်တော်က အလိုလိုက်တတ်သည်။ ကျွန်တော့်ကို သူတို့က မကြောက်၊ ကြောက်နေလျှင် ဘယ်မှာ အမှန်တရား ထွန်းကားမှာလဲ။

ကျွန်တော်ကတော့ ကျွန်တော် ကျောင်းသားဘဝ၊ စာပေဘဝ အစ၏ အတွေ့ကြုံများကို အရင်းခံထား၍ ပြောလိုက်ခြင်း ဖြစ်သည်။ ကျွန်တော် ရှစ်တန်းလောက်ကတည်းက ကဗျာ စ ရေးသည်။ ခုနစ်တန်း၊ ရှစ်တန်းလောက် မြန်မာစာပေ၊ ဂန္ထဝင်စာပေအတွေ့အကြုံနှင့်ဆိုလျှင် မြန်မာစာပေ ရေးနိုင်သည်ဟု ကျွန်တော် ယူဆထားသည်။ အကယ်၍ ဂန္ထဝင်စာပေ နိုင်နင်းမှ၊ သိမှ ကဗျာရေးရမည် ဟူသော စည်းကြီးကမ်းကြီးကို ပြောလိုက်လျှင် သူတို့ ကဗျာပင် ရေးဝံ့လိမ့်မည် မဟုတ်ပေ။ ယင်းသို့ ကျွန်တော်၏ ကိုလိုနီဘဝက စာပေအတွေ့အကြုံ၊ ကျောင်းသားအတွေ့အကြုံဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်က ကာရန်မဲ့ပါဟုလည်း ပြောလိုခြင်း မဟုတ်။ ကာရန်မမဲ့နှင့်ဟုလည်း တားမြစ်ခြင်း မဟုတ်။ မဲ့ခြင်း၊ မမဲ့ခြင်းမှာ အရေးမကြီးကြောင်းကိုသာ အထူးပြောလိုက်ခြင်း ဖြစ်သည်။ အရေးကြီးသည်က ဒဿန၊ အတွေးအခေါ်။

ကျွန်တော်သည် တောင်လေးလုံးရင်ပြင်မှ ဆွေးနွေးပွဲများကို သတိရရင်း၊ ယနေ့ အငြင်းပွားနေသော ကာရန်ပြဿနာ၊ ကဗျာပြဿနာများကို တွေးတောနေမိပေသည်။

မိုးကာလတွင် တောင်သမန်အင်းမှ လှိုင်းပုတ်သံကိုတော့ ကျွန်တော် မကြားရ။ ကဗျာလောကမှ လှိုင်းပုတ်သံကိုတော့ ကျွန်တော် ကြားနေရသည်။

၂၊ အောက်တိုဘာ၊ ၁၉၉၆ (အောင်ပန်း)

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ နိုဝင်ဘာ၊ ၁၉၉၆

❒

တောင်လေးလုံးရင်ပြင်မှ စာပေမွေးရန့်များ

[က]

ကျွန်တော် တောင်လေးလုံးရင်ပြင်တွင် သိပ်မကြာလှပါ။ တစ်ပတ်ခန့်သာ နေထိုင်ခဲ့သည်။ သကြံန်ရက်မတိုင်မီနှင့် သကြံန်ရက် ဖြစ်သည်။ ထို့နောက် ကမ္ဘောဇရွာဘက်သို့ ကူးသွားသည်။ ယင်းတစ်ပတ်အတွင်း မန္တလေးစာပေအင်အားစုများနှင့် တွေ့ဆုံဆွေးနွေး ပြောဆိုလိုက်ရသောအခါ ယနေ့ မြန်မာခေတ်ပေါ်စာပေမှ ခေတ်ပြိုင်ရန့်များကို ရရှိလိုက်သည်။ တစ်စုတဝေးတည်း တွေ့ဆုံရသည့်အတွက်လည်း ယင်းသို့ အကဲဖြတ်လောက်အောင် ရရှိနိုင်သည်ဟု ဆိုရပေမည်။ ကျွန်တော် မျှော်လင့်မထားဘဲ ကျွန်တော်ရေးခဲ့သည့် ရသစာပေများနှင့် စာပေဝေဖန်ရေးများကို ဖတ်ကြသောသူများ ဖြစ်သည်ကို တွေ့ရ၍ အားရမိသည်။ အစက မထင်။ သူတို့မေးသော မေးခွန်းများထဲတွင် ဝတ္ထု၊ ကဗျာ၊ စာပေဝေဖန်ရေး၊ နိုင်ငံရေးဝေဖန်ရေး၊ ခရီးသွားမှတ်တမ်း၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့၊ အမှတ်တရ သမိုင်းမှတ်တမ်း၊ အလှဗေဒရေးရာ သဘောတရားများ စသည်အားဖြင့် ကျွန်တော် ရေးခဲ့သော စာအများစုက ပါဝင်နေ၍ ပြဿနာများကို ခြုံငုံမိသွားသည်။ ကျွန်တော်က ဘာသာရပ် မျိုးစုံ၊ စာပေ မျိုးစုံ ရေးသူမို့ မိမိကိုယ်ကို မကျေနပ်ဖြစ်နေမိသည်။

စာဖတ်ပရိသတ်များ ကွဲနေသည်ဟု ထင်မိသည်။ သို့သော် ယခု သူတို့နှင့် တွေ့၍ သူတို့မေးသော မေးခွန်းများကို ကြားရသောအခါ သူတို့သည်

ဘက်စုံ ဖတ်နေကြသောသူများ ဖြစ်သည်။ အနုပညာကို ခံစားသောသူများ ဖြစ်ခြင်းကြောင့် အားရမိသည်။ သည်ထဲတွင် သဒ္ဒါအကြောင်းပင် ဖြစ်ပါသည်။

အမှန်က ကျွန်တော်သည် မြန်မာစာပေတွင် သဒ္ဒါမရှိဟု ပြောလိုက်သည်။ ယင်းကို ချေပသူများ ရှိသည်။ သူတို့ကတော့ မန္တလေးစာပေအင်အားစုများတွင် လူကြီးပိုင်းဟု ဆိုသောသူများ ဖြစ်သည်။ ကျွန်တော်က သဒ္ဒါမရှိဟု ပြောသည်မှာ မြန်မာသဒ္ဒါဟု ကျွန်တော် ကောင်းစွာ မဖတ်ဖူး၍ သဒ္ဒါမရှိဘူးဟု ကျွန်တော်ခံစားသည့်အတိုင်း ပြောလိုက်သည်။ သဒ္ဒါစာအုပ်မရှိဘဲ ပြောဆိုရေးသားနိုင်သည်ဟု ကျွန်တော် ထင်သည်။

ယင်းသည်လည်း မြန်မာဘာသာစကား၏ ထူးခြားချက်ဟု ဆိုနိုင်သည်။ သဒ္ဒါ၏ ရေးထုံးစနစ်မှာ သိပ်စည်းကြီးကမ်းကြီး မဟုတ်ပါ။ အင်ဒိုဥရောပဟု ခေါ်သော အခြားဘာသာစကားလောက် မခက်ပါ။ ယင်းသဘောကို ယူ၍ ကျွန်တော်က သဒ္ဒါမရှိဟု ပြောလိုက်ခြင်း သဘောမျှသာ…။

မြန်မာစကားကို လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူပင် ပြောနိုင်သည်ဟု ကျွန်တော် ထင်ထားသည်။ ဘာသာစကား ဆိုသည်မှာ လူအချင်းချင်း ဆက်သွယ်ရေး ဖြစ်သည်။ ဆက်သွယ်ရေး လွယ်ကူလျှင် တစ်ယောက်နှင့်တစ်ယောက် နားလည်မှု လွယ်ကူမည်။ ယင်းသည် ဘာသာစကား၏ အဓိက လုပ်ငန်းဟု သဘောထားသည်။ ယင်းကြောင့်ပင် ကျွန်တော်က တင်စားသည့် သဘောဖြင့် မြန်မာဘာသာစကားတွင် သဒ္ဒါမရှိဟု ဆိုလိုက်ခြင်း ဖြစ်သည်။ တချို့က အဓိပ္ပာယ်အကောက် လွဲချင်လွဲမည်။

သူတို့က ကျောင်းဆရာများ ဖြစ်၍ စည်းစနစ်ကို ယုံကြည်သူများ ဖြစ်သည်။ ကျောင်းဆရာ ဆိုသည်မှာ ကျောင်းသားများကို စနစ်တစ်ရပ်အဖြစ် သင်ကြားရသောသူများ ဖြစ်သည်။ ထို့ကြောင့်ပင် စနစ်ကို ဖွဲ့လမ်းနေသည်။ ကျွန်တော်ကတော့ သည်လိုမဟုတ်။ စာဖတ်သူ နားလည်လျှင် ပြီးရော၊ နားမလည်လျှင်တော့ ဘယ်စနစ်ပင်ဖြစ်စေ အကျိုးမရှိဟု ယူဆသူ ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၃၀ ကျော်၊ ၄၀ ကပင် ကျွန်တော့်မိတ်ဆွေ အင်းဝကျောင်းဆောင်တွင် အတူနေသူ၊ ထိုအခါက မြန်မာသဒ္ဒါကျမ်းစာကို

ပြုစုနေသော ရှမ်းရွာမှ ကိုတင်အေးကို ရယ်မောကာ ပြောပြဖူးသည်။ 'သဒ္ဒါဆိုတဲ့ စကားလုံး မပါဘဲနဲ့ မြန်မာစကားနဲ့ ဘယ်လိုရေးမလဲဗျာ' ဟု ပြောဖူးသည်။ ကိုတင်အေးက ပြုံး၍သာ နေသည်။

သဒ္ဒါဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ပါဠိ သက်ရောက်သွားသည်။ ရှေး ပုဂံခေတ်လောက် ကတည်းက မြန်မာစကားသည် ပါဠိနှင့် ဆက်သွယ်ခဲ့ကြသည်။ ပါဠိကို အရေးထားခဲ့သည်။ ထို့နောက် အင်္ဂလိပ်ဘာသာစကားနှင့် ထိတွေ့သောအခါ အင်္ဂလိပ်ဘာသာ နည်းနာတချို့ကိုလည်း သက်ရောက်ပြန်သည်။ ဒါက သဘာဝ။ ကျွန်တော်တို့မြန်မာစကားတွင် သဒ္ဒါကျမ်းဟူသော ရေးနည်းကျမ်းပင် မရှိသည်ကပင် မြန်မာဘာသာစကား၏ ထူးခြားချက်ဖြစ်၍ ကျွန်တော်က နှစ်သက်မိခဲ့သေးသည်။

မယ်ဇယ်ရန့်သင်းသင်းတွင် တောင်လေးလုံးရင်ပြင်၌ အချိန်အားဖြင့် တိုတောင်းလှသော်လည်း ခေတ်ပေါ်မြန်မာစာပေ၏ ရုပ်ပုံလွှာ အကွက်အကွင်း အရောင်အဆင်း အားလုံးကိုပါ လွှမ်းခြုံလိုက်သည်ဟု ကျွန်တော် ခံစားမိသည်။ ကျွန်တော် စာစုံရေးသူဖြစ်၍ ကျွန်တော့်ကို စာဖတ်ပရိသတ်က မသိ ဟူသော စိတ်ဓာတ်ကလည်း ပြောင်းလဲသွားသည်။ အားရှိသွားသည်။

[ခ]

တကယ်ကတော့ ကျွန်တော့်ပင်ရင်းအလုပ်မှာ ဝတ္ထု၊ ကဗျာ စသောရသစာပေကို ဖွဲ့နွဲ့ရာ ဖြစ်သည်။ သို့သော် ကျွန်တော်က စာပေဝေဖန်ရေးများ ရေးလိုက်သောအခါ ခေတ်ပေါ်မြန်မာစာပေ၏ အခြေအနေကိုလည်း လေ့လာရသလို ဖြစ်သွားရသည်။ ကျွန်တော်သည် ကိုလိုနီခေတ် စာပေဘာဝ၊ လွတ်လပ်ရေး ရပြီးစကာလ၊ ထို့နောက် ယနေ့ခေတ် စသည်ဖြင့် ပထမမျိုးဆက်၊ ဒုတိယမျိုးဆက် သမိုင်းခေတ်များကို ဖြတ်သန်းပြီး ယင်းသမိုင်းခေတ်များကို အခြေပြု၍ စာပေဝေဖန်ရေးများကို ပြုလုပ်နေခဲ့သည်။ ထိုအခါ တောင်လေးလုံးရင်ပြင် စာပေဆွေးနွေးပွဲတွင် ယနေ့ခေတ် လူငယ်နုပျို ပွင့်သစ်တို့၏ စာပေခံစားမှုကို အတော်သင့် သိရှိလာရသည်။ ဘဝသရုပ်ဖော်စာပေဟု ယခုအခါ အမည်ဖြင့်

ခါဝေါ် မှတ်သားနေသော တကယ့်အဖြစ်အပျက်၊ တကယ့်တည်ရှိနေသည့် လူမှုရေး အခြေအနေကို ဖွဲ့နွဲ့သော စာပေကို ခေတ်မမီတော့ဟု ယူဆသော အတွေးအခေါ် တစ်ရပ်ကို တွေ့ရှိလာသည်။ ကျွန်တော် အစက သည်လိုမထင်။ ကျွန်တော်က စာပေသည် နိုင်ငံရေးထင်ဟပ်ချက်တစ်ခုဟု တစ်လျှောက်လုံး နားလည်ထားသည်။ နိုင်ငံရေးထင်ဟပ်ချက် ဆိုသည်မှာ တကယ်တည်ရှိနေသော အခြေအနေကို ဖွဲ့နွဲ့ခြင်းဟု ဆိုလိုသည်။ ယင်းသည် ဘဝသရုပ်ဖော်စာပေပင် ဖြစ်သည်။ သရုပ်ဖော်စာပေ ဖွဲ့နွဲ့ခြင်းအားဖြင့် လူမှုရေးတာဝန် ထမ်းဆောင်ခြင်းဟု နားလည်ထားသည်။

ယင်းဘဝသရုပ်ဖော်စာပေသည် ခေတ်မမီ ဟူသော အတွေးအခေါ် ဘယ်က ဆင်းသက်လာသလဲဟု ကျွန်တော် တွေးသောအခါ ၁၉၈၉ ဝန်းကျင်က ဥရောပတွင် ဆိုဗီယက်ပြည်ထောင်စုနှင့် ဆိုရှယ်လစ်အင်အားစုဖြစ်သော ကွန်မြူနစ်နိုင်ငံတော်များ၊ တစ်ပါတီအာဏာရှင်စနစ် ထွန်းကားသော နိုင်ငံတော်များ ပျက်ပြားသွားသောကြောင့် ယင်းသို့သော အယူအဆကို ခံယူလိုက်သည်ဟု နားလည်သွားသည်။ ထို့ကြောင့် အံ့ဩသွားမိသည်။

သရုပ်ဖော်စာပေဝါဒ (ဝါ) တကယ်ရှိနေသော လူ့အဖွဲ့အစည်းကြီးကို ထင်ဟပ်၍ သရုပ်ဖော်ရမည် ဟူသော အယူအဆမှာ ဆိုဗီယက်ပြည်ထောင်စု မပေါ်မီကတည်းက အယူအဆ ဖြစ်သည်။ ကမ္ဘာကျော် စာရေးဆရာကြီး တော်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးမှာ ဆိုဗီယက်ပြည်ထောင်စု မပေါ်မီကတည်းက ထွက်ပေါ်ခဲ့သည်။ ယင်းဝတ္ထုသည် သရုပ်ဖော်ဝတ္ထု ဖြစ်သည်ဟု နားလည်ထားသည်။ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးသည် ထိုခေတ်က လူ့အဖွဲ့အစည်းကြီး၏ ပုံကားချပ်ကို ထင်ရှားပီသစွာ၊ လှပစွာ ဖွဲ့နွဲ့သောကြောင့် ကမ္ဘာကျော်ခဲ့သည်။ စိတ်ကူးသက်သက် ဝတ္ထုမဟုတ်။ ဝတ္ထု ဆိုသဖြင့် ဇာတ်ကောင်များမှာ စိတ်ကူးရုပ်ပုံများဖြစ်သည်မှာ အမှန်ပင်။ သို့သော် ဝတ္ထုကို ဝေဖန်လျှင် သရုပ်ဖော်စာပေ ဟူသော စာရင်းထဲတွင် ရှေ့တန်းက ထားရမည့် ဝတ္ထု ဖြစ်သည်။

ထိုအခါ ဘဝသရုပ်ဖော် ဟူသော စကားရပ်ကို မည်သို့ အဓိပ္ပာယ်

ကောက်နေကြမည်လဲ။ ဆင်းရဲသော အကြောင်းများကို ရေးမှ ဘဝသရုပ်ဖော်ဟု ခေါ်ဟန်တူသည်။ လောကတွင် ဆင်းရဲသောသူ၊ ချမ်းသာသောသူ ရှိစမြဲပင်။ ဝတ္ထုတစ်ပုဒ် ဖတ်ကောင်း မကောင်း၊ လှပ မလှပ ဆိုသည်မှာ အဖွဲ့အနွဲ့ပေါ်တွင် မူတည်သည်။ ဘဝအကြောင်း ရေးပြီး မလှပလျှင် သရုပ်ဖော် မဟုတ်နိုင်ပေ။ ဆင်းရဲသားအကြောင်း ရေးသောဝတ္ထု ဖြစ်လျှင်လည်း အနုပညာမမြောက်လျှင် စာပေစာရင်းဝင်မည် မဟုတ်။

ယင်းကဲ့သို့သော အယူအဆမှာ အနှစ် လေးဆယ်ကျော်က ရေးသားခဲ့ကြသည်။ ဆင်းရဲသားဘဝ အကြောင်းအရာကို ရေးလျှင် ပြီးရော၊ စာပေသစ်မည်ဟု ယူဆသူများ ရှိခဲ့ဖူးသည်။ သူတို့သည် အနုပညာအတွေ့အကြုံ၊ စာပေ အဖွဲ့အနွဲ့ အတွေ့အကြုံ နည်းပါးသဖြင့် ဤသို့ အကဲဖြတ်ဟန် တူပါသည်။ ထို့ကြောင့်ပင်လျှင် ထိုခေတ်အခါ ကာလက မော်၏ 'ရင်အန်စာပေမိန့်ခွန်း' ကို ကျွန်တော် ဘာသာပြန်၍ ထည့်ခဲ့ဖူးသည်။ မော်က ယင်းသို့ အနုပညာ မမြောက်သော ကြမ်းတမ်းသော စာပေမျိုးကို 'နိုင်ငံရေးပိုစတာ' ဟု အမည်ပေးလိုက်သည်။

နိုင်ငံရေးပိုစတာ ဟူသော စကားလုံးကို ကျွန်တော် ကြိုက်သည်။ ထို့ကြောင့်လည်း ဘာသာပြန်ဖြစ်သွားသည်။ ယခုတော့ တစ်မျိုး။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသဖြင့် ဘဝသရုပ်ဖော်စာပေဝါဒလည်း တိမ်ကောသွားပြီဟု ဘယ်သူကနေ ဘယ်လို ပြောလိုက်သည် မသိ။ သတ်မှတ်သွားသည်။

တကယ်ရှိသော အကြောင်းအရာကို ဖွဲ့နွဲ့သော စာပေသည် ဂန္ထဝင်ခေတ်ကလည်း ရှိခဲ့သည်။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမားဘွဲ့၊ လှေသမားဘွဲ့ တျာချင်းများမှာ ယနေ့ခေတ်အခေါ်အဝေါ် ဘဝသရုပ်ဖော်စာပေများပင် မဟုတ်ပါလား။ ယင်းသို့ ဘဝသရုပ်ဖော်မဟုတ်သော အဖွဲ့အနွဲ့မျိုး၊ တကယ်မရှိဘဲ မိမိစိတ်ကူးထဲတွင်သာ ဖန်တီးထားသော ဇာတ်ကောင်မျိုးဖြင့် ဖွဲ့နွဲ့သည့် ဝတ္ထုများကို မော်ဒန်ဟု အမည်တပ်ထားသလား မပြောတတ်၊ တွေးမိသည်။ ကျွန်တော် တောင်လေးလုံးရင်ပြင်တွင် ပြောရင်း ဆိုရင်း အတွေးစလေး ရလာသည်။

[ဂ]

တကယ်ကတော့ အနောက်ဘက်တွင် ကွန်မြူနစ်ဝါဒ၊ ကွန်မြူနစ်စနစ် ပြိုကွဲသွားပြီ ဟူသော အဖြစ်အပျက်သည် ကျွန်တော်တို့ မြန်မာစာပေနှင့် မဆိုင်ဟု ကျွန်တော် တွက်သည်။ မိမိအမျိုးသားအခြေအနေနှင့်မိမိ၊ မိမိ အမျိုးသားဖွံ့ဖြိုးမှုနှင့်မိမိ ဖြစ်သည်ဟု အတွေးစ ရလာသည်။ နောက်တစ်ချက် တွေးမိပြန်သည်။ ယနေ့ တတိယမျိုးဆက်ခေတ်တွင် နုပျိုဖူးစ လူငယ်များသည် အနုပညာခံစားမှု၊ စာပေခံစားမှု ပြောင်း၍နေသလောဟု တွေးမိသည်။ ပြောင်း လျှင်လည်း လူနည်းစုလား၊ အများစုလားဟု ခွဲခြားရန် ခက်နေသည်။ မည်သို့ပင်ဖြစ်စေ ပြောင်းလဲနေသည်က အမှန်ပင်။ ယင်းသို့ မျိုးဆက်များတွင် ခံစားမှုအကြိုက် ပြောင်းလဲနေသည့် သဘောကို မျိုးဆက်ဘာသာစကားဟု ဖော်ပြခဲ့ဖူးသည်။

[ဃ]

`တောင်လေးလုံးရင်ပြင်တွင် သူတို့နှင့် တွေ့ရသဖြင့် မျိုးဆက်ခေတ် များကို ကျွန်တော် နားလည်လာသည်ဟု ခံစားမိသည်။ တန်ဖိုးရှိသည်။ မျိုးဆက် သုံးဆက်ကို ဖြတ်သန်းလျက်၊ ဖြတ်သန်းဆဲ ဖြစ်သည်။ ယင်းမျိုးဆက်တို့၏ စာဖတ်ပရိသတ်ကို အကဲခတ်ရန် သိပ်မလွယ်။ ကျွန်တော့်အဖို့ စဉ်းစားယူရ သည်။ ပြောင်းလဲနေကြသည်။ ယင်းသည်လည်း သဘာဝကျသည်ဟု ဆိုနိုင် သည်။ ကျွန်တော့်အရေးအသား၊ အဖွဲ့အနွဲ့ပင်လျှင် ပြောင်းလဲနေသည်ဟု မိတ်ဆွေစာပေမွေ့သူတစ်ယောက်က ပြောမှ သတိရမိသည်။

သတိပြုမိသောအခါ အရေးအဖွဲ့၊ အသုံးအနှုန်းပြောင်းသည်ကို တွေ့ လိုက်ရသည်။ မတတ်နိုင်။ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကြီး၏ ရိုက်ခတ်ချက် ဟု ဆိုနိုင်သည်။ ကျွန်တော်၏ စာကြောင်းဝါကျများမှာ ဖျတ်ခနဲ ဖျတ်ခနဲ ဖြစ်နေသည်ကို တွေ့ရသည်။ ခက်သည်က ကျွန်တော်သည် ဝတ္ထုများချည်း ရေး လျှင်လည်း ဝတ္ထုစကားပြေ တည်ငြိမ်နေမည်။ ဝတ္ထုလည်း ရေးသည်။ ကဗျာများလည်း ရေးသည်။ ဆောင်းပါးများလည်း ရေးသည်ဆိုတော့ အဖွဲ့

အနှဲ့ပုံဟန်မှာ တစ်ဘာသာ တစ်မျိုး ဖြစ်နေ၍လား မသိ။ ပြောင်းလဲမည် ဆိုလျှင်လည်း ပြောင်းလဲမည် ဖြစ်နိုင်သည်။

စာအရေးအဖွဲ့ ပြောင်းမည် ကိစ္စမရှိ။ မြန်မာစာ၏ အရေးအသားမှာ အပျော့အပျောင်း၊ အသိမ်အမွေ့ ရှိသည်။ အခြားဘာသာစကားနှင့် မတူဟု ကျွန်တော် ထင်သည်။ အခြားဘာသာစကား အရေးအသား ကျွန်တော် အတွေ့အကြုံ မရှိ။ သို့သော် စာဖတ်အတွေ့အကြုံ ရှိသည်။ ယင်း အဖတ်အတွေ့အကြုံဖြင့် ကျွန်တော်သည် မိမိ မြန်မာစာပေ၏ သဘာဝကို ကျွန်တော် ခံစားသကဲ့သို့ ထင်မြင်ချက်ကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ အပျောင်းအနွဲ့၊ အနုအယဉ်များ ရှိသဖြင့် မိမိ၏ခံစားမှုကို လိုက်၍ မိမိတို့ အပျောင်းအနွဲ့၊ အနုအယဉ်များကြောင့်လည်း အရေးအသား၊ အဖွဲ့အနွဲ့ ပြောင်းလဲနိုင်သည်ဟု သုံးသပ်မိသည်။ အရေးကြီးသည်က အဖွဲ့အနွဲ့ထက် ကောင်းသောအတွေးခေါ်။ ကျွန်တော်သည် အတွေးအခေါ်ကြောင့်ဟု မိမိကိုယ်ကိုမိမိ ထင်သည်။ မိတ်ဆွေအချို့ကလည်း ယင်းသို့ပင် ကျွန်တော့်ကို ပြောဆိုကြသည်။ ကျွန်တော် အတွေးအခေါ် မပြောင်း။ ကျွန်တော် အတွေးအခေါ်တစ်ခုကို လွယ်လွယ်နှင့် လက်ခံသည် မဟုတ်။ ကျွန်တော် ယုံကြည်မှသာလျှင် လက်ခံသည်က များသည်။ ယင်းအတွေးအခေါ်ကို မှီ၍ အရေးအသား အဖွဲ့အနွဲ့သည်လည်း ရသဟန် ပြောင်းလဲသွားနိုင်သည်။ အရေးအသားတစ်ရပ်သည် တစ်ဖြောင့်တည်း တည်ငြိမ်လျှင်လည်း ဖတ်၍မကောင်းဟု စဉ်းစားဖူးသည်။ ဆိုပါတော့ ကမ္ဘာကျော် ဝတ္ထုရေးဆရာမကြီး ပါးလ်ဘတ်၏ စကားပြေအရေးအသားကို ကျွန်တော် သိပ်မကြိုက်။ ဘာကြောင့် မကြိုက်သလဲ ဆိုတော့ သူမ ရေးသားပုံမှာ တစ်ဖြောင့်တည်း တည်ငြိမ်နေသည်။ အတွန့်အခေါက် မရှိ၊ အသားသေသည်ဟု ဆိုလျှင်လည်း ရနိုင်သည်။ ကျွန်တော့်စကားပြေကတော့ သည်လိုမဟုတ်။ ယင်းသဘောကို ကျွန်တော် မိမိရေးခဲ့သည့် စကားပြေ အဟောင်းများကို ပြန်၍ ကြည့်သောအခါ ဤသို့ တွေ့မြင်သည်။

စာပေပုံသဏ္ဌာန်၊ အနုပညာပုံသဏ္ဌာန် ဆိုသည်ကတော့ ပြောင်းလဲစမြဲ။ ဤသည်မှာ သဘာဝ။ ပြောင်းလဲသည် ဆိုရာတွင် တစ်ဟုန်တည်း လုံးလုံး

လျားလျား ပြောင်းလဲတတ်သည် မဟုတ်။ အဆင့်ဆင့်သာ ပြောင်းလဲသွားသည်။ အဆင့်ဆင့် ဆိုရာတွင်လည်း နှစ်ကာလ အချိန်ကြာတတ်သည်။ တောင်လေးလုံးရင်ပြင်မှ မယ်ဇယ်ရနံ့ကတော့ မွေးနေဆဲ။ မယ်ဇယ်ရနံ့နှင့်အတူ တောင်လေးလုံးရင်ပြင်မှ စာပေရနံ့ကို ကျွန်တော်ရရင်း ခေတ်ပေါ်စာပေကို တွေးနေမိပေသည်။

၃၁၊ အောက်တိုဘာ၊ ၁၉၉၆

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဇန်နဝါရီ၊ ၁၉၉၇

❒

မယ်ဇယ်ရန့် မွှေးမြနေဆဲကို

တောင်လေးလုံးရင်ပြင်သို့ စီးဝင်သော မယ်ဇယ်ရနံ့ကြောင့် ကျွန်တော်တို့ စိတ်ကြည်လင်ရသည်။ ပြတင်းပေါက်မှ တမာရနံ့လည်း ရောလာတတ်သည်။ ကျွန်တော်တို့ ပြောဆိုနေကြသော ဘာသာရပ်ကလည်း စုံနေသည်။ ခဏနားပြီး ကောက်ညှင်းပေါင်းနှင့် မတ်ပဲကြော် စားကြသေးသည်။

မေးခွန်း အများဆုံးကတော့ ကိုကြည်လင်။ တကယ်ကတော့ စာပေနီးနှောဖလှယ်ပွဲတော့ မဟုတ်။ သို့သော် ဆုံမိသဖြင့် မန္တလေးအင်အားစုများ၏ ပြောဆိုသောစကားရပ်ကြောင့် ကျွန်တော် မသိရတာလည်း အများကြီး သိရသည်။ ကိုကြည်လင်နှင့် ကျွန်တော်တို့က မျိုးဆက်ချင်း နီးကပ်ပြီး ဆက်စပ်မှုရှိနိုင်သည်။ ကျွန်တော်က ပထမမျိုးဆက်၊ သူက ဒုတိယမျိုးဆက်။ မျိုးဆက်ခြင်း ဆက်စပ်သည် ဆိုသော်လည်း စာပေရေစီးကြောင်းလည်း ဆက်စပ်နေ၍ ကျွန်တော်တို့ကို ပို၍ နားလည်နိုင်သည်။

သို့သော် မန္တလေးစာပေအင်အားစုများတွင် ငယ်ရွယ်သူများလည်း ပါသည်။ ငယ်ရွယ်သူတို့က များသည်ဟု ဆိုနိုင်သည်။ သို့သော် သူတို့သည်လည်း လေ့လာသူများ ဖြစ်၍ ကျွန်တော်တို့ကို နားလည်ပုံရသည်။ စကားပြေရေးရာတွင် ဝတ္ထုနှင့် ပတ်သက်၍လည်း ဆွေးနွေးဖြစ်သည်။ သူတို့ထဲတွင် ဝတ္ထုရေးသူများ ပါကြသည်။ ယနေ့ဖြစ်ပေါ်နေသော ဝတ္ထုရေးရာနှင့် ပတ်သက်၍ အယူအဆရေးရာများအကြောင်း သိရသည်။ အစက ကောင်းစွာ မသိ။

ဘ၀သရုပ်ဖော် ဟူသော စာပေသည် အခုကော တန်ဖိုးရှိပါသေးသလော ဟူသော မေးခွန်းမျိုး ပါသည်။

ကျွန်တော်က တန်ဖိုးရှိသည်ဟု ဖြေလိုက်သည်။ ကျွန်တော်တို့အခေါ်ကတော့ ဘ၀သရုပ်ဖော်စာပေ မဟုတ်။ သရုပ်ဖော်စာပေ ဟူ၍သာ ဖြစ်သည်။ ကျွန်တော် သရုပ်ဖော် ဟူသော စကားရပ်ကို သုံးစွဲခဲ့သည်မှာ ကြာပါပြီ။ နှစ် ၄၀ ကျော်ကပင် ဖြစ်မည်။ တကယ်ရှိနေသော လူ့အဖွဲ့အစည်း၏ အခြင်းအရာကို ဖွဲ့နွဲ့သော စာပေမျိုးကို သရုပ်ဖော်ဟု ကျွန်တော်က ခေါ်လိုက်သည်။

'သရုပ' ဟူသော အဓိပ္ပာယ်မှာ 'တူသော' ဟူသော အဓိပ္ပာယ် ဖြစ်သည်။ လူ့အဖွဲ့အစည်းကြီးနှင့် တူလျှင် လူ့အဖွဲ့အစည်း၏ အမူအရာများနှင့် တူခြင်းဖြစ်မည်။ ဇာတ်ကောင်များကို လူနှင့်တူအောင် ဖွဲ့သော ဖွဲ့နည်းကို ဆိုလိုခြင်း ဖြစ်သည်။ ယင်းသည် မည်သည့်အခါမျှ ခေတ်တိမ်ကောမည် မဟုတ်ဟု ယုံကြည်ထားသည်။

နောက်တစ်ခုကတော့ စိတ္တဇစာပေ။ စိတ်ကူးကို အသားပေး၍ ရေးသောဝတ္ထု။ တကယ်ရှိနေသော လူ့အဖွဲ့အစည်း မဟုတ်ဘဲ၊ တကယ်မရှိဘဲ စိတ်ကူးသက်သက်ဖြင့်သာ လွန်ကဲစွာ ဖွဲ့နွဲ့ထားသော အတွေးဖြင့် ရေးသော ဝတ္ထုများကို ဆိုလိုသည်။

စိတ္တဇဟုတော့ မခေါ်ကြ။ မော်ဒန်ဟု ခေါ်သလား မသိ။ လွန်ခဲ့သော ၃ နှစ်ကျော်က ရေးခဲ့သော ကျွန်တော်၏ 'မြစ်အိမ်တော်' ဝတ္ထုနှင့် ပတ်သက်ပြီး မေးကြသည်။ ဝတ္ထုနှင့် ပတ်သက်၍ ဘ၀သရုပ်ဖော်စာပေ ဒဿနမှာ အရှိအတိုင်း ရေးဖွဲ့သော၊ အင်္ဂလိပ်ဘာသာအားဖြင့်တော့ ရစ်ယယ်လစ်ဇင်၊ မြန်မာဘာသာဖြင့်တော့ ဒိဋ္ဌဓမ္မဗေဒ ဖြစ်မည်။ ကျွန်တော် ကောင်းစွာ မသိ။ ထို့နောက် ကဗျာဘက် ရောက်သွားသည်။

ကဗျာကိုတော့ စိတ်ဝင်စားကြသည်။ ကဗျာပုံသဏ္ဌာန်အကြောင်း နည်းနည်းပါးပါး ပြောဖြစ်ခဲ့သည်။ ကျွန်တော့်အတွက်ကတော့ အခက်အခဲ မရှိလှ။ ရေးစကသာ ၄၊ ၃၊ ၂ ဟူသော သက်ဇေ့နက် သုံးချက်ဆို စဉ်းစားရသည်။ နောက်ကျတော့ စကားလုံးတွေက ကာရန်ပေါ် ရောက်လာကြသည်။ ငယ်စဉ်က

ကဗျာ တော်တော်များများ ဖတ်၍ ယင်းအတွေ့အကြုံများဟု ဆိုချင်သည်။
သို့ဖြစ်၍ ပုံသဏ္ဌာန်သစ်ကို ရယူခဲ့သည်။ ရှေး ဂန္ထဝင်ခေတ်ကာလ ကတော့ ကဗျာများကို ပေပုရပိုဒ်များပေါ်တွင် မှတ်သားရသည်ဖြစ်ရာ အလျား လိုက်ပင် ဖြစ်သည်။ ခေတ်စမ်းကဗျာတွင်တော့ ဒေါင်လိုက် စီထားသည်။
အနောက်နိုင်ငံ ကဗျာတို့၏ ဩဇာရိုက်ခတ်ချက်ဟု ဆိုနိုင်သည်။ ထို့နောက် ကဗျာတိုင်းတွင် ခေါင်းစဉ်ပါသည်။ ရှေး ဂန္ထဝင်ကဗျာများကတော့ ခေါင်းစဉ် ပါဟန်မတူ။ နောက်လူတို့က တောဘွဲ့၊ တောင်ဘွဲ့၊ ဘုရားတိုင် ရတုဟု နာမည်ပေးထားဟန် တူသည်။ ဒါကတော့ ကျွန်တော့်အထင်။ သုတေ သနပြု မှု မဟုတ်။ ကဗျာတို့ကလည်း ရှေးကကဲ့သို့ အပိုဒ်ခြင်း ညီတူမဟုတ်ကြ။ အကြောင်းအရာရှိလျှင် ရှိသလို၊ အတိုအရှည်ကို ပြုလုပ်ထားသည်။ ပုံသေ သတ်မှတ်ချက် မရှိ။ အကြောင်းအရာအလိုက် ခေါင်းစဉ်တပ်ကြသည်။ ယင်း သဘောကို ခေတ်ပေါ်ကဗျာ၏ ပုံသဏ္ဌာန်သစ်ဟု ကျွန်တော် ဆိုလိုခြင်း ဖြစ်သည်။
စစ်ပြီးခေတ်တွင်ကား ယင်းခေတ်စမ်းကဗျာ ပုံသဏ္ဌာန်မျိုးချည်း တွေ့နိုင်သည်။ သို့သော် ကာရန်ယူပုံ၊ ဖွဲ့နွဲ့ဟန်တို့ကတော့ တဖြည်းဖြည်း ပြောင်းလဲ ကာ ကဗျာဆရာတစ်ဦးတွင် တစ်မျိုး ပြောင်းလဲ ကွဲပြားသွားသည်ကို တွေ့ နိုင်သည်။ ခေတ်စမ်းစာပေ၊ ပြီးနောက် စာပေသစ်။
ကဗျာအင်အားကတော့ ၁၉၀၀ ကျော်လောက်က စ၍ အားကောင်း လာသည်။ လူငယ်ပွင့်သစ်စ ဖူးစများ ကဗျာပုံသဏ္ဌာန်ကို နှစ်သက်စွဲလမ်းသွား ကြဟန်တူသည်။
ယနေ့ခေတ်အထိပင် ဆိုပါတော့။ လူငယ်တို့သည် သူတို့ဖွင့်ဟ ပြော ချင်ရာကို ကဗျာစာလုံးများဖြင့် ဖွဲ့နွဲ့လိုဟန် ရှိသည်ဟု နားလည်လိုက်ကြ သည်။ ကဗျာပုံဏ္ဌာန် ဆိုသည်ကတော့ ပြောင်းလဲစမြဲပင်ဟု တောင်လေးလုံး ရင်ပြင်တွင် ဆွေးနွေးခဲ့သည်။
ဂန္ထဝင်ကို မသိရင်လည်း ဖြစ်ပါတယ်ဟု ကျွန်တော့်သဘောထားနှင့် ပတ်သက်၍ မန္တလေးစာပေအင်အားစုထဲမှ ကိုသာနိုးတို့နှင့် နည်းနည်း ကွဲလွဲခဲ့

သည်။ အစကတည်းက ကွဲလွဲချက် ဆိုပါတော့။ အတတ်ပညာဝါဒသမားက တော့ ဂန္ထဝင်ကို ကောင်းစွာသိရန် လိုအပ်သည်ဟု အထင်ရှိဟန်တူသည်။ ကျွန်တော်ကတော့ ကျွန်တော် ဆယ်ကျော်သက်အရွယ်က သင်ကြားခဲ့ရသော ကိုလိုနီခေတ် မြန်မာစာ သင်ကြားရေး အတွေ့အကြုံကို အခြေပြု၍ ယင်းသို့သော စကားကို ဆိုလိုခြင်း ဖြစ်သည်။ ကျွန်တော် ရှစ်တန်းလောက်ကတည်းက ပျို့၊ ရတုများကို ဖတ်ဖူးနေသည်။ များများတော့ မဟုတ်။ ကျောင်းတွင်သင်သော သလ္လာဒီရပျို့၊ ဥမ္မာဒန္တီပျို့၊ စိန္တကျော်သူရတုကို ကျောင်းသားအဖြစ် သင်ကြားရသော အတွေ့အကြုံကို အခြေခံပြု၍ သည်လောက်အခြေခံမျိုးနှင့် ကဗျာဖွဲ့လျှင် ဖြစ်နိုင်သည်ဟု ယူဆထားသည့် သဘော။

နောက်ခေတ်လူများ ပညာသင်ကြားရေးကို ကျွန်တော် ကောင်းစွာ မသိဟု ဝန်ခံရပေမည်။ မတတ်နိုင်။ ဂန္ထဝင်စာပေကို သိမှ ကဗျာရေးဖွဲ့ရမည် ဆိုလျှင်လည်း ကဗျာရေးဖွဲ့ရန် ဆန္ဒပြင်းပြသောလူ၏ ပွင့်သစ်ဖူးစများကို ဟန့်တားရာ ရောက်မည်ဟု ကျွန်တော်က အစိုးရိမ်လွန်သွားဟန် ရှိသည်။ သူတို့က ကျွန်တော့်ကို လူငယ်များကို အလိုလိုက်လွန်းသူဟု အထင်ရှိသွားသည်။ ဟုတ်သလောက်လည်း ဟုတ်မည် ထင်သည်။ ကျွန်တော်က ကလေးများကို အလိုလိုက်တတ်သူ။

ကျွန်တော်က ကျွန်တော်နှင့်နေသော ကလေးများကို ကိုယ့်အသိနှင့် ကိုယ်လုပ်ဟု ပြောတတ်သည်။ ကိုယ့်အသိနှင့်ကိုယ် သိခြင်းသည် ခိုင်မာသည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့်ပင် သူတို့က ကျွန်တော် လူငယ်များကို အလိုလိုက်သည်၊ မပြောရကောင်းလား စသည်ဖြင့် ဝေဖန်ကြသည်။ ကျွန်တော် ဆိုလိုသည်မှာ ဂန္ထဝင်စာပေကို ပစ်ပယ်ရန်မဟုတ်။ ဂန္ထဝင်ဝါဒကိုတော့ လက်ခံစရာမလိုဟု ယူဆသည်။ ယင်းသို့ပင် အကြိမ်ကြိမ် ရေးခဲ့သည်။ သို့သော် သဘောပေါက်သူ၊ မပေါက်သူတော့ ရှိသည်။

မတတ်နိုင်။ ဂန္ထဝင်ဝါဒ ဆိုသည်က အခြားမဟုတ်။ ရှေးဂန္ထဝင်စာဆိုများက ချမှတ်ထားသော ဝါဒ ဟုတ်မည်မထင်။ ဂန္ထဝင်စာပေကို တပ်မက်သော နောက်လူတို့က သတ်မှတ်ထားခြင်း ဖြစ်သည်။ စည်းကြီးကမ်းကြီး၊ ပုံသေနည်း

စနစ်ဖြင့် ဖွဲ့နွဲ့မှ ဂန္ထဝင်မြောက်မည်ဟု သတ်မှတ်ထားခြင်းကို ဂန္ထဝင်ဝါဒဟု ကျွန်တော်က နားလည်ထားသည်။ ရှေးစာဆိုတို့ကတော့ ဆန်းသစ်မှုကို ဆန့်ကျင်ကြမည် မထင်။

ကဗျာရေးရာ၌ ဂန္ထဝင်ဟု ကျွန်တော်ပြောသည်မှာ ၂၀ ရာစု မတိုင်မီ ဘုရင်များခေတ် ဂန္ထဝင်ခေတ်ဟု ဆိုလိုခြင်း ဖြစ်သည်။ ယင်း ၂၀ ရာစု အစ ခေတ်က စ၍ ရေးဖွဲ့ခဲ့သော လေးလုံးစပ် လင်္ကာသွား ကာရန်စနစ်ဖြင့် ရေးသော ကဗျာများကို ဂန္ထဝင်ဟု ကျွန်တော် မဆိုလို။ ဂန္ထဝင်ဟန်တော့ ဖြစ်ချင်ဖြစ်နိုင်မည်။ ကျွန်တော် ဆယ်ကျော်သက်အရွယ်က ရေးစပ်ခဲ့သော ရတု၊ ဧချင်း၊ လူးတား စသည်တို့သည် ဂန္ထဝင် မဟုတ်။ ဂန္ထဝင်ဟန် ကဗျာများသာ ဖြစ်သည်ဟု ကျွန်တော် သတ်မှတ်သည်။

ဂန္ထဝင်ဟန်ဟု ဆိုရခြင်းပင် အတိအကျချည်း မရှိ။ အများ နားလည်အောင်သာ သုံးစွဲရသည့်သဘော။ ကျွန်တော်က မည်သည့် ကဗျာပုံသဏ္ဍာန်ပင် ဖြစ်စေ ခေတ်ပြိုင်ခံစားမှုပါသည့် ကဗျာမှ ခေတ်ပေါ်ကဗျာဟု နားလည်သူ ဖြစ်သည်။ ကျွန်တော့်တွင် ဂန္ထဝင်သစ် ဟူသော အယူအဆမရှိ။ အနောက်နိုင်ငံ စာပေဝေဖန်ရေး သမိုင်းတွင်တော့ ဂန္ထဝင်သစ် Neoclassicism ဟူသော အယူအဆရှိသည်။ သူတို့က ၁၈ ရာစုခေတ်စာပေကို ဂန္ထဝင်သစ်စာပေဟု သတ်မှတ်ကြသည်။ ၁၉ ရာစုကိုတော့ စိတ်ကူးယဉ်စာပေဟု သတ်မှတ်သည်။ သူတို့ သတ်မှတ်သည့် သမိုင်းတိုးတက်မှု အစဉ်အလာဖြင့် သတ်မှတ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့က သူတို့နောက်လိုက်၍ သတ်မှတ်စရာမလို။ ကျွန်တော်တို့၏ သမိုင်းဖွံ့ဖြိုးတိုးတက်မှု အစဉ်အလာဖြင့်သာ သတ်မှတ်ရမည်ဟု နားလည်သည်။

သူတို့က ၂၀ ရာစုနှစ်ကို ခေတ်ပေါ်စာပေခေတ်ဟု ယေဘုယျအားဖြင့် ဖော်ပြကြသည်ကို ဖတ်ခဲ့ရဖူးသည်။ ဒါကတော့ သိပ်အရေးမကြီး။ ကွဲလွဲမှု ရှိနိုင်သည်။

ကိုယ့်ဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုယ် သတ်မှတ်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့၏ သမိုင်းတိုးတက်ဖွံ့ဖြိုးမှု အစဉ်အလာနှင့် သတ်မှတ်ရပေမည်။ ကျွန်တော်ကတော့ ခေတ်ပေါ်စာပေကို ၂၀ ရာစုနှစ်

အစလောက်က စပြီး နှစ်ကာလအတိုင်း သတ်မှတ်ရသည်။ ကျွန်တော်ကတော့ ခေတ်ပေါ်စာပေကို ၂၀ ရာစုနှစ်လောက်က စပြီး ဒဿနအားဖြင့်တော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဝံသာနုစာပေကို ခေတ်ပေါ်စာပေ၏ စံအဖြစ် သတ်မှတ်သည်။ သဘောတူသူလည်း ရှိမည်။ မတူသူလည်း ရှိမည်။

တောင်လေးလုံးရင်ပြင်တွင် ဆွေးနွေးသောအခါ ယင်းသို့သော ခေတ်ပေါ်စာပေ အဓိပ္ပာယ်အယူအဆဖြင့် ဆွေးနွေးပြောခဲ့ပေသည်။

မယ်ဇယ်ရနံ့ကတော့ မွှေးမြနေဆဲ။ မယ်ဇယ်ရနံ့နှင့် တမာရနံ့က ဝင်လာသည်။ နွေဦးပေါက်ပေကိုး။

၉၊ ဒီဇင်ဘာ၊ ၁၉၉၆
မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဇူလိုင်လ၊ ၁၉၉၇

❑

တောင်လေးလုံးရင်ပြင်မှ ရှမ်းရိုးမသို့

မွေးမြူသော မယ်ဇယ်ရန့်တွင် ကျွန်တော်တို့ ဆွေးနွေးပြောဆိုနေကြစဉ် ကပ်လျက် ဂန္ဓာရုံကျောင်းတော်ဆီမှ တုံးမောင်းခေါက်သံ ကြားရသည်။ စကားဝိုင်း လူစုခွဲကြမှ တော်မည်။ အတော်လေး ညောင်းလာသည်။ အချို့ကလည်း ဝင်မပြော။ ကျွန်တော်ကလည်း သူတို့အသံကို ကြားချင်နေသည်။ သူတို့ မပြောသဖြင့် ကျွန်တော် ဘာမျှ မတတ်နိုင်။ ဆွပေးလျှင်လည်း ရမည်မဟုတ်။ သို့သော် ခေတ်ပေါ်စာပေနှင့် ပတ်သက်၍တော့ အတော်လေး သိသွားရသည်။ ရလိုက်သည်ဟု ဆိုရမည်။ သည်တစ်ခေါက် မန္တလေးလာသည်ဟု ပြောရသော်လည်း တကယ်ကတော့ ကျွန်တော် မန္တလေးမြို့တွင်းသို့ မရောက်။

ဘူတာရုံမှဆင်းပြီး လူထုဒေါ်အမာအိမ်တွင် နံနက်စောစောအစာအဖြစ် ပဲပလာတာ၊ ကော်ဖီ စားပြီး နောက်တစ်ဝိုင်းတော့ ဖြစ်သွားပြန်ပြီ။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဆီဆေးပန်းချီကားချပ်ရှေ့တွင် မန္တလေးမှ စာရေးဆရာများနှင့် စကားဆုံဖြစ်သည်။ ထို့နောက် ကျွန်တော်တို့သည် အမရပူရမြို့သို့ တန်းလာခဲ့ကြသည်။ တောင်လေးလုံးဆရာတော် ဦးပညာ၏ နေရာတွင်ပင် ရှိနေခဲ့သည်။ ညနေဘက် တောင်သမန်အင်းစောင်းသို့ သွားသည်။ ရေကတော့ မရှိ။ သို့သော် ဦးပိန်တံတားဘေးတွင် ထိုင်ကာ ငေးမောနေမိသည်။ ၁၉၅၀ က ကျွန်တော် ရောက်ခဲ့သော ဦးပိန်တံတားနှင့်တော့ မတူတော့ပြီ။ အရင်တုန်းက ဦးပိန်တံတားကတော့ ဦးပိန်တံတား။

အင်းကြီးကိုဖြတ်၍ ခင်းထားသော တံတားကြီးမှာ ခနော်ခနဲ့နဲ့

လှုပ်လှုပ်နှင့် သွားရသည်မှာ ဆန်းသစ်သော အရသာ ရှိခဲ့သည်။ ယခုတော့ ပြင်ဆင်ထားပြီး ဖြစ်၍ ယခင်ကကဲ့သို့ ခနော်နီခနော်နဲ့တော့ မဟုတ်။ ညနေ စောင်း တံတားပေါ် အင်းစောင်းတွင် ထိုင်နေစဉ် စက်ဘီးသမားများက တဖျတ်ဖျတ် ဖြတ်သန်းသွားနေကြသည်။ ပထမတစ်ခေါက် လာစဉ်ကတော့ ယခုကဲ့သို့ မဟုတ်။

ယခင် ဦးပိန်တံတားကတော့ ဦးပိန်တံတား အရသာ ရှိနေခဲ့သည်။ ယခု ဦးပိန်တံတားကတော့ တောင်သမန်တံတား တစ်မျိုး။ နဂို ရသတော့ မဟုတ်တော့ပြီ။ ဟိုတုန်းကတော့ သမိုင်းဆန်သည်။ ယခုတော့ ဘယ်လို ပြောရ မှန်းပင် မသိ။ ခေတ်ပေါ်သဘောလေလား။

ဦးပိန်တံတားဝန်းကျင်ကလည်း သီချင်းတို့ဖြင့် မြည်ဟိန်းနေသည်။ မယ်ဇယ်ပင်ကြီးများကို ဖြတ်သန်းကာ တံတားသို့သွားလျှင် ဆိုင်တန်းများကို ဖြတ်ရသည်။ သီချင်း တကြော်ကြော်။ အပန်းဖြေလာကြသော မန္တလေးမြို့သား များကလည်း ရောင်စုံ။ ယခု တောင်လေးလုံးတွင် ရှိနေစဉ် ညနေတိုင်းလိုလို ကတော့ မယ်ဇယ်ရနံ့ သင်းမြသော ဦးပိန်တံတားသို့ ရောက်မြဲ။

ယခု မဟာဂန္ဓာရုံကျောင်းမှ တုံးမောင်းခေါက်သောအခါ စကား လက်စကို သိမ်းကြရပေသည်။ ပထမ ၁၉၅၀ အခေါက်ကလည်း မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ ရောက်ခဲ့သည်။ ဆရာတော်ကို ဖူးတွေ့ရသည်။ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ စာအုပ်ကို ကျွန်တော်က ကြိုက်သည်။ ဗုဒ္ဓဘာသာတရားတော်ကို ပါဠိစကားလုံး နည်းနည်းနှင့် မြန်မာစကား ရိုးရိုးဖြင့် အများနားလည်အောင် ရေးသော စာများမှာ ရှားသည်။ ပါဠိတွေ များတော့ အဓိပ္ပာယ်ကို ကုန်စင်အောင် မသိ။ ပါဠိ တတ်လျှင်တော့ အကုန်အစင် နားလည် မည်။ ပါဠိအဘိဓာန်ကလည်း သိပ်မရှိတော့ ခပ်ဝါးဝါး နားလည်သလို ဖတ်ခဲ့ရ သည်။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ စာများကို ဖတ်ရသောအခါ ဗုဒ္ဓ ဘာသာ တရားတော်ကို အတော်လေး သိနားလည်လာသည်။

ဆရာတော် မရှိသော်လည်း ဆရာတော်၏ မဟာဂန္ဓာရုံကျောင်းတိုက် မှာ တုံးမောင်းခေါက်သံ၊ ပတ်ဝန်းကျင်ရှိ စေတီတော်တို့မှ ဆည်းလည်းသံ

တဒင်ဒင်တို့မှာလည်း ဂန္ဓာရုံရန့်လေးဟု ဆိုကြပါစို့။ ကျွန်တော် ကြိုက်သည်။ အမရပူရမြေ ဆိုသည်ကလည်း တစ်ခါက ကြီးကျယ်ခဲ့သော ရာဇဝင်၏ အတိတ်မှ စီးမျောလာသော ရန့်လေးက ရလာသည်။ သို့နှင့် ကျွန်တော်တို့ တောင်လေးလုံးစကားဝိုင်းသည် တဖြည်းဖြည်းနှင့် လူစဲသွားရပေသည်။

လူစဲသွားသည် ဆိုသော်လည်း လူငယ်တစ်စု ကျန်နေခဲ့သည်။ သူတို့ ကတော့ ကျွန်တော်တည်းခိုနေသော နေရာမှ ပြန်ထွက် သွားလိုက်၊ ဝင်လိုက်နှင့် အနီးအပါးမှ ဆိုင်တန်းများသို့ သွားဟန်တူသည်။ ဆိုင်တန်းများကလည်း အဖျော် ယမကာ စုံလင်လှသည်။ ကျွန်တော့်ကို မန္တလေးစာပေမိတ်ဆွေများက ပက်စီ တိုက်သည်။ ကျွန်တော် မသောက်။ ကျွန်တော်က ယင်းကဲ့သို့သော ဖျော်ရည် မျိုးကို သိပ်မကြိုက်။

ကျွန်တော်က ဖျာပေါ်တွင် ထိုင်လျက်သား နေရာသိပ်မပြောင်း။ အနီး အပါးတွင် လက်ကျန် စာပေအင်အားစုများ ရှိနေသည်။ သူတို့ကလည်း ဟိုတစ်စ သည်တစ်စ ပြောဖို့ ရှိဟန်တူသည်။ သူတို့သည်လည်း ဝင်လိုက်၊ ထွက်လိုက်ပင်။ ကျွန်တော့်အပါးတွင်ရှိသော ကိုနွေထက်က ကဗျာရွတ်ချင်သည်ဟု ပြောသည်။

ကျွန်တော်ကလည်း ကဗျာရွတ်သံကို နားထောင်ချင်သည်။ သူ့မျက်နှာ ကတော့ ပန်းနုရောင်သန်းနေသည်။ ကဗျာကလည်း ကျွန်တော်နှင့် ပတ်သက်သော ကဗျာ ဖြစ်သည်။ ယခုတစ်လော ကဗျာရွတ်ပွဲများ မကြာခဏ ရွတ်ကြသည်ဟု သိနေသည်။ ကျွန်တော် ကလောတွင် ရှိစဉ်လည်း ကျွန်တော့်ထံသို့ လာကာ ရန်ကုန်မှ ကဗျာညွှဲ့သည်များ ရောက်လာလျှင် ကဗျာရွတ်ပွဲများ ရွတ်ကြသည်။

ကျွန်တော်ကတော့ ကဗျာ မရွတ်။ မရွတ်တတ်၍ ဖြစ်သည်။ မရွတ်ချင် ၍ မဟုတ်။ ကျွန်တော်က ကျွန်တော့်ကဗျာများကိုလည်း အလွတ်ရသည် မဟုတ်။ ရွတ်သည် ဆိုရာမှာ အလွတ်ရမှ အသံကို လွတ်လပ်စွာ သုံးနိုင်သည်။ တချို့က လည်း ရွတ်ပွဲဟုဆိုသော်လည်း ရွတ်သူက နည်းသည်။ ဖတ်သူက များသည်။ ရွတ်သူ နည်းခြင်း ဆိုခြင်းထက် ရွတ်နိုင်သူ နည်းခြင်းဟု ဆိုရမည်။

သူတို့ ကဗျာ ထရွတ်ကြသည်။ သို့သော် ကျွန်တော့်အမြင်ကတော့ ကဗျာ ဖတ်ကြသည့်သဘော။

ကိုနွေထက်ကတော့ သည်လို မဟုတ်။ ရွတ်ဆိုသည်။ တကယ် ရွတ်ဆိုသည်။ ရွတ်ဆိုသည်မှာ အသံနေအသံထားဖြင့် ရွတ်ခြင်းဖြစ်သည်။ ဖတ်ခြင်းနှင့် မတူ။ အသံနေအသံထား ဆိုသည်မှာ အနိမ့်အမြင့် အတက်အကျ ဖြင့် ရွတ်ဆိုခြင်းကို ဆိုလိုသည်။ ရွတ်ဆိုသည်ဟုပင် ကျွန်တော် ပြောချင်သည်။ တေးဆန်သည်။ ဂီတဆန်သည်။ အဖိအဖော့၊ အတက်အကျလေးတွေ ပါသည်။

တကယ်ကတော့ ကျွန်တော်တို့၏ မြန်မာဘာသာစကားမှာ အဖိအဖော့ မရှိ။ ခပ်ပြေပြေ။ သို့သော် အဖိအဖော့ ထည့်၍ရသည်။ အင်္ဂလိပ်ဘာသာစကားကတော့ အဖိအဖော့ နဂိုကတည်းက ပါနေသည်။ ဘာသာစကားခြင်း မတူ။ အသံစနစ်များမှာ မတူပေ။

ကိုနွေထက် ကဗျာရွတ်ဆိုသောအခါ ရွတ်ဆိုသော ရသကို ခံစားရသည်။ အသံပြင်းသည့်အခါ ပြင်းပြင်းထွက်သည်။ အသံပျော့သည့်အခါ ပျော့သည်။ လှိုင်းထနေအောင် ရွတ်ဆိုနိုင်သူဟု သူ၏ရွတ်ဆိုမှုကို ခံစားရသည်။ ရှေးခေတ်က ရွတ်ဆိုမှုကို ကျွန်တော် မည်ကဲ့သို့ ရွတ်ဆိုသည်ကိုမူ မသိ။ မှတ်တမ်းတင်ထားခြင်းလည်း မရှိ၍ မသိနိုင်တော့။ ငယ်စဉ်ကတော့ မင်္ဂလာဆောင်များတွင် မင်္ဂလာရတုပိုဒ်စုံများ ရွတ်သည်ကိုတော့ ကြားဖူးသည်။

စောင်း (သို့) ပတ္တလားဖြင့် အသံလိုက်၍ တီးပေးသည်။ အဆွဲအငင် များသည်။ ရတု ဆိုတော့ လေးလုံးပုဒ် လင်္ကာသွား။

အခြားမြန်မာကဗျာများဖြစ်သော တေးထပ်၊ လေးချိုး စသည်တို့ကိုကား သီချင်းသဘောဖြင့်ပင် တူရိယာ၊ စောင်း၊ ပတ္တလား၊ စန္ဒရား စသည်များဖြင့်ပင်လျှင် စည်းဝါးကျကျ တီးနိုင်သည်။ ဆိုနိုင်သည်။ ထို့ကြောင့် မြန်မာကဗျာ၏ ရိုးရာမှုတွင် ရွတ်ဆိုနိုင်သော အသံစနစ်ဖြင့် ဖွဲ့စည်းထားသည်ဟု ထင်မိပေသည်။

လင်္ကာသွားသည် ကဗျာထဲတွင် အလွတ်လပ်ဆုံး ဖြစ်သည်။ ယင်း အလွတ်လပ်ဆုံးသည်ပင်လျှင် ရွတ်ဆို၍ရသည်။ ကျွန်တော်လည်း ငယ်စဉ်က မင်္ဂလာဆောင်များအတွက် ရတု၊ တေးထပ် စသည်များ စပ်ပေးခဲ့သည်။ ရတု စပ်သောအခါ အသံ အတိုနှင့်အရှည်ကို မှု၍ ထည့်ရသည် (သို့) တစ်လှည့်စီ

ထည့်ရသည်ကို မှတ်မိနေသည်။ အသံတို များနေလျှင် ဆိုရ ကပ်နေတတ်သည်။ အသံရှည်ကတော့ ဆွဲငင်နိုင်သလောက် ဆွဲ၍ရသည်။ ထို့ကြောင့် အသံ အတိုနှင့် အရှည်ကို တစ်လှည့်စီ စပ်လျှင် ဆိုလို့ အကောင်းဆုံး ဆိုဟန် ဖြစ်လာနိုင်သည် ဟု ကျွန်တော် ယူဆလာသည်။

ရုရှားကဗျာ ရွတ်သည်ကိုတော့ ကြားဖူးသည်။ ပွဲတော့ မဟုတ်။ ကျွန်တော့်စကားပြန် အမျိုးသမီးအား ဆိုဗီယက်ပြည်ထောင်စုသို့ ရောက်စဉ် ရွတ်ဆိုခိုင်းကြည့်သည်။ သူက ရွတ်ဆိုနေကျတော့ မဟုတ်။ သူတို့ ရုရှားဘာသာ စကားမှာပင်လျှင် အသံကို ရွတ်ဆို၍ ကောင်းသော သဘာဝ နဂိုကတည်းက ရှိနေသည်ဟု ကျွန်တော် ခံစားမိသည်။ အခြားသူများအတွက်တော့ မပြော တတ်။ ကျွန်တော်က လွတ်လပ် ကာရန်စနစ်ဖြင့် ရေးသည်ကို ဦးသိန်းဖေမြင့် က သိပ်နှစ်သက်ဟန် မတူ။ ၁၉၅၀ လောက်က ဖြစ်မည်။ ကျွန်တော် စာဆိုတော် နေ့အတွက် စန္ဒရားတီးနေစဉ် ကျွန်တော့်အပါး ရောက်လာပြီး 'မင်းကဗျာတွေကို စန္ဒရားနဲ့ အသံ ထည့်ကြည့်ပါလား' ဟု ပြောသည်။

ကျွန်တော်က ထည့်၍ရကြောင်း ပြောသည်။ မြန်မာဘာသာစကား မှာ စကားပြေကိုပင်လျှင် အသံ ထည့်၍ရသည်ဟု ကျွန်တော် နားလည်ထား သည်။ ဦးသိန်းဖေမြင့်ကတော့ ဂီတကို ကိုယ်တိုင် တီးခတ်သူမဟုတ်၍ သိချင်မှ သိနိုင်မည်။

ကဗျာရွတ်ဆိုပွဲများတွင် ဖတ်သည်ထက်တော့ ပို၍ အသံနေအသံ ထား ပိုသောစနစ်ဖြင့် ရွတ်ဆိုလျှင် ပိုကောင်းမည်ဟု ကျွန်တော် ယူဆသည်။ ပြည်လှဖေ ဆိုလျှင် နတ်ရှင်နောင်သီချင်းထဲမှ ပေါ်ဓွေလလျှင် ရတုတစ်ပုဒ်ကို ဆိုသည်မှာ ဆိုဟန်ပင် ဆန်းသစ်သည်ဟု ဆိုရမည်။ သမားရိုးကျထက် ကျော်၍ ပို၍ ဆန်းသစ်မှု ရှိသည်ကို သတိထားမိသည်။

သူကတော့ အဆိုတော် ဖြစ်၍ ဂီတဟန်ပါသည်မှာ သဘာဝကျသည် ဟု ဆိုနိုင်သည်။ တစ်ခါက ဦးသိန်းဖေမြင့်အိမ်တွင် ဂီတလုလင်မောင်ကိုကို၊ ပြန်ကြားရေးဝန်ကြီးဟောင်း ဦးထွန်းဖေနှင့် ဆုံမိ၍ စန္ဒရားတီး ဖြစ်သည်။ ထိုအခါ ကျွန်တော်က မောင်ကိုကိုအား စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်

ရကန်ကို စာသားအတိုင်း၊ သူ့အသံအတိုင်း အသံထည့်ရန် အကြံပေးဖူးသည်။ နောက် သူ ထည့်တီးသည်ကို ကြားရသည်။ နတ်ရှင်နောင်၏ 'တင့်လှပေဟန်' ရတုကိုလည်း အသံထည့်လျှင် ကောင်းမည်ဟု ပြောသောအခါ သူက ထည့်ချင်သည်ဟု ပြောသည်။ ထည့်သလား၊ မထည့်သလား ကျွန်တော် မပြောတတ်။

တချို့က ကဗျာကို ဒေါ်နှင့်မောနှင့် အသံမြင့်မြင့် ရွတ်ဆိုသည်ကို ကြားရဖူးသည်။ ခက်သည်က သူ့ကဗျာစာသားတွင် ဒေါ်နှင့်မောနှင့်ရသ စကားလုံး ပါလျှင်တော့ အင်မတန် လိုက်လျောမည့် ရွတ်ဆိုမှု ပညာတစ်ရပ်ဟု ကျွန်တော် သဘောထားသည်။

ရှေးခေတ်ကတော့ ကဗျာကို ရွတ်ဆိုခြင်းဖြင့် ပြန့်ပွားသည်ဟု ကျွန်တော် ထင်သည်။ မြန်မာကဗျာ၏ အရင်းခံကပင်လျှင် တေးသဘော သက်ဝင်နေသည်။ မြန်မာကဗျာသာ မဟုတ်၊ အရှေ့တိုင်းကဗျာသည် ယင်းသဘောပင် ဖြစ်မည်။ အနောက်တိုင်းနှင့်တော့ မတူ။ ပုံနှိပ်စက် ပေါ်လာသောအခါ ရွတ်ဆို၍ ပြန့်ပွားရန် မလိုတော့။ စာအုပ်များ ထုတ်ဝေပြီး ပရိသတ် တိုးပွားလာသည့်သဘော ရောက်ရှိလာပြီ။ ယနေ့ခေတ်ဆိုလျှင် စာဖတ်ပရိသတ် ဟူသော 'ယဉ်ကျေးမှု စားသုံးသူ'သည် ကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီ မဟုတ်ပါလား။ အကယ်၍ ရွတ်ဆိုဟန်ဆိုလျှင် အသံစနစ်တစ်မျိုး သုံး၍ ရေးစပ်ရပေမည်။ ကျွန်တော့် အတွေ့အကြုံက ဤသို့ နားလည်ပေသည်။

မွန်းတည့်ခါနီးလောက်တွင် ကိုကြည်လင်တို့လူစု၊ ကိုဇွေထက်တို့ ပြန်သွားကြပေပြီ။ ကျွန်တော့်မှာ တောင်လေးလုံးရင်ပြင် တမာပင်အောက်တွင် ကျန်ရစ်ခဲ့သည်။ တမာနံ့က သင်းသင်း။ ကျွန်တော့်ရင်ထဲတွင်တော့ လှိုင်းထ၍ ကျန်ရစ်ခဲ့သည်။

ဤခေတ်ပေါ်စာပေနှင့် ပတ်သက်၍ ကျွန်တော် အသိတိုးလာရသည်။ ကျွန်တော် သိခဲ့သော အသိနှင့်လည်း ညှိကြည့်ရသည်။ ယနေ့တိုင်အောင်ပင် တောင်လေးလုံးရင်ပြင်မှ စာပေရန့်၊ မယ်ဇယ်ရန့်တို့သည် ကျွန်တော့်ရင်ထဲတွင် သင်းပျံ့မွှေးရီ ခံစားနေရပေပြီ။

၂၁၊ ဇန်နဝါရီ၊ ၁၉၉၇

မနောလေးယဉ်ကျေးမှုဂျာနယ်၊ မတ်၊ ၁၉၉၇

❐

မယ်ဇယ်ရနံ့ မွှေးမြနေဆဲကို

လွန်ခဲ့သော ၁၀ နှစ်ခန့်က ပုသိမ်မှ မိတ်ဆွေများက ကျွန်တော့်ကို ပျားရည်နှင့်စိမ်ထားသော မဠူသကပန်းပွင့်များ ပေးဖူးသည်။ ယခု တောင်လေးလုံးရင်ပြင်သို့ ရောက်လာသောအခါ မယ်ဇယ်ပွင့်သည် မဠူသကပန်းပွင့် ဟူ၍လည်း ခေါ်ကြောင်း ဆရာတော်က ပြောပြသည်။ ဆရာတော် ကိုပညာကလည်း ကျွန်တော့်ထံ ပျားရည်ဖြင့် စိမ်ထားသော မယ်ဇယ်ပွင့်များ ပို့ပေးသည်။ ယခု တောင်လေးလုံးရင်ပြင်တွင် စကားပြောနေစဉ် မယ်ဇယ်ရနံ့က မွှေးမြမြ။ ခေတ်ပေါ်စာပေနှင့် မယ်ဇယ်ရနံ့မှာ ကျွန်တော့်အတွက် ဆက်စပ်နေတော့သည်။

မန္တလေးစာပေအင်အားစုများနှင့် ဆွေးနွေးပြောဆိုရသည်မှာ သိပ်မကြာ။ ၃-၄ နာရီလောက်သာ ကြာမည်။ သို့သော် ကျွန်တော် ခေတ်ပေါ်စာပေ၏ ရေစီးကြောင်းကို သိလိုက်ရ၍ သူတို့ကို ကျွန်တော် ကျေးဇူးတင်ရပါသည်။ ခေတ်ပေါ်ရေစီးကြောင်း ဆိုသည်က အကျယ်အပြန့် တသွင်သွင် စီးဆင်းနေသည်။ ရေစီးကြောင်းများ ဆက်ကာ ရှိနေသည်။ အင်းလေးရေပြင်ကြီးကဲ့သို့ ပင်လယ်ရေပြင်က အရောင် အမျိုးမျိုး။ အနက်ရောင်၊ အပြာရောင်၊ စိမ်းမှောင်မှောင်။ သူ့ရေစီးကြောင်းနှင့်သူ။ သူတို့က မော်ဒန် ဟူသော အင်္ဂလိပ်စကားလုံးကို မသုံး။ ခေတ်ပြိုင်ခံစားမှုစာပေ ဟူသော စကားလုံးကို ကြားနေရသည်။ ဆရာတော်က အင်းကမ်းစပ်သို့ တဝုန်းဝုန်း ရိုက်နေသော လှိုင်းသံများ ကြားရသည့် မိုးတွင်းချိန်တွင် လာစေချင်သည်။ မန္တလေး ရောက်ပြန်တော့လည်း တောင်

သမန်အင်း ရေပြည့်ချိန်နှင့် မတိုက်ဆိုင်။ ထို့ကြောင့် ပင်လယ်ကြီးကဲ့သို့ ရေဖွေးဖွေးနှင့် လှိုင်းရိုက်သံ ကျူးရင့်နေသော တောင်သမန်အင်းကို မထိတွေ့ခဲ့ရ။ ၁၉၅၀ က မန္တလေးရောက်ခါ မယ်ဇယ်ပင်အောက်တွင် သတင်းစာဆရာ၊ စာရေးဆရာများနှင့် ထမင်းအတူ စားဖူးသည်။ သို့သော် မယ်ဇယ်ရနံ့ကိုတော့ မရခဲ့။ ထိုအခါက ဆောင်းတွင်း။ မယ်ဇယ် မပွင့်သေး။

ယခု နွေဦးပေါက်တွင်တော့ ပွင့်ပြီး ရနံ့က မွှေးမြနေသည်။ စာပေရနံ့ ကလည်း မွှေးမြနေသည်။

ယနေ့ခေတ် စာပေဝေဖန်ရေးနှင့် ပတ်သက်၍ ကျွန်တော်က တစ်ခုခု ပြောဖို့ကောင်းတယ်ဟု တစ်ယောက်က ပြောလိုက်သည်။ ကျွန်တော်က သူ ပြောသည်ကို နားလည်သည်။ သူသည် တချို့သော စာပေဝေဖန်ရေးကို ကြိုက် ဟန်မတူ။ တကယ်ကတော့ စာပေဝေဖန်ရေးအကြောင်း ပြောဖို့ အခက်သား။ ယနေ့ စာပေလောကတွင် စာပေဝေဖန်ရေးအကြောင်း ပြောဖို့ အခက်သား။ ယနေ့ မြန်မာစာပေလောကတွင် စာပေဝေဖန်ရေးကို တစိုက်မတ်မတ် လုပ်သူ သိပ်မရှိလှ။

စာပေရေးရာအကြောင်း တစ်ခုခုကို အခြေပြု၍ ထရေးသူများက လည်း တစ်ယောက် တစ်ပေါက်။ စွဲစွဲမြဲမြဲ ရေးသူပင် သိပ်မရှိလှ။ ထို့ကြောင့် ပင် ကျွန်တော်က ပြောရခက်သား။ တချို့ကလည်း ပုဂ္ဂိုလ်ရေးသိက္ခာချမှုဖြင့် ရေးကြသည်။ အမြဲတမ်းရေးသူ မဟုတ်။ အကွက်ပေါ်လျှင် ထ၍ရေးခြင်း သဘောမျိုး။ ခေတ်စမ်းစာပေခေတ် သိပ္ပံမောင်ဝ၊ ဇော်ဂျီတို့သည် စာပေဝေဖန် ရေးများ ရေးခဲ့ကြသည်။ စစ်ပြီးခေတ်တွင်လည်း ဦးသိန်းဖေမြင့်သည် ဝေဖန်ရေး ဆရာတစ်ယောက်ဟု ဆိုရလောက်အောင်ပင် ရေးသူဖြစ်သည်။ တစိုက် မတ်မတ်တော့ မဟုတ်။ ယေဘုယျ ခြုံ၍ ရေးခြင်းဖြစ်သည်။

ကျွန်တော်တို့လည်း သည်ဘက်ခေတ်တွင် နည်းနည်းပါးပါး ကလောင် နာမည်အချို့ယူ၍ ရေးဖူးသည်။ တစ်ယောက်နှင့်တစ်ယောက် စာပေဝေဖန်ရေး ပုံသဏ္ဌာန်ကတော့ မတူကြ။ ကိုယ့်အမြင်၊ သူ့အမြင် အခြေခံ၍ ရေးကြသည်။ သည်ဘက်ခေတ်တွင် မဂ္ဂဇင်းများအားလုံးကို ဖတ်မှ ဖြစ်မည်။ အနည်တော့

မထိုင်သေး။ သို့သော် ကောက်၍တော့ ယူနိုင်သည်။

စာပေဝေဖန်ရေးဆရာတစ်ယောက် ဖြစ်ဖို့ကတော့ သိပ်မလွယ်။ စာများများလည်း ဖတ်မှ။ မြန်မာစာနှင့်လည်း မလုံလောက်။ အနောက်နိုင်ငံကမ္ဘာ့စာပေများကိုလည်း နည်းနည်းပါးပါး တီးမိခေါက်မိမှ ဖြစ်မည်။ အချို့ကလည်း အင်္ဂလိပ်စကားလုံးများ သုံး၍ ဟန်ရေးပြကြသည်ကို တွေ့ရသည်။ တချို့ ကျွန်တော်နှင့် အင်္ဂလိပ်စကားလုံး အဓိပ္ပာယ်ကောက်ယူပုံခြင်း၌ပင် ခြားနားမှု မတူ။ ထို့ကြောင့် ပြောမည်ဆိုလျှင် သိပ်မကောင်း။ တချို့ကတော့ ရိုးရိုးသားသားပင် ရေးကြသည်။ ဂိုဏ်းဂဏ မပါ။ အစွဲအလမ်း ကင်းကင်း။ အချို့က မြန်မာစာပေ၏ အမျိုးသားစံနှင့် မယှဉ်ဘဲ အနောက်နိုင်ငံမှ ဘာစံတွေမှန်းမသိသော၊ ခေတ်နောက်ကျနေသော စံများနှင့် ရေးနေသည်ကို တွေ့ရသည်။ တိုင်းပြည် အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုခြင်း မတူကြ။ တစ်ပြေးတည်း မဟုတ်ကြ။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဖွံ့ဖြိုးမှုခြင်း ကွဲပြားကြသည်။ အနောက်နိုင်ငံက လွန်ခဲ့သော အနှစ် ၆၀ ကျော်လောက်က 'မော်ဒန်ဝါဒ' ဟုခေါ်သော အင်္ဂလိပ်စကားလုံးဖြင့် ခေါ်ဝေါ်နေသော အယူအဆနှင့် ယနေ့ မြန်မာစာပေလောကတွင် မော်ဒန်ဟု ခေါ်နေသော အယူအဆချင်းကလည်း တူသည်မဟုတ်။ စကားလုံး ဝေါဟာရကြောင့်လည်း ရှုပ်ထွေးစရာ ဖြစ်နေသည်။

တကယ်တော့ စာရေးဆရာ၊ ကဗျာဆရာတို့သည် မိမိတို့ အနုပညာဖန်တီးမှုသာလျှင် အရင်းခံဖြစ်သည်။ အနည်မထိုင်သေးဘဲ ပုံသဏ္ဌာန် ဖွဲ့စည်းစကာလတွင် အယူအဆများ ငြင်းခုံနေလျှင် ဖူးစပွင့်စ လူငယ်နုပျိုတို့ ယောင်ဝါးဝါး ဖြစ်သွားနိုင်သည်။ ဟိုဟာ မှန်နိုးနိုး၊ သည်ဟာ မှန်နိုးနိုး။

တကယ်ကတော့ စာပေဝေဖန်ရေးသည် စာပေအကျိုးကို ကောင်းစွာဆောင်ရွက်နိုင်သည်။ လေးလေးနက်နက်၊ ကျယ်ကျယ်ပြန့်ပြန့်၊ ရိုးရိုးသားသားနှင့် စာပေဝေဖန်ရေးများ ပြုလျှင် ခေတ်ပေါ်စာပေအတွက် လမ်းကြောင်းသည် ပီသသွားနိုင်သည်။ ယခု ကျွန်တော်က ထင်ထားသည်။ မည်သို့သော စာပေဝေဖန်ရေးမျိုး ရှိရှိ စာဖတ်သူတို့အဖို့တော့ ဝေဖန်ပိုင်းခြားနိုင်သည်။ ခက်သည်က စာဖတ်ပရိသတ်ဘက်မှ ဝေဖန်ရေးက နည်းနေသည်။ အချက်အလက် ခိုင်ခိုင်

မာမာနှင့် ရိုးရိုးသားသားရေးသော စာပေဝေဖန်ရေးမျိုးက တစ်ခါတစ်ရံမှ တွေ့ရတတ်သည်။

စာရေးဆရာတစ်ယောက်တွင် အခြားနာမည်ခွဲများဖြင့် ရေးကြသည်ကို ဆွေးနွေးကြ၊ ပြောဖြစ်ကြသည်။ ကျွန်တော်သည်ပင်လျှင် လွန်ခဲ့သော အနှစ် ၄၀ ကျော်၊ ၅၀ ကစ၍ ကလောင်ခွဲများဖြင့် ရေးသည်။ ဤအကြောင်းကို ပြန်ပြောရသည်။

အမျိုးသမီးနာမည်များဖြင့်လည်း ကျွန်တော် စာပေဝေဖန်ရေး ရေးဖူးသည်။ အချို့တော့လည်း သိကြသည်။ အခြားသော နာမည်ဝှက် ကလောင်အမည်ဖြင့် ရေးရသည်ကို အရသာရှိနေသည်။ မိမိကို လူမသိဘဲ ရှိနေသော အဖြစ်ကို အရသာရှိသည်ဟု ကျွန်တော်က ခံစားရသည်။ အထူးသဖြင့် စာအုပ်တစ်အုပ်ချင်း ဝေဖန်ရေးစာများ ရေးသောအခါ ပို၍ ကလောင်အမည်ဝှက်များဖြင့် ရေးချင်သည်။

စာအုပ်နာမည် တပ်သော်လည်း ကျွန်တော်၏ရည်ရွယ်ချက်က မိမိပြောလိုသော စာပေသဘောတရားများကို စာအုပ်တစ်အုပ်အမည်ဖြင့် တွဲ၍ ရေးရသည်မှာ လွတ်လပ်သည်။ မိမိပြောလိုသော သဘောတရားကိုလည်း လွတ်လွတ်လပ်လပ် ရေးလို့ရသည်။ တစ်ခါတစ်ရံ စာအုပ်အကြောင်းက သုံးလေးကြောင်းမျှသာ ဖြစ်သည်။

မယ်ဇယ်ရန့်က မွှေးမြနေဆဲရှိသည်။

၁၅၊ မတ်၊ ၁၉၉၇
မနွလေးယဉ်ကျေးမှုဂျာနယ်၊ အောက်တိုဘာ၊ ၁၉၉၇

❐

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

[က]

ဦးလေးရေ… လူငယ်စာပေသမားတွေကတော့ ဦးလေးကိုတော့ ဦးခိုက်နေကြတယ်။ ကျွန်တော့်ကိုတော့ ဒူးတိုက်နေကြတယ်။

(၁) မိုးဝေကဗျာ ရှိသလားလို့ မေးမိလို့။

(၂) မော်ဒန်နစ်ဇင်း ဆိုတာ ကျဆုံးခဲ့ပြီလို့ ပြောလို့တဲ့။

ကိုယ့်အချင်းချင်းတွေပါပဲ။ မိုးဝေက တော်လှန်ဝါဒနဲ့ တော်လှန်ကဗျာ အုပ်စုကတော့ ဦးလေးကို ထိပါးလို့ သပိတ်မှောက်ကြတယ်…။

မောင်သင်းခိုင်၊ အောင်ချိမ့်နှင့် မုံရွာအောင်ရှင်တို့ လာပြီး ညှိကြတာပဲ။ ကျွန်တော်လည်း ရှုပ်ကုန်ပြီ။ ဘာပဲဖြစ်ဖြစ် ဦးလေး ကျန်းမာပါစေ…။

[ခ]

ကိုစွမ်းရည်ခင်ဗျား…

ကိုစွမ်းရည် ကျွန်တော့်ထံ ပေးခဲ့တဲ့ စာကလေးကို တရားမဝင်ကနေ တရားဝင်အောင် လုပ်လိုက်လို့ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ လူကျင့်ဝတ်အနေနှင့် ကြည့်ရင်တော့ ကျွန်တော် ကိုစွမ်းရည်ကို သစ္စာဖောက်လိုက်တဲ့သဘောပါ။

ကိုစွမ်းရည်က ကျွန်တော့်ထံ ပုဂ္ဂလိက တစ်ယောက်ချင်း ပေးတဲ့ စာ။ ကျွန်တော်က ဒီစာကို တိုင်းပြည်ကို ဖွင့်ပြလိုက်တာကိုး။ ဒါပေမဲ့ဗျာ…၊ ကိုစွမ်းရည်စာကို ဖတ်ပြီး ကျွန်တော် စိတ်နည်းနည်းထိခိုက်သွားတယ်။

ဒါကြောင့် ဒီစာကို ရေးလိုက်ရတာပါပဲ။ ကိုစွမ်းရည်စာက တစ်ယောက်ချင်း ပေးတဲ့ စာ ပေမဲ့ စာပေလောကနှင့် ပတ်သက်နေတာနဲ့ ကျွန်တော် အခုလို လုပ်လိုက်ရတာပါပဲဗျာ။ ခွင့်လွှတ်နိုင်ရင် ခွင့်လွှတ်ပါ။

ကျွန်တော်က စာပေပြဿနာတွေကို စိတ်ဝင်စားတယ်။ အထူးသဖြင့် လူငယ်လေးတွေ စာပေလောကအတွင်းမှာ ငြင်းခုံနေကြတဲ့ ကိစ္စလေးတွေကို စိတ်ဝင်စားတယ်။ ကိုစွမ်းရည်နှင့် ကျွန်တော် သိခဲ့တာ ၃၅ နှစ် ရှိပါပြီ။

ဖန်မီးအိမ်စာအုပ်(ကဗျာ) အမှာစာ ရေးရန် စာကို လာပို့တုန်းကတော့ ကဗျာဆရာ မောင်စွမ်းရည်မှန်း မသိခဲ့ပါဘူး။ နောက်အတော်ကြာမှ ကျွန်တော် သိရတာ။ အဲဒီလို နှစ်ပေါင်း များစွာ သိကျွမ်း ခင်မင်ရင်းနှီးခဲ့တာတွေကို ချိန်စက်ပြီး ခွင့်လွှတ်လိုက်မယ်လို့ ယုံကြည်မိပါတယ်။ ကိုစွမ်းရည်စာထဲမှာ ပါတဲ့ ပထမကိစ္စက ခေတ်ပေါ်စာပေဝါဒကိစ္စ၊ ကိုစွမ်းရည်က မော်ဒန်နစ်ဇင်း ဟာ ကျဆုံးခဲ့ပြီလို့ ဆိုလိုက်တာကိုး။

အဲဒီနေရာမှာ မော်ဒန်နစ်ဇင်းလို့ အင်္ဂလိပ်စာလုံးနှင့် သုံးလိုက်လို့ (ဝါ) မော်ဒန်လို့ သုံးလိုက်လို့ ဖြစ်ရတဲ့ကိစ္စလို့ ကျွန်တော် နားလည်လိုက်တယ်။

ကိုစွမ်းရည် ညွှန်းတဲ့ မော်ဒန်ဝါဒလို့ ခေါ်တဲ့ အင်္ဂလိပ်စကားလုံးနဲ့ စာပေဝါဒ ဆိုတာ လွန်ခဲ့တဲ့ အနှစ် ၁၀၀ လောက်က အနောက်နိုင်ငံမှာ သုံးစွဲခဲ့တယ်။ ဝေါဟာရ စကားလုံးကိစ္စကိုတော့ ကိစ္စလို့ပဲ ဆိုပါတော့ဗျာ။ ကျွန်တော်ကတော့ မော်ဒန်လို့ မသုံးဘူး။ ခေတ်ပေါ်စာပေ၊ ခေတ်ပေါ်စာပေ ဝါဒလို့ ဆိုပြီး သုံးတယ်။ အနောက်နိုင်ငံက သုံးတဲ့ မော်ဒန်ဝါဒ ဆိုတာက ၁၈ ရာစု ပြင်သစ်တော်လှန်ရေးအပြီး စက်မှုထွန်းကားလာတဲ့နောက်မှာ အရင်း ရှင်စနစ်ကြီး ထွန်းကားတဲ့ ကာလလောက်မှာ ဖြစ်ပေါ်နေတဲ့ သူတို့ အနောက် နိုင်ငံက စာပေကို ဆိုလိုတာ ဖြစ်တယ်ဆိုတာ ကိုစွမ်းရည် သိပါတယ်။ အဲဒီ စာပေတွေကို လက်ဝဲဝါဒီ (ဝါ) မာ့က်(စ်)ဝါဒီတွေကတော့ ဓနရှင်စာပေလို့ သတ်မှတ်ခဲ့ကြတယ်။

အဲဒီစာပေသဘောကတော့ ခေတ်နောက် ကျန်ရစ်ခဲ့ပြီလေ။ ယနေ့ လူငယ်စာပေ နပျိုပွင့်သစ် စာပေသမားတွေ ပြောတဲ့ မော်ဒန် ဆိုတာက အဲဒီ

အနောက်နိုင်ငံက မော်ဒန်မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်။

သူတို့ ယခု ရေးသားနေကြတဲ့ စာပေအဖွဲ့အနွဲ့သစ်တွေကိုသာ ပြောတာ။ ခက်တာက မော်ဒန်လို့ သုံးလိုက်တော့ စကားလုံးချင်း တူတော့ ရောထွေးရှုပ်ပွေကုန်တော့တာဗျ။ စကားလုံးအခေါ် ရောတာပဲ။ စာပေ မရောပါဘူး။ အဲဒါကြောင့် ကျွန်တော် စိတ်ထိခိုက်သွားတာလို့ ဆိုတာ။ ခုတ်ရာတခြား ရှရာတလွဲ ဆိုတာ ဒါမျိုး ဖြစ်မှာပေါ့ဗျာ။

ကိုစွမ်းရည် ခုတ်လိုက်တာက အနောက်နိုင်ငံမှာ ခေတ်နောက်ကျကျန်ရစ်တဲ့မော်ဒန် ပြောတာ။ ဒါပေမဲ့ သွားရှတော့ ယနေ့ခေတ် ရေးသားကြတဲ့ ကဗျာဆရာနုပျိုပွင့်သစ်ကလေးတွေ သွားဖြစ်နေတာ။ တကယ်ကတော့လည်း သွားရှတာ မဟုတ်ပါဘူးလေ။ အထင်အမြင်လွဲတာလည်း ဖြစ်နိုင်ပါတယ်။

လူငယ်နုပျို ပွင့်သစ်စတွေက သူတို့အမြင်နဲ့သူတို့။ သူတို့ခေတ်ပြိုင်ခံစားမှုကို ဖွဲ့နွဲ့နေတာပါပဲ။

ကျွန်တော် ဒုတိယကိစ္စကတော့ စာပေညီညွတ်ရေးပါပဲ။ သူတို့လည်း ညီညွတ်ရေး ဆိုတဲ့ စကားလုံး သုံးစွဲခဲ့တာ အတော် ကြာပါပြီ။ ဖွံ့ဖြိုးစ နိုင်ငံတွေမှာ တွေ့ရတတ်တဲ့ ပြဿနာမျိုးပါပဲ။ ဆန်းတော့လည်း မဆန်းပါဘူး။

ကိုစွမ်းရည်က မိုးဝေစာပေခေတ် ရှိသလားလို့ မေးမိတာနဲ့ ဆိုတဲ့သဘောကို ကျွန်တော် နားလည်ပါတယ်။ ဒါတွေက သမိုင်းရေးရာ အကဲဖြတ်မှုနဲ့ ဆိုင်ပါတယ်။ အကဲဖြတ်မှု ဆိုတာ ကွဲလည်း ကွဲလွဲနိုင်ပါတယ်။ သဘောလည်း တူနိုင်ပါတယ်။

ဒါက စာပေသမိုင်းနဲ့ ဆိုင်တယ်။ မိုးဝေကို သပိတ်မှောက်တယ်ဆိုတာက လွန်ခဲ့တဲ့ အနှစ် (၂၀) က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စပါ။ အယ်ဒီတာတစ်ဦးက ကျွန်တော့်အကြောင်းကို မကောင်း တော်တော်လေး ရေးလိုက်လို့ လူငယ်ကဗျာဆရာတစ်စု မကျေနပ်ပြီး ဖြစ်ပေါ်လာတာ။

ကျွန်တော်လည်း မကျေနပ်တာကို ချက်ချင်း မသိပါဘူးဗျာ။ သူတို့ သပိတ်မှောက်ကြောင်း လာပြီးပြောတော့မှ သိရပါတယ်။ ကျွန်တော် တားပါသေးတယ်။ သပိတ်မမှောက်ကြနဲ့။ ခင်ဗျားတို့ရေးတဲ့ ကဗျာတွေကို ဒီမဂ္ဂဇင်းကပဲ

ထည့်နေတာ။ ဒီပြင်တိုက်တွေက ထည့်မှာမဟုတ်ဘူး။ ကဗျာအဖွဲ့အနွဲ့အသစ်တို့ ဆိုတာက မဂ္ဂဇင်းတိုက်တွေက လက်ခံချင်ကြတာ မဟုတ်ဘူး။ ခင်ဗျားတို့ နေရာ ပျောက်သွားမှာပေါ့။ ကျွန်တော် ပြောတယ်။ ဒါပေမဲ့ မရဘူး။ သူတို့က သိပ်စိတ်အားထက်သန်နေကြတာ။ သပိတ်မှောက်ပြီး ထွက်လာကြပြီးမှ ကျွန်တော့်ကို အကြောင်းကြားတဲ့ သဘောလောက်ပဲ ရှိတယ်။ ကျွန်တော့်ကိုလည်း တိုင်ပင်ကြတာ မဟုတ်ဘူးလေ။ သူတို့လည်း အရွယ်ရောက်နေကြပြီပဲဗျာ။ သူတို့ဘာသာ သူတို့အမြင်နဲ့သူတို့ လုပ်ပိုင်ခွင့်ရှိကြတာပဲ မဟုတ်လား။ ဒါက ထားပါတော့။ ကျွန်တော် ပြောချင်တာက စာပေညီညွတ်ရေး။

စာပေညီညွတ်ရေးဟာ စာပေဝေဖန်ရေးနှင့် ဆက်စပ်နေတတ်တယ်။ စာပေဝေဖန်ရေး ဆိုတာ အနည်းနဲ့အများ ကောင်းကျိုးပြုတဲ့လုပ်ငန်းပါပဲ။ ဝေဖန်ရေးတစ်ရပ်ကို သဘောတူတာလည်း ရှိမယ်၊ မတူတာ ရှိမယ်။ ဒါပေမဲ့လည်း ဝေဖန်တဲ့အတွက်တော့ ဝေဖန်ရေးတစ်ရပ်ပေါ်မှာ မှီပြီး တစ်ဖက်နှင့်တစ်ဖက် ဆိုတာက သဘောတူတဲ့ဘက်နဲ့ မတူတဲ့ဘက်ကို ပြောတာပါ။ မိတ်ဆွေနဲ့ရန်သူ ဘက်လို့ ပြောတာမဟုတ်ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် စာမျက်နှာပေါ်မှာ သို့မဟုတ် ကြမ်းပြင်ပေါ်မှာ တွေ့ဆုံပြီး အမြင်ချင်း ဖလှယ်သင့်တယ်၊ နှီးနှော သင့်တယ်၊ ဆွေးနွေး ညှိနှိုင်းသင့်တယ်လို့ ကျွန်တော် ထင်တယ်။

အဲဒါ ညီညွတ်ရေး နည်းလမ်းပဲဗျ။ အယူအဆ ဆိုတာ ဘယ်လိုနည်းနဲ့မှ ထပ်တူထပ်မျှ မတူညီနိုင်ဘူး။ တူတာလည်း သဘာဝမကျဘူး။ မတူတာ သဘာဝ ကျပါတယ်။ စာပေဖြတ်သန်းမှု ဆိုတာလည်း တစ်ယောက်နှင့်တစ်ယောက် မတူနိုင်ဘူး။ အသက်အရွယ်ချင်းလည်း ညီကြတာမှ မဟုတ်ပဲဗျာ။ အသက် အရွယ်ချင်း တူညီသည့်တိုင်အောင်ကို စာပေဖြတ်သန်းမှု နောက်ခံကားတွေက တူချင်မှတူမှာ။ ယနေ့ လူငယ်နဖူး ပွင့်သစ်စတွေနှင့် ကိုစွမ်းရည်တို့ခေတ်က စာပေရေစီးကြောင်းက ရေစီးကြောင်းတစ်ခုတည်းပါပဲဗျ။

စာပေရေစီးကြောင်းဟာ စီးဆင်းနေတယ်။ အညာက အကြေကို စီးဆင်းနေတယ်။ အဲဒါ အစဉ်အလာလို့ပဲ ခေါ်ကြတယ် မဟုတ်လား။

ကိုစွမ်းရည်တို့ ဖွဲ့နွဲ့တဲ့ ကဗျာရေစီးကြောင်းဟာ အခုလည်း စီးဆင်း

လျက်ပါပဲ။ အဲဒီလို ဆက်စပ်မှု ရှိတယ်။ ဒါ ပြန်ပြီးတော့ သုံးသပ်ကြည့်ရင် တွေ့နိုင်ပါတယ်။ ခေတ်ပေါ် မြန်မာစာပေကို ကြည့်လျှင် ခေတ်ဦး ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ ဝံသာနုခေတ်ကနေပြီး စီးဆင်းလာလိုက်ကြတာ ခေတ်စမ်းကို ဖြတ်သန်းလာမယ်။ စစ်ပြီး စာပေသစ်ကို ဖြတ်သန်းလာမယ်။ ယနေ့ ခေတ်ပြိုင်ခံစားမှုထိပါပဲဗျာ။ သူ့ခေတ်နှင့်သူ သူ့ခေတ်တွေကို အကျိုးပြု လာကြတာပါပဲ။

မိမိအရင်ခေတ်က ပေါ်ထွန်းလာတဲ့ အမွေအနှစ်တွေက နောက်ခေတ်တွေကို အဆင့်ဆင့် လက်ကမ်းပေးလိုက်ကြတဲ့ သဘောပါပဲ။ နတ်ရှင်နောင်ဟာ နဝဒေး ရတုတွေကို ဖတ်ပြီး နတ်ရှင်နောင် ရတုတွေ ဖြစ်လာတာပါပဲ။

တစ်ခါ ရာမရကန် ဦးတိုးရဲ့ ရတုတွေဟာ နတ်ရှင်နောင်ရဲ့ ကဗျာတွေကို ဆက်ခံပြီး သုံးနှုန်းခဲ့တာပဲ။ အဲဒီလို အဆင့်ဆင့် အကျိုးပြုတဲ့ သဘောတရားကို ကျွန်တော်တို့က အစဉ်အလာလို့ ဆိုလိုက်တာပါပဲ။ တစ်ခုတော့ ရှိတာပေါ့ဗျာ။ အစဉ်အလာလို့ ဆိုတာနဲ့ ခံစားမှုတူတဲ့ အစဉ်အလာကတော့ တစ်ဆက်တည်း၊ တစ်ကြောတည်းလို့ ဆိုရမှာပဲ။ ကျွန်တော်က အဲဒီလို တစ်ကြောတည်း သဘောကို အစဉ်အလာလို့ ယူဆပါတယ်။

အဲဒီလို တစ်ကြောတည်းသွားခြင်း၊ အစဉ်အလာတူခြင်း ညီညွတ်ရေးကို ဆိုလိုတာပါ။

ညီညွတ်ရေး ဆိုတာ မိတ်ဆွေဝါဒပါပဲ။ ကျွန်တော်ကတော့ ရန်သူမရှိ၊ အမုန်းမရှိ ဝါဒသမားဗျ။ ကျွန်တော့်မှာ ရန်သူမရှိ၊ မိတ်ဆွေသာ ရှိတယ်လို့ ခံယူတဲ့ ငြိမ်းချမ်းရေးသမားပါ။ ကိုစွမ်းရည် သိပါတယ်။

[၈]

ကျွန်တော်တို့တစ်တွေဟာ သမိုင်းခေတ်တွေ အသီးသီးကို ဖြတ်သန်းကြတဲ့ လူတွေ ဖြစ်ပါတယ်။ တစ်ခုပဲ ရှိတယ်။ မျိုးဆက်ချင်းက ကွာခြားတာလည်း ရှိပေသပေါ့။ အချိန်တာနဲ့ အကွာအဝေး ဆိုတာကတော့ နိယာမတရားကိုဗျ။ ကျွန်တော်တို့ကတော့ ကိုလိုနီခေတ်မှာ စတင်ကြီးပြင်းခဲ့တယ် ဆိုတော့ ပထမ

မျိုးဆက်လို့ သတ်မှတ်လိုက်ကြရအောင်။ ကိုစွမ်းရည်တို့ကတော့ ဒုတိယမျိုးဆက်။ ယနေ့ အဖွဲ့အစည်းသစ်ရေးသားနေကြတဲ့ လူငယ်နုပျို ပွင့်သစ်တွေကတော့ တတိယမျိုးဆက်ပဲပေါ့။ ကိုလိုနီခေတ်မှာကတော့ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြုံတွေ့ရတယ်။ လွတ်လပ်ရေး ရပြီးတဲ့ ခေတ်ကျတော့ ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု ကြုံတွေ့ရတယ်။ အမျိုးသားလွတ်လပ်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး ဘယ်လိုပဲ မျိုးဆက်ချင်း ကွာခြားပေမယ့် မိမိဖြတ်သန်းရတဲ့ လှုပ်ရှားမှုခြားနားပေမယ့် စာရေးဆရာ ဆိုတာ အမှန်တရားကို ရှာဖွေဖော်ပြတဲ့သူတွေဖြစ်နေတော့ ခေတ်တိုင်း ခေတ်တိုင်းမှာ ခေတ်ပြိုင်ခံစားမှုကို ဖော်တဲ့ အစဉ်အလာကတော့ အားကောင်းဆဲပဲ မဟုတ်လား။

ဦးခိုက်တယ်၊ ဒူးတိုက်တယ် ဆိုတာကတော့ ယာယီကိစ္စတွေပါဗျာ။ ထာဝရ မဖြစ်နိုင်ပါဘူး။ ပြည်သူဘက်က မရပ်တည်မှသာ ထာဝရ ဖြစ်မှာပါ။ ဆရာကြီးဟာ အထင်ရှားဆုံး မြင်ရတဲ့ သာဓကပါပဲ။ လွန်ခဲ့တဲ့ အနှစ် (၄၀) အတွင်းမှာ ကျွန်တော်လည်း ဒူးတိုက်ခံရတာပါပဲဗျ။ ကိုစွမ်းရည်လိုပါပဲ။ သရုပ်ပျက်စာပေသစ်၊ စိတ်ကူးယဉ်စာပေသစ် စသည်ဖြင့် အပြောခံခဲ့ရဖူးပါတယ်။ အဏ္ဏဝါလူးကြီးလို့လည်း အရေးခံခဲ့ရတာပါပဲ၊ ဘယ်နှယ့်လုပ်မလဲ။ တစ်လောကတောင် တာရာခေတ် ရိုက်ချိုးရမယ်လို့ အသံထွက်လာသေးတယ်။

ကျွန်တော်တို့ကို အဆုံးအဖြတ်ပေးမှာက ပြည်သူတွေပဲ မဟုတ်ပါလား။ နောင်လာမယ့်ခေတ် ပြည်သူတွေက ဆုံးဖြတ်မှာပါ။

အထင်လွဲတာလေးတွေ၊ နားလည်မှုလွဲတာလေးတွေကတော့ ရှိတတ်တဲ့ သဘာဝပါပဲ။ ဆက်လက်သွားရင် ရုပ်ပုံဟာ ပီပီသသ ထင်ရှား ပေါ်လွင်ရစမြဲပါ။ တချို့က ထင်တတ်ကြတယ်ဗျ။ ဝေဖန်လိုက်ရင် ဒို့ဝေဖန်လိုက်တဲ့အတိုင်း ယုံကြည်သွားမှာပဲလို့ ထင်ကြတယ်။ မဟုတ်ဘူးဗျ။ စာဖတ်တဲ့သူတွေက သိကြပါတယ်။ နှစ်ကြာလေ ပို၍ သိမြင်လေပေါ့ဗျာ။

ဘာမှ ကြောင့်ကြစရာ မရှိဘူးလို့ ထင်ပါတယ်။ ယနေ့ လူငယ်တွေဟာ ကျွန်တော်တို့ခေတ်က လူငယ်တွေထက်တောင် ပိုပြီး ထက်မြက် အားကောင်းကြပါသေးတယ်။ သူတို့က ကျွန်တော်တို့ခေတ်မှာထက် စူးရှတဲ့ အတွေ့

အကြုံကို ခံစားခဲ့ကြဖူးတယ်။

ဒါကြောင့် ကဗျာဟာ ခေတ်ရဲ့ အသံရှင်လို့ လွန်ခဲ့တဲ့ ၃၅ နှစ်လောက်ကတည်းက ပြောခဲ့ဖူးပါတယ်။ ကိုစွမ်းရည်ရေးခဲ့သလို ဆရာ့ထက် တပည့်က ပိုပြီး တော်ရတဲ့ စကားဟာ အင်မတန် မှန်တဲ့ စကားပဲဗျ။ တစ်ခေတ်ထက် တစ်ခေတ် ပိုပြီး တိုးတက်လာရမှာပဲ။ ဆုတ်ယုတ်တာ ရှိရင်လည်း ဒါဟာ ယာယီမျှသာ ရှိမှာပါ။

ကမ္ဘာ့အခြေအနေတွေကို ကြည့်ပါဗျာ။ ဒီအတိုင်းပဲ တွေ့နိုင်ပါတယ်။ စာပေတစ်ရပ်ဟာလည်း ပြည်သူတွေကို အကျိုးမပြုရင်၊ ပြည်သူတွေက လက်မခံရင် လဲသွားရမှာပါပဲ။ စာပေဝေဖန်ရေးဟာလည်း အဲဒီလိုပါပဲ။ စာဖတ်သော ပြည်သူက လက်မခံရင် အရာမရောက်ပါဘူး။ ကျွန်တော်တော့ ဒီလိုပဲ သဘောထားတယ်။ ဝေဖန်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ ယေဘုယျအမြင်ကို ပြောချင်တယ်ဗျာ။ ဝေဖန်ရေး ဆိုတာ လမ်းကောက်နေရင် ဖြောင့်မတ်ပေးတဲ့ သဘောမျိုးပဲ။ သတိလွတ်နေရင် သတိပေးတဲ့သဘောမျိုးပဲ ဖြစ်နိုင်တယ်ဗျာ။ လက်ဝှေ့သမားလို လက်ခမောင်း ခတ်ပြနေရတာမျိုးလည်း မဟုတ်သေးဘူး ထင်တယ်။ စာဖတ်သော ပြည်သူတွေက ဒါကို ကောင်းကောင်းမြင်တတ်တယ်။

အခု ကိုစွမ်းရည် ရေးနေတာတွေကို စိတ်ဝင်စားကြပါတယ်။ ဒါကြောင့်မို့လို့ ကိုစွမ်းရည် ရေးနေတာတွေကို ပြန်ရေးကြတာပေါ့ဗျ။ အလကား ဆိုပြီး ပစ်ပယ်မထားဘူး ဆိုတာ ထင်ရှားနေတယ်။ စာပေဝေဖန်ရေး ဆိုတာ အနည်းနှင့်အများ စာပေတိုးတက်ရေးကို အကျိုးပြုပါတယ်ဗျာ။ ဆက်ပြီးတော့ ရေးပါ။

ကျန်းမာပါစေ။
ဒဂုန်တာရာ

မြားနတ်မောင်မဂ္ဂဇင်း၊ မေ၊ ၁၉၉၄
အမှတ် ၈၊ ရွှေဝတ်ရည်မဂ္ဂဇင်း၊ ၁၉၉၄

—

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

ကိုစွမ်းရည်ခင်ဗျား . . .

ကိုစွမ်းရည်ဆီကို နောက်ထပ် စာရေးဖို့ စိတ်မကူးမိပါဘူး။ ဒါပေမဲ့ စာရေးပြီးမှ ရေးစရာတွေ ကျန်နေသေးတယ်လို့ ခံစားမိပါတယ်ဗျာ။ ကိုစွမ်းရည်ကို စာရေးတယ် ဆိုတာ ပုဂ္ဂလိကတော့ ဆန်တယ်ဗျာ။ ကျွန်တော်နဲ့ ကိုစွမ်းရည် ဆက်သွယ်မှုကိုက နှစ်ယောက်ချင်း ဆက်သွယ်မှုကိုဗျ။ ဒီတော့ ပုဂ္ဂလိက ဆန်တယ်လို့ ပြောရင်ရတာပေါ့။ ကျွန်တော် ကဗျာရေးရာ၊ စာပေရေးရာတွေကို မဂ္ဂဇင်းတွေမှာ ဆောင်းပါးအဖြစ်နဲ့ ရေးဖူးပါတယ်။ မဂ္ဂဇင်းအသစ်တွေ၊ အယ်ဒီတာအသစ်တွေ၊ စာပေသမားနုပျိုပွင့်သစ်တွေက တောင်းကြတယ်ဗျ။ ကျွန်တော်လည်း မနေသာဘူး။ သူတို့အလိုကို ဖြည့်စွမ်းချင်တာနဲ့ ဆောင်းပါးတွေ ရေးဖြစ်သွားတာပဲ။ ကျွန်တော် တကယ် ရေးချင်တာကတော့ ဝတ္ထု၊ ကဗျာ စသော ရသ အဖွဲ့အနွဲ့တွေပဲဗျ။

အခြေအနေ ဆိုတာက တစ်ယောက်တည်း ဖန်တီးလို့ ရတာမှ မဟုတ်ဘဲ။ အများက ဝိုင်းဝန်း တောင်းဆိုမှုကြောင့် ဖြစ်ထွန်းလာရတာပဲ။ မဂ္ဂဇင်းအသစ်တွေ အများကြီး ထွက်တယ်ဗျာ။ နာမည်လှလှကလေးတွေ စိတ်ကူးကို ဖော်ပြတဲ့ စကားလုံးတွေနဲ့ နာမည်ပေးကြတာ၊ အဲဒါ ကောင်းတဲ့သဘောပဲ။ စာပေရေးရာမှာ အဖွဲ့အနွဲ့သစ်တွေ၊ စိတ်ကူးသစ်တွေ၊ အတွေးအခေါ်သစ်တွေ ဖူးပွင့် ထွက်လာတဲ့သဘောပဲ။ အဲဒါဟာ အဟောင်းခေတ်ကနေ အသစ်ခေတ်ကို ကူးပြောင်းတဲ့ လက္ခဏာတွေလို့ ကျွန်တော် ယုံကြည်နေတယ်ဗျ။ ကျွန်တော်

ဖြတ်သန်းလာတဲ့ ခေတ်သမိုင်းအတွေ့အကြုံအရ အဲဒီမှာ ခေတ်တစ်ခေတ် ပြောင်းမယ် ဆိုရင် အသစ်တွေ အသစ်တွေ ပွင့်ဖူးလာစမြဲပဲ။

ကိုစွမ်းရည်ကို စာရေးချင်တယ် ဆိုတာကလည်း ကိုစွမ်းရည်နဲ့ ကျွန်တော်တို့နဲ့က မျိုးဆက်ချင်း ဆက်စပ်နေတာပဲဗျ။ အရင်စာထဲမှာ ကျွန်တော် ပြောခဲ့ပြီးပြီပဲ။ ကျွန်တော်တို့က ပထမမျိုးဆက် ဆိုရင် ကိုစွမ်းရည်တို့က ဒုတိယမျိုးဆက်။ ယနေ့ နုပျိုပွင့်သစ် ကဗျာဆရာ၊ ဝတ္ထုရေးဆရာတွေ လှုပ်ရှားနေတာက တတိယမျိုးဆက်ပေါ့ဗျာ။ အကြမ်းအားဖြင့် ကျွန်တော် ဒီလိုပဲ သတ်မှတ်လိုက်တယ်။ အင်္ဂလိပ်စကားလုံး တစ်လုံးကတော့ ရှိတယ်။ ထရန်စစ်ရှင်းတဲ့။ 'TRANSITION' ထရန်စစ်ရှင်း ဆိုတာ ပြောင်းလဲနေတဲ့၊ ပြောင်းလဲနေဆဲ ခေတ်ကာလလို့ အဓိပ္ပာယ်ထွက်တာကိုး။ ဒီနေ့လည်း ကဗျာရေးတာတွေမှာ၊ ဝတ္ထုရေးရာတွေမှာ အဖွဲ့အနွဲ့တွေ ပေါ်လာတယ် ဆိုတာ ဒီလို ပြောင်းလဲနေဆဲ လက္ခဏာတွေလို ခံစားမိတယ်ဗျာ။ ကိုစွမ်းရည် သဘောတူ၊ မတူ မသိပါ။ ပြောင်းလဲနေတယ် ဆိုတာ နိယာမတရားပဲဗျ။ အရာအားလုံးတို့သည် မတည်မမြဲ ပြောင်းလဲနေတယ် ဆိုတဲ့ ဗုဒ္ဓတရားက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက ဟောပြောပြီးပြီပဲ။ အပြောင်းအလဲကို လက်မခံဘူး ဆိုတာ ဒါ အတ္တသဘောကိုးဗျ။ မိမိကိုယ်ကိုမိမိ ဗဟိုပြုပြီးတော့ စဉ်းစားတတ်ကြတယ်။ လူ့သဘာဝ ဒီလို ရှိတယ်ဗျ။ စာပေမှာလည်း ဒီသဘောရှိတယ်။ စာပေရေစီးကြောင်းကြီးက ရပ်တန့်နေတာမှ မဟုတ်တာ။ ရေမစီးဘဲ တန့်နေတယ် ဆိုရင် ဒါ သေသွားပြီ။ ဆုတ်ယုတ်သွားပြီ။ ရေသေလို့တောင် ခေါ်တယ် မဟုတ်လား။

သမိုင်းလည်း ဒီအတိုင်းပဲ။ သမိုင်း ဆိုတာ နိုင်ငံရေးသမိုင်းကိုသာ ဆိုလိုတာ မဟုတ်ပါဘူး။ စာပေသမိုင်းကိုလည်း ဒီလိုပါပဲ။ ဘယ်အရာမဆို ပြောင်းလဲနေတယ်။ အဟောင်းတွေ ချုပ်ငြိမ်းပြီး အသစ်တွေ ပွင့်ဖူးဝေဆာလာရတာပဲ မဟုတ်လား။ ယနေ့ လူငယ်တွေ ပြောဆိုနေကြတဲ့ မော်ဒန် ဆိုတာ ဒီသဘောပဲဗျ။

ကျွန်တော်ကတော့ မော်ဒန်လို့ မသုံးဘူးလေ။ ခေတ်ပေါ်စာပေ။

ဒါက ခေတ်ကြီးတစ်ခေတ်လုံးကို ခြုံပြီးပြောရင် ဒီလိုသုံးတယ်။ ခေတ်ပြိုင်ခံစားမှု ဆိုတာကတော့ ဒီနေ့ မျက်မှောက်ခေတ်သဘောကို ကျွန်တော်ကတော့ ခေတ်ပြိုင်ခံစားမှုလို့ သုံးတာပဲ။ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတာကတော့ ကျောင်းသားဘဝ အသက် ၂၀ အရွယ်မှာ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဒီနောက် အသက် ၃၀ နီးပါးအရွယ်လောက်မှာ လွတ်လပ်သော ဖွံ့ဖြိုးစ နိုင်ငံတော် တည်ထောင်တဲ့ခေတ်ဗျာ။ အဲလို ခေတ်တွေကို ဖြတ်သန်းလာတယ်ဗျာ။ ဒီနေ့ကတော့ လှုပ်ရှားပြောင်းလဲနေတဲ့ခေတ်။

တော်လှန်ရေး ဆိုတဲ့ စကားလုံးကိုတောင် သုံးနေကြတာပဲဗျ။ ကျွန်တော်ကတော့ အဆင့်ဆင့်တော်လှန်ပြောင်းလဲရေးလို့ သုံးဖူးတယ်။ ကြာပါပြီ။ ဒါကတော့ ကျွန်တော့်ရဲ့ ကဗျာအတွေ့အကြုံ၊ စာပေအတွေ့အကြုံအရ သုံးလိုက်တဲ့ စကားလုံးပါပဲ။

တော်လှန်ရေး ဆိုတာ ဆုံးနိုင်တဲ့ တရား မဟုတ်ဘူး။ ကမ္ဘာကြီး တည်ရှိသရွေ့၊ လူ့အဖွဲ့အစည်း တည်ရှိသရွေ့၊ အဟောင်းနဲ့အသစ် ကူးပြောင်းမှု ရှိနေသရွေ့တော့ ရှိနေမှာပဲဗျ။ လူငယ်ကဗျာဆရာ နုပျိုပွင့်သစ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော့်သဘောထားကတော့ ဒီလို ရှိတယ်။

သူတို့ရေးတဲ့ ကဗျာတွေကို ဘယ်လိုခေါ်တယ် ဆိုတာ အရေးမကြီးဘူး။ အရေးကြီးတာက သူတို့ကဗျာအင်အားပဲဗျ။ ကဗျာအင်အား ဆိုတာက သူတို့ရဲ့ ခေတ်ပြိုင်ခံစားမှု ဘယ်လောက် ထက်မြက်စူးရှသလဲ ဆိုတာပဲ။ လူငယ်တွေဟာ သူ့ခေတ်ရဲ့ စနစ်ထဲက ပေါက်ဖွားလာတာ။ ဒါ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော်တို့လည်း ကျွန်တော်တို့စနစ်ရဲ့ ခေတ်ထဲက ပေါက်ဖွားလာတာ။ ကိုစွမ်းရည်လည်း ကိုစွမ်းရည်တို့ခေတ်က၊ စနစ်က ပေါက်ဖွားလာတာ။ ဒါကတော့ သူတို့လုပ်လို့ ရတာမဟုတ်ဘူး။ သူတို့က စိန်ခြူးကြာညောင်လို့ မရေးတော့ဘူးဗျ။ သူတို့ခေတ်မှာ စိန်ခြူးကြာညောင်လည်း မရှိတော့ဘူး။ သူတို့ ရေးဖွဲ့ရင် ဖဲပွင့်ဆိုဖာ၊ ဒါမှမဟုတ်လည်း မဟူရာလမ်းမလို့ ရေးချင်ရေးမယ်။ မြေညီကျောက်လမ်းလို့ ရေးချင်ရေးမယ်။ ဒါ သူ့ဘဝအတွေ့အကြုံနဲ့ သူ ဖြစ်လာတာကိုး။

ကဗျာကောင်းတစ်ခုကို အကဲဖြတ်ဖို့ရာက အဲဒီကဗျာရေးသူရဲ့ အလေ့အလာ အဲဒါတွေနဲ့လည်း သိပ်မဆိုင်ဘူးဗျ။ သူရဲ့ အာရုံခံစားမှု ဘယ်လောက် အားကောင်းသလဲ။ ကဗျာအာရုံခံစားမှု အားကောင်းရင် လှပသော၊ ခေတ်ပြိုင် ပုံကားချပ်ကို သရုပ်ပေါ်အောင် ဖွဲ့နွဲ့သော၊ ခေတ်ရဲ့အသံကို ကိုယ်စားပြုသော ကဗျာတွေ ဖြစ်လာမယ်။ အဲဒါကိုတော့ ကျွန်တော် တန်ဖိုးထားတယ်။ အဲသည် လို ရေးဖွဲ့ကြရင်းနဲ့ တစ်ကြိမ်ကြိမ်မှာ စံတစ်ခု ဖြစ်လာမယ်လို့ ထင်တယ်။

ကျွန်တော်ကတော့ ကြိုတင်ပြီး မပြောနိုင်ဘူးပေါ့ဗျာ။ ကဗျာဆရာ လေးတွေ အားလုံးလည်း သူတို့ကဗျာတွေဟာ နောင်ခေတ်မယ် တည်နိုင်၊ မတည်နိုင် မပြောနိုင်ကြသေးဘူးဗျ။ သူ့ခေတ်က သူ့စာဖတ်ပရိသတ်က ဆုံးဖြတ် ကြလိမ့်မယ်။ စာအရေးအသား စကားလုံးအသုံးအနှုန်း ဆိုတာ ခေတ်ပြိုင် ခံစားမှု စာပေကို ရေးဖွဲ့ရင်း သူ့ခေတ် လူအများ သုံးနေတဲ့၊ အရပ်ထဲမှာ သုံးနေတဲ့ စကားလုံးနဲ့ပဲ သုံးမှာပဲ။ မှန်ဗီရိုထဲက ဂန္ထဝင်စကားလုံးကို ဘယ်မှာ ရှာဖွေ သုံးမှာလဲ လို့ ကျွန်တော် အဲသည်လို မြင်တယ်။ သမိုင်းခေတ်တွေက ပြောင်းလဲ နေတယ်။

အဲဒီပြောင်းလဲတဲ့ ရေစီးကြောင်းအလိုက်ပဲ စာပေအညွန့်အဖူးတွေ ပွင့်လာကြမှာပဲဗျာ။ စာတောင် နည်းနည်းရှည်သွားပြီ။ တော်ပြီဗျာ။

ကိုစွမ်းရည် ဆက်လက်၍ ကဗျာတွေ ဝေဖန်စာတွေ ရေးနိုင်ပါစေ။

ကျန်းမာပါစေ။

ဒဂုန်တာရာ

မြားနတ်မောင်မဂ္ဂဇင်း၊ မေ၊ ၁၉၉၄

❒

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

သို့… ကိုစွမ်းရည်ခင်ဗျား

ကိုစွမ်းရည် စာပေဂျာနယ်မှာ ရေးလိုက်တဲ့ 'မာယာရဲ့မာယာ' ဆောင်းပါးစဉ်တွေလည်း ဖတ်ရပါတယ်။ နောက်ပြီးတော့ မန္တလေးဂျာနယ်ထဲက 'ဘူတာရုံ ကဗျာဝိုင်း' ဆိုတာလည်း ဖတ်ရတယ်။ 'မာယာရဲ့မာယာ' မှာတော့ ကျွန်တော့်ရဲ့ 'မာယာ'ကဗျာက စာပေပုံသဏ္ဌာန်ကို အတော်ကလေး စိစစ် အကဲဖြတ်ထားတာ တွေ့ရတော့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆီမှာ စာပေနဲ့ပတ်သက်လို့ ကျကျနန လေးလေးနက်နက် ဆန်းစစ်ဝေဖန်တာ အတော်လေး နည်းနေတယ်။ တက္ကသိုလ် စာပေဌာနတွေက အမြဲတမ်း လုပ်ရမယ့် အလုပ်မျိုးကို ကိုစွမ်းရည်က ဝင်ရောက်လုပ်လိုက်တဲ့ သဘောလို့ ထင်မိတယ်။ ကျွန်တော်သည်ပင်လျှင် သတိမပြုမိတဲ့ ကာရန်စနစ်သဘောကို သွားတွေ့တယ်။ ကျွန်တော် ကဗျာရေးတာ ခံစားမှုက စေခိုင်းတဲ့အတိုင်း လုပ်လိုက်တာပဲ။ လူငယ် ကဗျာရေးစ၊ နုနယ်စ ရတုပိုဒ်စုံတွေ ရေးစဉ်ကတော့ ခံစားမှုရယ်လို့တော့ မဟုတ်ဘူးဗျာ။ ကဗျာဖွဲ့ချင်တဲ့စိတ်နဲ့ ချရေးလိုက်တာကိုး။ တစ်နည်းအားဖြင့် ကဗျာဖွဲ့လိုက်တဲ့ သဘောမျိုးပေါ့။ အဲသည်တုန်းက အသက်အရွယ်ကလည်း ငယ်၊ စာပေအတွေ့အကြုံကလည်း နု၊ ဘဝအတွေ့အကြုံက လည်း နု၊ သည် နုနယ်တဲ့ အသီးအပွင့်အရသာ ဖြစ်ပါလိမ့်မယ်။

ခုနေပြန်ကြည့်တော့ တချို့တော့ နုနယ်စဉ်က ရေးဖွဲ့တဲ့ ဂန္ထဝင်ဟန်

ကဗျာတွေက ခံစားမှုအစစ် ဖြစ်ချင်မှဖြစ်မယ်။ ခံစားမှုအတုလို့ ဆိုရင်လည်း ရနိုင်မယ် ထင်တယ်။ အဲသည်တုန်းကတော့ ခံစားမှုအတုရယ်၊ အစစ်ရယ်လို့ တောင် ခွဲခြား မသိနိုင်သောက်ပါဘူးဗျာ။ ဂန္ထဝင်ကဗျာတွေ ဖတ်ပြီး အဲသည် ကဗျာတွေနဲ့တူတဲ့ ကဗျာဖွဲ့ချင်တဲ့စိတ်ကလေးက စေ့ဆော်ပြီး ရေးလိုက်တာနဲ့ တူပါတယ်။ နောက်ကျမှသာ ဝေဖန်ဆန်းစစ်ရင်းနဲ့ ခံစားမှုအစစ်၊ ခံစားမှုအတု ဆိုတာ သိလာရတဲ့ သဘောပါပဲ။ အဲဒါကလည်း စာပေဝေဖန်ရေးစာအုပ်တွေ ဖတ်နေရင်းနဲ့ သိလာရတာ ရှိပါတယ်။

အင်္ဂလိပ်ဘာသာနဲ့တော့ False Feeling ကို ခံစားမှုအတုလို့ ကျွန်တော် သုံးလိုက်တဲ့သဘောပဲ။ ငယ်ငယ်နုစကတော့ ကဗျာဖြစ်အောင် ရေးလိုက်တာ ပေါ့ဗျာ။ ခံစားမှုကလည်း စေခိုင်းတာ ဟုတ်ချင်မှဟုတ်မှာပါ။ ကျွန်တော့်ပထမ ဦးဆုံးမဂ္ဂဇင်းမှာ စတင် ပါတဲ့ ဒေါင်းမင်း သီဟာချီ ရတုပိုဒ်စုံမှာ ခံစားမှု လုံးလုံး မပါတာတော့ အဲသည်တုန်းက အသက် ဆယ့်သုံးလေးနှစ် ဆိုတော့ နိုင်ငံရေးခံစားမှုက ရှိနေတယ်ဗျ။ ရယ်စရာတော့ ကောင်းတယ်။ မျိုးချစ်စိတ် ပေါ့ဗျာ။ အဲဒီမျိုးချစ်စိတ်ကို ဖွဲ့ချင်တော့ ကဗျာခေါင်းစဉ်ကို 'တို့ဗမာ အကြောင်း ဘွဲ့ရတုပိုဒ်စုံ' လို့ တပ်လိုက်တယ်ဗျ။ တို့ဗမာ ဆိုတာက အဲသည့် အချိန်တုန်းက တို့ဗမာအစည်းအရုံး ပေါ်ပေါက်ပြီး လှုပ်ရှားမှု လှိုင်းထနေတဲ့ ခေတ်ကိုးဗျ။ အဲသည့် ရတုပိုဒ်စုံထဲမှာ အမျိုးသားလွတ်လပ်ရေးကို ဖော်ပြချင် တော့ ရှေးရှေး ဘုရင်ခေတ်က ကြငှန်း၊ ထီးနန်း စတဲ့ အသုံးအနှုန်းတွေ တင်စား ပြီး ဖွဲ့လိုက်တယ်။ အဲသည်အချိန်တုန်းက ကြငှန်း ဆိုတာလည်း မြင်ဖူးတာ မဟုတ်ဘူး။ ထီး ဆိုတာလည်း ဘုန်းကြီးကျောင်းမှာ ရှင်လောင်းလှည့်တဲ့အခါ ဆောင်းတဲ့ ရွှေထီးလောက်သာ မြင်ဖူးတာ။ နန်း ဆိုတာ ဓာတ်ပွဲထဲက ကားလိပ်ထဲမှာသာ မြင်ဖူးတာဗျ။ ဒါပေမဲ့ စာလုံးရှိရင် သုံးလို့ရတာပေါ့ဗျာ။

မန္တလေးနန်းတော် ဆိုတာကို ကျွန်တော် ၁၉၃၉ ကမှ မြင်ဖူးတာပဲ။ သီဟာသနပလ္လင် ဆိုတာလည်း ပြတိုက်မှာသာ မြင်ဖူးတာ။ တကယ်ကတော့ တကယ်ရှိနေတဲ့ ရုပ်ပုံတွေကိုသာ ဖွဲ့ရမှာ။ တကယ့်အရှိတရား၊ တကယ့်အရှိ ဝါဒ (ဝါ) သရုပ်ဖော်ဝါဒကို ယုံကြည်တဲ့သူကိုး။ နောက် ဆယ့်သုံးလေးနှစ်

လောက်အကြာမှာ 'မတ်လတော်လှန်ရေး' ကဗျာ ဖွဲ့တယ်။ ခံစားမှု နည်းနည်း ရှိလာပြီလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်လို့ ရတယ်။

ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုက မျက်မြင်ကိုယ်တွေ့ကိုဗျ။ အဲဒီတော့ တကယ်ရှိတဲ့ ဖက်ဆစ်ဆန့်ကျင်ရေးက ရုပ်ပုံကားချပ်တွေကို ဖွဲ့နိုင်တာပေါ့။ အဲဒါမျိုးကို ကျွန်တော်က စိတ်ကူးရုပ်ပုံ ဆိုတဲ့ စာပေဝေါဟာရနဲ့ သုံးလိုက်တယ်။ တက္ကသိုလ်ကတော့ နိမိတ်ပုံလို့ ခေါ်တယ်။ သူတို့လည်း အနောက်နိုင်ငံ ရသဗေဒပညာထဲက ဝေါဟာရကို ယူသုံးတာပဲဗျာ။ အခေါ်အဝေါ် နာမည်ပေးပုံသာ မတူတာ။ ကျွန်တော်က အဲသည် 'မတ်လတော်လှန်ရေး' ကဗျာမှာ ကိုယ်စားပြု စိတ်ကူးရုပ်ပုံနဲ့ ဖွဲ့တဲ့ သဘောပါပဲ။ ကျွန်တော် တွေ့ကြုံခဲ့တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး မြင်ကွင်း ပုံကားချပ်တွေကို ရေးလိုက်တာပေါ့။ စိတ်ကူးသက်သက်တော့ မဟုတ်ဘူး။ ဒါပေမဲ့ စာပေဝေါဟာရအမည်နဲ့ ခေါ်ရင်တော့ စိတ်ကူးရုပ်ပုံပေါ့။ ဒီစာလုံးက ရုပဗေဒမှာလည်း သုံးပါတယ်။ မှန်ထဲက ရုပ်ပုံက စိတ်ကူးရုပ်ပုံပေါ့။ ပုံရိပ်လို့လည်း သုံးကြတယ် ထင်တယ်။ ဆိုပါတော့ဗျာ။ ဒါက စာပေဝေါဟာရ ပြဿနာပေါ့။ ကျွန်တော်တို့ ကဗျာဖွဲ့တဲ့အခါမှာ ကဗျာရေးနည်း စနစ်တစ်ခုထဲမှာတော့ အကျုံးဝင်တယ်ပေါ့ဗျာ။

ဒါပေမဲ့ အတွေ့အကြုံ ရလာတဲ့အခါကျတော့ အဲသည် ဂန္ထဝင်စနစ်ကို တစ်သဝေမတိမ်းတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ သမိုင်းခေတ်က သင်ပေးတဲ့အတိုင်း ပြုပြင်ပြောင်းလဲသွားရတာကိုး။ မှဆိုးကို စိုင်က သင်ပေးတယ် မဟုတ်လား။ တကယ့်အရှိ အမှန်တရားပစ်ကွင်းကို မိအောင် ပစ်ရတော့ ပညာလည်း တိုးလာတာပေါ့ဗျာ။ အဲသည်တော့ ကျွန်တော်လည်း ငယ်ငယ်က ရတုပိုဒ်စုံ ရေးတုန်းကလို သက်စေ့နက် သုံးချက်ညီ လေးလုံးစပ် လင်္ကာစစ်စစ်တော့ ဘယ်ဟုတ်တော့မလဲ။ နည်းနည်းပါးပါးတော့ ပြောင်းလာရတာပေါ့။ အဲသည့်အချိန်တုန်းကတော့ ကျွန်တော်လည်း အဝေဖန်ခံရတာပဲပေါ့ဗျာ။ 'ပင်လယ်ဝသို့ လှေကလေးနဲ့ ထွက်ခဲ့တယ်' ရေးတုန်းက ဝေဖန်ကြတာပေါ့။ ကာရန်မမိဘူးလို့တောင် အပြောခံရတာပေါ့ဗျာ။

အဲသည်တုန်းက စကားပြောရစ်သမ်၊ ဘာညာ ဆိုတဲ့ အသံတောင်

မရှိသေးဘူးဗျာ။ စိုင်ကိုနိုင်မှ မုဆိုးဖြစ်သတဲ့။ ကျွန်တော်ကတော့ အကြားကို ပြောရတာ။ မုဆိုးသမားနဲ့ တွေ့ရင် မေးတောင်ကြည့်မိချင်တယ်။ ကျွန်တော်နေ တာက မြို့ပြ ဆိုတော့ မုဆိုး မတွေ့ဘူးဗျာ။ မတတ်နိုင်ဘူး။

ကိုစွမ်းရည်က 'မာယာ'ကဗျာရဲ့ ကာရန်စနစ်ကို အတော်လေး နှိုက် နှိုက်ချွတ်ချွတ် အပင်ပန်းခံပြီး ရေးလိုက်တာကို ကျေးဇူးစကား ဆိုရမှာပေါ့ဗျာ။

ကျွန်တော်ကိုယ်တိုင်ကတော့ ဘာစနစ်နဲ့ ရေးလိုက်မိလဲ ဆိုတာ သိတောင် မသိလိုက်ပါဘူးဗျာ။ ခံစားမှုခေါ်ရာကို ကျွန်တော်က လိုက်သူကိုး။ တစ်ခုတော့ ကျန်နေသေးတယ်။ ကျွန်တော်နဲ့ကိုစွမ်းရည်နဲ့က အချိန်ကြာကြာ တောင် စကားမပြောလိုက်ရတော့ ပြောဖြစ်သလား၊ မပြောဖြစ်သလားတောင် မသိတော့ပါဘူးဗျာ။ ကာရန်စနစ်တင် မဟုတ်ဘူး။ ကာရန်စနစ် သုံးရင်း အနက်ကိုလည်း ဝေဖန်စိစစ်သင့်တယ်ဗျ။ ကာရန် ဆိုတာက အသံကိုးဗျ။ သရသ် ဆိုပါတော့ဗျာ။ ကျွန်တော်သုံးတဲ့ ကာရန်စနစ်ဟာ ကျွန်တော် ဆိုလို ရင်း အနက်အဓိပ္ပာယ်ကို ဖော်နိုင်စွမ်းရှိသလား၊ မရှိသလား စတဲ့ အကြောင်း အရာသဘော (ဝါ) ဒဿနသဘောကိုလည်း စိစစ်စေချင်တယ်ဗျာ။ ကျွန်တော် ကိုယ်တိုင်ကတော့ ဘယ်သိမှာလဲ။ ရေးချလိုက်တာပဲကိုး။ ကိုစွမ်းရည်တို့လို စာပေဝေဖန်ရေးဆရာတွေက ထောက်ပြမှ သတိပြုမိတာ။ အဓိပ္ပာယ်မဖော်နိုင် ရင်တော့ ကာရန်စနစ်နဲ့ ရေးရေး၊ ကာရန်မဲ့စနစ်နဲ့ ရေးရေး (ကာရန်မဲ့စနစ် ဆိုတာ ရှိရင်ပေါ့ဗျာ) ကဗျာကောင်းတော့ မဟုတ်နိုင်ဘူးဗျာ။ မှန်ချင်လည်း မှန်မယ်ပေါ့ဗျာ။

အဲသည်တော့ စာပေပုံသဏ္ဌာန်ပိုင်းတင်မကဘဲ အကြောင်းအရာပိုင်း (ဝါ) ဒဿနပိုင်းလည်း ဝေဖန်ပါဦးဗျာ။ အဲသည် ဘူတာရုံစာပေစကားဝိုင်း မှာ ရစ်သမ်အကြောင်း ကျွန်တော်တို့ ပြောကြသေးတယ်ဗျ။ ရစ်သမ် ဆိုတာ ကိုစွမ်းရည်တို့သုံးတဲ့ စကားလုံးနော်။ ကျွန်တော် မသုံးဘူး။ ကျွန်တော်က 'ကာရန်လှိုင်း' လို့ သုံးခဲ့တယ်။ ဒါ လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်ကတည်းက သုံးခဲ့တာ။

ဒါပေမဲ့ ကျွန်တော့် ကာရန်လှိုင်း ဆိုတဲ့ ဝေါဟာရကို ဘယ်သူမှ

လိုက်မသုံးကြဘူးဗျာ။ အဲသည်တုန်းက ရစ်သမ် ဆိုတဲ့ အင်္ဂလိပ်စကားလုံးနဲ့ သုံးတဲ့ အဓိပ္ပာယ်ကို ကိုစွမ်းရည်နဲ့ကျွန်တော် ဘယ်လိုနားလည်ကြသလဲ ဆိုတာ ညှိကြည့်ဖို့ အချိန်မရဘူးဗျာ။ ဒါပေမဲ့ မှတ်မိသေးလား။ ကျွန်တော်ပြောလိုက်သေးတယ်ဗျာ။ 'တောင်တောရယ်သာ၊ မာလာကင့်ဖူး၊ တစ်ပင်ကို နှစ်ပင်ယှက်တယ်၊ ကျေးငှက်က မြူး' ဆိုတဲ့ အချိုးကလေးကို ရွတ်ပြပြီး ကျွန်တော် ပြောခဲ့သေးတယ်။ ကျွန်တော် ကာရန်လှိုင်းလို့ သုံးတာ အကြောင်း ရှိတယ်။ ရစ်သမ် ဆိုတဲ့ အင်္ဂလိပ်စကားလုံးရဲ့ အနက်ထဲမှာ လှိုင်း ဆိုတဲ့ သဘောတရား ပါတယ်။ ဒါကြောင့် ကျွန်တော် 'လှိုင်း' သုံးတာ။ လှိုင်း ဆိုတာ အနိမ့်အမြင့် ရှိတဲ့ သဏ္ဌာန်တစ်ခုဗျ။ တစ်ဖြောင့်တည်းကို လှိုင်းလို့ မသုံးဘူး။ လှိုင်းရဲ့ ရုပ်ပုံက အနိမ့်အမြင့်ဗျ။ အဲဒါကို ချဲ့လိုက်ရင် ကာရန်နဲ့ပတ်သက်တဲ့ နေရာမှာ သုံးရင် အတိုအရှည်၊ အလေးအပေ့ စသည်ဖြင့် သုံးရမှာပေါ့ဗျာ။ သည့်ထက် သုံးရင် ဂရု၊ လဟု သည်ကား ရသလို့ ခေါ်ထားတာ ရှိတယ်။

ကျွန်တော်ကတော့ မြန်မာလိုပဲ သုံးချင်တယ်ဗျာ။ ကျွန်တော်က မတတ်နိုင်မှ သူများဆီက ချေးချင်တာ။ ကိုယ် မမွေးနိုင်မှ မွေးစားချင်တယ်လေ။ အခံ၊ အအုပ်လို့လည်း ခေါ်ကြတယ် ထင်တယ်။

'တောင်တောရယ်သာ' လို့ စ လိုက်တာ၊ 'တောင်တောရယ်မှိုင်း' လို့ စ လို့ မရဘူး။ 'တောင်တောရယ်သာ၊ မာလာကင့်ဖူး'။ ကြည့်… အသံ လေးနဲ့ ချထားတယ်။ 'မာလာကင့်' ဆိုရင် မရဘူး။ 'တစ်ပင်ကို နှစ်ပင်ယှက်တယ်'၊ 'တစ်ပင်ကို နှစ်ပင်လိမ်တယ်' လို့ မရပြန်ဘူး။ 'ကျေးငှက်က မြူး'။ 'ဖူး'နဲ့ 'မြူး'ကို ကာရန်ယူထားတယ်။ ကာရန် အလကားယူထားတာ မဟုတ်ဘူး။ အသံ လေးတာချင်း ယူထားတာ။ 'ကျေးငှက်က ပျော်' လုပ်လို့မရဘူး။

မြန်မာစာပေ ဝေါဟာရမှာတော့ အခေါ်အဝေါ် မရှိဘူးဗျ။ အင်္ဂလိပ်ဘာသာစကားနဲ့ ရစ်သမ်လို့ ခေါ်ထားတာ ရှိတယ်။ အကယ်၍ နိုင်ငံခြားသား တစ်ဦးက သည်ကဗျာကို ဘယ်စနစ်နဲ့ရေးသလဲ မေးရင် ရစ်သမ်လို့ အင်္ဂလိပ်ဘာသာစကားနဲ့ ဖြေရမှာ။ ကျွန်တော် နားလည်တဲ့ ရစ်သမ်အကြောင်းကို 'တောင်တောရယ်သာ' ကဗျာနဲ့ နမူနာပြပြီး အလွယ်ဆုံး ပြောလိုက်တာပါ။

တာနဒီတာအုပ်တိုက်

အဲသည်တုန်းက အဲသည်အကြောင်း ဘူတာရုံမှာ ပြောကြသေးတယ်ဗျ။ အဲသည်တုန်းက ကိုစွမ်းရည်က လင်္ကာတစ်ပိုဒ် ရွတ်ပြသေးတယ်။

"တသနွဲ့ဝေ၊ တပေလျှဉ်းလျှဉ်း၊ တညှင်းဆိုးဆိုး၊ တညှိုးလျှလျှ၊ တတလွှမ်းလွှမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့"

အဲသည် လင်္ကာ(လေးလုံးစပ်)မှာ အနိမ့်အမြင့်၊ အတက်အကျ ပါတဲ့ ကာရန်လှိုင်းကို တွေ့ရမှာပေါ့။

ဆရာလှဖေ(ဒေါက်တာလှဖေ)ကလည်း အဲသည်လိုပဲ နားလည်တယ်လေ။ လေးလုံးစပ် လင်္ကာစနစ်မှာ ရစ်သမ်ကို သုံးစရာမလိုဘူး။ ကာရန်ပဲ သုံးစရာလိုတယ်။ အင်္ဂလိပ်ဘာသာစကားနဲ့ ရစ်သမ် သုံးချင်ရင်၊ ခုနက 'တောင်တောရယ်သာ'မှာ သုံးချင်ရင် ကာရန်နဲ့ယှဉ်ပြီးမှ ရစ်သမ်ကို သုံးတာပဲ။ ရစ်သမ် ဆိုတာ စနစ်တစ်ခုဗျ။ စနစ်တစ်ခု။

ကျွန်တော်··· ကြာပါပြီ။ 'အသံစီးဆင်းပုံစနစ်'လို့ မြန်မာလို ဘာသာပြန် ရေးဖူးသေးတယ်။ စီးဆင်းတယ် ဆိုကတည်းက အနိမ့်အမြင့် ပါသွားတာပေါ့။ အတက်အကျ ပါလာပြီ။ လှိုင်းသဘော ပါသွားတာပေါ့။ ကျွန်တော်နားလည်တဲ့ ရစ်သမ်ရဲ့ အဓိပ္ပာယ်လေ။ အဲသည်တော့ ကိုစွမ်းရည်ကိုလည်း ကိုစွမ်းရည် နားလည်သလို နားလည်နိုင်ခွင့်၊ အဓိပ္ပာယ်ကောက်ခွင့် ရှိတယ်လေ။ နည်းနည်းပါးပါး ပြောကြည့်ဦးပေါ့။

တကယ်က ဒါတွေက ကျွန်တော့်အလုပ် မဟုတ်ဘူးဗျ။ ကျွန်တော့် အလုပ်က ကဗျာ ရေးဖို့ပဲ။ ဒါပေမဲ့ မလွဲမရှောင်သာ မေးကြမြန်းကြတာတွေ၊ သူတို့သိချင်တာတွေကို အခြေပြုပြီး ကျွန်တော်က သဘောတရားတို့၊ အယူအဆတို့ ရေးဖြစ်သွားတာပဲ။ ကျွန်တော် သိပ်ဝါသနာမပါဘူး။

ရသစာပေကိုပဲ ဖွဲ့နွဲ့ချင်သူပါ။ ကိုစွမ်းရည်က ခေတ်ပေါ်စာပေနဲ့ ပတ်သက်ပြီး ဒုတိယမျိုးဆက်တစ်ယောက်ရဲ့ ခံစားမှုကို ရေးတာကိုးဗျ။ ကိုစွမ်းရည်က ကျွန်တော့်ထက် ယနေ့စာဖတ်ပရိသတ်၊ ယနေ့စာပေသမားတွေကို ပိုပြီး သိတယ်ထင်တယ်။ ကျွန်တော်ကတော့ သိအောင် လေ့လာနေရဆဲ။

ကျွန်တော်နဲ့ ခေတ်ပြိုင်ကိုတော့ ကျွန်တော် သိတာပေါ့။ နောက်မျိုးဆက်တွေ အကြောင်းကျတော့ လေ့လာမှု၊ စူးစိုက်မှ သိနိုင်တာကိုး။ အယူအဆ ဆိုတာ လည်း ခေတ်နဲ့ ဆိုင်တယ်လေ။ မြန်မာကဗျာမှာ ရစ်သမ်၊ ကျွန်တော့်အခေါ် 'ကာရန်လိုင်း' နဲ့ ရေးဖွဲ့ရတဲ့စနစ်ရှိတာ။ အချိုး၊ လေးချိုး၊ ဒွေးချိုးတွေရယ်၊ တေးထပ်မှာရယ်၊ အဲသည်မှာပဲ ရှိတယ်လို့ ထင်တယ်။ ဘောလယ်လည်း အဲသည်အတိုင်းပဲပေါ့ဗျာ။ ဒါပေမဲ့ လေးလုံးစပ်လင်္ကာမှာလည်း ကာရန်လိုင်းကို သုံးလို့ ရပါတယ်။

ဥပဒေတစ်ခုအနေနဲ့တော့ မဟုတ်ဘူးပေါ့ဗျာ။ ကဗျာဆရာရဲ့အကြိုက် အနေနဲ့ ထည့်လို့ရပါတယ်။ အဲသည်လိုပဲ ကျွန်တော် နားလည်တယ်ဗျာ။ အဲ သည်တော့ ကိုစွမ်းရည်လည်း ကျွန်တော့်အယူအဆနဲ့ ညှိကြည့်ဦးပေါ့။ တကယ်ကတော့ဗျာ··· စာပေတစ်ရပ်ကို သူ့ခေတ်၊ သူ့ခေတ်က စာဖတ်သော ပြည်သူက ဆုံးဖြတ်တာပဲဗျ။ ကျွန်တော့်ရဲ့ အကဲဖြတ်မှုက အရေးမကြီးပါဘူး။ ဒါကြောင့် ကျွန်တော်က ကိုအောင်ချိမ့်ရဲ့ အမှာမှာ ကျွန်တော်က ခေတ်ကို လုပ်နိုင်သူမဟုတ်၊ ခေတ်ကသာ ကျွန်တော့်ကို လုပ်နိုင်တယ်လို့ ရေးလိုက်တယ် လေ။ တော်လောက်ပါပြီ။ စာတောင် ရှည်သွားပြီ။

ကိုစွမ်းရည် စာပေဝေဖန်ရေး လုပ်နိုင်ပါစေ။

ချစ်သော

ဒဂုန်တာရာ

၂၇၊ နိုဝင်ဘာ၊ ၁၉၉၅
မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဒီဇင်ဘာ၊ ၁၉၉၅

❒

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

သည်တစ်ခါလည်း စာရေးရပြန်ပြီဗျာ။ ပြီးခဲ့တဲ့ အပတ်က မန္တလေး ဂျာနယ်မှာ ကိုစွမ်းရည်ရဲ့ကဗျာ "တစ်ပိုင်းတစ်စမြို့ပြအာရုံ" ဖတ်လိုက်ရတော့ ရေးချင်စိတ်ပေါ်လာတယ် ဆိုပါတော့။ ကိုစွမ်းရည်က ခေတ်ပေါ်ကဗျာနဲ့ပတ် သက်ပြီး အတော်လေး စိတ်ဝင်စားတယ်။ လေးနက်တယ်။ ခေတ်ပေါ်ကဗျာ အယူအဆတွေကိုလည်း ဝေဖန်တယ်။ ဒါကြောင့် ကျွန်တော် ရေးချင်စိတ် ပေါ်လာတာ။

ကိုစွမ်းရည်ဟာ ကဗျာအယူအဆ၊ ကဗျာဝေဖန်ရေးကို ရေးနိုင်သူ ဖြစ်တယ်လို့ ယူဆတယ်။ ဘာပြုလို့လည်း ဆိုတော့ ကိုစွမ်းရည် ကဗျာဆရာ ဖြစ်လို့ပဲ။ ကဗျာဆရာက ကဗျာရဲ့အယူအဆကို ရေးတယ် ဆိုတာ သဘာဝကျ တယ်။ ကဗျာ ဆိုတာက စာပေအနုပညာဘက်မှာ အထူးဘာသာရပ်တစ်ရပ် ဗျ။ ဂီတလိုပဲ၊ ပန်းချီလိုပဲ ကဗျာကို စပ်တတ်မှ ကဗျာစပ်နည်းအယူအဆ၊ ကဗျာစပ်နည်းသဘောတရားတွေကို ရေးလို့ဖြစ်တာ။ သံစဉ်ကိုမှ မသိတဲ့လူ တစ်ယောက်က ဂီတဗေဒ၊ ဂီတရေးရာကို ဝေဖန်ရင် သဘာဝမကျဘူးပေါ့ ဗျာ။ သူ ကျကျနန သိတာမဟုတ်ဘူး။ သည်သဘောနဲ့ ကျွန်တော် ကိုစွမ်းရည် ဟာ ကဗျာဝေဖန်ရေးကို လုပ်နိုင်တဲ့သူလို့ ပြောလိုက်တာ။ သည်လိုဖော်ပြလိုက် လို့ စာပေဝေဖန်ရေးနှင့် ပတ်သက်ပြီး ဝေဖန်ရေးဆရာရဲ့ အရည်အချင်းကို ကန့်သတ်လိုတဲ့သဘော မဟုတ်ဘူးဗျ။ စာပေဝေဖန်ရေးကလည်း အမျိုးမျိုး

ရှိတယ်။ စာဖတ်ပရိသတ်ဘက်က ဝေဖန်ရေး ရှိတယ်။ ဒါက ခံစားမှုနဲ့ ဆိုင်တာကိုး။ ကဗျာတစ်ပုဒ်ဖြစ်စေ၊ ဝတ္ထုတစ်ပုဒ်ကိုဖြစ်စေ၊ သီချင်းတစ်ပုဒ်ကိုဖြစ်စေ ခံစားတယ် ဆိုတာကတော့ အင်မတန် ကျယ်ဝန်းတဲ့သဘောပဲ။ ခံစားမှုနဲ့ ဝေဖန်နိုင်ခွင့် ရှိတယ်။ ခံစားသူရဲ့ ဝေဖန်ရေးပေါ့ဗျာ။ ဒါ အင်မတန် လိုအပ်တဲ့ ဝေဖန်ရေးပဲ။ ဒါပေမဲ့ ခုနကပြောသလို ကိုစွမ်းရည်က ကဗျာဆရာဖြစ်တဲ့ အတွက် ကဗျာစပ်နည်း၊ ကဗျာစပ်ထုံး၊ ကဗျာနည်းနိဿယနှင့် ပတ်သက်ပြီး ဝေဖန်မယ် ဆိုရင်တော့ ကဗျာရေးတဲ့သူက ပိုပြီး အတွေ့အကြုံရှိလို့ ရေးနိုင်တယ်ထင်လို့ ကျွန်တော် ပြောလိုက်တာပါ။

ခံစားမှု ဆိုတာက အနုပညာနဲ့ ဆိုင်တာပေါ့ဗျာ။ ခံစားမှုအတိုင်းအတာ အမျိုးမျိုး ရှိတာကိုး။ ခုနကပြောသလို ကဗျာစပ်နည်း ကဗျာနိဿယနှင့်ပတ်သက်လို့က သိပ္ပံဘက်လို့ ပြောချင်တယ်။ စာပေဗေဒပေါ့ဗျာ။ အဲဒါတွေကျတော့ လေးနက်မှု၊ စူးရှမှု၊ တိတိကျကျလုပ်ရတဲ့ အလုပ်မျိုးကို ကိုယ်တိုင်မဖွဲ့နွဲ့တတ်ပေမယ့်၊ မရေးခြယ်တတ်ပေမယ့်၊ မတီးခတ်တတ်ပေမယ့် ဝေဖန်ရေးဆရာကောင်းတွေလည်း ရှိပါတယ်။ နည်းတော့ နည်းတာပေါ့ဗျာ။

ကျွန်တော့်မိတ်ဆွေ ကိုပေါ်သစ် ဆိုတာ သူကတော့ ပန်းချီ မရေးတတ်ပါဘူး။ ဒါပေမဲ့ သူ့ပန်းချီဝေဖန်ရေးတွေက အင်မတန် မှတ်သားစရာကောင်းတယ်။ သူ့မှာ အဆင့်မြင့် စူးရှထက်မြက်တဲ့ အာရုံခံစားမှု ရှိတယ်လို့ထင်တယ်။ ဒါကြောင့် သူ့ဝေဖန်ရေးက အနုပညာကို အတော်ကလေး အကျိုးပြုတယ်လို့ ထင်မိတယ်လေ။ မြွေမြွေချင်း ခြေမြင်တဲ့စကား ရှိတယ်။ သည်သဘောကလေးကို ကျွန်တော်က စဉ်းစားမိတယ်ဗျာ။

ခုနက ကိုစွမ်းရည်ရဲ့ကဗျာကို ဖတ်လိုက်ရတော့ ကိုစွမ်းရည်ရဲ့ကဗျာလေးက ခံစားမှုပါတယ်လို့ ကျွန်တော်က ဆိုချင်တယ်ဗျာ။ ကိုစွမ်းရည်တောင် အဲသည့်အချိန်မှာ ကဗျာအရေးနည်းနေတဲ့ အချိန်ပေါ့။ ကဗျာအရေးနည်းတယ် ဆိုတာကတော့ ခံစားမှုရှိမှ ရေးဖြစ်တာ။ ကိုစွမ်းရည်ကဗျာမှာ ခေတ်ပေါ်ခံစားမှုပါတယ်။ ကိုစွမ်းရည်ရဲ့ ပတ်ဝန်းကျင်ကို ထင်ဟပ်ထားတယ်။ သရုပ်ဖော်စာပေအယူအဆနှင့်ဆိုရင် ဒါ သရုပ်ဖော်ဒဿနပေါ့ဗျာ။ အရှိတရားကို ရေး

တာကိုးဗျ။ အရှိတရားကို ဖွဲ့နွဲ့တာကိုး။ အဲသည့်ကဗျာမှာ ကာရန်လှုပ်ရှားမှု၊ ကာရန်လှိုင်း အနိမ့်အမြင့် ပါနေတယ်။ အခုအချိန်မှာက ကာရန်မဲ့တာ၊ ကာရန်မမဲ့တာ အငြင်းပွားနေတဲ့အချိန်မို့ သံစဉ်စကားကို သုံးလိုက်ရတာ၊ ကာရန်ပါတယ် ဆိုတာ အထူးပြောစရာတောင် မလိုပါဘူး။

ကဗျာနဲ့ပတ်သက်လို့ အခု တတိယမျိုးဆက်ခေတ်မှာ တချို့သော နယ်ချဲ့ပွင့်သစ်စ လူငယ်အချို့တွေက ကျွန်တော်ဖော်ပြဖူးတဲ့ ကာရန်အယူအဆကို သိပ်နားလည်ပုံမရဘူးဗျာ။ ကာရန် ဆိုတာ အသံပဲဗျ။ မြန်မာဘာသာနဲ့ ပြောရင် ပေါ့။ သရသံကို ခေါ်တာကိုးဗျ။ တစ်ခါတလေ ကျွန်တော် စိတ်ကူးမိတယ်ဗျာ။ စာပေနဲ့ ပတ်သက်တဲ့ ကျောင်းမျိုး၊ တက္ကသိုလ်မျိုး ရှိသင့်တယ်။ ကျယ်ကျယ် ပြန့်ပြန့် ပြည့်ပြည့်စုံစုံ သင်ကြားတဲ့ ကျောင်းမျိုးပေါ့။ အခြေခံပေါ့ဗျာ။ လူငယ် တွေ လမ်းလွဲမရောက်မိဘဲ လမ်းမှန်ကမ်းမှန် ရောက်အောင်ပေါ့ဗျာ။ ခံစားမှုကို ပီပီသသ ဖွဲ့နိုင်အောင်လို့ပေါ့။ မော်စကိုမှာ စာပေသိပ္ပံကျောင်းတော်ကြီး ရှိတယ်။ ဂေါ်ကီစာပေသိပ္ပံကျောင်းတော်ကြီးလို့လည်း ခေါ်တယ်။ အဲသည် မှာတော့ ဘွဲ့တော့မပေးဘူး။ အောင်လက်မှတ်တော့ ပေးတယ်။ ဒီပလိုမာ သဘောပေါ့ဗျာ။ အဲသည့်ကျောင်းတော့ မရောက်ဘူးပေါ့ဗျာ။

ရုန်ဟိုင်းက ဂီတသိပ္ပံကျောင်းတော့ ရောက်သွားတယ်။ ချုံကင်းက ပန်းချီသိပ္ပံကျောင်းတော့ ရောက်သွားတယ်။ ကျွန်တော် တော်တော်သဘောကျ သွားတယ်ဗျ။ သည်လို သိပ္ပံကျောင်း ဆိုတာ ဘာသာရပ်ကို အထူးပြုတဲ့သိပ္ပံ ကျောင်းတွေက အကျိုးတော့ ရှိတယ်ဗျ။ ဒါပေမဲ့ ဂီတသိပ္ပံကျောင်း ရောက်ပြီး ဂီတဆရာဖြစ်မယ်။ စာပေသိပ္ပံကျောင်း ရောက်ပြီး စာရေးဆရာ ဖြစ်မယ် ဆိုတော့ သည်လိုတော့ အာမခံချက် မရှိဘူးပေါ့ဗျာ။ ဘာပြုလို့လည်း ဆိုတော့ ခံစားမှုဗီဇကလည်း ရှိဦးမှကိုး။ ဘယ်လောက်အထိ ဆန်းသစ်တီထွင်နိုင်တယ်၊ ဘယ်လောက်အထိ အနုပညာအပေါ်မှာ ခံစားနိုင်သလဲ ဆိုတာတွေပေါ်မှာ တည်တာကိုး။

၁၉၈၈ က ငွေဦးမဂ္ဂဇင်းမှာ ကိုစွမ်းရည် ကျွန်တော့်ကို ရေးဖူးတယ်။ လေးကိုင်းက သန်မာသေးရဲ့လားလို့ မေးဖူးတယ်။ ကျွန်တော်က ၁၉၆၁ က

လေးလုံးစပ် လင်္ကာစနစ်ကို ပျော့ပျောင်းတယ်၊ သန်မာတယ်လို့ ရေးလိုက်တာကိုး။ အဲဒါ လေးကိုင်းနဲ့ ကျွန်တော် နှိုင်းပြီး ရေးလိုက်တာ မှတ်မိသေးတယ် မဟုတ်လား။ လေးကိုင်း ဆိုတာက ကျွန်တော်တို့ ငယ်ငယ်ကတည်းက ဇိနတ္ထပကာသနီ ဗုဒ္ဓဝင်စာအုပ်ထဲမှာ လေးတော်တင်ခန်း ဆိုတာ ဖတ်ရတယ်လေ။ အဲဒါ ခေါင်းထဲ ရောက်လာတာကိုးဗျ။ တစ်ယောက်တည်းကိစ္စကိုးဗျ။ ဒါက တစ်ယောက်တည်း လုပ်ရတာကိုးဗျ။ အနုပညာ ဆိုတာလည်း တစ်ယောက်တည်း လုပ်မှ ရတာဗျ။

တစ်ယောက်အရည်အသွေးနဲ့ တစ်ယောက် ထပ်တူထပ်မျှ ဖြစ်ချင်မှ ဖြစ်တာ။ လေးတင်တယ် ဆိုတာ လေးကိုင်းက ပျော့ပျောင်းမှ အဝေးကို လွှတ်နိုင်တာ။ အားကို ထုတ်ယူနိုင်တာကိုးဗျ။ အဲဒါကို ပျော့ပျောင်းတယ်လို့ ပြောတာ။ အဲသည်တော့ သန်စွမ်းတာ ဆိုတာ အဝေးကြီးရောက်နိုင်တဲ့ အရှိန်ကို ရယူနိုင်တယ်။ အဲဒါ သန်စွမ်းတာ။ ဒါ ကျွန်တော့်ရဲ့ ကဗျာအတွေ့အကြုံ၊ စာပေအတွေ့အကြုံအရ လေးလုံးစပ်လင်္ကာ ဆိုတာ မိမိဖော်ပြလိုသော ခံစားမှု၊ မိမိပြောလိုသော အကြောင်းအရာ၊ မိမိဖွဲ့လိုသော ဒဿနတွေကို သည်လေးလုံးစပ်လင်္ကာစနစ်နဲ့ ရေးနိုင်တယ်လို့ထင်လို့ ကျွန်တော့်ရဲ့အတွေ့အကြုံအရ ပြောလိုက်တာ။ အဲ လေးလုံးစပ်လင်္ကာ ဆိုတာလည်း လေးလုံးစပ် တိတိကျကျကြီးကို ဆိုလိုတာတော့ မဟုတ်ဘူးဗျ။ အမည်ခေါ်စရာ၊ တပ်စရာက မရှိလို့သည် လေးလုံးစပ်လင်္ကာလို့ တပ်လို့ရလို့ စကားလုံးအသစ် မထွင်ဘဲ ရေးလိုက်တာ။ ကျွန်တော်လည်း ကဗျာ စ ရေးစ ဆယ်ကျော်သက်အရွယ်က သက်စေ့နက် သုံးချက်ညီပေါ့ဗျ။ အခု ကျွန်တော့်အတွေ့အကြုံအရ အဲသည့် လေးလုံးစပ် လင်္ကာစနစ်စစ်စစ်ကိုတော့ ရေးလို့ မရတော့ဘူးဗျ။

သမိုင်းအတွေ့အကြုံက ကျွန်တော့်ကို သင်ကြားလိုက်တာ။ ကျွန်တော့်ကို ရိုက်ခတ်လိုက်တာ။ အဲဒါကိုလည်း တင်စားပြောဖူးပါတယ်ဗျာ။ ၁၉၇၀ လောက်တုန်းက မုဆိုး စိုင်သင်လို့ ကျွန်တော် ပြောဖူးပါတယ်ဗျာ။ လူငယ်ကဗျာဆရာ နှစ်ဦးရဲ့ ကဗျာစာအုပ်ရဲ့ အမှာစာမှာ ကျွန်တော် ရေးလိုက်ဖူးတယ်။ ဒါ ကျွန်တော့်အတွေ့အကြုံက ရတဲ့ အတွေးအခေါ်ပါဗျာ။ စိုင်

ဆိုတာက အင်မတန် ပရိယာယ် များသတဲ့။ အဲသည်တော့ စိုင်ကို မှန်အောင် ပစ်မယ့် မုဆိုးက ပစ်မှတ် ထိမှန်အောင် ပစ်ရတာကိုး။ အဲသည်လိုနဲ့ သူက စိုင်ဆီက ပညာရတယ်လေ။ ဒါကို ပြောတာပါ။

ကဗျာဖွဲ့ထုံး စနစ်ကိုလည်း သူ့ရဲ့ခေတ်က ဖွဲ့ထုံးစနစ် စတဲ့ စာပေ ပုံသဏ္ဌာန်ကို သမိုင်းခေတ်က သင်ကြားပေးလိုက်တာပေါ့ဗျ။ လေးကိုင်းကတော့ တစ်ယောက်ချင်းပြသနာနဲ့ တူပါတယ်ဗျာ။ ရာမမင်းသား သီတာကို ရခဲ့တာ ပျော့ပျောင်းပြီး သန်စွမ်းတဲ့ လေးအတတ်ပညာနဲ့ အဝေးဆုံး ပစ်နိုင်လို့ ဖြစ်မှာ ပေါ့။ အဲသည်လို ပြောလိုက်လို့ဗျာ ကျွန်တော့်ကို ရှေးဟောင်းသမား၊ အင်္ဂလိပ်ဘာသာဖြင့်တော့ ကွန်ဆာဗေးတစ်၊ အဲသည်လို ပြောချင်ဦးမလား မသိဘူး။ ကွန်ဆာဗေးတစ် ဆိုတဲ့ အင်္ဂလိပ်စကားလုံးကတော့ ကောင်းတဲ့ အရာတွေကို ထိန်းသိမ်းထားတာ၊ မကောင်းတာတွေကို ပယ်ပြီး ကောင်းတာကို ထိန်းသိမ်းထားတဲ့သဘော။ သူ့တန်ဖိုးနဲ့သူပေါ့။ ဒါပေမဲ့လည်း အဲသည် အသစ် ဆိုတာတွေကလည်း ထိန်းသိမ်းထားတဲ့ အဟောင်းထဲက မွေးဖွားလာတာပဲ။ ကျွန်တော် စာပေသစ်သဘောတရားကို ၁၉၅၀ လောက်က ရေးတုန်းက အဲသည်လိုပဲ ဖော်ပြခဲ့ဖူးတာပဲ။ ကောင်းတာကို ယူ၊ မကောင်းတာကို ပယ်။ သူ့သမိုင်းခေတ် အသုံးမဝင်တာကို ပယ်၊ အသုံးဝင်တာကို သုံးပေါ့။ ဆင့်ပွားပြီး ဆန်းသစ်တာကိုတော့ အတွေ့အကြုံအရ ယုံကြည်မိတယ်ဗျာ။ ကိုစွမ်းရည်နဲ့ ကတော့ ရင်းရင်းနှီးနှီးမို့ ပွင့်ပွင့်လင်းလင်း သည်လို ရေးဖြစ်တာပေါ့။

တစ်ယောက်အကြောင်း တစ်ယောက်သိတဲ့ လူချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောနိုင်တာပေါ့။ ကိုစွမ်းရည်ရဲ့ကဗျာကို ဖတ်ပြီး ခံစားကာ သည်လိုရေးလိုက်တာပဲဗျာ။ စာပေသမိုင်းတွေမှာ ကဗျာဆရာ ဆိုတာ တစ်ခေတ်မှာ တစ်ယောက် နှစ်ယောက်ပဲ ပေါ်ထွန်းတတ်တာကိုး။ ဝံသာနုခေတ်က ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ခေတ်စမ်းခေတ်က ဆရာဇော်ဂျီ။ ဒါကတော့ ပထမမျိုးဆက်ခေတ် ဆိုပါတော့။ ဒုတိယခေတ်ကျတော့လည်း ကဗျာသစ်တွေ ရေးတဲ့ ကဗျာဆရာ တွေ ရှိတာပဲ။ ကဗျာချစ်တဲ့လူတွေ ပေါ်လာတာကိုး။ တစ်ယောက်နဲ့ တစ် ယောက် တစ်ခေတ်နဲ့တစ်ခေတ် မတူဘူးပေါ့ဗျ။

တနင်္ဂနွေအချပ်ပိုတိုက်

ယနေ့ တတိယမျိုးဆက်ခေတ်မှာလည်း ကဗျာဆရာသစ်တွေလည်း ပေါ်ပေါက်ရမှာပေါ့ဗျာ။ မီးရှူးပစ်သလို တစ်ခါတည်း ရှူးခနဲ ပေါ်ချင်မှ ပေါ်မယ်။ အဲသည့် ရှူးခနဲ ပေါ်ရင်လည်း ဒိုင်းခနဲ ပေါက်ကွဲပြီး ကျသွားတတ်တာတွေလည်း ရှိတယ်။ ကျွန်တော်တို့ငယ်ငယ်က ဒါမျိုးကို ရှူးဒိုင်းလို့ ခေါ်တယ်။ ကိုစွမ်းရည်တို့လည်း ရှူးဒိုင်း ဆိုရင် ကိုစွမ်းရည်တို့လည်း မောင်စွမ်းရည် ဘယ်ဖြစ်လာပါ့မလဲ။ အငြင်းအခုံလုပ်ကြတာတော့ ကောင်းတယ်ဗျာ။ ငြင်းခုံမှ အမှန်တရားကို တွေ့လာမှာ။ ကိုစွမ်းရည်လည်း စာပေဝေဖန်ရေးတွေ ဆက်လက် ရေးနိုင်ပါစေဗျာ။

တောင်ခိုးဝေဝေထဲက သံစဉ်စာကို ရေးလိုက်တယ်လေ။

ကျန်းမာပါစေ။

ဒဂုန်တာရာ

၂၂၊ ၉၊ ၁၉၉၆ (ကလော)

မဇ္ဈလေးယဉ်ကျေးမှုဂျာနယ်၊ ဩဂုတ်၊ ၁၉၉၆

□

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

ကိုစွမ်းရည်ခင်ဗျား . . .

ကိုစွမ်းရည် ခုတစ်လော ခေတ်ပေါ်ကဗျာနဲ့ ပတ်သက်ပြီး ဝေဖန် ရေးသားနေတာတွေ ဖတ်နေရတယ်။ သဘောတူသူလည်း ရှိမယ်၊ မတူသူ လည်း ရှိမပေါ့ဗျာ။ ဒါ မဆန်းပါဘူး။ ကျွန်တော်ကတော့ ကဗျာအပေါ်မှာ လေးနက် စူးစမ်းမှုရှိလို့ စိတ်ဝင်စားပါတယ်။ တချို့ အသံတွေ ကြားရတယ်ဗျ။ စိတ်ဝင်စားမှုတော့ ရှိပါရဲ့။ မလေးနက်ကြဘူး။ ခက်တာက နားလည်ဖို့ရာ မျိုးဆက်ကွာခြားမှု ဆိုတဲ့ ကန့်လန့်ကာကြီးက ရှိနေတော့ နားလည်ဖို့ အတော် လေး ကြိုးစားမှ ဖြစ်မှာ။ ဒါကြောင့်လည်း သည်စာကို ရေးဖြစ်တာပါပဲဗျာ။

ကိုစွမ်းရည်နဲ့ ကျွန်တော်တို့ကတော့ ပထမမျိုးဆက်နဲ့ ဒုတိယမျိုးဆက် ဆက်သွယ်မှု ဆိုပါတော့။ သိပ်မဝေးလှဘူးဗျ။ တတိယမျိုးဆက်ကျတော့ ဝေးသွားပြီ။ ဒါတွေကလည်း အကြောင်းကို ရှာကြည့်ရင် သမိုင်းခေတ်ရဲ့ သဘာဝတ္တတရားလို့ ဆိုနိုင်တယ်။ သမိုင်းခေတ်အကြောင်းအရာတွေကို ပြည့် ပြည့်စုံစုံ ဖတ်ခွင့်ရမှ၊ သိခွင့်ရမှလည်း နားလည်နိုင်တာကိုးဗျ။ ကိုစွမ်းရည်နဲ့ ကျွန်တော်တို့ဆိုတာကတော့ အတော်ကလေး နားလည်တယ်။ ကျွန်တော် ပြောတာကိုလည်း ကိုစွမ်းရည် နားလည်တယ်ထင်လို့ ကျွန်တော် ရင်းရင်းနှီးနှီး ရေးဖြစ်တာပါ။ ဒါကြောင့် ကျွန်တော် မျိုးဆက်ဘာသာစကား ဆိုတဲ့ စကား လုံးနဲ့ နည်းနည်းပါးပါးတောင် ရေးမိပါတယ်။

မျိုးဆက်ဘာသာစကားကို သိမှလည်း နားလည်နိုင်တာကိုး။ အခြေခံ ကို မနိုင်ရင်လည်း တစ်ယောက်နဲ့တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် သိဖို့ရန်

နည်းနည်း ခက်ခဲလိမ့်မယ်။ ဒါတွေကို တွေးမိလို့ ကျွန်တော် ကိုစွမ်းရည်ကို ရေးချင်စိတ် ပေါ်လာတာလို့ ဆိုချင်တယ်။ ကိုစွမ်းရည် ခုတစ်လော စိစစ်မှုတွေ လုပ်နေလို့ ဝမ်းသာမိတယ်။ တချို့ကလည်း ဝေဖန်တယ် ဆိုတာ အဖျားဆွတ်ပြီး ဝေဖန်ကြတာ၊ စိစစ်မှု မပါဘူး။ သမိုင်းကြောင်း မပါဘူးဗျ။ သမိုင်းကြောင်းမပါလို့လည်း အပြစ်တော့ မဆိုသာဘူးဗျ။ သမိုင်းကြောင်းက ပျောက်နေတာကိုး။

ဒါကလည်း ရှာဖွေမှ တွေ့နိုင်တာ။ ပေါ့ပေါ့ဆဆနဲ့ မရှာဖွေဘဲနေရင် ဘယ်မှာ ပြည့်ပြည့်စုံစုံ တွေ့နိုင်မှာလဲ။ ပြည့်ပြည့်စုံစုံ မသိနိုင်ရင် ကောက်ချက်ချတဲ့နေရာမှာ လွဲချော်နိုင်တယ် မဟုတ်လား။ အခုတစ်လော ရေးနေကြတာတွေမှာ ခေတ်ပေါ်စာပေ (သို့) ခေတ်ပေါ်ကဗျာရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုနေကြတာ၊ ဖွင့်ဆိုဖို့ ကြိုးစားတဲ့အရာတွေ တွေ့ရတော့ ဝမ်းသာမိတယ်ဗျာ။ ဒါကတော့ ခေတ်ပြိုင်စာပေမွေ့သူတွေ လုပ်ရမယ့်အလုပ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော် ခေတ်ပေါ်နှင့် ခေတ်ပြိုင် ခွဲခြားပြီး သုံးထားတယ်နော်။ ခေတ်ပြိုင် ဆိုတာ အခု လက်ငင်းအခြေအနေကို ရည်ညွှန်းထားတာပါ။ ခေတ်ပေါ် ဆိုတာကတော့ ကျွန်တော့်အယူအဆ သတ်မှတ်ချက်အရ ဆိုတော့ ၂၀ ရာစုနှစ်အစက စပြီး ရေတွက်ထားတယ်ဗျာ။ တစ်ခေတ်လုံးကို ကျွန်တော် ပြောလိုခြင်း ဖြစ်တယ်။ ကျွန်တော်ကတော့ ခေတ်ပေါ်ကဗျာကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာတွေက စပြီး အဓိပ္ပာယ်ကောက်လိုက်တယ်။ ဂန္ထဝင်စာပေနဲ့ အစောဆုံး လမ်းခွဲလိုက်သူဟာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပါပဲ။ အဲဒါကို ကျွန်တော်က ဝံသာနုစာပေလို့ သူ့ရဲ့ခေတ်ပြိုင်ကဗျာကို ကိုးကားပြီး သတ်မှတ်လိုက်တာပါပဲ။ နောက်တစ်ခေတ်ကတော့ ခေတ်စမ်းစာပေ။ အဲသည်လို သတ်မှတ်ချက်တွေကို ကျွန်တော် ဖော်ပြခဲ့တာ အကြိမ်များစွာ ရှိနေပါပြီ။ ထပ်မပြောတော့ပါဘူး။ သဘောတူရင်လည်း လက်ခံပေါ့ဗျာ။ သဘောမတူဘဲနဲ့လည်း နေနိုင်ပါတယ်။ ငြိမ်းချမ်းစွာ ကွဲလွဲမှုပေါ့။ အဲဒါလေးက ချစ်စရာဗျ။ စာပေလောကရဲ့ ချစ်စရာပဲ။

သမိုင်းခေတ်တွေမှာ တစ်ခေတ်နဲ့တစ်ခေတ် ကျေးဇူးပြုမှု ရှိကြတယ်

ဗျ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဂန္ထဝင်စာပေက လမ်းခွဲထွက်တယ် ဆိုရာမှာ ဂန္ထဝင်စာပေကို ပစ်ပယ်တာ မဟုတ်ဘူးဗျ။ အဲသည်လို အဓိပ္ပာယ် မှားပြီး မကောက်မိဖို့လည်း လိုတယ်။ ဆရာကြီးရဲ့လေးချိုးကဗျာတွေဟာ ဂန္ထဝင်စာပေက ရရှိတဲ့ အနုပညာပုံသဏ္ဌာန်ကို တိုးချဲ့ပြီး၊ မွမ်းမံခြယ်သပြီး ရေးဖွဲ့လိုက်တာ။ ဂန္ထဝင်ကဗျာပုံသဏ္ဌာန်နဲ့ သူရဲ့ခေတ်ပြိုင်ခံစားမှုနဲ့ အတွေး အခေါ်ကို ပြုလိုက်တာ။ အဲသည်တော့ ဂန္ထဝင်စာပေက ဝံသာနုစာပေကို အကျိုးပြုတယ်လို့ နားလည်ထားတယ်။

သဘောကိုသိဖို့ရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာ၊ ဇော်ဂျီ ရေးတဲ့ သခင်ကိုယ်တော်မှိုင်းရဲ့ ဋီကာ စတဲ့ စာအုပ်များကို ဖတ်ပြီး နားလည်မှ သိနိုင်တဲ့သဘောဗျ။ ဆရာကြီးဟာ ဂန္ထဝင်စကားလုံးတွေကို သိပ် မသုံးတော့ ဘူးဗျ။ သူ့ရဲ့ခေတ်ပြိုင်စကားလုံး (ဝါ) သူ့ရဲ့ခေတ်ပြိုင် အရပ်စကားလုံးနဲ့ ဖွဲ့ လိုက်တာ။ ဒါကြောင့် ဆရာကြီးဟာ ခေတ်ပေါ်ကဗျာရဲ့ ဆန်းသစ် ဖန်တီးပေး သူ၊ မွေးဖွားပေးသူ မိဘလို့ ယူဆတယ်လေ။ မိဘရှိမှ သားသမီး ဆိုတာ ဖြစ်ထွန်းရတာ။ အဲသည်လို တစ်ခေတ်နဲ့တစ်ခေတ် ကျေးဇူးပြုတယ်။ ကျွန်တော် တို့ရဲ့ခေတ်မှာ၊ ခေတ်ပြိုင်မှာ စာပေသစ်လို့ ဆိုလိုက်တာ အဲဒီဝံသာနုစာပေ၊ ခေတ်စမ်းစာပေတို့ရဲ့ ဆင့်ကဲ ဆင့်ကဲ ကျေးဇူးပြုမှုနဲ့ ဖြစ်ပေါ်လာတာလို့ နားလည်ထားတယ်ဗျာ။ လမ်းခွဲထွက်လို့ရတယ် ဆိုတဲ့ အသိကို ပေးတာ နည်းတဲ့ကျေးဇူးမှ မဟုတ်တာ။ ဆန်းသစ်မှု ဆိုတာ အဲဒါကို ပြောတာ။ နောက်လူတွေကလည်း ဆန်းသစ်ခဲ့ကြတာပဲ။ အဲဒါ ကျေးဇူးပြုမှုကို ပြောတာ။ ကျေးဇူးတရားပေါ့ဗျာ။ သည်ခေတ်မှာ ကျေးဇူးတရား ပျောက်နေတယ်။

အခု ကိုစွမ်းရည်တို့ ဆွေးနွေးနေတဲ့ ကဗျာပြဿနာတွေထဲမှာ ကာရန် ဆိုတဲ့အကြောင်းလည်း ပါတယ်။ အဲသည်မှာ ကျွန်တော် နားလည်ထားတဲ့ ကာရန်နဲ့ အချို့သောသူများ နားလည်ထားတာနဲ့ ကွာခြားနေတာ တွေ့ရတယ် ဗျာ။ ကာရန် ဆိုတာက ပါဠိစကား၊ ပါဠိဝေါဟာရကို သည်မှာ ယူသုံးလိုက် တာပေါ့။ ပါဠိဘာသာနဲ့ ကျွန်တော်တို့မြန်မာဘာသာစကားကလည်း မတူ ဘူးဗျ။ ပါဠိက ဗဟုဝဏ္ဏဘာသာစကားရပ်။ ကျွန်တော်တို့ မြန်မာစကားက

ကောဝဏ္ဏဘာသာစကားရပ်။ ကာရန်ရဲ့ မူရင်းအဓိပ္ပာယ်က စကားလုံးရဲ့ အဆုံးသံကို ညွှန်းတာဗျ။ စကားလုံး ဆိုတာက အသံတစ်ခုတည်း မဟုတ်ဘူး။ အသံများစွာ ပေါင်းစပ်ထားတာ။ ကျွန်တော်တို့ဘာသာစကားကတော့ အသံတစ်ခုရဲ့ စကားလုံးပဲ ဖြစ်တယ်။ အဲသည်တော့ ကျွန်တော်တို့ ယူရမှာက အသံတူတာကို ယူရမှာ။ အဲသည်တော့ တချို့က ဘယ်လိုနားလည်လွဲနေတာလဲ ဆိုတော့ ကာရန် ဆိုရင် လေးလုံးစပ် လင်္ကာစနစ်လို့ နားလည်သွားကြတယ်။ အဲဒါ တခြားစီဗျ။

လေးလုံးစပ်လင်္ကာသွား ဆိုတာ စကားလုံးရဲ့ အရေအတွက်နဲ့ အသံတူတာနဲ့ ပေါင်းစပ်ပြီး ဖွဲ့စည်းထားတဲ့ ကဗျာနည်းစနစ်တစ်ခုဗျ။ အဲသည်တော့ တကယ် တိတိကျကျပြောရင် ကာရန် ဆိုတဲ့ စကားလုံးရင်းကို အခေါ်မှားနေတာ။ အဲသည်လို ပြောချင်တယ်ဗျာ။ ပညာရှင်တွေ ဆွေးနွေးသင့်ပါတယ်။ ကျွန်တော်ကတော့ ပညာရှင်မဟုတ်ဘူးဗျာ။ စကားလုံးစပ်သမား၊ ခံစားမှုကို ဖော်ပြချင်တဲ့လူတစ်ယောက်မျှသာ။ ဒါပေမဲ့ ကျွန်တော်က စာပေဝေဖန်ရေးတွေလည်း ရေးနေတော့ ဒါတွေနဲ့ ပတ်သက်သင့်သလောက် ပတ်သက်သွားတာပေါ့ဗျာ။ အခုခေတ်မှာ အင်္ဂလိပ်စကားလုံးတွေနဲ့ ခေတ်ပေါ်စာပေအကြောင်း ဝေဖန်ကြတယ်။ အဲသည်နေရာမှာလည်း အင်္ဂလိပ်စကားလုံး နားလည်မှုမှာ ကျွန်တော်တို့နဲ့ မတူဘူးဗျာ။ အတွေ့အကြုံနဲ့လည်း ဆိုင်ချင်ဆိုင်မယ်။

ယဉ်ကျေးမှုနောက်ခံကား၊ ယဉ်ကျေးမှုအဆင့်အတန်း၊ ပညာရေးအဆင့်အတန်းနဲ့လည်း ဆိုင်နိုင်တာပေါ့ဗျာ။ စာပေဝေဖန်ရေးနယ်ပယ်မှာ အနောက်နိုင်ငံက ပေတံ၊ အနောက်နိုင်ငံ စံတွေနဲ့ တိုင်းထွာနေတတ်ကြတယ်။ အဲသည်မှာ ရှုပ်ထွေးကုန်ကြတယ်ပေါ့ဗျာ။ ကျွန်တော်ကတော့ ကိုယ့်အမျိုးသားပေတံနဲ့ပဲ တိုင်းချင်တယ်ဗျာ။ အဲသည်နေရာမှာလည်း အနောက်နိုင်ငံက ပေတံ၊ အနောက်နိုင်ငံက ခေတ်ပေါ်ဝါဒတွေနဲ့ အဓိပ္ပာယ်ကောက်ထားတယ်။ ကျွန်တော်တို့နဲ့နားလည်မှု မတူကြပြန်ဘူး။ အဲသည်မှာလည်း ရှုပ်ထွေးကုန်တာပဲဗျ။

၁၉၅၀ က ကျွန်တော် ရေးခဲ့တဲ့ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' အတ္ထုပ္ပတ္တိထဲမှာ ကဗျာအကြောင်း အခန်းတစ်ခန်း ပါတယ်။ အဲသည်မှာ

ကျွန်တော်က အော်ဒင်ရဲ့ ကဗျာ အဖွင့်စကားရပ်တစ်ခုကို ကိုးကားလိုက်တယ်။ 'မမေ့နိုင်သော စကားစု' လို့ ကိုးကားလိုက်တယ်။ အင်္ဂလိပ်ဘာသာ မူရင်း စကားရင်းက MEMORABLE SPEECH ဆိုတာကို ကျွန်တော်က စကားစုလို့ ဘာသာပြန်လိုက်တယ်။ မိန့်ခွန်း မဟုတ်ဘူးဗျ။ မိန့်ခွန်းမှ ပြောတာမဟုတ်ဘူး။ ပြောဆိုရေးသား သုံးစွဲနေတဲ့ ဘာသာစကားလို့လည်း အဓိပ္ပာယ်ထွက်တယ်။ ပြောစကား၊ ရေးစကား အကုန်ပါတာပေါ့ဗျ။ ပြောပြီးမှ ရေးသားပြီး စကားလုံးအဖြစ် ထွက်လာတာကိုး။ ကျွန်တော့်ရဲ့ ကဗျာနဲ့ ပတ်သက်တဲ့ အမှာတွေမှာလည်း ကျွန်တော်က အရပ်စကားလို့ သုံးတယ်။ အရပ်စကား ဆိုတာ ပြောတဲ့စကားကို ပြောတာမဟုတ်ဘူး။ ရေးတဲ့ စကားစုလည်း အကျုံးဝင်တယ်။ လက်ငင်း အရပ်ထဲမှာ ပြောဆိုတဲ့ အသုံးအနှုန်းကို ပြောတာ။ တကယ်တော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကဗျာထဲက အသုံးအနှုန်းကို ရည်ညွှန်းပြီး ပြောတာ။ ဆရာကြီးက ဂန္ထဝင်စာပေထဲက စကားလုံး မသုံးဘဲ သူ့ရဲ့ နေ့စဉ် အရပ်ထဲက၊ ခေတ်ပြိုင်ထဲက စကားလုံးကို သုံးပြီး ပြောတာ။ နောက်ပြီးတော့ ရစ်သမ်လို့ မြန်မာအသံနဲ့ ခေါ်ထားတဲ့ အင်္ဂလိပ်စကားလုံးကလည်း တစ်မျိုးဗျ။ ကျွန်တော် လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော်၊ ၅၀ ကတည်းက အင်္ဂလိပ်စာပေထဲက ဘာသာပြန်တဲ့ အခန်းမှာ ကာရန်လှိုင်း ဆိုပြီး သုံးဖူးတယ်။ ကာရန် ဆိုတာကတော့ အသံတူပေါ့ဗျာ။ လှိုင်း ဆိုတာက အနိမ့်အမြင့်သဘောကို ယူလိုက်တာ။ အနိမ့်အမြင့် ဆိုတာ အတက်အကျ၊ အလေးအပေါ့၊ အတိုအရှည်ပေါ့ဗျာ။ သူ့နေရာနဲ့သူ အဓိပ္ပာယ်ကောက်ရတာပေါ့။ အဲသည်တော့ အသံတူနဲ့ (ဝါ) ကာရန်နဲ့ အနိမ့်အမြင့်၊ အတိုအရှည် လှိုင်းသဘောကို ယူပြီး ဖွဲ့စည်းတဲ့စနစ်သဘောပေါ့ဗျ။

ကျွန်တော့် ကဗျာဖွဲ့နဲ့မှု အတွေ့အကြုံအရကတော့ အသံတူစနစ်နဲ့ လှိုင်းကို ဖော်လို့ရမယ်လို့ နားလည်မိတယ်။ အဲဒါလည်း ဆွေးနွေးကြည့်ပေါ့ဗျာ။ ကိုစွမ်းရည်လည်း စိတ်ဝင်စားတဲ့သူပဲ။ ကဗျာ ကိုယ်တိုင်ရေးတဲ့သူ ဆိုတော့ ကဗျာစပ်ကြည့်ရင်း ဖြစ်၊ မဖြစ် သိနိုင်တာပေါ့။ နည်းစနစ်တွေကလည်း ကိုယ်တိုင်သုံးမှ သိမယ်။ အပြင်က ဖတ်ရုံနဲ့တော့ သိပ်သိချင်မှ သိ

မယ်။ မြန်မာဂန္ထဝင်မှာတော့ တေးထပ်တို့၊ ဘောလယ်တို့၊ လေးချိုးတို့ဟာ အဲသည် အသံတူလိုင်းစနစ်နဲ့ ဖွဲ့စည်းထားတာလို့ ကျွန်တော် နားလည်တယ်။ နပျိုပွင့်သစ်တွေလည်း သူတို့စမ်းကြည့်နိုင်ပါတယ်။ အဲဒါလည်း ကိုစွမ်းရည် ဆွေးနွေးသင့်တဲ့ ကဗျာပုံသဏ္ဌာန်ဆိုင်ရာ ပြဿနာတစ်ခုပါပဲ။

အဲသည်လို ပြောနေတုန်း အနားက တူမက ဦးလေးပဲ ဂန္ထဝင် သိရင် ကောင်းတယ်၊ မသိရင်လည်း ဖြစ်တယ်ဆို လို့ စောဒကတက်လိုက်တယ်။ သူ့စောဒကက မဆိုးဘူး။ သို့သော် ကျွန်တော်က ဂန္ထဝင်သိတယ် ဆိုတဲ့ သဘောကို ကျွန်တော်ကျောင်းသားဘဝက ရှစ်တန်း၊ ကိုးတန်း အတွေ့အကြုံကို အခြေခံပြီး ပြောလိုက်တာ။ အဲဒါကို တစ်ခါက ကိုမြဇင်၊ ကိုညွန့်ကြူး၊ ကိုစွမ်းရည်တို့နဲ့ ဆွေးနွေးတုန်းက ပြောခဲ့ဖူးပါတယ်။

ကိုစွမ်းရည်ရဲ့ ခေတ်ပြိုင်ခံစားမှု ကဗျာလေးတစ်ပုဒ်က သင်္ကေတနည်းကို သုံးထားတာပဲဗျ။ ကာရန်လည်း ပါတယ်။ ဒါက အထူး ပြောနေစရာ မလိုပါဘူး။ ကာရန်စနစ်မပါတဲ့ ကဗျာမျိုး စမ်းသပ်တီထွင်နိုင်ခွင့် ရှိပါတယ်။ ကျွန်တော်တော့ မတွေ့သေးဘူးဗျာ။ ဒါကြောင့် ကိုစွမ်းရည်ကို ပထမဆုံး ရေးတဲ့စာထဲမှာ ပြောင်းတော့ ပြောင်းလဲနေတယ်။ ကူးပြောင်းရေးအဆင့်လို့ ကျွန်တော် ဆိုခဲ့တယ်။ ဂန္ထဝင် ရတုကဗျာတွေထဲမှာ ကာရန်လိုင်းစနစ်နဲ့ ဖွဲ့ထားတာ တွေ့နိုင်ပါတယ်။ ရှားတော့ ရှားတယ်။ ဒါက စာဆိုတစ်ဦးစီရဲ့ အကြိုက်ပေါ့ဗျာ။ လေးလုံးစပ်လင်္ကာရဲ့ ဖွဲ့စည်းပုံနည်းနာမှာတော့ လိုင်းသဘော ပါရမယ်လို့ ဖွဲ့စည်းစနစ်အဖြစ်နဲ့တော့ မရှိဘူးလို့ ယူဆတယ်။ ကိုစွမ်းရည် ဆွေးနွေးပေါ့ဗျာ။

တစ်လောက ပါလာတဲ့ ကိုစွမ်းရည်ရဲ့ကဗျာက သင်္ကေတနည်းကို သုံးထားတယ်။ အဲသည် သင်္ကေတနည်း ဆိုတာလည်း သည်ခေတ်မှ ကတည်းက ရှိတာ မဟုတ်ဘူး။ ကဗျာ ပေါ်စကတည်းက ရှိခဲ့တဲ့နည်းပေါ့၊ နိမိတ်ပုံလို့ခေါ်တဲ့ တင်စားတဲ့နည်းကလည်း ရှေးကတည်းက ရှိတယ်။ အဆန်း အသစ် မဟုတ်ပါဘူး။ အသစ်လို့ ထင်နေဟန် တူပါရဲ့ဗျာ။ အရင်းခံကတော့ မျိုးဆက်ကွာဟမှု၊ ပညာရေးစနစ်၊ ယဉ်ကျေးမှုနောက်ခံကားတို့နဲ့ ဆိုင်တာ

ပေါ့ဗျာ။ ဒါတွေက အရှည်လုပ်ရမယ့် လုပ်ငန်းစဉ်ပဲ။ ကိုစွမ်းရည် ယခုလို ဝေဖန်ရေးလုပ်ငန်းဖြင့် မြန်မာစာပေ တိုးတက်မှုကို ရှေးရှုနေတာ တွေ့ရတော့ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်တို့မိတ်ဆွေ ကဗျာဆရာရဲ့ ကဗျာမှတ်စုလည်း ဖတ်သင့်တယ်။ ဆက်လက် ရေးပါဦး။

ဒဂုန်တာရာ
(ကလော)
၉၊ ဩဂုတ်၊ ၁၉၉၆

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ အောက်တိုဘာ၊ ၁၉၉၆

❐

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

ကိုစွမ်းရည်ခင်ဗျား…

ခုတစ်လော ကဗျာရေးရာနှင့် ပတ်သက်ပြီး ကိုစွမ်းရည် ရေးနေတာကို ဖတ်နေရင်းက ကိုကြည်လင်ရဲ့အသံကို ကြားရတယ်ဗျ။ ကိုကြည်လင်က ကဗျာဆရာသက်သက် မဟုတ်ဘူး။ စာပေဝေဖန်ရေးလည်း ရေးတဲ့သူဗျ။ သို့ပေမင့် စာပေဝေဖန်ရေးချည်း ရေးနေတဲ့သူ မဟုတ်ဘူးဗျ။ လွန်ခဲ့တဲ့ အနှစ် ၃၀၊ ၄၀ လောက်ကတည်းက ကျွန်တော့်ရဲ့ 'အလင်္ကာ'ကဗျာပေါင်းချုပ်၊ 'စပယ်ဦး'ဝတ္ထုတိုပေါင်းချုပ်တွေနဲ့ ပတ်သက်ပြီးတော့ သူ့ရဲ့ ဝေဖန်စာတွေကို ဖတ်ရတယ်။

သခင်ကိုယ်တော်မှိုင်းမှ ဒဂုန်တာရာ ဆိုတဲ့ စာကို လစဉ် ချင်းတွင်း ဂျာနယ်(၁၉၆၇)မှာ ဖတ်ရတယ်။ အဲသည်တုန်းကတော့ သူက ကလောင်နာမည် တစ်ခုနဲ့ ရေးခဲ့တာကိုး။ အခုလည်း မကြာသေးခင်က ခေတ်ပေါ်ကဗျာရေးရာ သူ့ရဲ့ခံစားချက်ကို အမေးအဖြေခန်းမှာ ဖတ်လိုက်ရတယ်။ သူကိုယ်တိုင်က ကဗျာရေးတဲ့သူ ဆိုတော့ သူ့ရဲ့ ရှည်ကြာတဲ့ ကဗျာသက်တမ်း အတွေ့အကြုံ အရ ပြောလိုက်တာ တန်ဖိုးရှိတယ်ဗျ။ တစ်နေရာမှာ ယနေ့ ငြင်းခုံနေကြတဲ့ မော်ဒန်ကဗျာ ဆိုတဲ့ ဘာသာရပ်နဲ့ပတ်သက်ပြီး စကားပြေတန်းကို လျှောကျ မသွားရန် ဘရိတ်အုပ်ကြပါဦးလို့ သတိပေးသွားတာ ရှိတယ်။ အဲဒါဟာ လေးနက်တဲ့ သတိပေးချက်တစ်ခုလို့ ကျွန်တော် ပြောချင်တယ်ဗျာ။ ကိုကြည်

လင်တို့၊ ခင်ဗျားတို့ကို ကျွန်တော်က ဒုတိယမျိုးဆက်လို့ သတ်မှတ်ထားတယ်။ ဒါပေမဲ့ ပထမမျိုးဆက်နဲ့ ဆက်စပ်နေတယ်။ သည်တော့ ကျွန်တော်တို့ချင်း မျိုးဆက်ဆက်သွယ်မှုကတော့ မကွာဘူးဗျ။ ကျွန်တော် ၁၉၉၅ အရိန္ဒမာ မဂ္ဂဇင်း အမေးအဖြေအခန်းမှာ ပြောခဲ့ဖူးတယ်။ စကားပြေသို့ လျှောကျ မသွားသင့်ဖူးလို့ ကျွန်တော် ပြောတယ်။ မှတ်မိသေးလား ကျွန်တော့်လေသံက ပျော့နေသေးတယ်ဗျ။

လျှောကျမသွားသင့်ဘူးလို့ ကျွန်တော်ပြောလိုက်တာ သွားသင့်တယ်၊ မသွားသင့်ဘူး ဆိုတာကို အငြင်းပွားလို့ ရနိုင်တယ်။ အခု ကိုကြည်လင်ပြောတာ က ဘရိတ်အုပ်ကြပါဦးလို့ ပြောလိုက်တာ။ လျှောကျနေပြီလို့ မပြောရုံတစ်မည် ပဲ။ နေဖို့ဖူးစ ကဗျာလုငယ်များ စဉ်းစားသင့်တယ်လို့ ယူဆတဲ့ စကားရပ်ပဲဗျ။

စဉ်းစားသင့်တယ် ဆိုတာ သူပြောတဲ့အတိုင်း ယုံဖို့မဟုတ်ဘူး။ စဉ်းစားတဲ့အခါကျတော့ အကျိုးအကြောင်း ဆီလျော်ရင်တော့ ယုံကြည်လို့ ရတယ်။ မဆီလျော်ဘူး ဆိုရင်လည်း စောဒကတက်လို့ ရတယ်။ အဲဒါကြောင့် ကျွန်တော်က… စဉ်းစားသင့်တယ်လို့ ကျွန်တော်က ပြောတာ။ ကျွန်တော်က တစ်မျိုးဗျ။ ငယ်ငယ်လေးကတည်းက ကျွန်တော်က တစ်ခုခုဆိုရင် ချက်ချင်း မယုံကြည်တတ်ဘူး။ လွယ်လွယ်နဲ့ မယုံကြည်ဘူး။ စဉ်းစားပြီးမှ၊ စောဒက တက်ပြီးမှ၊ ခိုင်လုံတယ် ထင်မှ ကျွန်တော်က ယုံကြည်လိုက်တာ။ ယုံကြည် မိရင်လည်း ကျွန်တော့်ယုံကြည်ချက် သိပ်ပြီးတော့ ပြယ်မသွားတတ်ဘူး။ ယုံကြည်ချက်အတိုင်းပဲ ဆက်လုပ်တတ်တယ်။

အဲဒီလိုပဲ ကျွန်တော်က ကဗျာကို အဆင့်မြင့် စာပေအနုပညာ ပုံ သဏ္ဌာန်တစ်ရပ်လို့ နားလည်ထားတယ်။ စကားပြေနဲ့ မတူဘူး။ ကျွန်တော် စကားပြေပဲ ရေးနေတာပဲ။ ကဗျာ စ ရေးတုန်းကတော့ စကားပြေမရေးဘူးဗျ။ နောက်ပိုင်း ၁၉၃၈ လောက်ကစပြီးတော့ စကားပြေ ရေးစပြုလာတယ်။ ကဗျာလည်း ရေးတဲ့ အချိန်ပေါ့ဗျာ။ ကဗျာကလည်း အရေးတော့ နည်းနည်း ကျဲသွားပြီ။ ဂန္ထဝင်ဟန်လို့ ဆိုရမယ့် ရတုပိုဒ်စုံတွေ၊ တေးထပ်တွေတောင် မရေးတော့ဘူးလေ။ အဲဒါကလည်း ကျွန်တော် တက္ကသိုလ်ရောက်တော့

ဥရောပစာပေတွေနဲ့ တွေ့ထိရတော့ အမြင်ကျယ်လာတယ် ဆိုပါတော့ဗျာ။

အဲ့သည်တော့ ဘဝအတွေ့အကြုံကလည်း ငယ်ငယ်ကနဲ့ မတူတော့ဘူးလေ။ အတွေ့အကြုံက ရှိလာပြီ။ အဲဒါကလည်း စာပေဖွဲ့နွဲ့ရာမှာ လှုံ့ဆော်ပေးတဲ့ အရာပဲဗျ။ အတွေ့အကြုံ ဆိုတာကလည်း ဘဝဖြတ်သန်းမှု အတွေ့အကြုံတောင် မဟုတ်ဘူး။ စာဖတ်တဲ့၊ လေ့လာစူးစမ်းတဲ့ စာပေအတွေ့အကြုံလည်း ပါတယ်။ စာပေရေးတယ် ဆိုရင်လည်း စာဖတ်ရမှာပေါ့။ ကဗျာရေးတယ်ဆိုရင် ကဗျာဖတ်ရမှာပေါ့။ သည်သဘောပါ။ ခေတ်စမ်းစာပေက ကဗျာအဖွဲ့အနွဲ့က ကဗျာပုံသဏ္ဌာန်ကလည်း ကဗျာတစ်ခေတ်ကို ထူထောင်လိုက်တာပါပဲ။

ကျွန်တော်တို့လည်း ခေတ်စမ်းကဗျာခေတ်ကို ဖြတ်သန်းလာခဲ့ရတာ။ ကျွန်တော် 'ဂန္ထလောက'မဂ္ဂဇင်းထဲမှာ ကဗျာတွေရေးတော့ အရင်ကလို ရတုပိုဒ်စုံ မဟုတ်တော့ဘူး။ ခေတ်စမ်းဟန်လို့ပြောရင်လည်း ရနိုင်တာပေါ့ဗျာ။ ခေတ်စမ်းကဗျာ ဆိုတာကလည်း တက္ကသိုလ်ပရိဝုဏ်ကနေ ပေါက်ဖွားတာ ဆိုတော့ ပွင့်သစ်တစ်ရပ်ပဲ။ ဂန္ထဝင်လမ်းကြောင်းကနေပြီး ခွဲထွက်စပေါ့။ အနောက်နိုင်ငံစာပေနဲ့လည်း ထိတွေ့စ ဆိုတော့ ခေတ်မီတဲ့သဘောတွေလည်း ပါတယ်လေ။ အမြင်ကျယ်တယ် ဆိုတာ အဲဒါကို ဆိုလိုတာပေါ့။

တက္ကသိုလ် မြန်မာစာဌာန ဆိုတာကလည်း မြန်မာအမျိုးသားဂန္ထဝင်စာပေကို ကျကျနန စနစ်ကျကျနဲ့ သင်ပေးခဲ့တာပဲ။ စစ်ပြီးခေတ်ရောက်တော့ ကျွန်တော်တို့ ကဗျာတွေဟာ သိသိသာသာ ပြောင်းလဲသွားပြီလေ။ ကာရန်နဲ့ ပတ်သက်လို့လည်း ကိုကြည်လင်ပြောတဲ့ စကားတွေဟာ မှတ်သားစရာ ကောင်းတယ်။ ကာရန်နဲ့ပတ်သက်လို့လည်း ကိုကြည်လင်က သူ့ခံစားမှုနဲ့ ပတ်သက်လို့ ဖော်ပြလိုက်သေးတယ်။

ကဗျာဆရာ၊ စာပေဝေဖန်ရေးဆရာ ကိုကြည်လင်ရဲ့ စကားရပ်ဟာ ရှင်းနေပါပြီ။ ဘာမှ ထပ်ဖြေစရာ မလိုတော့ပါဘူး။ ပြီးခဲ့တဲ့လက ကိုစွမ်းရည်ရဲ့ အမေးအဖြေ ဖော်ပြချက်လေးကလည်း အတော် ပြည့်စုံတယ်ဗျ။ ကျွန်တော်ရဲ့ လေးကိုင်း အယူအဆကလည်း အနှစ် ၃၀ ကျော်အကြာမှာ သဘောပေါက်

သွားပြီလို့ နားလည်လိုက်တယ်။ အဲသည်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိတယ်ဗျာ။ မျိုးဆက်တွေ ကွာဟနေလို့၊ တစ်နည်းပြောရရင်လည်း ယဥ်ကျေးမှုနောက်ခံကားချင်း မဆက်စပ်မိလို့ ကျွန်တော့်အယူအဆများကို တချို့သော နုပျိုဖူးစလူငယ်များ ကောင်းကောင်းနားမလည်ကြတာကို ကိုစွမ်းရည်က ရှင်းပြလိုက်သလိုပါပဲဗျာ။ ဒါကြောင့် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း စာပေဝေဖန်ရေးကို တစိုက်မတ်မတ် လုပ်တဲ့သူတော့ မဟုတ်ဘူး။ ကိုစွမ်းရည်ကတော့ အခုတစ်လောလေးမှာ တစိုက်မတ်မတ် လုပ်လာတာ အနာဂတ် ကဗျာခေတ်အတွက်လည်း ကျေးဇူးပြုပါလိမ့်မယ်။ အခုဟာက ကဗျာလောကမှာ အကျပ်တည်းဆိုက်နေတယ်။ အင်္ဂလိပ်စကားနဲ့ကတော့ CRISIS ပေါ့ဗျာ။ အဲ့ဒါ ကိုစွမ်းရည်လည်း ကူပြီး စဥ်းစားပေးဦးပေါ့။

လွန်ခဲ့တဲ့ ၅ နှစ်ခန့်က ကိုစွမ်းရည်ကိုပေးတဲ့ အိတ်ဖွင့်ပေးစာ(၁) မှာ ကူးပြောင်းရေး ဆိုတဲ့ စကားလုံး သုံးထားတယ်။ ပြောင်းတော့ ပြောင်းနေတယ်။ ကူးပြောင်းရေးအဆင့်လို့ ကျွန်တော် ဖော်ပြခဲ့တယ်။ အဲဒါကို တချို့က လက်ခံချင်ပုံ မရဘူး။ အဆင့်တစ်ဆင့်ကို ရောက်နေပြီ၊ ကမ်းကို ဆိုက်နေပြီလို့ ထင်သူတွေ တချို့ ရှိတယ်။ အခု ကိုစွမ်းရည် ရေးလိုက်တော့ တဖြည်းဖြည်းနဲ့တော့ လိပ်ပတ်လည်လာပြီလို့ ထင်တယ်။

ကာရန်ကို ဆန့်ကျင်သူတွေ ရှိတယ်ဗျ။ ဘာကြောင့် ဆန့်ကျင်တယ် ဆိုတာကိုတော့ ကျွန်တော် မပြောလိုဘူး။ ကောင်းပြီး ကာရန်ကို စွန့်တယ်လို့ သုံးတဲ့ လူတွေ ရှိတယ်။ အဲဒါလည်း ကျွန်တော် စွန့်တယ် ဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော်ယူဆတဲ့ အဓိပ္ပာယ်နဲ့ မတူဘူးလို့တောင် ထင်တယ်။ ပစ္စည်းဥစ္စာကို စွန့်ပြီးတော့ ထွက်သွားတယ် ဆိုတာ သူ့မှာ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ ရှိပြီးသား။ သူက စွန့်သွားတယ် ဆိုတာနဲ့ လူ့ဘောင်ကို စွန့်ပြီး ရဟန်းဝတ်တယ် ဆိုတာ အဲဒါ သူက လူ့ဘောင်မှာ နေပြီးပြီ။ လူ့ဘောင်ရဲ့ ကာမဂုဏ်အရသာတွေကို ခံစားပြီးမှ မခံစားချင်လို့ အဆင့်မြင့်တဲ့ ရဟန်းဘောင်ကို ဝင်လိုက်တယ်ဆိုရင် စွန့်တယ်ပေါ့။ ကျွန်တော်က အဲသည်လို ထင်တယ်။

ဘာမှမရှိတဲ့လူက ဘာ သွားပြီး စွန့်မှာလဲ။ အဲသည်လို အဓိပ္ပာယ်

ကောက်တယ်။ ရှိပြီးသား ပစ္စည်းဥစ္စာကို စွန့်မှ စွန့်တယ်လို့ ယူဆတယ်။ ဘာမှမရှိတဲ့လူက ဘာကို စွန့်ရမှာလဲ။ အဲဒါ စဉ်းစားစရာပေါ့ဗျာ။ အခု ပြဿနာ ဖြစ်နေတာက ကာရန်ပြဿနာဗျ။ ကျွန်တော် စောင့်ကြည့်နေတာ။ ပြောင်းလဲ နေပြီ။ ဘယ်လို ပြောင်းလဲမလဲ။ ဘယ်လိုပုံသဏ္ဌာန်အသစ်တစ်ခုကို တီထွင်နေ သလဲ ဆိုတာကို စောင့်ကြည့်နေတာ၊ မျှော်လင့်နေတယ်။ တချို့လည်း အား ထုတ်ပုံရတယ်။ ဒါပေမဲ့လည်း အသစ် မဟုတ်ပြန်ဘူးဗျ။ လွန်ခဲ့တဲ့ အနှစ် ၂၀၀ လောက်ကပဲ ဆိုပါတော့ဗျာ။ ရကန် ဖွဲ့စလို ဖြစ်နေပြီ။ ရကန် ဆို တာကလည်း လေးလုံးစပ်လင်္ကာကို ပုန်ကန်တဲ့သူဗျ။ လမ်းခွဲထွက်ချင်တဲ့ စာဆိုတွေ။ ဒါပေမဲ့လည်း ရကန်ကို ဘယ်သူမှ လိုက်မရေးကြဘူး။ ရကန် ဆိုတာ အတော်လေး လေးလုံးစပ်လင်္ကာထက် လွတ်လွတ်လပ်လပ် ရေးချင် တာဗျ။ အဲသည်တော့ ပုံသဏ္ဌာန်သစ်တစ်ခုကို ပြဋ္ဌာန်းတဲ့အကြောင်း ရှိရမယ်။ အဲဒါတော့ အခြား မဟုတ်ဘူးဗျ။ သမိုင်းခေတ်ပဲ။ သမိုင်းခေတ်ကသာလျှင် အသစ်ကို ပြောင်းလဲဖို့ စေ့ဆော်နိုင်တယ်လို့ ကျွန်တော် နားလည်တယ်ဗျာ။

ပြောင်းလဲတယ် ဆိုတာလည်း သိပ်ပြောင်းလဲတာ မတွေ့ရဘူးဗျ။ အဆင့်ဆင့်တော်လှန်ပြောင်းလဲခြင်းလို့ ကျွန်တော် ပြောခဲ့ဖူးတယ်။ အခုတစ်လော ပြောနေတာ ရှိတယ်။ အဲဒါ ရစ်သမ် ဆိုတာ ရှိတယ်။ သူတို့ ရစ်သမ်နဲ့ ကဗျာ ဖွဲ့တယ်လို့ ပြောကြတယ်ဗျ။ အဲဒါ ကျွန်တော် ကောင်းကောင်းနားမလည်ဘူး ဗျာ။ ဘယ်လိုစနစ်လည်း ဆိုတာ မသိဘူး။

ကဗျာကို အနိမ့်အမြင့်၊ အတက်အကျ အသံကို (ဝါ) ကာရန်နဲ့သာ လျှင် ဖွဲ့လို့ရမယ်လို့ ထင်တယ်။ အသံတူစနစ် မပါဘဲ ဘယ်လိုဖွဲ့မလဲ ဆိုတာကို သိချင်တယ်။ ကိုစွမ်းရည် ကူညီပြီး ရှင်းပြပေးပါ။ ကိုစွမ်းရည်က ကျွန်တော့်ထက် လူငယ်တွေနဲ့ ပိုပြီး ဆက်စပ်မိတယ် ထင်တယ်။

မော်ဒန်သမားတစ်ယောက်က ပြောတယ် သူက ကာရန်မပါမိအောင် တမင်ရှောင်တယ်တဲ့။ ကျွန်တော်က ထင်တယ်။ ကာရန်မပါဘဲ ရှောင်တဲ့ အလုပ်ဟာ ကာရန်ပါတဲ့အလုပ်ထက်တောင် ခက်ခဲတယ်လို့ ထင်တယ်။ အဲဒါလည်း ကိုစွမ်းရည်က ကူညီပြီး စဉ်းစားပေးပါ။ ကျွန်တော်ကတော့

ကဗျာ ဆိုတာ သီကုံးဖွဲ့စည်းမှု အဆင်အယင်တစ်ခုလို့ပဲ မြင်တယ်။ ဘာနဲ့ သီကုံးမလဲ။ ဘာနဲ့ ဖွဲ့ဆိုမလဲ။ ဘယ်လို အဆင်အယင်တစ်ခု ဖြစ်တာလဲ။ အဲဒါကို ဖြေရှင်းနိုင်ရင် ပုံသဏ္ဌာန်သစ်တစ်ခု တီထွင်ဆန်းသစ်မှုတစ်ခု ဖြစ်မယ်လို့ ယုံကြည်တာပဲဗျာ။ အဲဒါ ကိုစွမ်းရည်လည်း စဉ်းစားပေးပါဦး။

အဲဒါမှ ယနေ့ တွေ့ကြုံရတဲ့ ကဗျာအကျပ်အတည်း လွတ်မြောက်မယ်လို့ ကျွန်တော် ထင်နေတယ်ဗျာ။ ကဲ- တော်လောက်ပါပြီ။ ရစ်သမ်ဆိုတာ ဘာလဲ ဆိုတာ ကျွန်တော့်ကို ရှင်းပြပေးပါဦး။

ဒဂုန်တာရာ
(အောင်ပန်း)
၈၊ အောက်တိုဘာ၊ ၁၉၉၆

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဒီဇင်ဘာ၊ ၁၉၉၆

❐

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

ကိုစွမ်းရည်ခင်ဗျား…

ကျွန်တော်ကလည်း ကလော သွားနေတဲ့အခါ သွားနေဆိုတော့ ကိုစွမ်းရည်တို့နဲ့ သိပ်မတွေ့ဖြစ်ဘူးပေါ့ဗျာ။ တွေ့မိတော့လည်း စပ်မိစပ်ရာသာ ပြောဖြစ်တာ။ အကုန်အစင်တော့ မပြောဖြစ်ဘူး။ ဒါကြောင့် ပြောချင်တဲ့စိတ်ရှိတာလေးတွေကို သည်လို စာတွေနဲ့ ပြောလိုက်ရတာလို့ ဆိုပါတော့ဗျာ။ နောက်ပြီးတော့လည်း ကျွန်တော်တို့ အချင်းချင်းက ပထမမျိုးဆက်၊ ဒုတိယမျိုးဆက် ဆိုတာကတော့ အဆက်အစပ် ရှိတာပေါ့။ ကျွန်တော် ပြောတာကိုလည်း နားလည်တဲ့သူချင်း ဆိုတော့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောရတာ အရသာလည်း ရှိပါတယ်ဗျာ။

ကဗျာဆရာတွေထဲမှာ ကိုစွမ်းရည်က စာပေဝေဖန်ရေး ရေးနေတာလည်း သက်တမ်းရှိလာတော့ ပိုပြီးတော့ နားလည်နိုင်တာပေါ့ဗျာ။ နောက်ပြီးတော့ ကိုစွမ်းရည်ကလည်း ကျွန်တော်ရေးခဲ့သမျှ ရသစာပေတွေ သာမက စာပေဝေဖန်ရေးတွေလည်း ဖတ်ပြီးသားဖြစ်နေတော့ ပြောရတာ ကိုးကားစရာလည်း သိပ်မလိုတော့ဘူး။ တချို့ ကျွန်တော့်ရဲ့ အနုပညာရေးရာအယူအဆ၊ ရသဗေဒရေးရာ အယူအဆတွေကို ကောင်းစွာ ဖတ်ဖူးကြဟန် မတူဘူးဗျာ။ သူတို့နဲ့ပြောရင် အစက ပြန်ပြန်ကောက်နေရတယ်။

ကျွန်တော် ပြောပြီးသမျှ၊ ရေးသမျှကို ပြန်မဖတ်ကြတော့ နားမလည်

ကြဘူးပေါ့။ အစက ပြန်ကောက်ရတာ တယ်လက်ဝင်လှသဗျ။ ကိုစွမ်းရည်နဲ့ ကျတော့ သမိုင်းကြောင်းပြန်ကောက်စရာ၊ နောက်ခံကားပြန်ကောက်စရာ မလိုတော့ဘူး။ ဒါကြောင့်လည်း ပြောရတာ နီးစပ်တယ်။ နားလည်မှုရှိတယ်။ ဒါကြောင့် ရေးဖြစ်တယ် ဆိုပါတော့။ ကျွန်တော် စာပေဝေဖန်ရေးတွေ၊ အနုပညာ ဝေဖန်ရေးတွေ၊ သည့်နောက် စာပေသဘောတရားတွေ ရေးလာတာ ပြန်ကြည့် တော့ အနှစ် ၅၀ လောက် ရှိသွားပြီ။

အစ၊ စာပေရေးစ ၁၅ နှစ်ကျော်စလောက်ကတော့ အဲ့ဒါတွေကို မရေးဖြစ်ဘူးဗျာ။ ဖတ်တာတော့ ဖတ်တယ်။ ရသစာပေ၊ ကဗျာ၊ ဝတ္ထုတွေ။ သဘောတရားရေးရာတွေတော့ မဖတ်ဖြစ်ဘူးဗျာ။ ဒါက စာဖတ်သက်တမ်း လည်းရင့်၊ စာပေသက်တမ်းလည်းရင့်မှ သိနိုင်တဲ့ ဘာသာရပ်မျိုးကိုးဗျ။

အဲ- စစ်ပြီးမှ ကျွန်တော် 'တာရာ'မဂ္ဂဇင်း ထုတ်လိုက်တာ နည်းနည်း ဝေဖန်ရေး၊ သဘောတရားရေးတွေ ရေးဖြစ်လာတယ်ဗျာ။ နို့မို့ဆိုရင် ရေးဖြစ် ချင်မှ ရေးဖြစ်မယ်။ မဂ္ဂဇင်းထုတ်တယ် ဆိုတော့ ခေတ်ပြိုင်စာပေတွေနဲ့ ထိတွေ့ ရတယ်လေ။ အဲသည်လို သမိုင်းခေတ်က ရိုက်ခတ်လိုက်တော့ ရေးဖြစ်သွား တာ။ မှုဆိုးကို စိုင်က သင်တဲ့ သဘောပေါ့ဗျာ။ စိုင်ရဲ့ ပစ်မှတ်ကို ရှာရတာ။ စိုင်က အတွေ့အပတ် ပရိယာယ်များတယ်။ စိုင်ကို ပစ်ရင်း တတ်လာတဲ့ သဘောမျိုး ဖြစ်လာတော့တာပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်က မုဆိုး စိုင်သင်လို့ ဆိုတဲ့သဘောကို ယုံကြည်သွားတာပေါ့။

ခုနကပြောသလို နှစ် ၅၀ အတွင်း ကျွန်တော်ရေးတဲ့ စာပေအယူအဆ တွေ မပြောင်းဘူး။ သေနင်္ဂဗျူဟာအားဖြင့်တော့ မပြောင်းဘူးဗျ။ ဘာလို့လည်း ဆိုတော့ ကျွန်တော်သဘောတရားတွေ ရေးတာ လွယ်လွယ်နဲ့ ရေးတာမဟုတ်ဘူး။ ကျွန်တော့် စာပေအတွေ့အကြုံနဲ့၊ ကျွန်တော် ဖတ်လာတဲ့ ဒဿနစာအုပ်တွေ အတွေ့အကြုံနဲ့ ညှိပြီး ရေးလိုက်တာကိုး။ အနောက်နိုင်ငံက (သို့) အရှေ့က အလှဗေဒတရားတွေ၊ သဘောတရားတွေ၊ ဒဿနတရား ဆိုတာကတော့ ကျွန်တော်က ရေးထားတဲ့အတိုင်း မယုံတတ်ဘူးဗျ။ ဖတ်တာ ဖတ်တာပဲ။ မိမိအတွေ့အကြုံနဲ့ ထိတွေ့ပြီးမှ၊ ညှိကြည့်ပြီးမှ ယုံကြည်တယ်။ အဲသည်လို

ယုံကြည်ပြီးမှ ကျွန်တော် ရေးဖြစ်သွားတယ် ဆိုပါတော့ဗျာ။ ရေးဖြစ်တယ် ဆိုတာကလည်း ကျွန်တော့်ထက် ငယ်ရွယ်တဲ့သူတွေ ဆိုပါတော့ဗျာ။ ဒုတိယ မျိုးဆက်၊ တတိယမျိုးဆက်တွေနဲ့ ထိမိ တွေ့မိပြီး ကျွန်တော့်ကို တုံ့ပြန်မှုတွေ ပေါ်မှာ မူတည်ပြီး ရေးဖြစ်သွားတယ်။ သူတို့တောင် ကျေးဇူးတင်မိသွားတယ်။

မုဆိုးက စိုင်ကို ကျေးဇူးတင်ရမှာပေါ့ဗျာ။ ကိုစွမ်းရည်တို့ကတော့ တာရာမဂ္ဂဇင်း ထုတ်ဝေတဲ့ခေတ်ကိုတော့ မီတော့မီမယ်ဗျ။ အဖျားစလောက်ပဲ ဖြစ်မယ်။ ဒါပေမဲ့ လေ့လာတဲ့သူ ဆိုတော့ မီသလောက်နီးနီး သိတယ်။ ဒါ ကြောင့်လည်း ကိုစွမ်းရည်ရေးတဲ့စာတွေ၊ အဲဒါနှင့် တစ်ခေတ်တည်းပေါ်လာတဲ့ စာတမ်းတွေကို ဖတ်ဖြစ်ရင်းနဲ့ ကျွန်တော့်ကို ကိုစွမ်းရည် နားလည်သွားတယ် လို့ ထင်လိုက်တယ်ဗျ။ နားလည်မှုက အရေးကြီးဆုံးဗျ။ နားမလည်တာက တော်တော်ရှင်းဖို့ ခက်တယ်။ သဘောချင်း၊ အယူအချင်း မတူတာကတော့ ရှိမယ်။ တူချင်မှ တူမှာပေါ့ဗျာ။ ဒါကတော့ အရေးမကြီးဘူး။ တူတာလည်းရှိ မတူတာလည်း ရှိပေါ့။ အခြေခံဒဿနမှာ တူဖို့ကတော့ အရေးကြီးဆုံးပဲ။ အခြေခံဒဿနမှာ ကွဲလွဲရင်တော့ နည်းနည်းတော့ ခက်တယ်လေ။ စာပေဟာ တကယ်ရှိနေတဲ့ လူ့အဖွဲ့အစည်းကို ရေးဖွဲ့ရမယ်။ စာပေဟာ နိုင်ငံရေးရဲ့ ထင်ဟပ်ချက် ဆိုတဲ့ ဒဿနမှာ တူတယ်လို့ ကျွန်တော် ထင်တယ်ဗျ။ အခြား စာပေပုံသဏ္ဌာန်ကတော့ အမျိုးမျိုးပေါ့ဗျာ။ စာပေပုံသဏ္ဌာန် ဆိုတာ အမျိုးမျိုး ရှိတာပဲ။ ယခု စာပေပုံသဏ္ဌာန်လို့ ပြောရမှာပေါ့ဗျာ။ ကိုယ်နိုင်နင်း တာ၊ ကိုယ်နှစ်သက်ရာကို ရေးဖွဲ့ရတယ်။ ဒါကလည်း သဘာဝကျပါတယ်ဗျာ။ ကဗျာပုံသဏ္ဌာန်နဲ့ ပတ်သက်တဲ့ ကိစ္စလေးတွေမှာ ကျွန်တော့်အယူအဆနှင့် ပတ်သက်ပြီး တချို့သော လူငယ်ဖူးစတွေထဲမှာ ရှုပ်ထွေးနေတယ်လို့ ခံစား မိတယ်ဗျာ။ ကျွန်တော့်လည်း ကူညီပေးပြီး ရှင်းစမ်းပါဦးဗျာ။

ကိုစွမ်းရည်ကတော့ ကျွန်တော့်ထက်ပိုပြီးတော့ နီးစပ်မလား မသိ ဘူး။ အရင်အပတ်က ကျွန်တော် ကိုစွမ်းရည်ကိုရေးတဲ့ အထဲမှာ ယဉ်ကျေးမှု အကျပ်အတည်းအကြောင်းကို ပြောခဲ့တယ်လေ။ ကျွန်တော် အဲသည်လို ခံစားမိလို့ ပြောလိုက်တယ်ဗျာ။ အပြောင်းအလဲတစ်ခုခု လှုပ်ရှားနေတဲ့အခါ

ဖြစ်ပေါ်တတ်တယ်။ ပြောင်းလဲတယ် ဆိုတာ အကျပ်အတည်းကြောင့် ပြောင်းလဲတာ။

ဆိုပါတော့ တံခါးပေါက် ရှိတယ်။ အဲသည်မှာ ဝင်ချင်တဲ့သူက လည်း အတင်းဝင်ချင်တယ်၊ ထွက်ချင်တဲ့သူကလည်း ထွက်ချင်တယ်။ အဲသည်မှာ ထွက်လို့မရ၊ ဝင်လို့မရ ကျပ်ညပ်နေတဲ့အခါ အဲဒါမျိုးကို အကျပ်အတည်းလို့ ခေါ်တယ်။ အဲသည်လိုဆိုရင် အကျပ်အတည်းကို ဖြေရှင်းရမယ်။ ဝင်ပေါက်တစ်ခု သပ်သပ်လုပ်ရမလား၊ အပေါက်ကို ချဲ့ရမလား စသည်ဖြင့်ပေါ့လေ။ စဉ်းစားရကျပ်သလို ရှိတာမျိုး၊ အကျပ်အတည်းမှာလည်း ဖြေရှင်းဖို့ စဉ်းစားကြရမှာပေါ့။ ကျွန်တော်က အဲသည်လိုခံစားတဲ့အတွက် အကျပ်အတည်း ဆိုတာကို သုံးလိုက်ကြရတာပဲ။ အထူးသဖြင့် ထင်ရှားတာကတော့ ကဗျာဘက်မှာ ဆိုပါတော့။

ကိုစွမ်းရည်လည်း ယနေ့ဖြစ်နေတဲ့ ကဗျာအခြေအနေနဲ့ပတ်သက်ပြီး၊ ကဗျာရေးရာနှင့်ပတ်သက်ပြီး ရေးနေတဲ့ စာတွေကို ဖတ်ရပါတယ်။ ကိုစွမ်းရည်လည်း ဖြေရှင်းနေတဲ့လူတစ်ယောက်လို့ ထင်ကြတဲ့အတွက် ယဉ်ကျေးမှု အကျပ်အတည်းအကြောင်း ထည့်ပြောလိုက်တာပါပဲ။ အဲသည်လို တံခါးပေါက်ဝမှာ တက်သူနှင့်ဆင်းသူ နှစ်ဖက်စလုံး မတက်နိုင်၊ မဆင်းနိုင်ဘဲ ကျပ်ညပ်နေရင် တက်သူလည်း တက်သာအောင်၊ ဆင်းသူလည်း ဆင်းသာအောင် ဖြေရှင်းပေးလိုက်ရင် တဖြည်းဖြည်းနဲ့ ပြေလည်သွားမယ့်သဘော ရှိပါတယ်။ အဲသည်လိုပါပဲ၊ ကဗျာရေးရာမှာလည်း ယခုအခါမှာတော့ သူ့နည်းနဲ့သူ ဖြေရှင်းနေတယ်လို့ ကျွန်တော်မြင်တယ်။ အခု စာမျက်နှာတွေပေါ်မှာ ဆွေးနွေး ငြင်းခုံနေကြတယ် ဆိုတာ ဖြေရှင်းတဲ့သဘောမျိုးပေါ့။ တစ်ဖက်သတ် ဖြေရှင်းလို့တော့ မရဘူးဗျာ၊ မရနိုင်ဘူး။

ယခုအခါမှာတော့ မိမိတို့အယူအဆများကို တင်ပြစပြုနေပြီ။ အဲသည်လိုဆိုရင် ကာရန်မပါတဲ့ဖွဲ့နည်း(ကာရန်မဲ့ကဗျာလို့ ခေါ်ကြတာပေါ့ဗျာ)၊ ကာရန်နဲ့ဖွဲ့နည်း စတာတွေ၊ အဲဒါတွေ အခြေခံတွေကို တချို့က သိပ်မသိကြဘူးပေါ့ဗျ။ ကာရန်အကြောင်းကိုတောင် မသိကြဘူးဗျ။ ကျွန်တော် တော်တော်အံ့ဩသွား

တယ်။ အဲဒါ ကဗျာရေးဖွဲ့တဲ့ ကဗျာနုပျိုပွင့်သစ်၊ ဖူးစ၊ ပွင့်စတွေဟာ ကဗျာရဲ့ အခြေခံစနစ်လေးတွေကို သိလာပြီး သူတို့ရင်ထဲမှာ ခံစားရလာတာလေးတွေကို သူတို့အသိနဲ့သူတို့ ရေးဖွဲ့ကြပါလိမ့်မယ်။ အချိန်ကတော့ ယူရမှာပေါ့ဗျာ။ ကျွန်တော် အဲသည်လိုပဲ မြင်တယ်။ ကျွန်တော် ဆယ်ကျော်သက်အရွယ်လောက်က ဂန္ထဝင်စာပေတွေနဲ့ ကြီးပြင်းလာရသူပဲ။ ကျွန်တော် ဂန္ထဝင်စာပေတွေကို ချစ်မြတ်နိုးပါတယ်။ ကိုယ်ကြိုက်တာ ကိုယ်ဖတ်တာပေါ့ဗျာ။ အဲ- ကျွန်တော် တစ်ခုပဲ ပြောချင်တယ်။ ကျွန်တော် ဂန္ထဝင်ဝါဒကိုတော့ ဆန့်ကျင်တယ်ဗျ။ ဂန္ထဝင်ဝါဒ ဆိုတာ ဂန္ထဝင်ခေတ်က ကဗျာစာဆိုတွေက လုပ်ခဲ့တာမဟုတ်ဘူး။ ဂန္ထဝင်ကဗျာတွေကိုတပ်မက်တဲ့ နောက်လူတွေက လုပ်တာ၊ သူက ဂန္ထဝင်စာပေတွေ၊ ဂန္ထဝင်ကဗျာတွေကို သိပ်ကြိုက်တာ။ အဲသည်စနစ်အတိုင်းပဲ စည်းကြီးကမ်းကြီးနဲ့ ရေးရမယ်လို့ ယူဆသူတွေ ရှိတယ်။ ဒါလည်း သဘာဝကျတယ်ဗျ။ ဒါ ထိန်းသိမ်းတဲ့လူ ဆိုတာ ခေတ်တိုင်းမှာ ရှိတယ်။ အဲသည်လို စည်းကြီးကမ်းကြီးနဲ့ ဂန္ထဝင်စာပေအတိုင်း မရွေ့မလျား ပုံစံသေကြီး ရေးဖွဲ့ရမယ် ဆိုတဲ့ဟာက ဂန္ထဝင်ဝါဒပေါ့။ အဲသည်လို အသေကိုင်ထားရင် ဘယ် ဆန်းသစ်တော့မလဲ။ ဘယ် တိုးတက်တော့မလဲ။

စာပေ ဆိုတာ ရှင်သန်ရမယ်ဗျ။ ကဗျာ ဆိုတာလည်း ရှင်သန်ရမယ်။ ဆန်းသစ်ရမယ်။ အဲဒါကတော့ အချိန် လိုသလောက်လိုမယ်။ ယဉ်ကျေးမှု ဆိုတာ ပြုစုပျိုးထောင်မှုကို ခေါ်တာဗျ။ ပန်းတစ်ပွင့်ဟာ ချက်ချင်း ပွင့်မှာ မဟုတ်ဘူး။ အင့်အဖူးကလေးက စပြီး တဖြည်းဖြည်းနဲ့ အရောင်တွေ ရင့်လာတဲ့အထိ၊ အရောင်အဆင်း ပြည့်စုံလာတဲ့အထိ၊ ရနံ့တွေမွှေးလာတဲ့အထိ ကျရောက်တော့မှ ပွင့်လိုက်တာ။

အဲသည်လို ကျွန်တော်က ဖွံ့ဖြိုးတိုးတက်မှုအခြင်းအရာကို ဖော်ပြလိုက်တာပဲ။ ဆန်းသစ်ခြင်းကို အဲသည်လို နားလည်ထားတယ်။ အဲဒါကို ကျွန်တော်က အဆင့်ဆင့် တော်လှန်ပြောင်းလဲခြင်းလို့ နားလည်ထားတယ်။ ကျွန်တော် ရေးခဲ့ဖူးပါပြီဗျာ။ တစ်ကြိမ် မကတော့ပါဘူး။ ကျွန်တော့်ရဲ့ စာပေအတွေ့အကြုံကလည်း အဲသည်လိုပါပဲ။ ဒါကြောင့် ကျွန်တော် သည်

တရားကို ယုံတာပဲပေါ့။ စာအုပ်ထဲက အသိကို ယုံတာမဟုတ်ဘူး။ ကျွန်တော့် အတွေ့အကြုံနဲ့ ယုံကြည်မှုက ခိုင်မာလာရတာ။

အခုတစ်လောလေးမှာ မော်ဒန်လို့ နာမည်ပေးထားတဲ့ ကဗျာရေးရာ စာပေရေးရာနဲ့ပတ်သက်ပြီး ဆွေးနွေးချက်တွေ ပေါ်လာတယ်ဗျ။ ဒါကောင်းတဲ့ လက္ခဏာပဲ။ ကြိုက်တဲ့လူ မကြိုက်တဲ့လူ၊ ယုံကြည်တဲ့သူတွေ မယုံကြည်တဲ့သူ တွေ တစ်ဖက်နဲ့တစ်ဖက် လူတွေ ငြင်းခုံကြခြင်းဖြစ်တယ်။ အကျိုးသက်ရောက် မှု ရှိနိုင်ပါတယ်။ ဂိုဏ်းဂဏစွဲကင်းကင်း၊ ပုဂ္ဂိုလ်ရေးကင်းကင်းနဲ့ ဆွေးနွေး ကြမယ်ဆို အကျပ်အတည်းက လွတ်မြောက်သွားမှာပေါ့။ အဲသည်အခါမှာ တော့ စာပေဆန်းသစ်မှုတစ်ရပ် ပေါ်ထွန်းလာမယ်လို့တော့ ယုံကြည်တယ်ဗျာ။ ကဲ- ကိုစွမ်းရည်လည်း ဆက်လက် ရေးပါဦး။

ဒဂုန်တာရာ
၂၊ ဇန်နဝါရီ၊ ၁၉၉၇

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ ဇူလိုင်၊ ၁၉၉၇

❐

မောင်စွမ်းရည်သို့ အိတ်ဖွင့်ပေးစာ

ကိုစွမ်းရည်ခင်ဗျား . . .

ရင်းရင်းနှီးနှီး ပြောစရာရှိတာကို ကိုစွမ်းရည်ပဲ ပြောရတော့တာပေါ့ဗျာ။ အခုလည်း ကျွန်တော် အသိသစ်လေးတွေ တိုးလာလို့ ပြောရဲတယ်။ ကျွန်တော်က ကဗျာရေးနေတဲ့ ကဗျာနုပျိုပွင့်သစ်တွေကို ကျွန်တော်တို့ငယ်စဉ် ဆယ်ကျော်သက် နုပျိုပွင့်သစ်စအရွယ်ကလို စာပေနှင့်ပတ်သက်ပြီး သိထားတာတွေ သိပ်မကွာဘူးလို့ ထင်ထားတယ်။ အဲဒါ ယခု ပြန်ပြင်ရမလိုတောင် ဖြစ်နေပြီဗျ။

ကိုစွမ်းရည်ကတော့ ဒုတိယမျိုးဆက် ဆိုတော့ ကျွန်တော်နှင့် နီးစပ်နေတယ်လေ။ ပထမမျိုးဆက်နဲ့ ဒုတိယမျိုးဆက်ကလည်း ဆက်စပ်မှုရှိတယ်လို့ ကျွန်တော် ထင်ထားလို့ ကိုစွမ်းရည်ပဲ တိုင်ပင်ရတာပေါ့ဗျာ။ ဒုတိယမျိုးဆက်ထဲက လူငယ်ပဲပေါ့ဗျာ။ တတိယမျိုးဆက် မရောက်တရောက်ပေါ့။ ကျွန်တော် ကြားလိုက်ရတော့ သိပ်အံ့ဩသွားတယ်။

ကာရန်ကို ၄-၃-၂ စနစ်လို့ နားလည်နေတာဗျ။ အဲဒါ ကျွန်တော် အတော် အံ့ဩသွားတယ်။ သူတို့ ကာရန် ဆိုတဲ့သဘောကို ကျွန်တော်တို့ နားလည်ထားတာနဲ့ အတော် ကွာသွားပြီဗျ။ ကျွန်တော်တို့ကတော့ သက်စေ့နက် သုံးချက်ညီလို့ ခေါ်ကြတာပေါ့ဗျာ။ အသက်လည်းညီ၊ အသံလည်း ညီဇာတာပေါ့ဗျာ။ ၄-၃-၂ ညှိထားတဲ့ စနစ်ကို ခေါ်တာပေါ့ဗျ။ ကာရန်စနစ်

ဆိုတာ အဲ့ဒါကိုခေါ်တာ မဟုတ်ဘူး။ လေးလုံးရယ်၊ သုံးလုံးရယ်ပဲ ပြောတာ မဟုတ်ဘူး။ ကဗျာဖွဲ့နွဲ့တဲ့အခါမှာ တစ်ကြောင်းနဲ့ တစ်ကြောင်း ဆိုပါတော့။ သီကုံးတဲ့နေရာမှာ ကာရန်လေးနဲ့ သီကုံးရမယ်။ အဲသည်လို ကျွန်တော်တို့က နားလည်ထားတာကိုး။ ကိုစွမ်းရည်လည်း အဲသည်လို နားလည်မယ် ထင်တယ်ဗျာ။ အဲသည်တော့ ကာရန် ဆိုတာ အသံပဲပေါ့။ အသံချိတာကိုပဲ ပြောတာ။ ပါဠိစကားနဲ့ခေါ်တော့ ရှုပ်ကုန်တာလည်း ဖြစ်နိုင်တာပေါ့ဗျာ။ နားလည်တာလည်း လွဲကုန်တယ်နဲ့ တူတယ်။

မြန်မာအမျိုးသား ရိုးရာကဗျာ အစဉ်အလာသဘောမှာတော့ ကဗျာတိုင်းမှာ ကာရန်နဲ့ သီကုံးရတာပေါ့။ ကာရန်စနစ်ချင်းကလည်း မတူဘူးပေါ့ဗျာ။ သက်စေ့နက် သုံးချက်ညီ လေးလုံးစပ်ကတော့ ၄-၃-၂ ပေါ့။ တေးထပ်ကျတော့လည်း အသံညီတဲ့ ကာရန်နဲ့ပဲ သီကုံးရတာပဲ။ လေးချိုး ဆိုတာလည်း ဒီအတိုင်းပဲပေါ့။ လေးချိုးမှာ ထူးသွားတာက အသံ အတိုအရှည်ကိုဖွဲ့တဲ့ စနစ်မှာ ထည့်ထားတဲ့ အတိုအရှည်၊ အတက်အကျ ပါတာပေါ့ဗျာ။ အနောက်နိုင်ငံစကားလုံးနဲ့ခေါ်တဲ့ ရစ်သမ်ခေါ်တဲ့ သဘောက ဒါကို ပြောတာ။ လေးချိုးတို့၊ တေးထပ်တို့မှာ အသံ အတိုအရှည်နဲ့ ဖွဲ့စည်းရတယ်။ အတိုနေရာမှာ အတိုပဲ ထားရတယ်။ အရှည်နေရာမှာလည်း အရှည်ပဲ ထားရတယ် မဟုတ်လား။

အနိမ့်အမြင့် သဘောပေါ့။ အင်္ဂလိပ်ဘာသာ ရစ်သမ်နဲ့ခေါ်တဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကလည်း အတက်အကျ၊ အနိမ့်အမြင့်ကို ပြောတာ။ လှိုင်းလို့ ကျွန်တော် ပြောခဲ့တာပဲ။ လှိုင်း ဆိုတာ မျဉ်းဖြောင့်ကြီးမှ မဟုတ်ဘဲ။ အတက်အကျ ရှိတယ်လေ။ အနိမ့်အမြင့် ရှိတယ်။ စီးဆင်းခြင်းပေါ့ဗျာ။ ဒီသဘောပေါ့။ စီးဆင်းတယ် ဆိုတာက တစ်ဖြောင့်တည်း ဘယ်မှာ စီးဆင်းမှာလဲ။ နိမ့်တဲ့နေရာကို စီးမယ်။ မြင့်တဲ့နေရာက နိမ့်တဲ့နေရာကို စီးဆင်းမယ်။ အဲဒါကို ရစ်သမ်ခေါ်တာပေါ့။

ကျွန်တော်တို့ မြန်မာမှာ အဲသည်လို အနိမ့်အမြင့်နဲ့ သီကုံးတဲ့စနစ်၊ ကဗျာစနစ်အဖြစ်မှ မရှိခဲ့တာ။ အဲဒါ ကျွန်တော်တို့ မြန်မာအခေါ် မရှိဘူးပေါ့။ ပါဠိလိုလည်း မရှိဘူးဗျ။ ကျွန်တော် မကြားဖူးဘူး။ ကျွန်တော် အဘိဓာန်နှင့်

ညှိကြည့်တော့ 'လျှံ'လို့ ခေါ်တယ်လေ။ အဲဒါ ကျွန်တော် လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်လောက်ကတည်းက ရေးခဲ့တယ်။ 'ပေါင်းလောင်းမြစ်ပေါ်မှ ကဗျာရွတ်ဖတ်သံ' ဆိုတဲ့ ဆောင်းပါးမှာ ပါတယ်။ ခင်ဗျား မှတ်မိမလား မပြောတတ်ဘူးဗျာ။ သက်စေ့နှက် သုံးချက်ညီ၊ ၄-၃-၂ စနစ် ဆိုတာကတော့ စည်းကမ်းကြီးတာပေါ့ဗျာ။ ခက်တယ်လို့ ဆိုရမှာပေါ့။ သံစဉ်စနစ်နဲ့ ရေးရင် အတော့်ကို တွေးပြီး စကားလုံး နိုင်နင်းမှ ရေးလို့ရတာပဲ။ အဲဒါကတော့ အခုခေတ်လူငယ်တွေမှာ စပ်ဖို့ အတော် ခဲယဉ်းလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဆယ်ကျော်သက်အရွယ်က သက်စေ့နှက် သုံးချက်ညီနှင့် ကြီးပြင်းလာခဲ့တာကိုး။

နောက်ကျတော့ အတွေ့အကြုံသစ်တွေ၊ သမိုင်းဖြတ်သန်းမှုတွေ ရှိလာတော့ အသစ်ရေးချင်လာတယ်။ အကြောင်းအရာအသစ် ရေးချင်လာတယ်။ အဲသည်တော့ သက်စေ့နှက် သုံးချက်ညီစနစ်က ခွဲထွက်ရတာပေါ့ဗျာ။ လွတ်လပ်မှု ရှာတာပေါ့ဗျာ။ လွတ်လွတ်လပ်လပ် ရေးလာတဲ့ သဘောပေါ့။ ဒါပေမဲ့ လွတ်လပ်တယ် ဆိုတာမှာ အဆုံးအစမရှိ လွတ်လပ်မှု ဆိုတာ တရားသဘောနဲ့ကြည့်ရင် မရှိဘူးဗျ။ လွတ်လပ်မှုရဲ့ အတိုင်းအတာ အကျယ်အကျဉ်း သဘောသာ ခြားနားမှု ရှိတယ်။ အဆုံးအစမရှိတဲ့ လွတ်လပ်မှု ဆိုတာ မရှိဘူး။ အဆုံးအစမရှိတဲ့ လွတ်လပ်ခြင်းရဲ့သဘောကတော့ ကျွန်တော် တစ်ခါ ပြောဖူးပါတယ်၊ အနာကီလို့ အင်္ဂလိပ်ဘာသာနဲ့ ခေါ်တယ်။ မင်းမဲ့ဝါဒလို့လည်း မြန်မာလို ခေါ်တယ်။ မင်းမဲ့ဝါဒ ဆိုတာ အနာကစ်ဆင် ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို ဘာသာပြန်လိုက်တာလေ။ ကျွန်တော်ပြန်တာ မဟုတ်ဘူး။ အင်္ဂလိပ်ခေတ်ကတည်းက သခင်စိုးပြန်တာနဲ့တူတယ်။ ကျွန်တော် မသုံးဖူးဘူး။ ကဗျာမှာတော့ မင်းမဲ့စနစ်လို့ ခေါ်တာ မဆီလျော်ပြန်ဘူး။ ကျွန်တော်က ကဗျာဆရာ တစ်ယောက်ကို အင်္ဂလိပ်လို အနာကစ်ဆင်လို့ သုံးလိုက်တယ်။ သူက ကျွန်တော့်စကားကို တစ်ဆင့်ပြန်ပြောတော့ မင်းမဲ့ဝါဒလို့ ဘာသာပြန်စကားလုံးနဲ့သုံးတယ်။ အဲသည်တော့ ကဗျာမှာ၊ စာပေမှာ အဲသည်စကားလုံး သုံးလိုက်တော့ တစ်မျိုးတစ်မည် အဓိပ္ပာယ်ကောက်ရ ခက်သွားနိုင်တာပေါ့ဗျာ။

မင်းမဲ့ဝါဒ ဆိုတဲ့ ဝေါဟာရကလည်း နိုင်ငံရေးနယ်ပယ်၊ သဘော

ဘာရေးရေးနယ်ပယ်မှာ သုံးတာကိုးဗျ။ အဲသည်တော့ ရှုပ်ထွေးသွားနိုင်တာပေါ့။ ရှုပ်ထွေးရုံတင် မဟုတ်ဘဲ နားမလည်နိုင် ဖြစ်သွားမှာပေါ့။ ကျွန်တော်ကလည်း လူရှင်း ဆိုပြီး ပြောလိုက်တာ။

အဲ့ဒီ အနောက်စစ်ဆင် (ဝါ) မင်းမဲ့ဝါဒ ဆိုတာက တစ်ချိန်က ဥရောပ နိုင်ငံရေးမှာ ထွန်းကားတယ်လို့ သိရတယ်ဗျ။ အစိုးရ ဆိုတာကို မရှိဘူးဆိုတဲ့ အယူအဆဗျ။ တိုင်းပြည် အုပ်ချုပ်တဲ့အခါမှာ ထင်ရာစိုင်းနိုင်တယ် ဆိုတဲ့ သဘောသက်ရောက်တယ်။ အဲဒါ လွန်ခဲ့တဲ့ အနှစ် ၇၀ ကျော်က ရုရှားမှာ ဆိုရှယ်လစ်တော်လှန်ရေးကြီး လုပ်တဲ့အခါမှာ အဲသည်လို မင်းမဲ့ဝါဒ၊ မင်းမဲ့ ဝါဒီတွေကို ဆန့်ကျင်တယ်ဗျ။ ဒါ စကားဆက်ရှိလို့ ပြောတာပါဗျာ။ အရေး မကြီးပါဘူး။

ကျွန်တော် ပြောချင်တာက လွတ်လပ်တယ် ဆိုတာက အဆုံးအစ မရှိ၊ အတိုင်းအဆမရှိလွတ်လပ်တယ် ဆိုတာဟာ မရှိဘူး။ ဒါ ဒဿနဗေဒသဘော နဲ့ ပြောတာကိုးဗျ။ ဘယ်အရာဖြစ်ဖြစ် သူ့စည်းကမ်းနဲ့သူ၊ သူ့ဘောင်နဲ့သူ ရှိ တာချည်းပဲ။ မရှိလို့ ဘယ် ကမ္ဘာကြီး ရပ်တည်လို့ ဘယ်ရမလဲ။

ကျွန်တော်တို့ စကားပြေနဲ့ ကဗျာ ဆိုတဲ့ စာပေအဖွဲ့အနွဲ့မှာ စကား ပြောကတော့ လွတ်လပ်တာပေါ့ဗျာ။ ပြောတဲ့အတိုင်း ရေးရတာပေါ့။ ကဗျာ ထက် လွတ်လပ်တာပေါ့။ အဲ လွတ်လပ်တယ် ဆိုတာတောင် သဒ္ဒါစည်းကမ်း ဘောင်အတွင်းမှာ လွတ်လပ်တယ်။ သည်နေရာမှာ ကျွန်တော်ပြောချင်တာက မင်းမဲ့ဝါဒလည်း မဟုတ်ဘူးဗျာ။ ကဗျာအသစ်တစ်ခု ပေါ်ထွန်းရေးအတွက် ပြောချင်တာ။ ကဗျာစည်းကမ်းတစ်ခုမှာ သိပ်တင်းကျပ်နေပြီး မိမိခံစားမှုကို ပေါ်လွင်အောင် မဖွဲ့နွဲ့နိုင်ဘူး ဆိုရင် သည့်ထက်လွတ်လပ်တဲ့ ကဗျာစနစ်သစ် တစ်ခုကို ရှာကြရမယ်ဗျ။ ဒါ သဘာဝပဲ။ ဒါ ဘယ်အရာမဆို ပြောင်းလဲရေး ဆိုတာ လုပ်ရမှာပဲ။

ကျွန်တော် ပထမဆုံး ကိုစွမ်းရည်ပေးတဲ့စာမှာ အဲသည်သဘောကို အခြေခံထားတာ။ ပြောင်းလဲရမယ်။ ပြောင်းလဲဖို့လည်း လှုပ်ရှားနေတယ်လို့ ထင်တာကိုး။

အဲသည်လို အသစ်တစ်ခုအတွက် လှုပ်ရှားနေတဲ့အဆင့်ကို ကျွန်တော်က ပြောင်းလဲရေးအဆင့်လို့ ခေါ်တယ်။ တချို့ကလည်း သဘောပေါက်ပုံမရဘူးဗျာ။ တချို့ ပြောတာလည်း ရှိသေးတယ်။ ခြေထောက် လှီးမလား၊ ဖနောင့် လှီးမလားနဲ့။ အဲဒါက မြန်မာစကား မဟုတ်ဘူး။ တရုတ်စကားပါ။ မော် ပြောတဲ့ စကားနဲ့ တူတယ်။

မှန်တာပေါ့။ ခြေထောက် ဘယ်လှီးမလဲ။ ဖိနပ်ကို ပြုပြင်ရမှာပေါ့။ အခုတော့ ဖိနပ်လည်း ပြုပြင်ပုံမရဘဲ၊ ဖိနပ်မစီးဘဲ နေလိုက်တာပဲ။ ကျွန်တော် ရယ်စရာအဖြစ်တောင် ပြောမိသေးတယ်။ ဖိနပ်ကို ချုံ့ရင် ချုံ့ရမယ်ပေါ့ဗျာ။ အဲဒါကတော့ စနစ်တကျ ချုံ့မှရမှာ။ ပုံသစ်လောင်းတယ် ဆိုတာ ပညာတစ်ရပ်ဗျ။ ရမ်းသန်းလုပ်လို့ မရဘူး။

သည်သဘောကို ကျွန်တော် ရေးဖူးတယ်။ အဆင့်ဆင့် တော်လှန်ပြောင်းလဲရေးလို့။ အဲသည် ပြောင်းလဲရေးကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်။ ကျွန်တော် စောင့်ကြည့်နေတယ်။ ဘယ်လိုအသစ်များ ပေါ်ထွက်လာမလဲလို့။ အသစ်ကို မတွေ့ရဘူး။ အဟောင်းပဲ ပြန်ရောက်နေတာကို တွေ့ရတယ်။ အဟောင်း ဆိုတာ ရှိပြီးသားကို ပြောရတာ။ မိမိအရင်ခေတ်က ဆန်းသစ်တီထွင်ပြီးသားကိုပဲ အခုပြန်ပြီးတော့ လိုက်ရေးတာမျိုးကို ဆိုလိုတာပါ။ မဆန်းသစ်သော ဆန်းသစ်မှုလို့ ခေါ်ရမလား မသိဘူးပေါ့ဗျာ။ ဒီကရီရေးရှင်း DECREATION နောက်ပြန်ဆုတ်သွားတဲ့ သဘောလို့ ပြောရမှာပေါ့။ ကဲဗျာ- ဆက်ပြီး ဆွေးနွေးကြရအောင် ကိုစွမ်းရည်လည်း ကဗျာလောကနဲ့ အဆက်မပြတ်တဲ့လူပဲ။

ဒဂုန်တာရာ

၂၁၊ ဇန်နဝါရီ၊ ၁၉၉၇

မန္တလေးယဉ်ကျေးမှုဂျာနယ်၊ မေ၊ ၁၉၉၇

❐

ဒဂုန်တာရာ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်း

ရောဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ ထိုင်ကူမြစ်တန်းရွာတွင် အဘ ဦးဘအုန်း၊ အမိ ဒေါ်ဖွားရှင်တို့မှ ၁၉၁၉ ခု၊ မေလ ၁၀ ရက် (စနေနေ့) ၌ မွေးဖွားသည်။တစ်ဦးတည်းသောသား ဖြစ်၍ အမည်ရင်းမှာ ဌေးမြိုင် ဖြစ်သည်။

ရန်ကင်း ၇ လမ်းရှိ အောင်ဇေယျမင်္ဂလာ မြန်မာစာသင်ကျောင်း (၁၉၂၅-၂၇)၊ ကျိုက်လတ်အမျိုးသားကျောင်း (၁၉၂၇-၃၆)၊ ရန်ကုန်၊ ရေကျော် မက်သဒစ်ကျောင်း (၁၉၃၆-၃၇)၊ ရန်ကုန်တက္ကသိုလ် (၁၉၃၇-၄၀) တို့တွင် ပညာသင်ကြားခဲ့သည်။

တကသ အမှုဆောင် (၁၉၃၉)၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာနှင့် မျိုးညွန့်မဂ္ဂဇင်း အယ်ဒီတာချုပ် (၁၉၄၀)၊ တာရာမဂ္ဂဇင်း ထုတ်ဝေသူနှင့် အယ်ဒီတာ (၁၉၄၆ ဒီဇင်ဘာ - ၁၉၅၀ မေ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၅၀)၊ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံး အမျိုးသားအကြံပေး အဖွဲ့ဝင် (၁၉၅၀)၊ စာပေမဂ္ဂဇင်း အယ်ဒီတာ (၁၉၅၁)၊ စာပေသစ်မဂ္ဂဇင်း စတင် ထုတ်ဝေသူနှင့် အယ်ဒီတာ၊ ဂန္ထဝင်ဂျာနယ်အယ်ဒီတာ (၁၉၅၃)၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံ အမြဲတမ်းကော်မတီ ဒု-ဥက္ကဋ္ဌ၊ အမျိုးသားစာပေညီလာခံ ဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေကလပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ ဥက္ကဋ္ဌ တာဝန်များကို ယူခဲ့သည်။ ကဗျာဆရာ၊ ရုပ်ပုံလွှာအဖွဲ့အနွဲ့၊ ခရီးသွားမှတ်တမ်းနှင့် စာပေ၊ အနုပညာ၊ နိုင်ငံရေး ဝေဖန်ရေးဆရာ အဖြစ်လည်း ထင်ရှားသည်။

၁၉၃၃ တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း၌ 'မြိုင်သဇင်'ကလောင်အမည်ဖြင့် 'မှုန်ပြာရီ'ဝတ္ထုသည် ပထမဆုံး ပုံနှိပ်ဝတ္ထု ဖြစ်ပြီး၊ ၁၉၃၄ ဒဂုန်မဂ္ဂဇင်း၌ 'ဒေါင်းမင်း သီဟာချို' ရတုပိုဒ်စုံသည် ပထမဆုံး ပုံနှိပ်ကဗျာ ဖြစ်သည်။

၁၉၄၁ တွင် Beverly Nichols ၏ Self ဝတ္ထုကို မှီး၍ ပထမဆုံး လုံးချင်းဝတ္ထု 'မေ' ကို နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

'စံပယ်ဦး' ဝတ္ထုဖြင့် စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆု(၁၉၆၁)၊ 'အလှဗေဒ'ဖြင့် အမျိုးသားစာပေဆု(၁၉၆၁) ရရှိခဲ့သည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် အထိန်းသိမ်းခံရပြီး၊ ၁၉၆၇ ဖေဖော်ဝါရီ ၅ ရက်တွင် လွတ်မြောက်လာသည်။

ဒဂုန်တာရာ ကလောင်အမည် အပြင် မြိုင်သဇင်၊ မောင်နန်းနွယ်၊ စောထွတ်၊ စောတင်မူ၊ ဌေးမြိုင်၊ မောင်သစ္စာ၊ မောင်ဘတင့်၊ ဗညားသီဟ၊ မောင်စိမ်းမြ၊ မောင်စ၊ ဦးဒဂုန်၊ မောင်လင်းထက်၊ မောင်ကြာညွန့် စသည့် ကလောင်ခွဲတို့ဖြင့်လည်း ရေးသား ခဲ့သည်။

၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ ၁၅ မိနစ် တွင် ရှမ်းပြည်နယ် အောင်ပန်းမြို့ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များ- မေ (၁၉၄၁၊ ၄၇၊ ၆၃၊ ၇၄၊ ၉၈၊ ၂၀၀၂၊ ၂၀၁၃၊ ၂၀၁၇)၊ ဒဂုန်တာရာ၏ဒဂုန်တာရာ(၁၉၅၀)၊ ဒဂုန်တာရာနှင့်သူ၏ကဗျာ (၁၉၆၇)၊ ရုပ်ပုံလွှာ(၁၉၅၅၊ ၆၃)၊ စံပယ်ဦး ဝတ္ထုတိုများ(၁၉၆၁၊ ၉၂)၊ အလင်္ကာ ကဗျာပေါင်းချုပ်များ(၁၉၆၂)၊ ကြာပန်းရေစင် (၁၉၆၃)၊ လရောင်ရွှန်းမြသော ညတစ်ည(၁၉၆၄)၊ မှုးယစ်ဝေသောနွေဦးညများ(၁၉၆၈၊ ၂၀၁၉) ဒဂုန်တာရာ၏ ဝတ္ထုတို ပေါင်းချုပ်(၁၉၆၉၊ ၇၄)၊ အယ်ဒီတာ့စာပွဲ၊ စာပေ အနုပညာ ဝေဖန်ရေးနှင့် ပန်းနုရောင် အို(၁၉၇၀)၊ ရောဝတီ၊ ယန်စီ၊ ဖော်လဂါ(၁၉၇၂)၊ ဂန္ဓလရာဇ်(စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ် (၁၉၇၄၊ ၂၀၁၉)၊ သဇင်သင်းပြန်တော့ (၁၉၇၄)၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု (၁၉၇၆၊ ၂၀၁၉)၊ စာပေစစ်တမ်း၊ စာပေရှုထောင့်၊ စာပေစစ်တမ်း(ဗညားသီဟ ကလောင်ခွဲဖြင့်)၊ ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ(၁၉၇၉၊ ၂၀၁၃၊ ၂၀၁၉)၊ မဟာကဗျာများ(၁၉၉၁)၊ မာယာ(၁၉၉၁)၊ ကြယ်ရိပ် ပန်းနုဝတ္ထုတိုများ (၁၉၉၃၊ ၂၀၀၄)၊ စိမ်းမြရော(၁၉၉၄)၊ စန္ဒရားဆရာ သို့မဟုတ် မဟာ အချစ်(၁၉၉၅)၊ သုနာပရန္တ(၁၉၉၅)၊ လရောင်ရွှန်းမြသောညတစ်ညနှင့် အခြားဝတ္ထုရှည်များ(၁၉၉၅) ဖျတ်ခနဲတွေ့ရသော ရုပ်ပုံလွှာ ကားချပ်များ (၁၉၉၇)၊

ကိုအောင်ဆန်း (၂၀၁၃)၊ ရွှေအိုရောင်ပန်းပွင့်များ(၂၀၁၃)၊ နိုင်ငံရေးယဉ်ကျေးမှု၊ လင်းယုန်မှ တာရာ(လင်းယုန်ဂျာနယ်ပါ ဆောင်းပါးများ စုစည်းမှု)၊ သမ္မာဓိဝနှင့်ပြည့်စုံသော စာပေအနုပညာဘဝ၊ မှိုင်းဗေဒ၊ နေ့စဉ်မှတ်တမ်း၊ သုံးနှစ်သုံးမိုး ပိုးထီးငုဝါပွင့် အပြာနု၊ မြိုင်၊ အိပ်မက်အပြင်ကလူ (ကြည်အေးနှင့်တွဲ၍)၊ စိမ်းမြညတစ်ည (ကြည်အေးနှင့် တွဲ၍)၊ မှန်ကွဲစများပေါ်ကကျွန်မ (ကြည်အေး နှင့်တွဲ၍)။

[ကိုးကား- ပထမအကြိမ်၊ စာအုပ်ဈေး၊ မယ်ဇယ်ရန့်သင်းပုံ့မွှေးရှိ စာအုပ်မှ ကိုယ်ရေးအကျဉ်း၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂမှ ဖြန့်ဝေသည် ဒဂုန်တာရာ ကွယ်လွန်ခြင်းအမှတ်တရ လက်ကမ်းစာစောင်]

စာနဒီစာအုပ်တိုက် ထွက်ရှိပြီး စာအုပ်များ

၁။ ဓမ္မဘောရီအရှင်ဝီရိယ [တောင်စွန်း]	အာဇာနည်တို့လာရာလမ်းနှင့် မဟာသွေးစည်းမှုအောင်ပွဲ
၂။ စိုးဦး[ဒဿန]	အနုပညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
၃။ ရဝေထွန်း	အနာဂတ်ကာလမပွင့်သေးသော ဘုရားများအား ရှိခိုးသင့်၊ မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ
၄။ ဦးထွန်းဖေ[ဝန်ကြီးဟောင်း]	ရပ်စပြုံတင်
၅။ သံအမတ်ကြီးဦးတင့်ဆွေ	ဒီမိုကရေစီစိတ်ထား
၆။ မသီတာ[စမ်းချောင်း]	မှာတမ်းလက်ဆင့်ကမ်း
၇။ ဝင်းထွဋ်ဇော်	သစ်ကနက်သားကြောင်ရုပ်နှင့် သည်းထိတ်ဖိုဝတ္ထုတိုများ
၈။ နှစ်ဖက်လှဦးကျော်လွင်	အမေးနှစ်ရာ၊ အဖြေနှစ်ထောင်
၉။ ဂျက်ကွမ်းခြံကုန်း	ကမ္ဘာကြီးကတောင်ကန်မြောက်ကန်
၁၀။ ကျောက်ဆည်မောင်မောင်	စစ်မြေပြင်ခရီးကြမ်းနှင့် ကိုယ်တွေ့မှတ်တမ်း
၁၁။ တင်မိုး	ထီးကလေးနဲ့မနီ(ကလေးကဗျာများ)
၁၂။ တင်မောင်မြင့်	ပွင့်ဦးနှင့်နိုင်ငံရပ်ခြားဝတ္ထုတိုများ
၁၃။ မင်းဝေနိုင်[ဟသံ္သာတ]	အရှင်တို့စကား အရှင်တို့တရား
၁၄။ ရဝေထွန်း	ပရိဂုဏ် (သီဟိုဠ်ဓာတ်တော်လာ ဓမ္မဝတ္ထုတိုများ)
၁၅။ ဂျက်ကွမ်းခြံကုန်း	မသီရင်ခက်မယ်
၁၆။ ဝင်းငြိမ်း	နှစ်ကြောင်းရေးတစ်ကြောင်းခြစ်
၁၇။ မသီတာ[စမ်းချောင်း]	ဆယ်ကျော်သက်တို့ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက် (၆)ချက်
၁၈။ နှစ်ဖက်လှဦးကျော်လွင်	တက္ကသိုလ်တရားများ
၁၉။ တင်မိုး	ပိတောက်မှသရဖီသို့
၂၀။ ကံထွန်းသစ်	အနာဂတ်ကိုထွန်းညှိခြင်းနှင့် သမိုင်းရှိသောနေ့ရက်များ
၂၁။ သာထက်အောင်	သူတို့ဆီက ကျနော့အတွေ့အကြုံ
၂၂။ ဓမ္မဘောရီအရှင်ဝီရိယ [တောင်စွန်း]	သံဃာ့ကျေးဇူးနှင့် ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေသောသာမဏေ
၂၃။ ကံထွန်းသစ်	အနာဂတ်ကိုထွန်းညှိခြင်း

စာနဒီစာအုပ်တိုက်

အသစ်ဖန်တီးခြင်းကို ပိတ်ပင်သော ဂန္ထဝင်ဝါဒကိုကား ကျွန်တော် မကြိုက်။ ရှိးရာ ဟူသမျှ ရိုက်ချိုးမှ အသစ်ပွင့်နိုင်သည် ဟူသော တချို့သော ရိုက်ချိုးရေးစိတ်ထားမျိုးကိုလည်း ကျွန်တော် အားမပေးချင်။ ရိုက်ချိုးစိတ်ထား ကြီးထွားသွားမည်ကို စိုးရိမ်မိသည်။ အစွန်း ဆိုသည်က အကျိုးပြုသည် မဟုတ်။ ကျွန်တော်ကတော့ ပြတင်းပေါက်မှ ဝင်လာသော မယ်ဇယ်ရနံ့လည်း နှစ်သက်သည်။ တမာရနံ့လည်း နှစ်သက်သည်။

ဒဂုန်တာရာ

မယ်ဇယ်ရနံ့ သင်းပျံ့မွှေးရီ

TRB-0087- 2000Ks
9 782010 000874